

ရင်မိုး
(ဆေးတက္ကသိုလ်)
ရင်ခုန်သံများမပြောင်းလဲသရွေ့

ရှိုင်း စာပေ

၂၅၂၊ ဦးဘိုးမှန်လမ်း
ရန်ကုန်-အင်းစိန်လမ်းမကြီး

(အပွင့်နီဒါန်း)

ဩဇာသည် သူ လိုက်ရှာနေသော ခြံနံပါတ်ကိုတွေ့လျှင် ကားကို တုံ့ခနဲ ရပ်လိုက်ပါသည်။ ကုန်ပစ္စည်းတင်သော အမိုးပါ Town Ace ပစ်ကပ်ကားနောက်မှာ တွဲခိုလို့တစ်မျိုး၊ အပြင်ခြေချထိုင်လို့တစ်မျိုး ပါလာသော ဝန်ထမ်းကောင်လေးလေးယောက်ကတော့ သူ ဒီလိုဖြုန်းစားကြီး ရပ်ပစ်လိုက်၍ လဲပြိုသွားကြခြင်း မရှိ။ ကားထဲမှာ ဖွင့်ထားသော သီချင်းသံကို လိုက်ဆိုမပျက်သူ၊ သူ့ကောင်မလေးအကြောင်း သူငယ်ချင်းကို အားရပါးရ ရင်ဖွင့်နေသူ၊ အပြင်ခြေထုတ်ချထိုင်ပြီး လမ်းကို စိမ်ပြေနပြေ ကြည့်လာသူတို့က ဒီကားကိုစီးနေကျ ဖြစ်နေပြီ။ သူတို့ရဲ့ အစ်ကိုကြီး ဩဇာဟာ ဒီလိုပဲ စိတ်မထင်ရင် မထင်သလို ဖြုန်းဆိုရပ်ရင်ရပ်၊ ထွက်ရင်ထွက် လုပ်တာတို့ကိုလည်း နေသားကျနေလေပြီ။

ခြံရှေ့ ကားရပ်လိုက်သည့်အတွက် သစ်ပင်ရိပ်မှာ ထိုင်နေရင်း (တကယ့်ကို သစ်ပင်အကြီးကြီးရဲ့ အရိပ်မှာ ထိုင်နေရတာမျိုးပါ။ ပိတောက်ပင်ဟု ထင်ရသော သစ်ပင်လုံးပတ်ကို ပတ်ပြီး သစ်သားခုံတန်းရှည် ရိုက်ထားတာမျိုးလည်း ဖြစ်သဖြင့် အေးအေးလူလူ ထိုင်လိုထိုင်။ လှဲချင်ရင်လှဲ လုပ်နိုင်ပါသည်။) ဆေးပေါ့လိပ်ကို ဒူးတစ်ချောင်းထောင် ထိုင်ဖွာနေသော ဦးလေးကြီးက ထိုင်နေရာမှ ထလာနေပြီ။

ကြီးမားသော အဝါရောင်ဖျော့ဖျော့နှင့် အဖြူရောင်ဆေးများ ထင်ထင်ရှားရှား သုတ်ထားသည့် နှစ်ထပ်တိုက်အကြီးကြီးဆီ မရောက်ရခင် ဒီဂိတ်ဝတံခါးကို ဖြတ်ကျော်ရမှာဖြစ်သည်။ ဂိတ်ဝတံခါးမှာ နီညိုရင့်ရောင် သံတိုင်ထူထူထဲထဲတွေဖြင့် လုပ်ထားသော သံတံခါးမကြီး ဖြစ်ပါသည်။ ထိုဂိတ်ဝ သံတံခါးကြီးကိုဖွင့်မှ ကားဝင်၍ရပါမည်။ တံခါးမကြီး ဘေးမှာတော့ လူတစ်ယောက် ဝင်သာထွက်သာ အလွယ်တကူ လုပ်နိုင်သည့် တံခါးအသေးလေး တစ်ချပ်တော့ ရှိနေသည်။

သံတံခါးမကြီး ဆင်ထားသော ဂိတ်ဝအုတ်နံရံမှာတော့ ကြေးရောင်ဆိုင်းဘုတ်ကြီး ရှိနေပါသည်။ ခြံအမှတ်နှင့်တကွ ဒီအိမ်ပိုင်ရှင်၏ အမည်နာမ ဂုဏ်ဒြပ်တို့ကို ကြေးရောင်လက်နေသော ဆိုင်းဘုတ်ကြီးဖြင့်ထွင်းလျက် နံရံထဲ မြှုပ်ထားပါသည်။

"ခြအမှတ်(-/A)

ဦးနေသူရိန် (MD)

Pine furniture Co. Ltd"

ညြဇာ သေချာအောင် တစ်ခေါက်ပြန်ဖတ်ပြီးစဉ်မှာ ဦးလေးကြီးက ...

"ကော်ဇောတွေ လာပို့တာထင်တယ်"

ဟု ကြိုတင်သတင်းရပြီးဟန်ဖြင့် မေးပါသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ King Solomon (ကင်းဆော်လမွန်) ကုမ္ပဏီကပါ၊ ဦးနေသူရိန် မှာထားတဲ့ ကော်ဇောတွေ လာပို့တာပါ"

"ဒါဆို တံခါးဖွင့်ပေးမယ်လေ"

ရှေးခေတ်ကလို သော့ခလောက်ကြီးဖြင့် ဖွင့်တာမဟုတ်ဘဲ သူ့ခါးကြားထဲ ထိုးထားသော ရီမုဒ်ဖြင့် ခြံတံခါးကို ခလုတ်နှိပ် ဖွင့်လိုက်တာမျိုး ဖြစ်ပါသည်။

ညြဇာသည် ကားကို ကျွမ်းကျင်စွာ မောင်းဝင်လာခဲ့ပါသည်။ အုတ်နီခဲမြှုပ် အကွက်ဖော်ထားသော ကားဝင်ရာလမ်းဘေးမှာ မြက်ခင်းလှလှပါသော ခြံဝင်းကျယ် ရှိနေသည်။ မြက်ခင်းပေါ်မှာ အလှစီးဒန်းကလေးတစ်ခု၊ Outdoor furniture ဟုခေါ်သော အိမ်အပြင်ဘက် ခြံဝင်းတွင်းထားသည့် စားပွဲကုလား

ထိုင် တစ်စုံနှင့် ကျောက်တုံးစစ်စစ်တွေဖြင့် အလှဆင်ပြီး ကန်က လေးလုပ်ကာ မွေးထားသော ငါးတွေရှိနေသည်။ ကျောက်တုံး ရေတံခွန်ငယ်ကိုလည်း ဆင်ပေးထားသည်။

ခြံတစ်ခုလုံးသည် ပိတောက်ပင်၊ ဒန့်သလွန်ပင်၊ မာလကာပင်၊ အုန်းပင်နှင့် စကားဝါပင်တို့ကဲ့သို့ အရိပ်ရအပင် ကြီးများ လွှမ်းနေသဖြင့် အပြင်မှာ နေပူကျဲကျဲ ဖြစ်နေသည်ဟု ပင် မထင်ရအောင် အရိပ်တွေ အုပ်မိုးနေသည်။ ပန်းပင်အနေနဲ့ ကတော့ နှင်းဆီပင်တွေသာ တွေ့ရသည်။ ပန်းရောင်စုံပွင့်နေ ဆဲ ဖြစ်သော နှင်းဆီပင်တွေကလည်း တော်တော် သန်စွမ်းလှ သည်။

ဩော်တို့အနေနဲ့ တန်ဖိုးကြီး ကော်ဇောဆိုင်လေး တစ်ဆိုင် ဖွင့်ထားသည်မို့ ဒီလိုသူဌေးခြံမျိုး ရောက်ရတာ မဆန်း ပါ။ သူဌေးတွေသာ တန်ဖိုးကြီး ကော်ဇောတွေ ဝယ်ခင်းနိုင်တာ မဟုတ်လား။ ဒါကြောင့် ခြံကျယ်ကြီးတွေ အိမ်ကြီး အိမ်ကောင်း တွေ တွေ့လည်း သိပ်အံ့ဩတကြီး ကြည့်မိတာမျိုးလည်း မဖြစ်သေ မဲ့ ...

ဩော် ... သူတို့များ ချမ်းသာလိုက်ကြတာ ခြံဝင်း လေးတစ်ခုအတွက်ပဲ သိန်းချီဖြုန်းနိုင်လိုက်ကြတာဆိုပြီး ငေးမော ရသည်ပင်။

မိဘလက်ငုတ်လက်ရင်း ဖြစ်သော ဒီကော်ဇောဆိုင်လေးတစ်ဆိုင် ဆက်ဖွင့်ထားနိုင်သည် ဆိုပေမဲ့ ကုန်သည်တို့ရဲ့ ထုံးစံအတိုင်း အကြွေးပေး၊ အကြွေးယူ သံသရာထဲ လည်နေရသဖြင့် ပိုက်ဆံအပို သိပ်မဖြုန်းနိုင်လှသော ဩဇာသည် ခြံဝင်းလေးတစ်ခုတည်းအတွက် သိန်းချီဖြုန်းထားသည်ကို မြင်လျှင်တော့ နှမြောနေတတ်ပါသည်။

ငါသာဆို တော်ရုံသင့်ရုံ အဆင့်အတန်းရှိတဲ့ အိမ်လေးတစ်လုံး ရှိမယ်။ အသင့်အတင့် နေရာရှိမဲ့ မြက်ခင်း, ခင်းထားတဲ့ ခြံဝင်းလေးလည်း ရှိမယ်ဆိုရင် တော်ပါပြီ။ ခြံဝင်းကို အလှဆင်မဲ့အစား အဲဒီမှာကုန်မဲ့ ပိုက်ဆံကို လုပ်ငန်းထဲ ထည့်ပစ်လိုက်မှာပေါ့လို့ ကုန်သည်တွေး တွေးတတ်ပါသည်။


သူ့ကား တိုက်အိမ်ကြီးရဲ့ ဆင်ဝင်ကျယ်ကြီးအောက်မှာ ရပ်သောအခါ အပြင်ခြင်လုံးသံဆန်ခါ တံခါးမကြီး တစ်ထပ်ခံသော အတွင်းကျွန်းသားတံခါးမကြီးက မပွင့်သေးပါ။ ကားရပ်ပြီး သူ တံခါးဖွင့် ဆင်းလိုက်ချိန်ကျမှ အတွင်းရော အပြင်ပါ အသင့်ဖွင့်ပေးပါသည်။

အိမ်ဖော်ဟု ထင်ရသော မိန်းကလေးက ...

"ကောဇောခင်းမဲ့ နေရာကို ရှင်းပြီးသားပါရှင်၊ တစ်ခါတည်း ခင်းလို့ရပါတယ်"

ဟု ခရီးဦးကြို ပြောနေစဉ် ဦးနေသူရိန်ကတော့ အိမ်ပေါ်ထပ် လှေကားထိပ်မှာ ရှိနေခဲ့သည်။

ဖဖ ဖဖ ဖဖ



## အပိုင်း(၁)

နှလုံးသားမှာ ချစ်ခြင်းတရားကို
ပြောကြားနေစဉ်
အသိဉာဏ်ထဲမှာတော့ ...
ကိုယ်ချစ်တဲ့သူကို
ချစ်ခွင့်ရချင်လာတယ် ...

(ညြဏ)

ဖဧ ဖဧ ဖဧ

"အေဝမ်းဦးတင်မောင် ငယ်ငယ် ... ဟဲ ဟဲ ... စာစကား" နဲ့ ပြောရရင် နပျိုစဉ်က အစွယ်ကို မင်း မြင်ဖူးလို့လား"

"တီဗီမှာ ပြနေတဲ့ အရင်ခေတ်က ရုပ်ရှင်ကားတွေမှာ တွေ့တာပဲ၊ ဆံပင်ကို ဆီရွှဲရွှဲနဲ့ သေသေချာချာ ပိပိပြားပြား ဖြီးပြီး ပုဆိုးခပ်တောင့်တောင့် ချုပ်ရပ်နေအောင် ဝတ်ထားတာလေ"

"အေးကွ ... ဖိုးကျော် ပြောတာ မှန်တယ်၊ ငါက တကယ့်သူဌေးကြီး၊ အသက်သုံးဆယ့်ငါးနှစ်ခန့် လူပျိုကြီးဆိုတော့ကွာ၊ စိတ်ထဲ ထင်ထားတာ တကယ့် Gentleman လိုပေါ့ကွာ၊ စတိုင်နပ်ပင်နဲ့ ရှူး(စ်)နဲ့ နက်(ခ)တိုင်နဲ့ မြင်ရမယ်ပေါ့၊ တကယ်ပဲ တွေ့ရရောကွာ၊ အဘိုးအဘွားတို့ခေတ် ကပုံစံ အဝတ်အစားနဲ့ ပုံတုံးကြီး ဖြစ်နေတာ အံ့တောင်အံ့သြတယ်"

"သူဌေးမို့ ... အဲ ... ရှင်းရှင်းပြောရရင် မွေးရာပါ သူဌေးတွေမို့ အသားအရေက ဝင်းဝါစိုပြည်နေပြီး ခြေတွေလက်တွေကလည်း ပန်းရောင်လွှမ်းနေတာ၊ ထားပါကွာ၊ လူကကျ ကော်လာကတုံး ရှပ်အဖြူလက်ရှည် ကြယ်သီးတပ်နဲ့ ပုဆိုးကလည်း အသစ်ကျပ်ချွတ်လိုမျိုး ထင်ရတဲ့ ဂေါက်တောက်ကြီးနဲ့၊ ဆံပင်က အဆိုးဆုံးပေါ့ကွာ ...

အေဝမ်းဦးတင်မောင် ပုံစံ ဆံပင်တိုကပ်ကပ်ကိုပဲ ဆီလိမ်းပြီး ပိပြားနေအောင် ဖြီးထားတာ။ ဆံပင်မွေး ကစ်မျှင်မှ ထောင်နေတာ၊ နဖူးပေါ် ဝဲနေတာ မရှိဘူး"

ဩဇာ နားထောင်နေရင်း ကောင်လေးတွေဟာ ဘယ်သူ့ကို ပြောနေသလဲ ဆိုတာ မှန်းမိလာပါသည်။ သူ ဖြီးပြီး ထလာခဲ့သည်။ ကောင်လေးတွေ ထမင်းဝိုင်းကို ခါတိုင်းလိုပဲ သွားစပ်စုဖို့ ထလာခဲ့တာ ဖြစ်သလို သူတို့ရည်ညွှန်းပြောနေသော ဘယ်သူဘယ်ဝါအကြောင်း၊ သူပါ ဝင်ပါပြီးပြောချင် နားထောင်ချင်တာလည်း ပါပါသည်။

"ငါတို့ကို ခေါ်တာလည်း ကြည့်ဦး မောင်ရင်တို့တဲ့ ... ဟား ဟား ဟား"

အားလုံး ရယ်လိုက်ကြပြန်သည်။ ဩဇာ အနားသွား ရပ်ပေမဲ့ ကောင်လေးတွေ ရှိန်သွားတာမျိုး၊ ရပ်သွားတာမျိုးမရှိ။ ဩဇာက သူ့ဝန်ထမ်း ကောင်လေးတွေနဲ့လည်း တရင်းတနှီး ပေါင်းပါသည်။ ဆိုင်ရှင်ရယ် ဝန်ထမ်းရယ် မခွဲခြားဘဲ၊ သူတို့ရဲ့ မိသားစုအရေး၊ စီးပွားရေး၊ ကျန်းမာရေးကအစ သမီးရည်းစား အရေးပါ ဝင်ဝင်ပါပြီး ဖြေရှင်းတတ်သဖြင့် ကောင်လေးတွေက ဩဇာကို အစ်ကိုကြီးတစ်ယောက်လိုပင် ခင်လည်းခင်၊ ရိုလည်း ရိုသေ၊ လေးလည်း လေးစားပါသည်။

"ကြယ်သီးတွေကို ပြောဦးလေကွာ"

"အေး ... ဟုတ်တယ်၊ အင်္ကျီကြယ်သီး လက်ကြယ်သီးတွေက ရွှေကြယ်သီးတွေ သိလား၊ ရှေးခေတ်ပုံစံ ကြယ်သီးတွေကွ။ ပြီးတော့ လက်ပတ်နာရီ မပတ်ဘူး။ ရှေးခေတ်က အဘိုးကြီးတွေလို အိတ်ဆောင်နာရီ သုံးတာကွ၊ သူ့ အင်္ကျီအိတ်ထဲကနေ ထုတ်ကြည့်တယ်၊ ဘာကြောင့် ထုတ်ကြည့်လဲဆိုတော့ ငါတို့ သူ့ရဲ့ညှော်ခန်းကျယ်ကြီးကို ကော်ဖောခင်းပေးတာ ဘယ်လောက်အချိန်ကြာလဲဆိုပြီး မှတ်တာကွ၊ အစက ငါ မသိဘူး။ အိမ်မှာ တိုင်ကပ်နာရီ ရှိရက်သားနဲ့ မော့မကြည့်ဘဲ အိတ်ဆောင်နာရီကို ထုတ်ကြည့်ပြီး တတစ်တစ် အသံချိန်နေတာ၊ ဘာပါလိမ့်ထင်နေတာကွာ၊ ငါတို့ ကော်ဖောခင်းပြီးမှ သူက ဘာပြောလဲဆိုတော့ နှစ်ဆယ့်ကိုးမိနစ်နဲ့ သုံးဆယ့်ငါးစက္ကန့်ကြာတယ်တဲ့၊ ပြောတော့မှ သူနာရီကို အတိအကျချိန်ပြီး မှတ်ထားမှန်း သိတယ်"

သြဇာသည် အသေးစိတ် လိုက်မှတ်ထားသော ရန်ပိုင့်ပခုံးကို ပုတ်လိုက်မိပါသည်။ ဒီကောင် တော်တော့်ကို အသေးစိတ်ကြည့်ထားပါလား။

"ကိုသြဇာ ... စားပါဦး"

"စားပါကွာ၊ မင်း, စကားများများ ပြောထားရတာ၊ ဗိုက်ဆာနေပါ့မယ်၊ မင်း ထမင်းချိုင့် မင်းပဲ ဗိုက်ဝအောင်စားပါ၊ ဘာဟင်းလဲကွ"

"ဆိတ်သားဟင်းကို ချဉ်ရည်ချက်ပြီး ငါးပိကြော်နဲ့ပါခင်ဗျာ"

အမှန်တော့ ကန်စွန်းရွက် ချဉ်ရည်ပါ။ ကန်စွန်းရွက်က ဆိတ်ရသဖြင့် သူတို့က နာမည်ပြောင် ဆိတ်သားဟင်းဟု ခေါ်ကြကြောင်း ဩဇာ သိထားပါသည်။ သူ့ဆိုင်မှာ ဝန်ထမ်းကောင်လေးတွေ အများစုဟာ စားဝတ်နေရေး သိပ်အချောင်လည်ကြီး မဟုတ်ကြတာမို့ သူတို့တွေရဲ့ ထမင်းချိုင့်မှာ အသားဟင်းကမြင်ရခဲပါသည်။ သူတို့ရသောလခ ေသာင်းဂဏန်းမျှဟာ မိဘကိုတချို့တစ်ဝက်ပေး တချို့ ကားခ၊ လက်ဖက်ရည်ဖိုးလေးဆောင်ရင်း နိစ္စဓူဝ အလုပ်ဆင်းနေကြရသော အခြေအနေမို့ ထမင်းနပ်မှန်အောင် စားနိုင်ရုံသာ အဆင်ပြေမှန်းလည်း ဩဇာ သိပါသည်။ သို့သော် ငယ်ရွယ်ပြီး စားနိုင်သော စားကောင်းသော အရွယ်တွေမို့ ထမင်းစားချိန် ဘာဟင်းနဲ့ပဲ စားစား စားလို့ မြိန်နေကြသည်။

ဩဇာ ဘက်ကတော့ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်ကို ဆိုင်ပိတ်ပေးပေမဲ့ သူတို့က တနင်္ဂနွေတစ်ရက်မှာ တခြားအချိန်ပိုင်း အလုပ်ဝင်လုပ်သည်ဟု ကြားထားပါသည်။

"အိမ်မှာနားရင်း ပိုက်ဆံမရမဲ့ အတူတူ မနားဘဲ အလုပ်ဝင်လုပ်တော့ ပိုအဆင်ပြေတာပေါ့ ကိုသြဇာရယ်"

ဟု ကောင်လေးတွေက ပြောပြပါသည်။ သြဇာက တော့ စနေနေ့တိုင်းမှာ နေ့လယ်စာကို အသားဟင်းတစ်မျိုး လက်ဆောင်ပေးခြင်းဖြင့် ဝန်ထမ်းတွေကို ပြန်ကြည့်ရှုပါသည်။ ဒါ့အပြင်လည်း သူ ပိုမကူညီနိုင်။ သူသည်လည်းပဲ ဆိုင်ပိုင်ရှင်ဖြစ်ရုံကလွဲရင် စီးပွားရေးကောင်းလိုက်၊ မကောင်းလိုက် ဖြစ်နေရသော သာမန်လူတစ်ဦးမို့ စေတနာပါပေမဲ့လည်း ဒီထက်ပိုမကူညီနိုင်ပါ။

"မင်းတို့ ခုနသွားခဲ့တဲ့ အိမ်အကြောင်း ပြောနေတာ မဟုတ်လား"

"ဟုတ်တယ် ကိုသြဇာ။ ဦးနေသူရိန် အကြောင်း ပြောနေကြတာ"

"အေးကွ ... ငါလည်း သူ့ကို သူတို့အိမ် အပေါ်ထပ် လှေကားထိပ်မှာ ရပ်နေတာတွေ့လိုက်တော့ အစကကွာ ဦးနေသူရိန်လို့ မထင်ဘူး၊ ဦးနေသူရိန် အဖေလား မသိဘူး။ ဒီအဘိုးကြီး တယ်နုပျိုတာပဲ ထင်နေတာ။ သူ့ဆီက 'ကျွန်တော် နေသူရိန်ပါ'လို့ ပြောသံကြားမှ ကိုယ့်ပါးစပ်ကိုယ် ဘရိတ်အုပ်လိုက်ရတယ်၊ မှားပြီး အန်ကယ်လ်လို့ ခေါ်မိမလို့"

"အရမ်းရှေးကျနေတယ်နော်"

"အိမ်အပြင်အဆင်လည်း ကြည့်ဦးလေကွာ၊ တစ်အိမ်လုံး ခေတ်ပေါ်ပစ္စည်းနဲ့ ရှေးပစ္စည်း ရောနေတယ်၊ မင်း သတိ ထားမိလား ဖိုးကျော်"

ရန်ပိုင်က အတူလိုက်ခဲ့ရသော ဖိုးကျော်ကို အဖော် ညှိပြီး လှမ်းပြောပါသည်။

"သတိထားမိပါတယ်၊ ဧည့်ခန်းစားပွဲတွေ ဆက်တီတွေက ကနုတ်ကွက် ဖော်ထားတဲ့ ထင်းရှူးသားစစ်စစ်တွေ၊ လှေကားလက်ရန်းတို့ အိမ်တံခါးတို့ အပြင်မှာ အလှချထားတဲ့ ကိုယ်လုံးပေါ်မှန်တို့ကကွာ ရှေးခေတ်ပုံစံ ပွတ်လုံးတွေ၊ ကနုတ်ကွက်တွေ ဖော်ထားတယ်။ သူ ကိုယ်တိုင် တိုင်တာ လား ဘာလား မသိတဲ့ သလွန်ညောင်စောင်းလို ဟာမျိုးကြီး လည်း ဧည့်ခန်းမှာ ချထားသေးတယ်"

"တီဗီကျတော့ Plasma တစ်ကြီးကွ၊ နံရံမှာ မြှုပ်ထား တယ်၊ အံမယ် Surround sounds system တော့ လုပ် ထားတယ်ဗျာ။ အဲဒါကျ ခေတ်မီနေသားပဲ"

"ဟုတ်ကောင်တွေ ... မင်းတို့ စားပြတိုက်မဲ့ အုပ်စုကျနေ တာပဲကွာ၊ သူများအိမ်ကို အသေးစိတ်ကြည့်ပြီး ပြောနေ တယ်၊ သတိလည်း ထားဦး။ ဟောင်ဖွာ ဟောင်ဖွာ လုပ်

မနေနဲ့၊ မတော်တဆ ဦးနေသူရိန်အိမ် ဓားပြတိုက်ခံရရင် မင်းတို့လို့ ထင်နေဦးမယ်"

ဩဇာက စေတနာနဲ့ သတိပေးသလို ပြောလိုက်သည်။

"ဦးနေသူရိန် ပုံစံကြီးက ထူးဆန်းလို့ပါ"

"တချို့လည်း အဝတ်အစား အပြင်အဆင် ရိုးနေတာပါကွာ၊ ခေတ်မီတဲ့ အတွေးအခေါ်တော့ ရှိမှာပါ။ အတွေးအခေါ် ကောင်းလို့ပဲ သူ့ရဲ့ Pine furniture ဆိုတဲ့ ထင်းရှူးသားနဲ့ပဲ သီးသန့်လုပ်တဲ့ ပရိဘောဂတွေ စျေးကွက်ဝင်ပြီး ရောင်းကောင်းနေတာပဲပေါ့"

"ဦးနေသူရိန်က ပုံတုံးကြီးနေပေမဲ့ ရုပ်ကတော့ ဖြောင့်တယ်နော် ကိုဩဇာ"

"မွေးရာပါ သူဌေးတွေဆိုတော့လည်း နဂိုရှိပြီးသား ရုပ်ရည်သန့်သန့်ဟာ ပိုပြီး အရောင်တောက်လာတာမျိုးပေါ့ကွာ"

"ပုံတုံးပေမဲ့ စွံတယ်ဗျ"

"အံမာ ... မင်း သိလို့လား ရန်ပိုင်ရာ"

"ဦးနေသူရိန်က နာမည်ကြီးပဲ၊ သူ့ကိုလိုချင်တဲ့ မိန်းမတွေမှ ဝိုင်းနေတာပဲတဲ့"

"မင်း ဘယ်လိုလုပ်သိလဲ"

"ကျွန်တော့် အစ်မကြီးက ဦးနေသူရိန်တို့ ပင်ရင်းဆိုင်ကြီး ဖွင့်တဲ့ဘေးက export import ကုမ္ပဏီမှာ အလုပ်လုပ်တယ်လေ။ သူ ပြောပြောနေလို့ ကြားဖူးနေတာ၊ ဦးနေသူရိန်မို့ သူ့ဆိုင်ကြီးက ရုံးခန်းကို လာရင်တဲ့ သူတို့ကုမ္ပဏီပိုင်ရှင်ရဲ့တူမ မန်နေဂျာမဟာ ပျာပြီး ပြေးပြေးလူလုံးပြရတာတဲ့၊ ပြောလိုက်ရတဲ့ ဦးနေသူရိန် အကြောင်း၊ ဘယ်လိုဖွံ့ကြောင်း၊ ဘယ်လိုချမ်းသာကြောင်းတွေ ဆိုတာ အလွတ်တောင် ရတယ်တဲ့"

သြဇာ ဒီတော့မှ သဘောပေါက်သွားပါသည်။

"ဪ ... မင်းက သိပြီးသားကိုး"

"လူတော့ မမြင်ဖူးပါဘူး။ အရင်တည်းကတော့ Pine Furniture က ဦးနေသူရိန် ဆိုတာ နာမည်ကြားထားဖူးပါတယ်။ ကိုသြဇာက ဒီနေ့ သူ့အိမ်ကော်ဖောသွားပို့ရမယ် ဆိုမှ အသေအချာ မြင်ဖူးတာ"

"အေးကွ ... ငါ့ကိုလည်း သူက ဖုန်းနဲ့ပဲ ကော်ဖော order မှာတာဆိုတော့ ငါလည်း အခုမှ မြင်ဖူးတာကွ၊ သူကလူကိုယ်တိုင် ဆိုင်လာရွေးတာ မဟုတ်ဘဲ ဆိုင်ကထုတ်တဲ့ ကတ်တလောက်ကြည့်ပြီး ဘယ်စာမျက်နှာက ဘယ်ခတ်ပုံမှာ ပြထားတဲ့ ကော်ဖော ဆိုပြီး မှာတာလေ"

"ဦးနေသူရိန်မှာ ရည်းစားလည်း တစ်ယောက်မှ မရှိဘူး၊ ဒါပေမဲ့ သူက မိန်းကလေး မိတ်ဆွေတွေနဲ့တော့ နေ့လယ်စာထွက်စား၊ ညစာအတူစားတော့ ခဏခဏလုပ်တယ်တဲ့။ ဒါပေမဲ့ တစ်ယောက်တည်း သီးသန့်မတွဲဘူးတဲ့"

"ဒါလည်း ခေတ်သစ်သူဌေးတွေရဲ့ နည်းသစ်ပေါ့ကွာ"

"သူ့မှာ ညီမလေးတစ်ယောက် ရှိတယ်လို့ ကြားထားတယ်၊ ကိုညြဇာ သိလား"

"ဘယ်က သိရမှာလဲကွာ၊ မင်းတောင် ငါ့ထက်ပိုသိသေးတယ်၊ ပြောပါဦး၊ သူ့ညီမက ဘာဖြစ်နေလို့လဲ"

"အိမ်ထဲက အိမ်ပြင် သိပ်မထွက်ဘူး။ မထွက်ဘူးဆိုတာ အစ်ကိုက ချုပ်ချယ်ထားလို့ ထွက်ခွင့်သိပ်မရတာမျိုးပေါ့။ အပြင်သွားလည်း ကိုယ်တိုင် ကားမောင်းမသွားရဘူး။ ဒရိုင်ဘာနဲ့ သွားရတယ်၊ ဒရိုင်ဘာကလည်း ယောကျ်ား မဟုတ်ဘူး။ အသက်ကြီးကြီး အန်တီကြီး တစ်ယောက်ကို ခန့်ထားတာလို့ ပြောတယ်၊ အဲဒီအန်တီကြီးက သူ့ညီမရဲ့ ဘော်ဒီဂတ်ပဲ၊ ဘယ်တော့မှ ကောင်မလေးနားက တစ်လက်မ,မရွှေ့ဘဲ စောင့်တယ်။ တက္ကသိုလ်ကို အဝေးသင် တက်တော့လည်း အတန်းတက်ရတဲ့ နေ့တွေဆို အန်တီကြီးကပါ တကောက်ကောက် ပါတာတဲ့"

"မင်းဉစ္စာကလည်းကွာ၊ ဟုတ်ရော ဟုတ်ရဲ့လား။ တချို့က ကြားတာကို မိုပြီး လိုတိုးပိုလျှော့ ချဲ့ကားပြောတာမျိုး ဖြစ်ရင် ဖြစ်မယ်"

"အဲဒါတော့ ကျွန်တော်လည်း မသေချာဘူးလေ၊ ကြားဖူးတာကို ပြန်ပြောတာပဲ ကိုသြဘာရ၊ ကိုသြဘာ စိတ်ဝင်စားရင် စုံစမ်းကြည့်ပါလား"

"ပေါက်ကရတွေကွာ၊ မိန်းကလေး တစ်ယောက်အတွက် အချိန်ပေးရတာမျိုး ငါ ဝါသနာမပါဘူး"

ကောင်လေးတွေ ရယ်စရာမပါဘဲ ရယ်ကြသည်။ သူတို့ဆိုင်ရှင် သြဘာဟာ ကျောင်းသားဘဝကတော့ ရည်းစားနှစ်ယောက်လောက် ထားခဲ့ဖူးပြီး ခုချိန်မှာတော့ ...

"ရည်းစားထားရတာ သိပ်ပျင်းစရာကောင်းတာပဲကွာ၊ ဘာမှလဲ မပျော်ရဘူး။ ကောင်မလေး သွားချင်တဲ့နေရာ လိုက်ပေးရ၊ သူ့မွေးနေ့တို့ ချစ်သူနှစ်ပတ်လည်နေ့တို့ မှတ်ထားပြီး လက်ဆောင်ဝယ်ပေးရနဲ့ပဲ ပြီးတာချည်းပဲ။ တစ်ခါတလေ ငါက ငါ့ဘာသာ သူပြောထားတဲ့နေ့တွေ မမှတ်မိရင် စိတ်ကောက်တာ ခံရသေးတယ်၊ ပါးစပ်အမြုပ်ထွက်အောင် ပြောပြီးချော့ရသေးတယ်၊ ငါ့ဘာသာ ရိုးရိုးသားသား မိန်းကလေးသူငယ်ချင်းနဲ့ စကားပြောရင် သဝန်တိုခံရသေးတယ်၊ ဒါနဲ့ပဲ တစ်ယောက်မကောင်း တစ်ယောက်လည်း

ပြောင်းကြည့်ပြီးရော၊ အားလုံး ဒီပုံစံပဲ ဖြစ်နေတာနဲ့ပျင်းပြီး ရည်းစားမထားတော့တာပါကွာ"

ဒီလိုနဲ့ပဲ အသက်နှစ်ဆယ့်ငါးနှစ် အရွယ်မှာ မိဘဆိုင်ထိုင်ပေးပြီး အလုပ်ထဲ နှစ်နေသလိုလို ဖြစ်နေသော ခပ်တုံးတုံး၊ အူကြောင်ကြောင်လူ ဖြစ်မှန်းမသိ ဖြစ်နေခဲ့လေသည်။ ဩဇာ စိတ်မဝင်စားမှန်း သိလေလေ သူတို့က ဟိုကောင်မလေးသတင်း၊ ဒီကောင်မလေးအကြောင်း တမင်လာစ,ပြီး ပြောကြလေလေ။

ဒါနဲ့ပဲ ဩဇာပိုင်ဆိုင်သော King Solomon အမည်ရှိ အလုပ်သမားဝန်ထမ်းကောင်လေး ခြောက်ယောက်ဖြင့် ဖွဲ့စည်းထားသည့် ကော်ဖောဆိုင်လေးသည် နိစ္စဓူဝ သူ့အသိုင်းအဝိုင်းနဲ့ သူ လုပ်ကိုင်လည်ပတ်နေခဲ့တာပဲ ဖြစ်ပါသည်။

ဖဖ ဖဖ ဖဖ

## ၂

မထင်မှတ်ပါဘဲ ဦးနေသူရိန်ထံမှဖုန်းကို ထပ်မံလက်ခံရသောနေ့တွင် သြဇာသည် ဒီနေ့မှပဲ ထူးထူးခြားခြား ဈေးရောင်းကောင်းနေပြီး ဈေးဝယ်သူတွေနဲ့ ဈေးစကား အလျှော့အတင်းပြောလို့ ကောင်းနေချိန်လည်း ဖြစ်ပါသည်။ ဝန်ထမ်းကောင်လေးဖြစ်သော မောင်ဖြိုးက ...

"အစ်ကိုသြဇာ ဖုန်း"

ဟု လာခေါ်တော့ သြဇာမှာ ဈေးကြီးသော ကော်ဇောကြီးတစ်ချပ်ကို လျှော့ပေးဖို့ ဈေးပြန်တွက်နေရသဖြင့် Calculater တစ်လုံးဖြင့် အလုပ်များနေဆဲ။

"ဘာကိစ္စလဲ"

"ကော်ဇော Order မှာချင်လို့တဲ့"

"မင်း မှတ်ထားရင် ရတယ်လို့ ပြန်ပြောလိုက်လေကွာ"

"အစ်ကိုဩဇာနဲ့ပဲ စကားပြောချင်တယ်လို့ ပြောတယ် ဦးနေသူရိန်တဲ့"

"ဟုတ်လား၊ အရင်တစ်ရက်က ပို့ထားတဲ့ ကော်ဖောတွေ ဘာများအဆင်မပြေဘူးလဲ မသိဘူး"

ဩဇာ တစ်ချက်တော့ စိတ်ပူသွားပါသည်။ ဈေးလာဝယ်နေသော လက်ထပ်ပြီးခါစ စုံတွဲအသစ်စက်စက်တို့ယူမည့် အီတာလျံကော်ဖောကြီးကို လျှော့ဈေး မြန်မြန် တွက်ချက်ပေးကာ…

"ကျွန်တော့်ဘက်က (……)လောက်ပဲ အဆုံးစွန် လျှော့နိုင်တော့မယ် ခင်ဗျာ၊ ဒီမှာကြည့်ပါ၊ ကျွန်တော် တွက်ပေးထားတာ 10% လောက်လည်း လျှော့ပြီးနေပါပြီ"

"10% လောက်ပဲလား၊ 15% ဖြစ်ဖြစ် လျှော့ပါလား၊ ရရင်တော့ ယူမယ်နော်"

"မရလို့ပါ အစ်မ"

"ကဲ … ကိုကိုရေ၊ ဘယ်လိုလဲ"

"ယူ ကြိုက်နေရင် ဝယ်လိုက်ပါ"

"ဈေးက သိပ်များနေတယ်နော်"

မောင်ဖြိုးက တစ်ချက် သတိပေးသလိုဖြင့် …

"အစ်ကိုဩဇာ ဖုန်းစောင့်နေတယ်ဗျို့"

ဟု လှမ်းအော်နေတော့သည်။

"အစ်ကိုနဲ့ အစ်မ ခဏလေး ဆွေးနွေးလိုက်ကြပါဦး၊ ကျွန်တော် order. မှာမဲ့ဖုန်းတစ်ခု ဝင်လာလို့ ခဏသွားပြောလိုက်ပါဦးမယ်"

သြဇာ တစ်ချက် ခွင့်တောင်းပြီး ဆိုင်နောက်ခန်းက သူ့ပစ္စည်းပစ္စယများထားသော စားပွဲဆီ ပြန်ဝင်လာလိုက်ပါသည်။ မှောက်လျက် စားပွဲတင်လျက်သား ဖုန်းကို ကောက်ကိုင်လိုက်ပြီး ...

"ဟုတ်ကဲ့၊ သြဇာ ပြောနေပါတယ် ခင်ဗျာ"

"သြော် ... အေးကွာ၊ မင်း တော်တော် အလုပ်များနေပုံပဲ၊ စောင့်လိုက်ရတာ"

"ဆောရီး ... ကိုနေသူရိန်၊ ကျွန်တော် တောင်းပန်ပါတယ်"

ဦးနေသူရိန် အသံက စိတ်မရှည်ဟန်ပေါက်ပြီး အပြစ်တင်တော့မလိုလို ဖြစ်နေပါသည်။ ဒီလို customer မျိုးတွေလည်း မကြာခဏ ဆုံဖူးသည်ဖြစ်ရာ သြဇာဘက်ကတော့ သည်းခံလိုက်ဖို့ ဝန်မလေးပေ။ တောင်းပန်ဖို့လည်း အသင့်ပင်။ အလုပ်ထဲမှာ ငါးနှစ်လောက် ကျင်လည်ပြီးသလို အဲဒီမတိုင်ခင်ကလည်း မိဘတွေဆိုင် မကြာခဏ လာကူညီရောင်းပေးဖူးသော အတွေ့အကြုံတွေကြောင့် ရှေးသည်ပီသနေပေပြီ။

"အရင်ရက်က ကော်ဇောလာခင်းပေးသွားတာ ဘာများ အဆင်မပြေလို့လဲ ခင်ဗျာ"

"အဆင်ပြေပါတယ်၊ ငါကတော့ ကြိုက်လည်းကြိုက်ပါတယ်၊ ငါ့ညီမလေးကတော့ မကြိုက်ဘူးဆိုလို့"

ဩဇာမှာ ဘာလုပ်ပေးရမှာလဲလို့ သူ့ဘာသာ ဆက်တွေးနေမိပါသည်။

"ငါ ကတ်တလောက် ပြန်ကြည့်တယ်၊ သူ့ကိုလည်းပြပြီး ရွေးခိုင်းတယ်၊ အဲဒါ သူကြိုက်တဲ့ဒီဇိုင်း ထပ်ရွေးလို့ရတာနဲ့ အသစ်ထပ်မှာချင်လို့"

"အခု ခင်းလက်စ ကော်ဇောတွေကို ပြန်ဖယ်ပြီး အသစ်ခင်းမှာလား"

"အေး ... ဟုတ်တယ်။ ဘာဖြစ်လို့လဲ"

"ခင်ဗျား ဘာမှမဖြစ်ပါဘူး။ ကိုနေသူရိန်တို့ သဘောပါ၊ ကျွန်တော်က အသစ်ထပ်ဝယ်မယ်ဆိုလို့ အံ့ဩသွားတာပါ"

"ပိုက်ဆံတမင် ဖြုန်းတာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ငါ့ညီမလေး စိတ်တိုင်းမကျရင် ငါလည်း စိတ်ထဲမှာ အလိုလိုနေရင်း မကြိုက်တော့ဘူး၊ ဒါကြောင့် ထပ်ဝယ်မှာ၊ ကဲ ... ကတ်တလောက်ထဲက page ဘယ်လောက်၊ ဒီဇိုင်းနံပါတ် ဘယ်လောက်ဆိုတာ ပြောပြီးမှာလို့ ရပြီလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါပြီ။ ကျွန်တော့်စားပွဲမှာ အားလုံး အဆင်သင့်ပါ၊ မှတ်ရုံပါပဲ"

ဦးနေသူရိန် ပြောသော ဒီဇိုင်းကို ရေးမှတ်လိုက်ပါသည်။

"အရောင်ရော အပြောင်းအလဲ ရှိလား ကိုနေသူရိန်"

"ပုံထဲမှာ ပြထားတဲ့ အရောင်ပဲ ကြိုက်တယ်"

"ဟုတ်ကဲ့"

"ဘယ်နေ့ ရောက်မလဲ"

"ကျွန်တော် ဂိုဒေါင်ထဲမှာ တစ်ချက်ကြည့်ပေးပါ့မယ်၊ မရှိရင်တော့ တစ်ပတ်လောက် စောင့်ရမယ်၊ ကွန်တိန်နာ လာချမဲ့ရက်ကိုတွက်ပြီး ပြောတာပါ။ ရှိခဲ့ရင်တော့ ဒီနေ့ ညနေပဲ delivery လုပ်လို့ ရပါတယ်၊ ကိုနေသူရိန်ဆီ ကျွန်တော် ဖုန်းပြန်ဆက်မယ်လေ"

"ကောင်းပြီ၊ ဖြစ်နိုင်ရင် ဒီတစ်နာရီအတောအတွင်း ဆက်ပါ"

"စိတ်ချပါ ခင်ဗျာ"

ဖုန်းချသွားသောအခါ သြဇာသည် ဂိုဒေါင်ဘက် သွားပြီး order မှာသော ဒီဇိုင်း ရှိ၊မရှိ ကြည့်ပေးဖို့ မောင်ဖြိုးကို လွှတ်လိုက်ပါသည်။ တန်ဖိုးကြီးပြီး သိန်းဂဏန်းရှိသော ကော်ဇောကို မကြိုက်ပါဘူးဆိုကာ ချက်ချင်း အသစ်ထပ်ဝယ်သော ဦးနေသူရိန်လို Customer များများရလေလေ ပျော်လေလေပေါ့။ သို့သော် လူတစ်ဖက်သားကို သိပ်အအနာသမှု ရှိပုံမရသော စကားအပြောအဆိုကို ပိုင်ဆိုင်သည့် ဦးနေသူရိန်နှင့် နောက်ထပ်

ဆက်ဆံရမှာတော့ စိတ်ထဲမှာ မလိုလားပြန်ပါ။ ငါပိုက်ဆံပေးပြီး ဝယ်တာပဲ၊ ငါကြိုက်သလို ပြောခွင့်ရှိတယ်ဆိုသော စိတ်သဘောမျိုး ထားသလား။ ဒါမှမဟုတ် သူ့နဂိုပုံစံကိုက စကားကို ဒီလိုပဲ လူတစ်ဖက်သား နားဝင်ချိုအောင် မပြောတတ်ဘူးပဲလား။

"အစ်ကိုသြဇာ ... ရှိတယ်"

"အေး ... ဟုတ်ပြီ၊ ဒါဆို ညနေလာပို့မဲ့ အကြောင်း မင်းပဲ ဦးနေသူရိန်ကို ဆက်လိုက်ကွာ၊ ငါ ခုနကစုံတွဲ စောင့်နေတာမို့ သွားရှင်းပေးလိုက်ဦးမယ်"

"သူတို့ အစ်ကိုလျှော့ပေးတဲ့ဈေးနဲ့ပဲ ဝယ်သွားကြပြီ၊ သူတို့ဘာသာပဲ ကားငှားပြီး သယ်သွားတယ်၊ delivery လုပ်ရင် ဈေးပိုပေးရတယ်ဆိုတာ သိပြီးပုံပဲ"

"အေးကွာ ... ဒါဆိုလည်း ငါပဲ ဦးနေသူရိန်ဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

သြဇာ ချက်ချင်းပဲ ဖုန်းပြန်ဆက်လိုက်သည်။ ညနေငါးနာရီနဲ့ ခြောက်နာရီကြားရောက်မည့်အကြောင်း ပြောလိုက်ပါသည်။ ပိုက်ဆံချမ်းသာလှသော သူဋ္ဌေးပီပီ delivery ဖိုး ဘယ်လောက်ပေးရမလဲ ဆိုတာလည်း မမေး။ ကော်ဇောကို ဈေးမလျှော့ပေးတော့ဘူးလား ဆိုတာလည်း မမေး။ ကော်ဇော လာပို့ပေးမည်။ အသေအချာ ပြန်ခင်းပေးမည် ဆိုတာသာ တိတိကျကျ မေးလေသည်။

ဒါနဲ့ပဲ ဩဇာသည် ညနေငါးနာရီ ဆိုင်ပိတ်သည်နှင့် ဒီနေ့ အချိန်ပိုကြေးပေးပြီး ဆက်ခေါ်ထားသော ဝန်ထမ်းလေးယောက်တို့တင်ကာ ကော်ဇောလိုက်ပို့ပေးရမည့် အိမ်တွေဆီသွားဖို့ ပြင်ဆင်ရပါသည်။ ပုံမှန်ဆိုင်ဖွင့်ချိန်သည် မနက်ကိုးနာရီမှ ညနေငါးနာရီသာ။ သို့သော် အခုလို delivery များသောနေ့၊ သုံးလေးအိမ်ဆက်မနည်း ပို့ပေးရသောနေ့တွေမှာ ဝန်ထမ်းတွေကို အလှည့်ကျ overtime ကြေးပေးလျက် လိုက်ပို့ပေးမည့်အထဲ ခေါ်ရပါသည်။

ဩဇာထံတွင် လုပ်ငန်းသုံး အမိုးပါ Town Ace တစ်စီးသာ ရှိပါသည်။ အလုပ်အတွက်လည်းသုံး။ သူကိုယ်တိုင်သွားလာဖို့လည်းသုံးသော ကားကြီးမှာ မသားနားပေမဲ့ အသုံးဝင်ပါသည်။ နွေရာသီ သင်္ကြန်ပိတ်ရက်လိုမျိုးမှာ ဝန်ထမ်းကောင်လေးတွေကို ကားတစ်ရက်ပေးသုံးပြီး ရေပက်ခံထွက်ခိုင်းဖို့လည်း အသုံးတည့်သလို ဒီဇင်ဘာလိုလမျိုးရောက်လျှင် စနေ တနင်္ဂနွေ နှစ်ရက်ယူကာ ကျိုက်ထီးရိုးဘုရားဖူး ပို့ပေးဖို့လည်း ဒီကားက ကြိုက်သလောက် လူတင်လို့ရသည်။ အဓိက,ကတော့ ဝန်ထမ်းကောင်လေးတွေ အကုန်လုံး သွားခွင့်ရဖို့ သူပဲ စရိတ်ခံပို့ပေးတာမျိုးပင်။ ဒါကြောင့်လည်း ဒီကားကြီးဟာ သူ့လိုလူငယ်တစ်ယောက်အတွက် ဘယ်လောက်ပဲ ရှိုးပွဲပွဲ သူကတော့ သံယောဇဉ်ရှိသည်။ ဈေးဘယ်လောက်လာပေးပေး မရောင်းဘဲ ဒီကားပဲ ပြုပြင်ပစ္စည်းတွေထပ်ထည့်ကာ စီးဖြစ်နေသည်။

ဒုတိယအကြိမ် ရောက်ရသော ဦးနေသူရိန်၏ အိမ်ကြီးသည် အရင်တစ်ခါကလိုပင် တိတ်ဆိတ်နေပြန်ပါသည်။ ကော်ဖောခင်းပေးပြီးသည်အထိ ဦးနေသူရိန်ကို မတွေ့ရသေးပါ။ ဦးနေသူရိန်ကို တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ သိပ်တော့ အရေးမကြီးလှ။

ကော်ဖောဖိုးနှင့် ပို့ခတို့ကို နေ့လယ်ကတည်းက သူ့တပည့်တစ်ယောက်လွှတ်ပြီး ငွေချေပြီးပြီမို့ ဦးနေသူရိန်ကို တကူးတက စောင့်မျှော်နေစရာတော့ မလိုပါ။ ဩဇာသည် ကောင်လေးတွေ ကော်ဖောလိပ်ကြီး ဖြန့်ချပြီး အသေအချာ ခင်းပေးသည်ကို ဘေးက ရပ်ကြည့်ညွှန်ကြားရင်း ဒီတစ်ခါကျမှပဲ ဧည့်ခန်းနံရံမှာ ချိတ်ထားသော ပန်းချီကားကြီးကို သေသေချာချာ ကြည့်မိသည်။ အရင်တစ်ခါကတော့ ဦးနေသူရိန်ပါ ရပ်နေ၍ သူ ဒီပန်းချီကားကြီး ရှိနေမှန်း သိပေမဲ့ အသေအချာ စိုက်မကြည့်မိခဲ့ပါ။

ပန်းချီကားကြီးထဲမှာတော့ မင်္ဂလာသတို့သား သတို့သမီးစုံတွဲတစ်တွဲပုံ ရှိနေသည်။ အပြင်အဆင်ကို ကြည့်ခြင်းအားဖြင့် သိပ်လည်း ခေတ်နောက်မကျ၊ သိပ်လည်း ခေတ်မမီပုံစံမို့ ဩဇာတို့ အဖေအမေခေတ်လောက်က ပုံစံမျိုးဟု မှန်းမိပါသည်။ ဒါ ဦးနေသူရိန်ရဲ့ မိဘတွေပဲ ဖြစ်မှာပေါ့။

သတို့သား၏ မျက်နှာထားတင်းတင်း (ပြုံးတော့ ပြုံးနေပေမဲ့)သည် ဦးနေသူရိန်နဲ့ တော်တော်များများ ရုပ်တူနေသည်။ သတို့သမီး၏ မျက်နှာကတော့ ရိုးသားဖြူစင်ဟန်ရှိပေမဲ့ မာနကြီးသော အပြုံးတွေကို ပိုင်ဆိုင်ထားသည်မှာ ဦးနေသူရိန်နဲ့ တူနေပြန်သည်။

"အဲဒါ ကျွန်တော့်မိဘတွေပုံပါ ကိုညီဇာ"

ညီဇာမှာ ရုတ်တရက် အသံကြားလိုက်ရ၍ လန့်သွားပါသည်။

ဦးနေသူရိန် ...။

ဘယ်တုန်းကများ ငါ့နားရောက်နေပါလိမ့်။ ခြေသံလည်း မကြားရ။ လှုပ်ရှားသံလည်း မကြားရနဲ့။ တော်တော့်ကို ညင်သာတဲ့လူပဲ။

"ခင်ဗျားရော မိဘတွေ ရှိသေးလား"

"ဟုတ်ကဲ့ ... ရှိသေးပါတယ်၊ အဖေကတော့ လေတစ်ခါဖြတ်ပြီး ပြန်နာလန်ထူခါစမို့ အရင်ကလို သူကိုယ်တိုင် ကြီးကြပ်ပြီး ဆိုင်မထိုင်နိုင်တော့ဘူး၊ အမေကတော့ ကျန်းမာပေမဲ့ အဖေ့နားမှာ အမြဲပြုစုပြီး ပုတီးလေးစိပ်၊ တရားလေး ထိုင်ပြီး နေချင်တော့တာမို့ သူလည်း ဆိုင်ကိစ္စ ဝင်မပါတော့ပါဘူး၊ ကျွန်တော့်ခြေ ကျွန်တော့်လက် ဖြစ်နေပါပြီ"

"မိဘတွေ သက်ရှိထင်ရှား ရှိသေးတယ် ဆိုတာဟာ ဘာနဲ့မှ မလဲနိုင်တဲ့ ပိုင်ဆိုင်မှုတစ်ခုပါ။ ကျွန်တော်တို့ကတော့ မိဘမဲ့နေတာ ကြာပြီ။ ဆယ်နှစ်ကျော်ကျော် ရှိပြီဆိုတော့ တစ်ခါတလေ မိဘသက်ရှိထင်ရှား ရှိနေတဲ့သူတွေ တွေ့ရင် စိတ်ထဲမှာ အားကျရတယ်"

ဦးနေသူရိန်ဟာ ထူးထူးခြားခြား ပဋိသန္ဓာရစကားတွေ လာပြောနေသဖြင့် ဩဇာအုံ့ဩမိပြန်သည်။ ဒီလူ့ စိတ်မှပုံမှန်ဟုတ်ရဲ့လား။ စကားတွေ ပြောချင်ရင်တော့ ဖော်ဖော်ရွေရွေ လာပြောလိုက်။ ခပ်ပြတ်ပြတ်ကြီး ပြောချင်ရင်လည်း ပြောချလိုက်နဲ့။

"ဒီအိမ်ပို့ပေးပြီးရင် ဘယ်ပို့ရဦးမှာလဲ"

"ဒီအိမ် နောက်ဆုံးပါပဲ ကိုနေသူရိန်"

"ဩော် ... ဩော် ... ဒါဖြင့် ပြီးကြပြီပေါ့"

"ပြီးပါပြီ ... ပြန်ရုံပါပဲ၊ ဘာများ မှာချင်သေးလို့လဲ ကိုနေသူရိန်"

"မမှာတော့ပါဘူး။ မေးကြည့်တာပါ၊ ညနေခြောက်နာရီထိုးခါနီးနေပြီမို့ အလုပ်ပြီး၊မပြီး သိချင်လို့ပါ"

"ပုံမှန်ဆိုင်ပိတ်ချိန်က ငါးနာရီပါ၊ ဒီနေ့လို delivery များတဲ့နေ့ဆို ဝန်ထမ်းတွေကို အလှည့်ကျ overtime ပေးခါပြီး ကျွန်တော်ကိုယ်တိုင်ပဲ လိုက်မောင်းပို့လိုက်ပါတယ်၊ ဒီအတွက် မောင်းဖို့ဝန်ထမ်း သီးသန့်မထားတော့ပါဘူး"

"ကြော်ငြာလိုက်ဦးမယ်၊ ကျွန်တော့်ဆီက Pine Furniture တွေ အလိုရှိရင်လည်း လာခဲ့ဗျာ၊ card ခင်ဗျားကို ပေးထားပြီးသား ထင်တယ်"

"ပေးထားပြီးပါပြီ၊ ပရိဘောဂအသစ်ကတော့ မဝယ်ဖြစ်သေးပါဘူးဗျာ၊ အမေကတော့ မိန်းမယူရင် ခန်းဝင်ပစ္စည်းအသစ်ဝယ်ပေးရမယ် ပြောထားတာပဲ၊ အဲဒီကျမှ ကိုနေသူရိန့်ဆီက ပြန်အားပေးတော့မယ်ဗျာ"

"ဩော် ... ဩော် ... ယူရမဲ့မိန်းမ ရှိပြီးပြီလား"

"မရှိသေးပါဘူး၊ အမေ့ဘာသာ ဖိတ်စာတစ်ခြမ်း သေချာပြီး စိတ်ကူးယဉ်နေတာလေဗျာ"

ဦးနေသူရိန်မှာ ဒါကို ပီတိဖြစ်သလို ပြုံးလျက် ...

"အင်း ... ကျွန်တော့်အမေ ရှိသေးရင်လည်း ခင်ဗျားအမေလိုပဲ ဖြစ်နေမှာ မြင်ယောင်မိပါတယ်ဗျာ"

ဟု သတိတရ ဆိုလေသည်။

ဒီနေ့တော့ ဦးနေသူရိန်သည် သံချေးရောင်လို အရောင်မျိုးဖြစ်မည်ထင်သည့် (ဩဇာသည် အရောင်တွေ သိဂ်ဆန်းပြီး မြင်နေကျ မဟုတ်လျှင် ဘာရောင်မှန်း မပြောတတ်ပါ) အရောင်ပါသော ရှပ်လည်ကတုံးလက်ရှည်၊ ကြယ်သီးအပြည့်တပ်ဝတ်ထားလျက် နက်ပြာရင့် ခပ်မှောင်မှောင်ပုဆိုးနဲ့ ဖြစ်သည်။ ဝန်ထမ်းကောင်လေး ပြောသဖြင့် အင်္ကျီကြယ်သီးတွေကို သတိ

ထားကြည့်မိလျှင် ဒီတစ်ခါတော့ ကျောက်စိမ်းအစစ်ကို ရွှေကွပ်ထားသည့် ကြယ်သီးတွေ တပ်ထားကြောင်း သြဇာ သတိထားမိသွားပါသည်။

ဘယ်ဘက်လက်သူကြွယ်မှာတော့ ယောကျ်ားဝတ်လက်စွပ်ပုံစံ စိန်တဖျပ်ဖျပ် လက်နေသော စိန်လက်စွပ်ကို တွေ့ရသည်။ ဒီတစ်ခုကလွဲလျှင် ကျန်တာ ဘာမှဝတ်မထား။ ဟန်းချိန်းတွေ ဆွဲကြိုးတွေ မဝတ်ထားပါ။ ဦးနေသူရိန် အနေနဲ့ ဘာလက်ဝတ်လက်စားမှ ရှိမနေခဲ့ဘူး၊ ဝတ်မထားခဲ့ဘူး ဆိုရင်လည်း သူ့ရုပ်က သူဌေးရုပ်ကို ထွက်နေတာမို့ အလိုလိုနေရင်း လူအထင်ကြီးစရာ ရုပ်ရည်မျိုး ရှိနေပါသည်။

သြဇာကတော့ ကိုယ့်ကိုယ်ကိုယ် ဘာရုပ်ပေါက်မှန်း မသိပေမဲ့ သူနဲ့ ရင်းနှီးတဲ့သူတွေကတော့ ...

"မင်းက ကောင်းကောင်း ဝတ်စားလိုက်ရင် သူဌေးရုပ်ဖြစ်သွားပြီး သာမန်ပုံစံ ဝတ်စားလိုက်ရင် လူသာမန်ပုံစံပေါက်သွားပြန်ရော။ အကယ်၍ စုတ်ပြတ်နေအောင် ဝတ်ရင်လည်း မင်းပုံစံက နုံချာစုတ်နပ်သွားမှာပဲ ထင်တယ်၊ မင်းက အဝတ်အစားကို လိုက်ပြီး ပုံစံပြောင်းတတ်တဲ့ မျက်နှာမျိုး။ ဒါပေမဲ့ မင်းမျက်နှာက ရှင်းတယ်၊ ဟန်မဆောင်တတ်ဘူး။ စိတ်ထဲမှာရှိတဲ့အတိုင်း မျက်နှာမှာပေါ်နေတတ်တယ်၊ အဲဒါ မင်းရဲ့အားနည်းချက်ပဲ"

ဟူ၍ အားမနာစတမ်း ဝေဖန်တတ်ပါသည်။

ဦးနေသူရိန် အိမ်မှာ ပြန်လာသောအခါ ညနေ ခြောက်နာရီကျော်ကျော်လေးသာ ရှိသေးသည်။ ဝန်ထမ်းကောင်လေးတွေကို အားလုံး ပြန်ဖို့အဆင်ပြေသည့် နေရာတစ်နေရာမှာ ချပေးပြီး ဩဇာ တစ်ယောက်တည်း အိမ်ပြန်ခဲ့ပါသည်။

သူ၏ အိမ်အပြန်လမ်းသည် အစဉ်အမြဲ ရိုးရှင်းအေးဆေးလျက် ဩဇာ ကြိုက်နှစ်သက်သော Backstreet Boys ၏ သီချင်းသံများဖြင့် အိမ်ပြန်ဖြစ်သည်ချည်း ဖြစ်ပါသည်။ ချစ်ရမဲ့ချစ်သူလည်း မရှိ၊ တခြားအပြင်သံယောဇဉ်လည်း အပျော်မရှာသော ဩဇာ၏ သမားရိုးကျဆန်ဆန် နေ့ရက်များထဲကို နရဏီ ဝင်မလာခင်ထိကတော့ အမြဲ ဒီလိုချည်းပဲ ဖြစ်ခဲ့ပါသည်။

ဖဖ ဖဖ ဖဖ

## ၃

မမျှော်လင့်ဘဲ ထပ်ပြီးတွေ့ဆုံကြသော နေရာသည် ပုဂ္ဂလိက ဆေးရုံကြီးတစ်ရုံရှေ့မှာ ဖြစ်နေခဲ့သည်။ နေသူရိန်သည် ဩဇာကို မမြင်။ သူ့ကား Land Cruiser ကြီးကို ကားပါကင် သေသေချာချာ ဝင်နေဆဲ။ ဩဇာကတော့ ကားရပ်ပြီးပြီ။ ကားပေါ်ကဆင်းပြီး အဖေ့ကို တွဲချပြီးပြီမို့ ဆေးရုံထဲဝင်ရန် အသင့်မို့ သူ့ရဲ့လုပ်ငန်းသုံးကားကြီးနံဘေး ဝင်ရပ်လာသော နောက်ဆုံးပေါ် ကားကို ကြည့်မိလိုက်ခြင်းကြောင့် ကားထဲမှ ခေါင်းထွက်ကြည့်နေသော ဦးနေသူရိန်ကို တွေ့လိုက်တာပဲ ဖြစ်ပါသည်။ သူ့ဘေးမှာ ဒရိုင်ဘာက ကားကို ပါ့ခ်လုပ်နေဆဲ။ ကားနောက်ခန်းမှာ လူနှစ်ယောက်ပါလာကြောင်းလည်း တွေ့လိုက်သေးပေမဲ့ အဖေ့ကို တွဲပြီး ဆေးရုံထဲ ခေါ်သွားရဦးမှာမို့ သူသည် ဦးနေသူရိန်ကို စောင့်ကြည့်မနေဖြစ်ခဲ့ပါ။

သို့သော် ကိုယ့်အလှည့်ကျရာ ကိုယ်ထိုင်စောင့်ရမည့် ခုံတန်းတွေမှာ ထိုင်နေစဉ်မှာတော့ ဦးနေသူရိန်တို့ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံရတော့၏။ မြင်နေကျပုံစံ မြန်မာဆန်ဆန် ရိုးရိုးသားသားဝတ်စုံနှင့် ဦးနေသူရိန် နောက်မှာတော့ ဆံပင်လေးတွေ နဖူးရှေ့ ညီညီညာညာ တိတိချကာ ခါးအထိ နောက်ဘက်မှာ တဖြောင့်တည်းရှည်သော ဆံပင်နက်တွေနဲ့ အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်း အရုပ်လေးတစ်ရုပ်ကို တွေ့ရပါသည်။

အစ်ကိုဖြစ်သူနှင့် တကယ့်ကို ဆန့်ကျင်ဘက် ခေတ်စတိုင်လ် ဝတ်ထားသော ကောင်မလေးသည် သူမရဲ့ ဖြူဆွတ်သလို ဖြစ်နေသည့် အသားအရေလိုပဲ ဖြူဆွတ်နေသည့် ဒူးဖုံးတစ်ဆက်တည်း ဂါဝန်လှလှလေးကို ဝတ်ထားသည်။

ဒေါက်ခပ်သေးသေးသာပါပြီး ခြေဖျားထိပ်မှာ ကြိုးတစ်ချောင်းသာ စွပ်ရသော ခြေချင်းဝတ် အထက်နားမှာ ကြိုးသိုင်းချည်ရသည့် ဖိနပ်ဖြူဖြူလေးကိုလည်း ဝတ်ထားပါသည်။

ကောင်မလေးဘေးမှာ မျက်နှာခပ်ထန်ထန်နှင့် သိမ်းငှက်လို စူးရဲသော မျက်လုံးအကြည့်တွေရှိသည့် အန်တီကြီးတစ်ယောက် ပါပါသည်။ ဦးနေသူရိန်ကတော့ ဒီလိုနေရာမှာ အသိမိတ်ဆွေဖြစ်သည့် ဩဇာကို တွေ့ရတော့ အံ့ဩခြင်းတစ်ဝက်အပြင် စိတ်ရှုပ်ခြင်းပါ ပါသော အကြ[illegible] ကြည့်လေသည်။

"ကိုနေသူရိန် ပါလား၊ ဆေးရုံလာပြတာလား"

"ညီမလေးအတွက် လာတာ"

ဦးနေသူရိန် အသံက မပြေချင့်၊ ပြေချင်။ သူ့ညီမကတော့ သြဇာဆီမှာ အာရုံရှိမနေဘဲ ဆေးရုံကြီးထဲကို မျက်လုံးဝေ့ဝဲကြည့်နေသည်။ အန်တီကြီးကတော့ ကောင်မလေးဘယ်နှားကြည့်သလဲ၊ သူမပါ လိုက်ကြည့်ဖို့ အလွတ်မပေးသူမို့ သြဇာကိုမကြည့်အားပြန်ပါ။

ကောင်မလေး အသားအရေဟာ ဖြူဆွတ်တာလည်းနဂိုဖြစ်သလို နည်းနည်းလည်း ဖျော့တော့တော့ နိုင်နေသည်။ မျက်နှာလေးက သိပ်တော့ မလန်းပေမဲ့ ငယ်ရွယ်ပြီး ချစ်စရာရုပ်ရည်လေးမို့ ဂါဝန်ဖြူလေးနဲ့ ကြည့်ကောင်းလျက် အရုပ်လေးတစ်ရုပ်လို ငေးနေချင်စရာ ဖြစ်နေမှန်း သြဇာသည်လည်းယောကျ်ားလေးတစ်ယောက်ပီပီ မှတ်ချက်ချမိပါသည်။ ခဏခဏလည်း နိုးပြီးကြည့်ချင်ပါသည်။

သို့သော် ကြည့်ခွင့်မကြုံပြန်ပါ။ ဦးနေသူရိန်ရဲ့မျက်လုံးတွေက သြဇာကို ထူးထူးခြားခြား လိုက်အကဲခတ်နေ၍ဖြစ်ပါသည်။

"ဦးနေသူရိန် ... ဒါ ကျွန်တော့်အဖေပါ၊ ဦးအောင်ခန့်ပါ၊ အဖေက ဒီဆေးရုံမှာထိုင်တဲ့ သွေးတိုးနှလုံးအထူးကု (......) နဲ့ လာလာ ပြရတယ်လေ၊ တစ်ပတ် တစ်ခါလောက် Check up လုပ်ရတယ်"

"သြော် ... ဟုတ်လား၊ ကိုသြဇာ ပြောပြဖူးလို့ အန်ကယ်လ်ရောဂါအကြောင်း ကြားဖူးပါတယ်၊ လေဖြတ်ထားတယ်ဆိုပေမဲ့ သိပ်မထင်ရဘူးနော်၊ တော်တော်ကောင်းနေပြီပဲ"

"အစားအသောက် အနေအထိုင်တွေ အကုန်ပြောင်းပစ်ရတာပေါ့ ဦးနေသူရိန်ရယ်။ အရင်ကတော့ စားချင်တာစား၊ ဗိုက်တင်းတင်းနဲ့ ထိုးအိပ်ရင်လည်းအိပ် လုပ်ခဲ့တာပေါ့။ ခုတော့ တစ်နေ့ နာရီဝက်လောက် ဖြည်းဖြည်းလျှောက်ပေးပါတယ်၊ အဆီ အငန် အချို အဆိမ့်လည်း မစားသလောက်ပါပဲ"

အဖေက ဦးနေသူရိန်ကို ဦးနေသူရိန်ဟုပင် နာမည်ခေါ်ပြောပြီး ပြန်ရှင်းပြနေပါသည်။

"ကိုကြီး ... ဒီကပြန်ရင် ဇာတိလေ Cafe Gloria မှာ Counter Strike ဝင်ကစားချင်တယ်"

ကောင်မလေးသည် အနားကို လွင့်ခနဲ လာရပ်ကာ (ဆံပင်ရှည်လေးကလည်းလွင့်၊ ဂါဝန်ဖြူလေးကလည်းလွင့်နေ၍) သူ့အစ်ကို လက်မောင်းကို ကိုင်လှုပ်ပြီး ပူဆာလေသည်။ အနီးကပ်မြင်ရမှ မျက်တောင်ရှည် ကော့ကော့လေးတွေရှိသော မျက်ဝန်းရဲ့ မျက်ဆန်ကလည်း ခပ်ဖျော့ဖျော့ အညိုလေးဖြစ်ကြောင်း သိလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးဟာ သြဇာရဲ့ အာရုံကို များစွာ နှေးထွေးစေလေသည်။

ဦးနေသူရိန်ကတော့ သူ့ညီမကို ဩဇာသေသေချာချာ စူးနစ်ပြီး ကြည့်မိသည့်အတွက် စိတ်အလိုမကျ ဖြစ်သွားပုံဖြင့် မျက်မှောင်ကြီး ကုတ်သွားပါသည်။ ဩဇာကို နှုတ်ပင်မဆက်တော့ဘဲ ချာခနဲ ပြန်လှည့်သလို သူ့ညီမ လက်ကောက်ဝတ်ကိုလည်း အသေအချာပင် ဆုပ်ကိုင်ပြီး ညီမပါ တစ်ပါတည်းခေါ်သွားဖြစ်အောင် ခေါ်သွားသေးလေသည်။

"နရဏီ ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါ ဘာပြောထားလဲ၊ ငါ့တစ်ယောက်ယောက်နဲ့ စကားပြောနေရင် အဲဒီလို မပြောမဆို စကားဝိုင်းထဲ ဝင်ဝင်မလာနဲ့။ Counter Strike ကစားချင်တဲ့အကြောင်း ဆေးရုံပြပြီးမှ ပြောလည်း ရတာပဲ မဟုတ်လား"

ဩဇာသည် ကောင်မလေးကို ဆူပူနေသံ ခပ်သဲ့သဲ့ကိုလည်း ကြားဖြစ်အောင် ကြားလိုက်သေးလေသည်။ အဖေက ခပ်တိုးတိုး ရယ်ရင်း ...

"ညီမကို သဝန်တိုပုံပဲ သားရ"

"ဟုတ်တယ် ... သားလည်း သတိထားမိတယ် အဖေ။ သူ့ညီမကို ချုပ်ချယ်တယ် ဆိုတာလည်း အလုပ်ထဲက ကောင်လေးတွေ ပြောပြဖူးလို့ သိနေပါတယ်"

"သူက ဘယ်သူကလဲကွ"

"သြော် ... သားဆိုင်မှာ Carpet အကောင်းစား ဝယ်ဖူးတဲ့ customer ပါ၊ အရမ်းချမ်းသာတဲ့ သူဌေးတွေပါ အဖေ၊ သူကိုယ်တိုင်ကတော့ Pine Furniture ဆိုတဲ့ နာမည်နဲ့ပဲ ထင်းရှူးသားနဲ့ထွင်းတဲ့ ပရိဘောဂဆိုင်ကြီး ဖွင့်ထားတယ်၊ exports လည်း လုပ်တယ်ထင်တယ်"

"အေး ... ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူ့အစ်ကိုက မကြည်ဖြူဘူး ဆိုတော့လည်း သားလည်း ဆင်ခြင်ပေါ့၊ မိန်းကလေးကို စိတ်မဝင်စားမိစေနဲ့ပေါ့"

"ဟောဗျာ ... အဖေကလည်း သားက ချက်ချင်းကြီး သူ့ညီမကို ကြိုက်နေတဲ့ပုံမို့လို့လား"

"မင်း ကြည့်တဲ့ပုံကို အဖေ မှန်းမိတယ်လေ၊ ကိုယ်မွေးထားတဲ့ သားကိုမှ အကဲမခတ်တတ်ရင် အဖေလုပ်ဖို့မသင့်ဘူး"

သြဇာ ရှက်ကိုးရှက်ကန်းရယ်ရင်း ကောင်မလေးကို ဖြတ်ဆို ကြည့်မိတော့ ထူးထူးခြားခြားပါပဲ။ ကောင်မလေးကလည်း သူ့ကို အသေအချာ ပြန်ကြည့်နေပါသည်။ သူတို့မျက်လုံးချင်းဆုံခိုက်မှာ သြဇာ ရင်ထဲမှာတော့ ပူနွေးသော အပူစီးကြောင်းလေးတစ်ကြောင်း ရင်ထဲကို စီးဝင်လာသကဲ့သို့ ခံစားလိုက်ရသည်။ ကောင်မလေးကရော ဘယ်လိုခံစားရမလဲ။ မျက်ဝန်းညိုညိုမိန်းကလေးကတော့ သူ့ကို ကြာကြာပြန်မကြည့်အားပါ။ သူမ

အစ်ကိုကြီးဖြစ်သူ ဦးဆောင်ခေါ်သွားရာဘက်ဆီ တရွတ်တိုက်တော့ မလို ခြေလှမ်းတွေဖြင့် ပါသွားပါသည်။ မဆီမဆိုင် ဩဇာကို မျက်စောင်းထိုးသွားသူကတော့ ကောင်မလေး၏ ဘော်ဒီဂတ်ဖြစ်ပုံရသော အန်တီကြီးပင် ဖြစ်သည်။

အဲဒီ အန်တီကြီးဟာ အသက်ငါးဆယ်ခန့်ပေမဲ့ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် မပိန်လွန်း မဝလွန်းသော အနေအထားမှာ ကြည့်လိုက်တာနဲ့ အားကစားသမား တစ်ယောက်လိုပဲ သွက်လက်သန်စွမ်းဟန် အပြည့်ပါနေသည့် လှုပ်ရှားမှုတွေနဲ့ ဖြစ်ပါသည်။

သူတို့ဝင်သွားရာဘက် အခြမ်းကို ဩဇာ ရအောင်ကြည့်လိုက်ပါသည်။ အဲဒီဘက် အခြမ်းမှာ E.C.G Echo ရိုက်သော အခန်းတွေ ရှိနေသည်။ ဦးနေသူရိန် နှုတ်ဖျားက ညီမလေးအတွက် လာတာလို့ ပြောသွားသဖြင့် ကောင်မလေးမှာ နှလုံးနဲ့ ပတ်သက်တဲ့ ရောဂါများ ရှိနေသလားလို့ ဩဇာ တွေးတောနေမိသည်။

ထိုနေ့ ထိုရက်ကစပြီး ဩဇာ၏အာရုံထဲမှာ မကြာခဏဆိုသလို ဖျတ်ခနဲ ... ဖျတ်ခနဲ သတိရသွားလေ့ ရှိသူမှာ ဦးနေသူရိန်ညီမ နရဏီဟု နားစွန်နားဖျား ကြားလိုက်ရသော မိန်းကလေးပင် ဖြစ်နေသည်။ တွေ့ဖို့ဆုံဖို့ အလှမ်းကွာဝေးလွန်းသော အခြေအနေနဲ့မို့ သတိတော့ ရနေပမဲ့ ဒီ့ထက်ပိုလာဖို့ သူ သိပ်မမျှော်လင့်မိခဲ့ပါ။

လူပျိုလူလွတ် လူငယ်လူရွယ် ယောကျ်ားလေးတို့ သဘာဝအတိုင်း ချစ်စရာ ငေးချင်စရာ မိန်းကလေးတစ်ယောက်ကို ဆုံရ၍ ခဏတဖြုတ်လောက် အာရုံထဲ ထည့်ထားမိသည်ဟုပင် သူ့ကိုယ်သူ ထင်မိခဲ့လေသည်။ ထိုသို့ အထင်မှာ မှားယွင်းနေခဲ့ပြီဖြစ်ကြောင်း နောက်ထပ် တစ်လကြာသော ရက်တစ်ရက်မှာ သိခွင့်ရခဲ့ပါသည်။

ထိုနေ့က အမေမှာလိုက်သော ဈေးဝယ်စာရင်းစာရွက် တစ်ရွက်ဖြင့် ဩဇာ တစ်ယောက် City Mart ထဲ ဝင်လာခဲ့သည်။

အိမ်မှာ အမေက ထမင်းဟင်း ချက်ပြုတ်ဖို့ အဝယ်ထွက်ရသောဈေးကို သွားရုံကလွဲလျှင် ရှော့ပင်းစင်တာကဆိုင်တွေ အလကားနေရင်းလည်း သွားလေ့မရှိ။ ဝယ်စရာရှိလည်း သွားလေ့မရှိ။ များသောအားဖြင့် ဩဇာကိုသာ စာရင်းဖယားနှင့် ဝယ်ခိုင်းတတ်လေသည်။ တစ်ခါတလေ ဩဇာ ခေါ်လွန်းမက ခေါ်ထုတ်မှ လိုက်တာမျိုး ရှိပေမဲ့ ...

"ဈေးဝယ်ပြီး ငွေချေဖို့ စောင့်ရတာ တန်းစီရတာ ကြာတယ်ကွယ်၊ အမေ စိတ်မရှည်ဘူး"

ဟု ညည်းညူတတ်လေသည်။

အမေက အသက်ငါးဆယ်ကျော် အရွယ်ပေမဲ့ ရှိသင့်သည့် အရွယ်ထက် နေပုံထိုင်ပုံ ပိုပြီး လူကြီးဆန်သွားကာ အိမ်

မှာပင် အနေများလာသည်။ အဖေ့နားကပ်လျက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလိုက်၊ သူ ကြိုက်သော DVD ကားလေးတွေ ကြည့်လိုက်၊ စာအုပ်ဖတ်လိုက်ပဲ ပိုပြီးနေချင်သူပင်။

"တစ်သက်လုံး အိမ်အပြင်ထွက် ဆိုင်ထိုင်လာရတာကွယ်၊ ခုမှပဲ အိမ်မှာ သေသေချာချာ နေရတော့တယ်"

လို့ပဲ ပြောတတ်သေးသည်။

သာရေးနာရေးပွဲများမှာလည်း သူမတို့လို လူကြီးတွေပါ မသွားမဖြစ် ပွဲမျိုးမှသာ သွားတတ်ပြီး များသောအားဖြင့်ကတော့ ဩဇာကိုသာ ကိုယ်စားလှယ် လွှတ်ခဲ့တာလည်း ကြာပြီ။

ဒါကြောင့်လည်း အိမ်အတွက် အဖော်ရလွန်းသော ဩဇာကို တခြား အမေ့မိတ်ဆွေတွေက ...

"မြင့်မြင့်တို့များ သားလေး တစ်ယောက်တည်း မွေးထားပါတယ်။ သမီးလိုလည်း အားကိုးလို့ရတယ်၊ သားလိုလည်း အားကိုးလို့ရတယ်၊ သိပ်အဆင်ပြေတာပဲဟေ့"

ဟုပင် ဩဇာ၏ လိမ္မာပုံကို အသိအမှတ်ပြုရတဲ့ အထိပင်။

အခုလည်း အမေ လိုချင်သော ပစ္စည်းတွေစာရင်း ချရေးပေးလိုက်သော Note Book မှ ဖြဲယူလာသည့် စာရွက်တစ်ရွက် ဖြန့်ကြည့်လိုက်၊ တွန်းလှည်းခြင်းထဲ ကောက်ထည့်လိုက်ဖြင့် ဩဇာ ဈေးဝယ်နေပါသည်။

အမေ မှာတာတွေက Cadbury Chocolate မှာ Hazel Nuts ပါသော အမျိုးအစားတစ်ပြား၊ Roasted Almonds ပါတာ တစ်ပြား၊ အင်း ... ဒါလည်း ပါပြီးပြီ။ အဖေ့အတွက် Red Globe အမျိုးအစား ဩစတြေးလျ စပျစ်သီး တစ်ကီလို။ Premier တံဆိပ် အိုက်(စ်)ကရင်(မ) 2 Litres တစ်ပုံး၊ Meadowlea တံဆိပ် ထောပတ်တစ်ဘူး။ Cream Cracker ဘီစကစ်။ Sprite 2 Litres ဘူး တစ်ဘူး။ မျက်နှာသုတ်ပဝါ။ ဆပ်ပြာ စသဖြင့် ဝယ်ထားသည်မှာ တွန်းလှည်းပင် ကျပ်နေပြီ။

မိတ်ကပ်ထဲက အမေ လိမ်းနေကျ O'LAY တံဆိပ် Total Effects ကရင်(မ)ဝယ်ရမယ်၊ Revlon Age defying မိတ်ကပ်ရည် ဝယ်ပေးဖို့ အလှပြင်ပစ္စည်း ကောင်တာကို လာခဲ့ပါသည်။

သူ့အာရုံတွေက O'LAY CREAM တွေရောင်းသော စင်ဆီအရောက်မှာ အဲဒီထဲက Total effects တံဆိပ်ပါသည့် ဘူးကိုသာ အာရုံရောက်နေပြီး တစ်ချက်လှမ်း အယူမှာ သူ့လက်ပေါ်ကို လက်ဖြူဖြူလေး တစ်ဖက်က တိုက်ဆိုင်စွာ လာဆုပ်ကိုင်လိုက်သည်ကို ခံစားသိရှိလိုက်ရပါသည်။

"အို ... ဆောရီး"

အသံတိုးတိုးလေးကို ကြားလိုက်ရချိန်မှာ ဩဇာကလည်း သူ့လက်ကို မတော်တဆ လာကိုင်မိသွားသော သူ့အား

ကြည့်လိုက်မိပြီး ဖြစ်နေပါသည်။ အဲဒီမှာ ဩဇာရဲ့ နှလုံးခုန်သံတွေ စတင်ချွေးထွေးလာခဲ့တော့တာ ဖြစ်ပါသည်။

နရဏီဟု သူ့နှလုံးသားမှာရော၊ မှတ်ဉာဏ်ထဲမှာရော ထိုမိန်းကလေးကို သတိရလျက် ခေါ်လိုက်မိပါသည်။ နရဏီကလည်း သူမကို စိုက်ကြည့်နေသည့် ဩဇာကို ပြန်ရဲရဲကြည့်လျက် ...

"ရှင် အရင်ကိုင်ထားတဲ့ဘူး၊ ရှင်ပဲ ယူလိုက်ပါ"

လို့ ပြောလိုက်လေသည်။

"ရပါတယ်၊ ဘူးတွေအများကြီးပဲဟာ၊ ကျွန်တော် အဆင်ပြေသလို ရွေးယူလိုက်ပါ့မယ်"

"O'LAY Cream က ယောကျ်ားတွေရော လူးလေ့ရှိသလား"

"ခင်ဗျား"

"ယောကျ်ားလူးဖို့ သတ်သတ် မထုတ်တော့ ယောကျ်ားတွေလည်း လူးလို့ရသလားလို့ သိချင်လို့ပါ"

"ဟာ ... ဒုက္ခပါပဲ အထင်လွဲနေပြီ။ ဒါ ကျွန်တော် လူးဖို့ မဟုတ်ပါဘူး၊ အမေ မှာလိုက်လို့ပါ"

"သြော် ... သြော် ... ဆောရီး၊ ဒါနဲ့ ရှင့်ကို တစ်နေရာရာမှာ တွေ့ဖူးသလိုပဲနော်"

"ကျွန်တော်တို့ တစ်ခါဆုံဖူးပါတယ်"

"ဘယ်တုန်းကလဲ"

"(......) ဆေးရုံလို လာပြတဲ့ နေ့တုန်းကပါ။ ကျွန်တော်က ဦးနေသူရိန်ရဲ့ အသိမိတ်ဆွေတွေ တစ်ယောက်ပဲ ဆိုပါတော့"

"ဪ ... ဟုတ်လား၊ ဆောရီးပဲနော်၊ ဏို မှတ်ဉာဏ်တွေက သိပ်မကောင်းဘူး။ အထူးသဖြင့် လူတစ်ယောက်ကို တစ်ခါတွေ့ရုံနဲ့ မမှတ်မိတတ်ဘူး၊ သိပ်ကို ရင်းနှီးလာမှ မှတ်မိတာမျိုးလေ"

ဒီတစ်ခါတော့ နရဏီနားမှာ သူမရဲ့ ဘော်ဒီဂတ်အန်တီကြီး မပါဘဲ သူမတစ်ယောက်တည်း ပလတ်စတစ်ခြင်းတောင်းလေးဖြင့် ဈေးဝယ်နေတာ ဖြစ်ပါသည်။ ခြင်းထဲမှာ ဘာမှ သိပ်မပါပါ။ ဘရပ်(ရှ်)ဘီးတစ်ချောင်း၊ ရေမွှေးကတော့ Revlon ကထုတ်တဲ့ "Love Her Madly" တံဆိပ်၊ ပြီးတော့ ကွာစေ့၊ နေကြာစေ့၊ အချဉ်ထုပ်တချို့ ဒါပဲ။ တမင် အပျော်ဈေးဝယ်ထွက်တဲ့ပုံပဲ။ သြဇာက နရဏီ ခြင်းထဲ စပ်စုနေသလို နရဏီ ကလည်း သြဇာ ဝယ်ထားသော တွန်းလှည်းကြီးအပြည့် ပစ္စည်းပစ္စယတွေကို ကြည့်ပြီး ပြုံးနေလေသည်။

"အိမ်မှာ အမေက ဒီလိုရှော့ပင်းစင်တာတွေကို လာလေ့မရှိဘူးလေ။ ဒီတော့ ကျွန်တော်ပဲ သူလိုချင်တာ ဝယ်ပေးရတဲ့ အဝယ်တော်ပေါ့၊ ဒါကြောင့် ပစ္စည်းတွေ များနေတာ"

ဩဇာ သူ့ဘာသာ မလုံမလဲ ရှင်းပြလိုက်ပါသည်။

"အမေကို ဈေးဝယ်ပေးတယ်ဆိုတော့ ရှင်က လိမ္မာတဲ့ သားတစ်ယောက်ပေါ့"

"ကျွန်တော့်ကို ချီးကျူးတာလား"

"မှတ်ချက်ချတာပါရှင်"

"ကျွန်တော့်နာမည် ပြောရဦးမယ်၊ ကျွန်တော် နာမည်က ဩဇာပါ၊ King Solomon နာမည်နဲ့ ကော်ဖောဆိုင်ကို (......)လမ်းပေါ်မှာ ဆိုင်ခန်းဖွင့်ပြီး ရောင်းပါတယ်"

"ဪ ... ဟုတ်လား၊ အဲဒီဆိုင် ဏီ သိတာပေါ့၊ ဏီတို့ အိမ်အတွက် ကော်ဖောတွေ ဝယ်ဖူးတယ်"

"ကျွန်တော်လည်း ခင်ဗျားတို့အိမ်ကို နှစ်ခါတောင် ရောက်ဖူးပါတယ်၊ ကော်ဖောလာပို့ပေးရင်းနဲ့လေ"

"အဲဒါကြောင့် ကိုကြီးနဲ့ အသိမိတ်ဆွေ ဖြစ်သွားတာလား"

"အသိမိတ်ဆွေလို့ လွယ်လွယ်ပြောလိုက်တဲ့ သဘောပါ၊ တကယ်တော့ ဈေးရောင်းသူနဲ့ ဈေးဝယ်သူ ခဏဆုံဖူးကြတဲ့ သဘောပါပဲ"

"အင်း ... ဟုတ်မယ်၊ ဟုတ်မယ်၊ ကိုကြီးကလေ လူမှုဆက်ဆံရေး သိပ်မကျွမ်းကျင်ဘူး။ သူ့မှာ မိတ်ဆွေအပေါင်းအသင်းလည်း နည်းသလို၊ မိတ်ဆွေသစ်ထပ်ရဖို့လည်း

ခဲယဉ်းတယ်၊ ဪ ... ဏီ နာမည်ကတော့ နရဏီပါ၊ ရှင် သိပြီးသားလား"

"မသိပါဘူး၊ နားစွန်နားဖျားတော့ ကြားလိုက်ဖူးပေမဲ့ သေသေချာချာကြီး နာမည်မသိပါဘူး"

"ဟော ... ဟော ... အန်တီအဲလစ်(စ) (Alice) ဒီဘက် လိုက်လာပြီ၊ ရှင် သွားတော့ သွားတော့၊ ဏီ့ကို ထပ်တွေ့ လည်း မသိချင်ယောင်ဆောင်ပြီး သွားနော်၊ အန်တီ အဲလစ်(စ) သိရင် ကိုကြီးကို ပြန်တိုင်မယ်၊ ကိုကြီးသိရင် ဏီ့ကိုဆူမယ်၊ ဒဏ်ပေးတဲ့အနေနဲ့ အပြင်သွားလာခွင့် အပိတ်ခံရဦးမယ်၊ အိမ်ထဲမှာနေရတဲ့ ဘဝဟာ သိပ်ကို စိတ်ဆင်းရဲစရာကောင်းတဲ့ ဒဏ်ခတ်မှုပဲဆိုတာ ရှင်ကိုယ် တိုင် ကြုံဖူးမှသိမှာ"

နရဏီသည် ဆက်တိုက်ပြောလည်းပြော၊ O'LAY တစ်ဘူးလည်း မြန်မြန်ကောက်ထည့်ပြီး ဩဇာကိုသာ သွားတော့ ဆိုပေမဲ့ သူမကပဲ အရင်ကြိုလှည့် ထွက်သွားနှင့်ပါပြီ။ ဩဇာ လည်း အန်တီကြီးနှင့်ဆုံပြီး သူ့ကို တစ်ချက်မှ လှည့်မကြည့်ဘဲ သုတ်ခြေတင်သွားသော နရဏီ့ကို ငေးပြီး တွန်းလှည်းတွန်းရင်း မသိမသာ နောက်ကလိုက်လာမိသည်။

"သမီး လိုချင်တာတွေ စုံပြီလား"

အန်တီကြီးထံမှ မေးသံသဲ့သဲ့ကို ကြားရပါသည်။ အန်တီကြီးဟာ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် သွက်လက်ခွန်အားပြည့်နေလျက် ဘလောက်(စ)ပွပွတွေ တီရှပ်တွေကို စကတ်ကားကားကြီးတွေဖြင့် တွဲဝတ်တတ်သည်။ ဘယ်လိုမှ မြန်မာမဆန်လှသော မျက်နှာနှင့် ဝတ်စားဆင်ယင်မှုတို့ရှိသော အန်တီကြီးကို ညီမဖြစ်သူရဲ့ ဘော်ဒီဂတ်အဖြစ် ကိုနေသူရိန်လို မြန်မာဆန်လှသူတစ်ဦးက ထားထားပေးသည်မှာလည်း တော်တော်ထူးဆန်းပါသည်။

"စုံတော့ စုံပါပြီ၊ ဟိုက တခြားဆိုင်တွေထဲလည်း ဝင်ချေးချင်သေးတယ်"

"မောင်နေက နှစ်နာရီပဲ ခွင့်ပြုတယ်ကွယ်၊ သမီး၊ City Mart ထဲ ဝင်တာပဲ၊ လေးဆယ့်ငါးမိနစ် ကြာနေတယ်၊ အိမ်ပြန်မှာနဲ့ လမ်းမှာ ကားတွေ ဘာတွေ ပိတ်ရင် အချိန်ယူရဦးမှာနဲ့ဆိုတော့ နောက်နာရီဝက်ပဲ အချိန်ရမယ်"

"ကိုကြီးကလည်းလေ အပြင်ပေးသွားပြီဆိုရင် စပြီးထွက်တဲ့အချိန်ကနေ စပြီးရေတွက်တာတော့ မတရားဘူး၊ ကားမောင်းပြီးလာရတာ မိနစ်နှစ်ဆယ် နာရီဝက် ပဲ့ပါသွားတာတွေတော့ မတွက်ဘူး။ သူပြောတဲ့အချိန် ရောက်ရင်ရောက် မရောက်ရင် ကိုမှာ အလကား အပြစ်ပေးခံရတယ်"

"အဲဒါ ရှင့်အစ်ကို့ကို ရှင်ပဲ ရအောင်ပြောပါလား ဇော်ရယ်၊ အိုင်က သူများမျက်နှာကြည့်ပြီး အလုပ်လုပ်ပေးရတဲ့သူပဲ။ ဘယ်ဝင်ပြောရဲပါ့မလဲ"

သြဇာသည် သူတို့ပြောနေသံကို အတိုင်းသား ကြားနေရပါသည်။ ဒီလိုကြားရတော့ နရဏ်ကို သနားပြီး ရင်ထဲမှာ ကူညီချင်စိတ်တွေ ဖြစ်နေသည်။ လွတ်လပ်ခွင့်မရသော အချုပ်အနှောင်နဲ့ မိန်းကလေးကို လွတ်လွတ်လပ်လပ် သွားလာပျော်ရွှင်ခွင့်ရတဲ့ ဘဝလေး ပေးချင်သည်။

Casher မှာ တန်းစီနေရသဖြင့် နရဏ်တို့က ရှေ့က၊ သြဇာက နောက်က ဖြစ်လေရာ သြဇာသည် သူ့ကို တစ်ချက်မှ လှည့်လည်းမကြည့်သော နရဏ်ကိုပဲ စိတ်တိုင်းကျ ငေးကြည့်နေနိုင်တော့သည်။

ဒေါ်အဲလစ်(စ)ကတော့ နရဏ်ကိုချည်း တစ်ချိန်လုံး အငမ်းထူနေသည့် ဂျင်းဘောင်းဘီ တီရှပ်ဝတ် ခပ်နုပ်နုပ် သူငယ်ကို သတိထားမိသွားသည်။ ချောမောပြီး ချစ်စရာကောင်းသော မိန်းကလေးငယ်ငယ်မို့ သွားရာလာရာ နေရာတိုင်းမှာ ဒီလိုပဲ စိတ်ဝင်စားပြီး ကြည့်ခံရတာတွေ၊ တစ်ခါတစ်ရံ နောက်ကလိုက်လာတာတွေ ကြုံနေကျ၊ နရဏ်ကို မသက်သာတော့ မဖြစ်။ အငမ်းထူနေသော ကောင်လေးကိုသာ မှတ်လောက်သားလောက်အောင် ပညာပေးလိုက်ဖို့ ဒေါ်အဲလစ်(စ) ကြံစည်နေခဲ့သည်။

ဘယ်ကောင်လေးမဆို ဒေါ်အဲလစ်(စ)ကို လန့်လို့၊ နေသူရိန်ကိုလန့်လို့၊ တပ်ဆုတ်ပြီး ပြေးရသည်ချည်းမို့ ဒီတစ်ခါလည်း တစ်ယောက် လာပြန်ပြီ။ တွေ့ကြသေးတာပေါ့ ဟု ဒေါ်အဲလစ်(စ) တွေးနေလေသည်။

ကြည့်ရသေးတာပေါ့၊ အနောက်ကနေ လိုက်လာရဲမလား။ မလိုက်လာရဲဘူးလား။ သို့သော် ဒေါ်အဲလစ်(စ) ထင်သလို ဖြစ်မလာပါ။ ကောင်လေးက ဝယ်ထားတာတွေ တစ်ပုံကြီးမို့ Casher မှာ အချိန်ကြာနေသဖြင့် နရဏီ သွားရာနောက် လိုက်လာ၍မရ။ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်လိုက်၊ ခဏငေးလိုက်၊ ဟိုဆိုင်ဘက် စိတ်ရောက်သွားလိုက်နှင့် ရသမျှ အချိန်လေးကို စုံစေ့အောင် လည်ရရှာရသော နရဏီ့ကို တော်ရုံဖြင့်လည်း မမီနိုင်ပါ။ ဒေါ်အဲလစ်(စ)ကတော့ တစ်ခါတစ်ရံမှာ နရဏီ့ကို သနားမိပါသည်။ မိန်းကလေးငယ်ငယ်ခများ ဈေးသွားချင်တိုင်းလည်း မသွားရ။ သွားရတော့လည်း အချိန်လေး မဖြစ်စလောက်မို့ လူငယ်ပီပီ စိတ်ဝင်စားသမျှလေးတွေ စုံစေ့အောင်လည်း ဘယ်တော့မှ ကြည့်ခွင့်မရရှာ။

ဒါပေမဲ့ ဒေါ်အဲလစ်(စ)မှာကား ကိုယ့်အကြောင်းနဲ့ ကိုယ်မို့ နေသူရိန် စိတ်ခုသွားမှာ၊ အပြစ်တင်မှာတွေ ကြောက်သဖြင့် နရဏီ့ကို ခိုးပြီးတော့တောင် အလိုမလိုက်ရဲခဲ့ပါ။ ဒီလိုနဲ့ပဲ နရဏီ့နားမှာ နေလာခဲ့တာ ဆယ့်ငါးနှစ်ပင် မကတော့။

ကောင်မလေးတစ်သက် နီးပါးပင်။ နရဏီ ခုနစ်နှစ်သမီးမှာ ဒေါ်အဲလစ်(စ) စပြီးထိန်းခဲ့ရတာဖြစ်ပြီး အခု နရဏီပင် နှစ်ဆယ့် ... နှစ်ပြည့်ပြီးနေပြီ။ သူ့ထက် အသက်ဆယ့်သုံးနှစ်လောက် ငယ်သော ညီမဖြစ်သူကို အစိုးရိမ်ကြီး စိုးရိမ်လျက် ချုပ်ချယ်လွန်းသော နေသူရိန့် ထံမှာ ဒေါ်အဲလစ်(စ) အလုပ်လုပ်ရသည်မှာ အလုပ်သမားပုံစံထက် ဆွေမျိုးသားချင်းလိုပင် ဖြစ်နေခဲ့ပြီ။

ဒေါ်အဲလစ်(စ) မောင်းရသော BMW ဆလွန်းကား ဖြူဖြူကြီး ရှော့ပင်းစင်တာ ထိပ်ဝနားရောက်ချိန်မှာမှ ခုန ကောင်ကလေး ကြွပ်ကြွပ်အိတ် ဆွဲရက်သား တစ်ပုံကြီးဖြင့် ကားပေါ်ကို ရောက်လာခဲ့တာတော့ ကားနောက်ကြည့်မှန်မှတစ်ဆင့် တွေ့လိုက်ရပါသည်။

အင်း ... ရုပ်ကတော့ ခပ်ဖြောင့်ဖြောင့်ပဲ၊ အမေရိကန်ရုပ်ရှင်ကားတွေထဲက ဇာတ်လိုက်လိုပဲ။ ဘယ်သူနဲ့ တူပါလိမ့်။ နေဦး ... သူ့ရုပ်က ယောကျ်ားပီသတဲ့ ရုပ်ရည်လေးပဲ။ ပြန်စဉ်းစားလိုက်ဦးမယ်။ နရဏီကတော့ ဒေါ်အဲလစ်(စ) တွေးနေတာ မသိဘဲ သူမ အခုမှ ထပ်ဝယ်လာသော ရေမွှေးအသစ်ကို လက်ကောက်ဝတ်မှာ စမ်းကြည့်နေလေသည်။

## ၄

နေသူရိန်သည် ညီမလေးထံ ထူးထူးခြားခြား ရောက်လာပြီး ဖိတ်စာလာပေးသော မိန်းကလေးကို မသက်ာစိတ်တစ်ဝက်ဖြင့် စောင့်ကြည့်နေသည်။ ကျောင်းတက်တုန်းက သူငယ်ချင်းများများစားစားလည်း မရှိခဲ့သလို အခင်ဆုံး သူငယ်ချင်းရယ်လို့ ပြော၍မရသော သူငယ်ချင်းမျိုးလည်း မရှိခဲ့သော နရဏီကိုမှ သတိတရ စာရင်းထဲထည့်ပြီး အိမ်တိုင်ရာရောက် ရောက်ချလာသော နားကွင်းခပ်ကြီးကြီး၊ တဖျပ်ဖျပ် လက်နေသည့် ဖန်စီကျောက်ဆွဲကြိုးတို့ဖြင့် လှပသွက်လက်နေသော မိန်းကလေးကို နေသူရိန် တစ်ခါမှလည်း မမြင်ဘူးပါ။

နရဏီထံတွင် သူငယ်ချင်းတော့ သိပ်မရှိပေမဲ့ ရှိသမျှလေးကိုတော့ သာမန်ကာလျှံကာမျှ မြင်ဖူးထားသဖြင့် ဒီမိန်းကလေးကိုတော့ မမြင်ဖူးခဲ့တာ သေချာသည်။

"တို့မေဂျာကလုပ်တဲ့ ပင်စင်ယူသွားတဲ့ ဆရာ၊ဆရာမတွေ ကန်တော့ပွဲ ဆိုပေမဲ့ဟယ် ဝါသနာပါသူတွေကတော့ ကာရာအိုကေ အဆိုပြိုင်ပွဲ ထည့်ကြတယ်။ ကံစမ်းမဲလိပ်လေးတွေ ရောင်းပြီးရင် ကံစမ်းမဲ ဖောက်ပေးတယ်။ ဘူဖေးမှာထားတာတွေ အတူတူစားကြ၊ ကိုယ်ကြိုက်တဲ့ ဖျော်ရည်ကို ရေခဲစိမ်ထားတဲ့ အိုးကြီးတွေထဲကနေ သွားနှိုက်ပြီး သောက်ကြပေါ့။ ပျော်စရာကြီးပါ၊ သူငယ်ချင်းဟောင်းတွေနဲ့လည်း ပြန်ဆုံရတာပေါ့၊ လာခဲ့နော် ... နရဏီ။ နရဏီက အလှူငွေလည်း အများကြီးထည့်ထားတော့ ဆရာ၊ ဆရာမတွေကို ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်ပေးပြီး ကိုယ်ထိလက်ရောက် ကန်တော့လိုက်ရင် ပိုပြီး ကုသိုလ်ရမှာပေါ့"

မိန်းကလေး ပြောသမျှ နေသူရိန့် စိတ်ထဲမှာ ပယ်ချနေပါသည်။ နရဏီလား အဲဒီလိုပွဲမျိုးကို သွားခွင့်ရမှာ၊ ဝေးသေး။ ဆရာကန်တော့ပွဲ ဖိတ်စာဆိုပြီး ဖိတ်စာလာပေးပြီး အလှူငွေကောက်တာကို မပြောပါဘူး။ ဒါပေမဲ့ နရဏီကို စိတ်ပါအောင် ဆွယ်ပြီး လာဖို့ တဖွဖွ ပြောနေကြတော့ နေသူရိန် ဘဝင်မကျလှပါ။ နရဏီက အိမ်တွင်းအောင်းနေရတဲ့ မိန်းကလေးဆိုတာ ဒီမိန်းကလေး မသိဘူး ထင်တယ်။

နရဏီကား ပွဲလမ်းသဘင် သွားရခဲသော မိန်းက လေးပီပီ ဒီဘာမဟုတ်သော ပွဲလေးကိုပင် စိတ်ပါဝင်စားနေလေ သည်။

"ဆရာ၊ ဆရာမတွေကို မနက်ကိုးနာရီမှာ ကန်တော့ရမှာ နော်။ နေ့လယ်စာက ဆယ့်တစ်နာရီမှာ စကျွေးမှာ။ ဆယ့်နှစ်နာရီ ထိုးတာနဲ့ ကရာအိုကေပြိုင်ပွဲ လုပ်မှာဆိုတော့ ဘယ်တော့လောက် ပြီးမှာလဲဟင်"

"သုံးလေးနာရီပေါ့၊ ပြီးမဲ့အချိန် ထည့်မရေးထားတာကလေ အဆိုပြိုင်ပွဲကို စာရင်းပေးထားတဲ့လူလည်း တက်ဆိုလို့ရ တယ်၊ ကြိုစာရင်းမပေးထားဘဲ အဲဒီရောက်မှ စိတ်ပါပြီး တက်ဆိုချင်ပါတယ်ဆိုလည်း ပေးဆိုမှာမို့ လူက အတိအကျ တွက်လို့ မရတာနဲ့ ပြီးမဲ့ အချိန်ထည့်မရေးထားတာ။ ပွဲက တနင်္ဂနွေနေ့ လုပ်မှာဆိုတော့ အလုပ်ရှိတဲ့ လူတွေလည်း အားကြတယ်လေ"

"မြချိုရီက အခု ဘယ်မှာလုပ်လဲ"

"ကျောင်းပြီးတော့ Hotel Management ဒီပလိုမာ ဆက် တက်လိုက်သေးတယ်၊ အခု ပြီးပြီးချင်းပဲ (......) Hotel ကြီးမှာ အလုပ်ရတယ် နရဏီ။ ဒေါ်လာနဲ့ ရတာဆိုတော့ မဆိုးပါဘူး။ မဆိုးပေမဲ့ ကိုယ့်လခကိုယ် ပြောင်အောင် သုံးပစ်နေမိလို့ မိဘတောင် ဘာမှ ပြန်မပေးနိုင်သေးဘူး၊

ဒက်ဒီ မာမိတို့က ပေးစရာလည်း မလိုတော့လေ ကိုယ်က မေ့ပြီး မပေးမိတာပေါ့၊ ဒါနဲ့ နရဏီရော Furniture ဆိုင် ထိုင်ရပြီလား"

"အင်း ... ဟို ... မထိုင်ရသေးပါဘူး။ ဆိုင်နဲ့ ပတ်သက် တာလေးတွေ ခုမှစပြီး လေ့လာတုန်းမို့ ကိုကြီးက ပေး မထိုင်သေးဘူး"

နရဏီမှာ ထိုသို့ ဖြေလိုက်ရသည်ကိုပင် ဝမ်းနည်း နေခဲ့ပါသည်။ တကယ်တော့ ဘွဲ့ရပညာတတ် အရွယ်ကောင်း သော မိန်းကလေးတစ်ယောက်ပီပီ ဘာအလုပ်မှ မလုပ်ဘဲ အိမ်ထဲ မှချည်း အောင်းနေသည့် အဖြစ်ကို နရဏီ မလိုချင်ပါ။ ပိုက်ဆံ လိုသည်ဖြစ်ဖြစ်၊ မလိုသည်ဖြစ်ဖြစ် လူတစ်ယောက်အနေနဲ့ ကိုယ့် အရည်အချင်း ကိုယ်သွေးဖို့ အလုပ်တစ်ခုတော့ လုပ်သင့်သည်။ အလုပ်လုပ်ခြင်းအားဖြင့် လူမှုဆက်ဆံရေး နေရာမှာလည်း အဆင် ပြေစေသည်။ ဉာဏ်ရည်ဉာဏ်သွေးလည်း ' မထိုင်းမှိုင်းတော့။ ပြဿနာတစ်ခုခုဖြစ်လျှင် သင့်တော်သလို ဖြေရှင်းနိုင်စွမ်းလည်း ရှိလာမည်။ ဒါတွေကို အတွေးအခေါ်ရှိသော မိန်းကလေးပီပီ သိလည်း သိပါသည်။

သို့သော် ကိုကြီးက အလကားနေရင်း နရဏီ့ကို ပုပင်သောကကြီးပြီး အိမ်ထဲမှာပဲ ချုပ်နှောင်ထားခဲ့ချင်တာ။ ကျောင်း တက်နေရတုန်းကမှ သူ့ဘာသာ အဝေးသင်ပဲ သင်ရ သင်ရ၊

တစ်ပတ် ဘယ်နှရက်ပဲ တက်ရ တက်ရ၊ အပြင်ထွက်ရသေးသည်။ ကျူရှင်တက်ဖို့ အပြင်သွားရတာတွေလည်း ရှိသေးသည်။ အနံတီ အဲလစ်(စ) ဘယ်လောက်ပါပါ၊ အိမ်ထဲမှာ နေရတာထက်စာရင် အပြင်ရောက်နေတာကို စိတ်ချမ်းသာမိသည်။

အခုကျတော့ ကျောင်းပြီးကတည်းက ရှော့ပင်းလေး သွားရရုံ၊ ဆေးရုံသွားရရုံကလွဲရင် နှရဏီမှာ ဘာပွဲလမ်းကြောင့် ရယ်မှ အပြင်ထွက်ခွင့်မရှိ။ ဘယ်သူလာဖိတ်ဖိတ်၊ ကိုကြီးသာ ဒိုင်ခံသွားပေးပြီး နှရဏီကတော့ ကျန်ရစ်ရသည်ချည်းပင်။ မွေးနေ့ပွဲ၊ အလှူပွဲ မင်္ဂလာဆောင်ပွဲ၊ ဘာပွဲ ညာပွဲတွေ နှရဏီမှာ အတွေ့အကြုံ လုံးလုံးမရှိခဲ့ပါပေ။

ဒါကြောင့် နှရဏီကို ကျောင်းသားစာရင်းထဲမှာ တွေ့ပြီး'တကူးတက သတိတရ လာဖိတ်သော မြချိုရီ ဆိုသော မိန်းကလေးရဲ့ ဖိတ်ကြားမှုကို လက်ခံချင်သွားသည်။ ကိုယ့်ကိုယ်ကိုယ် မြချိုရီ ဖြစ်ချင်သွားပါသည်။ ဘယ်လောက် လွတ်လပ်သလဲ။ ဘယ်လောက်ပေ့ါပါးပြီး ကျေနပ်စရာကောင်းတဲ့ ဘဝလဲ။ ကိုယ်လုပ်ချင်တာလုပ်။ သွားချင်ရာသွား။ ကိုယ့်ကားလေး ကိုယ်မောင်းပြီး အလုပ်ကို ကြော့ကြော့လေး သွားလုပ်ရုံပဲ။

နေသူရိန်ကား ညီမဖြစ်သူကို အကဲခတ်နိုင်သူပီပီ ညီမလေး မျက်ဝန်းထဲမှာ တွေ့ရသည့် ထိုမိန်းကလေးအပေါ် အားကျနေရိပ်တို့ကို အလိုလိုနေရင်း မုန်းလာပါသည်။ ဒီတော့

သူ ဝင်ပြောရုံသာ။ ဒီစကားဝိုင်းထဲကို ဘယ်သူမှ မဖိတ်ခေါ်ပါဘဲ ခပ်ရိုင်းရိုင်း ဝင်လိုက်ရုံသာ။

"နရဏီ လာဖြစ်အောင် လာနော်"

မြချို့ရီထပ်ပြောပြီး နှုတ်ဆက်ကာ ထပြန်ရန်ပြင်စဉ်...

"နရဏီ လာရမှာ မဟုတ်ဘူး"

ဟူသော အသံတစ်သံက ဟိန်းထွက်လာသည်။ သူမတို့ စကားဝိုင်းကို တစ်ချိန်လုံး အကဲခတ်နေခဲ့သော နရဏီ့အစ်ကိုဖြစ်သူ နေသူရိန်၏ အသံမှန်း မြချို့ရီ သိလိုက်ချိန်တွင် နရဏီကတော့ မျက်နှာအပျက်ကြီး ပျက်နေပြီ။ ချက်ချင်းပင် ပြုံးရွှင်နေရာမှ ငိုချတော့မလို အမူအရာ ပြောင်းသွားလေပြီ။ မြချို့ရီကား နရဏီ့ အိမ်အခြေအနေကိုတော့ သိပ်မသိပေမဲ့ အဝေးသင်တက်ကတည်းက ဒရိုင်ဘာ အန်တီကြီး လိုက်ထိုင်စောင့်ပြီး ကျောင်းတက်ရသော မိန်းကလေးကို တစ်မျိုးတော့ တစ်မျိုးပဲလို့ မှန်းမိပြီးသားပင်။

"နရဏီက ကျောင်းနဲ့လည်း သိပ်အဆက်အသွယ်ရှိတာ မဟုတ်ဘူး။ သူငယ်ချင်းလည်း ရှိတာမဟုတ်ဘူး။ ပြီးတော့ သူက ဘယ်ပွဲမှလဲ သွားလေ့သွားထ မရှိဘူး၊ အခုပွဲလည်း လာမှာမဟုတ်ဘူး"

"သူငယ်ချင်း မရှိတာတွေ ဘာတွေက သိပ်ပူစရာ မလိုပါဘူး။ ချို့ရီက အခုမှခင်တဲ့လူပဲဖြစ်၊ အရင်တည်းက ခင်တဲ့

သူပဲဖြစ်ဖြစ် ဂရုတစိုက် ခင်တတ်ပါတယ်၊ အခုပွဲကလည်း ပျော်ပွဲရွှင်ပွဲကြီး မဟုတ်ပါဘူး။ နရဏီက ငါးသောင်းတောင် အလှူငွေထည့်ထားတာ ဆိုတော့လေ သူလည်း ဆရာ ဆရာမတွေကို ကိုယ်တိုင်ကိုယ်ကျ ကန်တော့ချင်မှာပဲ။ လက်ဆောင်ပေးချင်မှာပဲ ဆိုပြီး ...”

“မဟုတ်ဘူး၊ သူ သွားရမှာ မဟုတ်ဘူး”

သူမစကား မဆုံးခင် ဖြတ်ပြောပစ်လိုက်ပြီး မသွားဖို့ပဲ တွင်တွင်ပြောနေသော နေသူရိန်၏ အပြုအမူမှာ တကယ်ပင် ရိုင်းပျလှသည်။ ကိုယ့်အိမ်လာသော ဧည့်သည်ကို ဤသို့ဆက်ဆံခြင်းမှာ ရိုင်းလှသည်။ မြချို့ရီမှာ တစ်ချက် မျက်မှောင်ပင် ကြုတ်မိပြီး နေသူရိန့်ကို ကြည့်လိုက်၊ မျက်နှာအပျက်ကြီး ပျက်နေသော နရဏီကို ကြည့်လိုက် အကဲခတ်လျက် ငြိမ်ရပ်နေမိသည်။

“ဆရာ၊ ဆရာမ ဆိုတာ ကန်တော့ပွဲလုပ်မှ ကန်တော့ပြရမဲ့သူတွေ မဟုတ်ဘူး။ အနန္တော အနန္တ ငါးပါးဂိုဏ်းဝင်မို့ အမြဲမပြတ် စိတ်ထဲမှာ သတိတရ ထည့်ထားပြီး ကိုးကွယ်ထားရမဲ့သူတွေ၊ အမြဲစိတ်မှန်းနဲ့ ကန်တော့နေရမဲ့ သူတွေ၊ ငါ့ညီမက သူ့ကို သင်ကြားပေးဖူးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို နေ့တိုင်း ကန်တော့ပြီးမှ အိပ်တယ်။ ဒါကြောင့် အထူးတလည်လုပ်တဲ့ ကန်တော့ပွဲတွေမှာ သွားကန်တော့စရာ မလိုဘူး”

နေသူရိန် ပြောလိုက်သော စကားက မြချိုရီတို့ကို ပင် ပြန်ပြီး ဝေဖန်လိုက်သကဲ့သို့ ဖြစ်နေပေမဲ့ မြချိုရီကား စိတ်တော့ မဆိုးသွားပါ။ နေသူရိန့် စိတ်ဓာတ်မှာ တစ်ခုခု မှားယွင်းနေပြီဟုဟင် မှတ်ချက်ချမိသည်။ သူမ ဘာမှ ဆက်ပြောမနေတော့ဘဲ သနားစရာ ကောင်းလှသော နရဏီကို ...

"နရဏီရေ ... သွားပြီနော် ... တာ့တာ"

လို့သာ တစ်ခွန်း နှုတ်ဆက်ပြီး အိမ်ထဲက ထွက်လာခဲ့တော့လေသည်။

မြချိုရီ ပြန်သွားသောအခါ နရဏီသည် တိုက်ပွဲတစ်ပွဲကို စတင်လိုက်တော့သည်။

"ကိုကြီး လုံးဝမတရားဘူး။ ဒီတစ်ခါတော့ သိပ်လွန်လွန်းတယ်။ သိပ်လည်း ရိုင်းလွန်းတယ်၊ ဏီ့ဆီ လာတဲ့ဧည့်သည်ကို သိက္ခာမစောင့်စည်းဘူး။ ဝင်ပြီး ပြောတာ ဆိုတာဟာ လုံးဝလူကြီးမဆန်ဘူး"

နရဏီသည် ပြောလည်းပြော၊ ငိုလည်းငိုဖြင့် ဗလုံးဗထွေး ရန်တွေ့တာပေမဲ့ နေသူရိန်ကတော့ သူ့ကိုပြောသည့် စကားတွေကို အလုံးစုံ သိပါသည်။ ဒေါ်အဲလစ်(စ)ကတော့ မောင်နှမနှစ်ဦး၏ ပြဿနာကို ခပ်လှမ်းလှမ်းမှပင် အကဲခတ်ပြီး စောင့်ကြည့်နေသည်။

"ဒါ နင့်အကြံတွေ မဟုတ်လား။ နင်တို့ အချိတ်အဆက်ရှိလို့ သူ့ကိုလာပြီး ဖိတ်စာပေးခိုင်းတာ မဟုတ်လား၊ ပြောစမ်း … နင် ဘယ်ကောင်နဲ့ တွေ့စရာရှိလို့ ဒီလိုခေါ်ထုတ်ခိုင်းတာပဲ။ ဘယ်က ရည်းစားဟောင်းက လာဆက်သွယ်ခိုင်းလို့ အခုလို အကြံအဖန်လုပ်ပြီး ရောက်လာတာလဲ"

"အံမယ်လေး … ရည်းစားလား မရှိလို့ပါ၊ ရှိများရှိရင် အခုလိုမျိုး အကျဉ်းကျခံပြီး ဝန်ခံမနေဘူး။ ထွက်ပြေးပြီးတာ ကြာလှပြီ"

"ဘာ … ဘာပြောတယ်၊ နင်က ငါ့ကို တစ်ခါမှ အာခံမပြောစဖူး ပြန်ပြောနေပါလား၊ ကြည့်စမ်း … တယ် … ငါ ရိုက်ထည့်ရ"

"ရိုက်ရင် ရိုက်လေ ရတယ်။ အရင်ကလည်း ဒီလိုပြဿနာတွေ ကြုံလာရင် ကိုကြီး စိတ်ကြိုက်ရိုက်ရင် ခံနေရတာပဲ၊ အခုလည်း အဆင်သင့်ပဲ ရိုက်လိုက်။ ကိုကြီး အရိပ်ခိုနေရပြီး အားကိုးနေရတယ်၊ ငါက စောင့်ရှောက်ထားရတယ်ဆိုပြီး သိပ်ဗိုလ်ကျ အနိုင်ကျင့်တယ်"

"ငါ အနိုင်ကျင့်တာ မဟုတ်ဘူး။ နင့်ကို မကောင်းတဲ့ကောင်နဲ့ တွေ့သွားမှာစိုးလို့။ အမွေသိန်းပေါင်းများစွာရမဲ့ မိန်းကလေးမှန်း သိပြီး သိုက်တူးမဲ့ကောင်မျိုးနဲ့ ကြုံရမှာ

စိုးလို့ အခုလို ချုပ်ချယ်နေတာ။ နေစမ်းပါဦး နရဏီ။ နင်က ဒီပွဲလေး မသွားရဘူး ပြောတာနဲ့ ဖြစ်ပျက်နေလိုက်တာ။ ဒါ နင့်ဆီမှာ အကြံတစ်ခုခုရှိလို့ပဲပေါ့။ ဒီပွဲမှာ တွေ့စရာလူ တစ်ယောက် ရှိနေလို့ပဲပေါ့"

နရဏီသည် ကိုယ့်ဘက်က ဘာမှလဲ မမှားပါဘဲ တစ်ဖက်သတ်ကြီး စွပ်စွဲကာ အပြစ်ပြောနေသော အစ်ကိုဖြစ်သူကို စိတ်အနာကြီး နာနေမိသည်။ အစ်ကိုဖြစ်သူရဲ့ စိတ္တဇကို သိပေမဲ့၊ အခါပေါင်းများစွာတွေမှာလည်း ခွင့်လွှတ်နိုင်ခဲ့ပေမဲ့ တစ်ခါတစ်ရံ တွေမှာတော့ ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်ပြီး အစ်ကိုဖြစ်သူ ကိုလည်း မုန်းတီးနာကြည်းမိခဲ့တာတွေလည်း မနည်းတော့။ ဒီ တစ်ခါလည်း မုန်းမိပြန်သည်။ အဆိုးဆုံးက ကိုယ့်ညှော်သည်ကိုယ် ခံခဲ့ခွင့်မရ၊ စကားပြောခွင့် မရဘဲ တစ်ချိန်လုံး သူပဲ ဘေးက ထိုင်စောင့်နေကာ၊ စကားဝိုင်းထဲ ဝင်ပါလိုက်ခြင်းပင် ဖြစ်လေ သည်။

"ပြောစမ်း၊ နင့်မှာ အခုကျမှ ပြန်တွေ့လောက်စရာ ဘယ် ကောင်ရှိနေလဲ။ ဒီပွဲမှာ ပြန်ဆုံမယ်လို့ ဘယ်တုန်းက အချိန်းအချက် ရှိထားခဲ့လဲ"

နေသူရိန်သည် နရဏီ၏ မျက်နှာကို တည့်တိုးကြည့်ရှုး စိုက်ကြည့်ပြီး ဟိန်းဟောက် မေးမြန်းပါသည်။ နရဏီကလည်း အလျှော့မပေးဘဲ ...

"အဲဒီလို မတရားမစွပ်စွဲနဲ့။ မတရား ဝန်ခံမခိုင်းနဲ့။ ဏို မှာ ဘယ်သူမှ မရှိဘူး"

ဟု ပြန်အော်ပါသည်။

"ဒါဖြင့် နင် ဘာကြောင့် သွားချင်လဲ"

"ကိုယ့်ကိုယ်ကိုယ် လူရာဝင်မဆံ့ဘူးလို့ ခံစားရတယ်။ အိမ်ထဲမှာပဲ အောင်းပြီး Loser တစ်ယောက်လိုပဲ။ ဘာမှ အသုံးမကျပဲ အမြဲတမ်း အရှုံးသမား ဖြစ်နေတယ်လို့ ထင်တယ်။ အသက်အရွယ်ရှိပြီး ကျန်းမာသန်စွမ်းတဲ့မိန်းက လေးတစ်ယောက်ဖြစ်ရက် ဘာအလုပ်မှ မလုပ်ပဲ နေနေရ တာကို ဝမ်းနည်းတယ်၊ ဒါကြောင့် သူလာခေါ်တဲ့အချိန် မှာ သွားမယ်လို့ ဆုံးဖြတ်မိတယ်"

"ဘာ ... ဘာသွားချင်ရတာလဲ၊ လုံးဝမသွားရဘူး။ ပြီးတော့ နင့်ကိုယ်နင် ဘာကျန်းမာတယ် ထင်လို့လဲ၊ ဆရာဝန်နဲ့ အမြဲမပြတ် သွားတွေ့နေရတယ်လေ။ အမြဲတမ်း ECG Check up လုပ်နေရတယ်၊ နှလုံးဆေးတွေ သောက်နေရတယ် လေ။ နင့်မှာ မွေးရာပါ နှလုံးအားနည်းတဲ့ရောဂါ ရှိတယ် လေ၊ နရဏီ ... ညီမလေး ဒါကို ဘာလို့ တမင်မေ့ထား တာလဲ"

နရဏီမှာ ထိုသို့ကြားလိုက်ရတော့ ငိုင်သွားပြီး အစ်ကိုဖြစ်သူကို တွေဝေစွာ ငေးကြည့်နေမိသည်။ ဒေါ်အဲလစ်(စ)

ကတော့ အခြေအနေကို အကဲခတ်ပြီး နရဏီကို လာထူတွဲလိုက်ပါသည်။

"နရဏီရေ ... လာကွယ်၊ သမီးငှားထားတဲ့ DVD ကားလေး ကြည့်ရအောင်နော်၊ မိသားစုကားလေးပဲ။ Cheaper By The Dozen Part II လေ၊ အဲဒီကားက ပထမကားလည်း ရယ်စရာကောင်းတယ်ဆို၊ အခုကားလည်း ကောင်းမှာပဲ၊ လာ,ကြည့်ကြရအောင်"

"ဏီ စိတ်မပါသေးဘူး၊ အန်တီအဲလစ်(စ) အန်တို့ဘာသာကြည့်ရင်ကြည့်ပေါ့"

"ဒါပေမဲ့ သမီး နေ့လယ်ကော်ဖီသောက်ချိန် ရောက်ပြီလေကွယ်၊ ကော်ဖီလာသောက်တော့၊ မိငယ် ဖျော်နေလောက်ပြီ၊ အေးသွားရင် သောက်လို့မကောင်းဘဲနေမယ်၊ နေ့လယ်စာ မုန့်က သမီးကြိုက်တဲ့ Cheesecake Slice လေးတွေဝယ်ထားတာ ရှိတယ်၊ စားရအောင်"

နရဏီ ထလာခဲ့ပါသည်။ နေသူရိန်ကတော့ ခုနကအော်ငေါက်ဆူပူခဲ့သည့်သူမှာ သူ,မဟုတ်တဲ့အတိုင်း ပြန်ငြိမ်သက်အေးဆေးသွားလျက် သူ့ရုံးခန်းရှိရာဆီ ထွက်သွားဖို့ ဒရိုင်ဘာဦးစိန်အား လှမ်းညွှန်ကြားနေသည်။ အိမ်မှာ ကားကနှစ်စီးထားသလို ဒရိုင်ဘာကလည်း နှစ်ယောက်။ ကိုကြီးက ကားကို ဘယ်တုန်းကမှ ကိုယ်တိုင်မမောင်းသဖြင့် မောင်းတတ်လား၊ မမောင်း

တတ်လားပင် နရဏီ သေသေချာချာ မသိပါ။ သူ့ရဲ့လက်စွဲ ဒရိုင်ဘာကတော့ ဦးစိန်ပဲ သီးသန့်ထားပါသည်။ နရဏီကတော့ တစ်ခါမှလည်း ပေးမမောင်း၊ သင်လည်း သင်ခွင့်မပေးသဖြင့် လုံး၀ မမောင်းတတ်ခဲ့ပါ။ နရဏီ့ လက်စွဲဒရိုင်ဘာက အန်တီ အဲလစ်(စ)ဖြစ်သည်။

ဦးစိန်ကတော့ မနက်ရှစ်နာရီလာ၊ ညရှစ်နာရီအိမ်ပြန်။ အန်တီအဲလစ်(စ)ကတော့ ဒီအိမ်မှာပဲ အပြီးနေပြီး နရဏီ့ရဲ့ ဝေယျာဝစ္စတွေကို ဝိုင်းညွှန်ကြားပေးနေရသူ ဖြစ်ပါသည်။ ဖေဖေ မေမေတို့ ရှိစဉ်ကတည်းက အန်တီအဲလစ်(စ)ကို အိမ်မှာ တွေ့နေခဲ့တာမို့ အန်တီအဲလစ်(စ)ဟာ ကိုယ်နဲ့ အမျိုးတော်စပ်သည်ဟုပင် ထင်ထားမိသည်။

ကိုကြီး တစ်ယောက် သူ့ဒရိုင်ဘာကြီးမောင်းသော ကားပေါ် သက်သောင့်သက်သာ ပါသွားသော အခါမှသာ အန်တီအဲလစ်(စ)က ...

"ခုန စိတ်ပူလိုက်တာကွယ်၊ မောင်နေ စိတ်ကြီးပြီး Heart attack ထပ်ရတော့မှာပဲလို့ တွေးပူနေတာ တော်ပါသေးရဲ့"

ဟု ပြောပြနေပါသည်။ နရဏီသည် အဖြစ်မှန်ကို သိနေသော အန်တီအဲလစ်(စ)ကို ခပ်ယဲ့ယဲ့သာ ပြုံးပြနိုင်တော့သည်။

## ၅

တစ်ခါတလေမှာ ကိုယ့်အစ်ကိုရင်း ဖြစ်သူရဲ့ စိတ်ကို မခန့်မှန်းတတ်၊ ခန့်မှန်းရ ခက်တတ်မှန်း နရဏီ သိလိုက်ရပေမဲ့ နရဏီသည် ထိုစကားကို ကြားလိုက်ရချိန်မှာတော့ ဖြစ်နိုင်ရင် ထပြီးတော့တောင် ခုန်လိုက်ချင်တဲ့အထိ ဝမ်းသာပျော်မြူးမိပါသည်။ ကိုကြီးရဲ့ စိတ်အခြေအနေဟာ သာမန်လူတွေလို စိတ်သဘော ကောင်းချင်တဲ့အခါ ရွှတ်ကောင်းလိုက်၊ မကောင်းချင်တဲ့အခါ မကောင်းလိုက် ဖြစ်နေတာကိုကပဲ ကျေနပ်ပျော်ရွှင်ရမလား။ ကိုယ့်ကိုသွားခွင့်ပေးလိုက်၍ ပျော်ရမလား၊ ဘာကိုပိုပြီးပျော်ရမလဲ ဆိုတာတော့ မတွေးနိုင်ပေမဲ့ နရဏီ့ဘဝမှာ ဒီနေ့တော့ အပျော်ကို သိသိသာသာ ခံစားခွင့်ရသောနေ့ဟုပင် ပြောနိုင်ပါသည်။

"အန်တီအဲလစ်(စ)ကတော့ ဘေးက အမြဲပါမှာနော်၊ အန်တီအဲလစ်(စ)ကိုလည်း မျက်ခြည်ပြတ်သွားဖို့ မကြိုးစားနဲ့။ ဆရာကန်တော့ပွဲ ပြီးတာနဲ့ ပြန်ရမယ်၊ သူများတွေလုပ်သလို ကာရာအိုကေ ဝင်ဆိုတာတွေ ဘာတွေ မကြားချင်ဘူး"

"စိတ်ချပါ၊ စိတ်ချပါ ကိုကြီးရယ်၊ ဏီ့ကို ဒီလောက် ခွင့်ပေးတာကိုပဲ ဝမ်းသာလှပါပြီ၊ ကျေးဇူးလည်း တင်လှပါပြီ၊ ဏီ အန်တီအဲလစ်(စ)လက်ကို အမြဲတွဲထားပါ့မယ်"

"ကဲ ... ဒါဖြင့် သွားပြင်ဆင်တော့"

နေသူရိန်သည် ညီမလေး၏ ပြုံးပျော်လန်းဆန်းနေသော မျက်နှာလေးကို စိတ်ချမ်းသာစွာကြည့်ရင်း ငါ ဒီတစ်ခါ လိုက်လျောလိုက်တာ မမှားပါစေနဲ့ဟု စိတ်ထဲမှာ ဆုတောင်းနေမိသည်။ ဟိုးတစ်နေ့က ညီမလေး စိတ်ထိခိုက်ကြေကွဲပြီး သူ့ကို နာကြည်းစွာကြည့်တဲ့ ဟန်လေးကို မျက်လုံးထဲက မထွက်သဖြင့် သူ အကြိမ်ကြိမ် စဉ်းစားဆုံးဖြတ်ပြီးမှ ဒီစကားကို ထုတ်ပြောလိုက်တာလည်း ဖြစ်သည်။ ညီမလေး စိတ်ထိခိုက်တာမြင်လျှင် သူ့ရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်အောင့်မျက်ရသည်။ အိပ်လည်းဒီစိတ်၊ စားလည်းဒီစိတ် ဖြစ်ကာ ငါ့ညီမလေးကို ငါ အော်မိတယ်၊ ကြိမ်းမောင်းမိတယ်၊ ရိုက်မယ်လို့ လက်နဲ့ရွယ်မိတယ်နဲ့ စသဖြင့် အခါခါ စိတ်မကောင်း ဖြစ်ရလေသည်။

ဒါကြောင့် ညီမလေး ပျော်ရွှင်တက်ကြွသွားကိုပဲ ပြန်မြင်ချင်ပြီး သူ့တစ်သက်မှာ တစ်ခါမှ မပေးဖူးသော ဒီအခွင့်အရေးကို ပေးလိုက်မိတော့တာ ဖြစ်ပါသည်။

"အန်တီအဲလစ်(စ) သူ့နားက တစ်ဖဝါးမှ မခွာပါနဲ့နော်။ ပြီးတော့ သူ ဘယ်သူနဲ့ စကားပြောသလဲ၊ ဘယ်သူနဲ့တွေ့သလဲတွေပါ သေသေချာချာ မှတ်ထားပြီး ကျွန်တော့်ကို ပြန်ပြောပါ"

"စိတ်ချပါ မောင်နေရယ်၊ ဒါ အန်တို့ အလုပ်ပါ အန်တီ သိပါတယ်၊ ဒါနဲ့ မင်း ဘာသဘောနဲ့ သမီးကို ခွင့်မပေးစဖူး ခွင့်ပေးလိုက်တာလဲ"

"မနေ့က ကျွန်တော် စိတ်ထိခိုက်သွားလို့"

"ည အိပ်မပျော်ဘူး မဟုတ်လား၊ မင်း,ကြည့်ရတာ မျော့တော့နေတယ်"

"တစ်ညလုံး မအိပ်သလောက်နီးပါးပါပဲ"

"အိပ်ဆေးသောက်အိပ်ရောပေါ့ကွယ်"

"အိပ်ဆေးက ညီမလေးအတွက် ဆရာဝန် ပေးထားတာလေ အန်တီအဲလစ်(စ)"

"ဒါပေမဲ့ မင်းလည်း လိုအပ်ပါတယ်ကွယ်၊ ဒါကြောင့် ဆရာဝန်က မင်းပါသောက်နိုင်တယ်လို့ ပြောထားပြီးသားပါ"

"ကျွန်တော့်မှာ ဘာရောဂါမှ မဖြစ်ပဲ ညီမလေးဆေးသောက်ရင်လည်း လိုက်သောက်နေရတယ်နော်၊ ဆရာဝန်ကိုမေးတော့ ဘာမှမဖြစ်ပါဘူးဆိုတာ ဟုတ်ရော ဟုတ်ရဲ့လား"

"ဪ ... ဆရာဝန်ကတော့ ပိုသိမှာပေါ့ကွယ်၊ မင်းလိုက်သောက်တဲ့ဆေးက ဟန်ပြပဲ ဖြစ်မှာပါ၊ ဥပမာ အားဆေးတို့ ဘာတို့ဆိုရင် လူကို ဘာဒုက္ခပေးမှာလဲ၊ မင်းညီမလေးက ဆေးမသောက်မှာစိုးလို့ ကိုယ်ဟန်ပြသောက်တဲ့ဆေးက အားဆေးတွေပါပဲ၊ ဆရာဝန်ကိုယ်တိုင် ပြောသွားပဲ"

"အားဆေးတွေသောက်ပြီး ကျွန်တော် တစ်ခါ တစ်ခါကျ အားနည်းသလိုပဲ ခံစားရတယ်နော်။ အိပ်ရေးပျက်လိုက်ရင် မောနေတယ်၊ လူက နုံးပြီး ဘာမှလုပ်ချင်စိတ်ကို မရှိတော့ဘူး။ ကျွန်တော်လည်း ရောဂါတစ်ခုခု ရှိနေပြီထင်တယ်"

နေသူရိန် သူ့ဘာသာပြောရင်း စဉ်းစားသလို လုပ်နေသည်။ ထိုအချိန်မှာ နရဏီကတော့ ဝတ်စားပြင်ဆင်ပြီး၍ ထွက်လာသည်။

ပန်းရောင်လွင်လွင် ကော်တွန်သား အင်္ကျီလေးဝတ်လျက် အနက်ရောင်အပွင့် လုံချည်ရှည်ရှည်ကိုသာ ခပ်ရိုးရိုးဝတ်ပြီး ထွက်လာတဲ့ဂဝပေမဲ့ နရဏီနဲ့တော့ လိုက်ဖက်လှပါသည်။ ဆံပင်ရှည်များကိုတော့ ပိုးကွင်းလေးဖြင့်သာ နောက်မှာစုစည်း

ချည်ထားပြီး Berry သီးရောင် နှုတ်ခမ်းဆိုးဆေးလေးကလွဲရင် ဘာမှ အထူးတလည် မပြင်ထားပေမဲ့လည်း နရဏီကတော့ ရုပ်ရည်ရှိသူမို့ ထင်းခနဲ လှနေသည်။ ကိုကြီး သူမကို အသေအချာ အကဲခတ်မည်မှန်း ကြိုသိသဖြင့် ဘာမှပင် သိပ်မပြင်ဆင်လာပဲ ဒီလောက်ပြင်ပြီး ထွက်လာပေမဲ့ ဒါကိုပဲ မသက်သာသလို လိုက်ကြည့်ပြန်သဖြင့် နရဏီမှာ စိတ်ပင်ပန်း ကျဉ်းကျုတ်သွားပါသည်။

"ကိုကြီး ... ဏီ သွားရမှာလား"

"သွားလေ"

"အန်တီအဲလစ်(စ) အကျီလဲဦးမှာလား"

"လဲစရာ မလိုပါဘူး၊ အန်တီက မနက်ဆို ရေမိုးချိုးပြင်ဆင်ပြီး အကျီအသစ်ဝတ်ပြီး အဆင်သင့် ပြင်ထားပါတယ်၊ သမီး သွားစရာရှိ ချက်ချင်းထပြီး လိုက်မောင်းပို့နိုင်အောင်"

"အခုဟာက ဆရာကန်တော့ပွဲ ဆိုတော့ အန်တီက စကာတ်ကားကားကြီး ဝတ်လာလို့ ဖြစ်ပါ့မလား၊ ဒါကြောင့် ဏီက ထပ်မေးတာ"

"အန်တီက ကန်တော့မဲ့လူမှ မဟုတ်ဘဲ၊ သမီးနားမှာ ထိုင်နေမှာလေ"

"ဟုတ်သားပဲ၊ ဒါဆိုလည်း လုံချည်ဝတ်စရာ မလိုပါဘူး၊ အန်တီအဲလစ်(စ)က ဘော်ဒီဂတ်ပဲလေ"

နရဏီ သူမဘာသာ ဆုံးဖြတ်ပြီး ပိုက်ဆံအိတ်ကိုင်းလေးတွေ ဆွဲကိုင်ပြီး ကြိုးရှင်းရှင်း ဒေါက်အပါးလေးကို စွပ်လိုက်ပါသည်။ အန်တီအဲလစ်(စ) မောင်းသော ကားနောက်ခန်းမှာ လမ်းဘေးဝဲယာကို ကြည့်ပြီး လိုက်လာခွင့်ရသော နရဏီသည် ကိုကြီးနေသူရိန် တစ်ယောက် ဒီလိုငေးပြီး ကျန်ခဲ့တော့လည်း ရင်ထဲမှာ သနားမိသည်ပင်။

"ကိုကြီး ဘာစိတ်ကူးပေါက်ပြီး ဏီ့ကို ပေး,သွားခိုင်းလည်း မသိဘူးနော်"

"ဏီလေး စိတ်ထိခိုက်တာ မြင်သွားတော့ သူလည်း စိတ်ထိခိုက်ပြီး ညအိပ်လို့တောင် မပျော်ဘူးတဲ့"

"ဟင် ... ဒုက္ခပါပဲ၊ ဒါဆို ဏီ ကိုကြီးကို ဒုက္ခပေးမိပြီပေါ့၊ ဒီလိုမှန်းသိရင် ဏီ သွားရဖို့ကို အဲဒီလောက်ကြီး အကြီးအကျယ် မပြောပါဘူး။ ကိုကြီးက စိတ်ထိခိုက်လို့ မရဘူး။ ည အိပ်ရေးပျက်လို့ မရဘူးလေ၊ တော်ကြာပြန်ဖြစ်လာမှ ဏီ ရင်ကျိုးရမယ်။ ဏီ့အစ်ကိုကြီး ဒီတစ်ယောက်တည်း အားကိုးစရာရှိတာ၊ ဏီ့ကြောင့် အရင်လိုပြန်ဖြစ်ရင် ဏီ ရင်ကွဲရမှာ။ ဏီလည်း ဘာမှ လုပ်တတ်တာ မဟုတ်တော့ ဏီတို့ အကုန်ဒုက္ခရောက်ရမှာ"

"အခု သူ့ကြည့်ရတာ မဆိုးပါဘူး သမီးရယ်၊ သူ သွားခိုင်းရင် ပျော်ပျော်ရွှင်ရွှင်နဲ့ သွားပြလိုက်ပေါ့။ ငြင်းမနေနဲ့"

ငြင်းရင် သူ စိတ်မကောင်း ပိုဖြစ်ပြီး ပိုဆိုးလိမ့်မယ်။ သူ့ကို သိပ်ပြီး ဂရုတစိုက်လည်း မလုပ်ရဲပြန်ဘူး မဟုတ်လား။ သူ့ကိုယ်သူ သူသိသွားရင် အခြေအနေက ပိုဆိုးရင်ဆိုးသွားမှာ ဏီ သိသားပဲ"

"အင်း ... ဟုတ်ပါပြီ၊ ဏီလည်း နောက်ဆို ဆင်ခြင်ဦးမှပါပဲ၊ တစ်သက်လုံး ဒီလိုပဲ နေနိုင်လာပြီးမှ ခုမှ မသွားရလည်း ပိုမထူးပါဘူးလို့ ခေါင်းထဲ တွေးမိပါ"

"သြော်ကွယ် ... အန်တီလည်း ဒီကလေးနှစ်ယောက်ကြားဆုံးဖြတ်ရ ခက်ပါတယ်။ ဏီလည်း အခုလို ချုပ်ချယ်ခံဘဝနဲ့ နေလာရတာ မနည်းတော့ဘူး ဆိုတော့ တစ်ခါတလေကျ ဏီ့ကိုလည်း လွတ်လပ်ခွင့် ရစေချင်တယ်။ ဏီ့ကို အမြဲလည်း သနားမိတယ် သမီးရယ်။ မောင်နေကျပြန်တော့လည်း နဂိုအခံရှိပြီးသား အားနည်းချက်ရှိရုံမက နောက်ထပ်, ထပ်ရလိုက်တဲ့ ရောဂါကြောင့်ပါ ပိုပြီးသနားရတယ်။ လူကောင်းလူမွန်လေး၊ လူလိမ္မာလေးကျမှ အခုလို ဖြစ်ရတာကို အန်တီအဲလစ်(စ)လည်း နမြော်လို့ မဆုံးပါဘူးကွယ်"

,စကားတပြောပြောဖြင့် ကားကို မောင်းလာသည်ဖြစ်ရာ ဆရာကန်တော့ပွဲ ကျင်းပရန် ငှားထားသည့် ခန်းမကြီးတည်ရှိရာ လမ်းကိုပင် ရောက်လာခဲ့သည်။ ဒီနေ့ ပွဲရှိသည်မို့ လာကြ

သော ကားတွေဖြင့် ကားတွေက ပါကင်ပြည့်နေကာ အန်တီအဲလစ်(စ)လို ကားမောင်းကျွမ်းကျင်သူပင် ကြိုးစားပမ်းစား ကားနေရာယူလိုက်ရသည်။ နရဏီသည် ဝတ်ကောင်းစားလှ ဖက်ရှင်အမျိုးမျိုးဖြင့် သွားလာလှုပ်ရှားနေကြသော လူအုပ်စုကိုကြည့်ပြီး ရင်ထဲမှာ ခုန်နေသည်။ ခုနက အစ်ကိုဖြစ်သူအပေါ် ကရုဏာဖြစ်စိတ်ဖြင့် သနားနေတာ။ စိတ်မကောင်း ဖြစ်နေတာတွေပင် ချက်ချင်း မေ့သွားပါသည်။

နရဏီ့ အတွက် မြင်ကွင်းအထူးအဆန်းလို ဖြစ်နေသော ပွဲတစ်ပွဲလာ မြင်ကွင်းကိုပဲ အံ့သြတကြီး ငေးကြည့်နေမိ၍ ကားတံခါး ဖွင့်ဆင်းပြီးသည့် အန်တီအဲလစ်(စ)ကပင် ...

"သမီး ဏီ ဆင်းတော့လေ။ ဒါ သမီးတို့မေဂျာရဲ့ အာစရိယပူဇော်ပွဲနဲ့ ကျောင်းသားဟောင်းများ ဆုံတွေ့ပွဲ ကျင်းပတဲ့ခန်းမပဲ"

ဟု ကားထဲ ပြန်ငုံ့ကြည့်၍ ခေါ်လိုက်ရသည်။ ဏီသည် စိတ်လှုပ်ရှားစွာ ကားပေါ်က ဆင်းလိုက်ရင်း ...

"အားလုံးက တကယ့်ပွဲနေပွဲထိုင် လာကြသလိုပဲ၊ အပျံစားဝတ်လာကြတယ်နော်။ ဏီတောင် နုပ်နေပြီ။ ဏီက ဆရာကန်တော့ပွဲဆိုတော့ သာမန်ပဲ ဝတ်လာမိတာ။ ပြီးတော့သိပ်ပြင်ရင် ကိုကြီး မသက်သာဖြစ်ပြီး မသွားခိုင်းမှာစိုးတယ်"

"သူတို့ ဘယ်လောက်ပြင်ပြင်ပါကွယ်၊ သမီးကတော့ ဘာမှ အထူးတလည် မပြင်ပဲနဲ့တောင် သူတို့ကို ယှဉ်လို့ ရပါတယ်"

"ဏီ ဘယ်သူ့ကို သွားနှုတ်ဆက်ရမှာလဲ မသိဘူး၊ ဏီနဲ့ သိတာလည်း သိပ်မရှိဘူး။ ဟို ... မြချိုရီ ဆိုတဲ့ ကောင်မလေးလည်း ဘယ်ရောက်နေလဲ မသိဘူးနော်"

"သူ့ရွာမနေပါနဲ့ သမီးရယ်။ သမီးဘာသာ ခန်းမထဲ ခင်းထားတဲ့ ကော်ဇောမှာ သွားထိုင်နေလိုက်ရုံပဲ၊ ဘာမှ အသိမိတ်ဆွေ ရှာစရာ မလိုပါဘူး၊ ကိုယ်က ဆရာကန်တော့ဖို့ လာတာပဲ"

အန်တီအဲလစ်(စ)ကတော့ စကတ်ကြီးကားကားကားကားဖြင့် ခန်းမထဲ ဝင်သွားကာ ဖိနပ်ချွတ်ပြီး ကောက်ကိုင်တော့လေသည်။ ကော်ဇောတွေပေါ်ကျ ဖိနပ်ချွတ်ရမှာမို့ပင်။ အန်တီအဲလစ်(စ) နောက်မှ နရဏီ တစ်ယောက် ကုပ်ချောင်းချောင်းဖြင့် လိုက်သွားပြီး ဖိနပ်လေးချွတ်ကောက်ကိုင်စဉ် ...

"ရော့ ... ဒီမှာ ဖိနပ်ထည့်ဖို့ အိတ်ပါခင်ဗျာ"

အပေါက်ဝမှာ ဖိနပ်ထည့်ရန် ကြွပ်ကြွပ်အိတ် ဝေနေသော အုပ်စုမှ တစ်ယောက်က အိတ်လာပေးပါသည်။ ဖိနပ်နှစ်ခုပေါင်းပြီး အိတ်ထဲထည့်ပေမဲ့ ဒီအိတ်ကို ဏီ ကိုင်စရာမလိုပါ။ အန်တီအဲလစ်(စ)သည် ထိုအိတ်ကို ကိုင်သွားနှင့်နေပြီ။

နရဏီ အနား ကပ်ထိုင်နေသော အန်တီအဲလစ်(စ) သည် လူငယ်တွေကြားမှာ ထီးထီးကြီးဖြစ်လျက် အကြည့်ခံနေရသည်။ ဒီဆရာကန်တော့ပွဲကိုလုပ်သော Batch မှ နရဏီတို့ Batch ရှေ့ပိုင်း ငါးနှစ်လောက်က Batch တွေပဲ ဖြစ်သဖြင့် အန်တီအဲလစ်(စ)လို အရွယ်ဟာ၊ ကျောင်းသူ ကျောင်းသားထဲမှာ မတွေ့ရသဖြင့် တစ်မျိုးကြီးတော့ ဖြစ်နေမှာပင်။

နရဏီနှင့် ဒေါ်အဲလစ်(စ)တို့ကို သတိထားမိကြသူတွေထဲမှ တစ်အုပ်စုကတော့ တီးတိုးပြောပြီး ရယ်မောနေကြသည်။

"ဟော့ ... ဟိုမှာကြည့်စမ်း၊ ကျောင်းတုန်းက ဘော်ဒီဂတ်နဲ့ ကျောင်းတက်ရတဲ့ ကောင်မလေး မဟုတ်လား။ အခုလည်း ဘော်ဒီဂတ်ကြီးက အနားမှာ ပါတုန်းပါလားကွ၊ ရယ်စရာကြီး"

သူတို့ကြည့်ရင်း ကျိတ်ရယ်ကြလျက် ...

"ပင်တိုင်စံ မင်းသမီးလေးလား"

"မဟုတ်ဘူး၊ အထိန်းတော်တွေလက်က မလွတ်သေးတဲ့ ကလေးလေးပေါ့ကွာ"

"ကောင်မလေးနာမည် ဘယ်သူလဲ၊ ငါတောင် မေ့တော့တော့ ဖြစ်နေပြီ"

"နရဏီလေ ... အဝေးသင် စတက်ခါစက နာမည်နည်းနည်း ကြီးလိုက်သေးတယ်။ နောက်တော့ ဘော်ဒီဂတ်ကြီး

အနားမှာ တကပ်ကပ်မို့ ခပ်အောက်အောက် ဖြစ်သွားပြီး တခြားသူတွေက သူ့ကို ကျော်တက်ပြီး Queen ရသွားတယ်လေ"

"ဟား ... ဟုတ်သားပဲ၊ နရဏီ ... သိပြီ ... သိပြီ၊ တကယ့် ထိတ်ထိတ်ကြဲ သူဌေးနော်။ Pine Furniture ဆိုတာ သူတို့တစ်ဦးတည်း ပိုင်တာကွာ။ မိဘတွေ ဆုံးသွားပြီးတော့ အမွေတစ်ပုံကြီး ကျန်ခဲ့တာ သူနဲ့ သူ့အစ်ကိုပဲ ခွဲယူရတယ်လေ၊ မိလုံးနာတောင် မဟုတ်နိုင်ဘူး။ ဘီလျံနာကွ ဟဲဟဲ"

ဩဇာသည် ဒီအုပ်စုဘေးမှာ ဝင်ထိုင်လိုက်လျှင်ပဲ အဲဒီလိုမျိုး ရယ်လိုက် မောလိုက် ပြောလိုက် ဝေဖန်လိုက် အသံကို ကြားရလျှင် ပထမတော့ ဘယ်သူ့ပြောနေမှန်းမသိ ဖြစ်နေသည်။ နောက်မှ "နရဏီ"ဟူသော အမည်ကို ကြားလိုက်ရလျှင် သူ့ရင်ထဲ ဒိန်းခနဲ အချက်ပေးလိုက်သလို အသံမြည်သွားကာ ခေါင်းကိုလည်နေအောင် လိုက်ရှာဖွေမိတော့သည်။ နရဏီ ... နရဏီ ... နရဏီ လာတယ်တဲ့၊ နရဏီက ဒီမေဂျာကလား။ ဒီ မေဂျာထွက်ပဲလား။ ဒါဆို ကြည့်စမ်း ... ငါနဲ့ မေဂျာအတူတူပဲ။ နှစ်သာကွာသွားတာ။ တစ်မေဂျာတည်းပဲ၊ တိုက်ဆိုင်လိုက်တာ နရဏီရယ်။ ကျောင်းတက်တဲ့ အချိန်တုန်းကတော့ တစ်ခါမှ မဆုံလိုက်ရဘူးနော်။ အေးလေ အဝေးသင်တက်တာဆိုတော့လည်း ကျောင်းတက်ရက်က သိပ်မှ မရှိခဲ့တာ၊ ဘယ်ဆုံဖြစ်ပါ့မလဲ။

သြဇာသည် ပန်းရောင်လွင်လွင် အင်္ကျီရှင်းရှင်းလေးဖြင့် ဆံပင်လေးတွေပါ ပြောင်ရှင်းနေအောင် သေသပ်စွာ စည်းနှောင်ထားသော မိန်းကလေးကို ငေးရင်း ကြည့်နူးနေပါသည်။ နရဏ်ိဘေးမှာတော့ တွေ့နေကျ အန်တီကြီးက ခပ်တည်တည်ရှုသိုးသိုး မျက်နှာကြီးဖြင့် အေးဆေးစွာ ကျောက်ချ ထိုင်နေသည်။

ဩော် … ဖြစ်ရလေ မိန်းကလေးရယ်၊ ဒီလိုပွဲမျိုး လာတာတောင်ဘေးမှာ ဘော်ဒီဂတ် အမြဲပါနေရပြန်တယ်။ သူ ဘယ်လောက်စိတ်ကျဉ်းကျပ်လိုက်မလဲ။ ဘယ်လောက် အနေ ခက်မလဲ။

သြဇာသည် တမင်ပဲ နရဏ်ိကို သေသေချာချာမြင်နိုင်မည့် နေရာကို ရွှေ့ပြောင်းထိုင်လိုက်ပါသည်။ ဒါကြောင့် နရဏ်ိကို အမြဲကြည့်နေနိုင်သည်။ နရဏ်ိ စကားပြောတာ၊ ပြုံးတာလေးတွေကို တွေ့နေရလေလေ ရင်ထဲမှာ ပိုပြီးတွယ်တာမိလာလေလေ။ အခုက စကားပြောနေတာကတော့ ဒေါ်အဲလစ်(စ)နဲ့ ဖြစ်ပြီး နရဏ်ိမှာ အသိမိတ်ဆွေလည်း သိပ်ရှိပုံမရ။ သူ ကြည့်နေချိန်အတွင်း ဘယ်သူမှ လာအရေးတယူ စကားပြောနှုတ်ဆက်တာမရှိ။

သြဇာ ထိုသို့တွေးနေစဉ်မှာ တစ်ကိုယ်လုံး ကျောက်ရောင်စုံ ဖန်စီလေးတွေ ဆင်ထားပြီး နီရဲသော ပိုးအင်္ကျီနှင့်လုံချည်မှာ ငွေချုလုလုလေးတွေ အလှဆင်ထားသဖြင့် လှုပ်ရှားလိုက်တိုင်း အသံမြည်နေသည့် ဝတ်စုံကို ဆင်မြန်းထားလျက်

နှင်းဆီအနီရဲရဲကြီးတစ်ပွင့် နားရွက်နောက်မှာ ပန်ထားသော ခပ်လှလှ မိန်းကလေးတစ်ယောက်က နရဏ္ဍိကို လာစကားပြောတာ တွေ့လိုက်ရပါသည်။

"ဟေး ... နရဏ္ဍိ၊ ဘယ်လိုလဲ၊ ရောက်လာပါလား၊ မနေ့က လာဖိတ်တော့ နရဏ္ဍိ မလာနိုင်ဘူး ထင်နေတာ"

နရဏ္ဍိသည် လှပ၍ အရောင်လက်နေသော မြချိုရီကို အားကျစွာ ကြည့်ရင်း ...

"အင်း ... ဟုတ်တယ်၊ မနက်ကျမှ ကိုကြီးက သွားခွင့်ပေးလို့"

"ဒါဆို ပွဲတွေ အကုန်ပြီးမှ ပြန်နော်"

"ဟင့်အင်း ... မရဘူး ချိုရီ။ ဏီ ဆရာတွေ ကန်တော့ပြီးရင် ပြန်ရမယ်"

"ဟယ် ... ဘူဖေးစားသွားဦးလေ"

"အချိန်သိပ်ကြာမယ်ဆိုရင် မစားတော့ပါဘူး"

"မကြာပါဘူး၊ ကိုယ်ကြိုက်တာ ကိုယ်ထည့်စားရုံပဲ၊ စားပွဲထိုးလာမှာ စောင့်စရာမှ မလိုတာ။ ဆရာတွေ ကန်တော့ပြီး လက်ဆောင်တွေ ကိုယ်စီဝေပြီးတာနဲ့ ပွဲကပြီးပြီ။ ကိုယ့်ပန်းကန် ကိုယ်သွားယူ ကြိုက်တာ ထည့်စားရုံပဲ"

"အန်တီအဲလစ်(စ) ကိုကြီးက ဘယ်နှနာရီလို့ မှာလိုက်လဲ"

"ဆယ့်တစ်နာရီခွဲမှာ အိမ်ပြန်ရောက်ရမယ်တဲ့"

မြချိုရိီက လိုက်နားထောင်ပြီး ...

"ဆယ့်တစ်နာရီမှာ နေ့လယ်စာ စားလို့ရပြီ အန်တီ။ ဆယ့်တစ်နာရီခွဲ အိမ်အရောက် ပြန်လို့ရပါတယ်။ နရဏီတို့အိမ်နဲ့ ဒီနဲ့က သိပ်မှမဝေးတာ။ အန်တီ ကားမောင်းကျွမ်းပုံနဲ့ ခြောက်မိနစ် ခုနစ်မိနစ်လောက်ဆို အိမ်ဝရောက်ပါပြီရှင်"

ဒေါ်အဲလစ်(စ)သည် မြချိုရိီကို အသေအချာ အကဲခတ်နေပေမဲ့ ခေါင်းတော့ အသာညိတ်ပြလိုက်ပါသည်။ နရဏီကို တစ်ချိန်လုံး ဘေးကစောင့်လာခဲ့တာပဲ။ ဒီပွဲကို နရဏီ လာချင်တာဟာ ကျောင်းတုန်းက ဘယ်သူ ဘယ်ဝါ ဆိုတာကို သိပ်ပြန်တွေ့ချင်လို့ လာတာမျိုး မဟုတ်ပဲ စိတ်ပျော်ရာပျော်ကြောင်းရှာပြီးလာတယ် ဆိုတာလည်း ဒေါ်အဲလစ်(စ) ရိပ်မိပြီးသားမို့ နေသူရိန် မှာလိုက်သလို ဘယ်သူစကားလာပြောတယ် ဘယ်သူနဲ့ ဆုံတယ်တွေ သိပ်ပြန်မပြောဖို့လည်း ဆုံးဖြတ်ပြီးနေပြီ။ နေသူရိန် မေးလာရင်တောင် ...

"မင်း၊ ညီမမှာကွယ် စကားလာပြော နှုတ်ဆက်မဲ့ သူငယ်ချင်းတောင် မရှိရှာပါဘူး။ သူက လူစိမ်းလိုတောင် ဖြစ်နေတယ်။ သူသိတယ်ပြောတဲ့ သူငယ်ချင်းတွေလည်း တစ်ယောက်မှ မဆုံလိုက်ပါဘူး"

လို့ပင် ရွဲ့ပြီး ပြန်ဖြေလိုက်ပါဦးမည်။ နေသူရိန် ပိတ်ပင်ထားလွန်း၍ အရင်က ခင်တော့မလိုလို ရှိခဲ့သော သူငယ်ချင်းနှစ်ယောက်လောက်ကပင် နရဏီကို ရှောင်သွားကြတာ။ သူတို့ ဘာပွဲဖိတ်ဖိတ် ဘယ်ခေါ်ခေါ် နရဏီက မလာသဖြင့် နရဏီကို မာနကြီးသည်ဟု ထင်သွားကာ အဆက်အဆံ မလုပ်ကြတော့တာတွေကို နရဏီ ပြောထားဖူး၍ ဒေါ်အဲလစ်(စ)သိနေခဲ့ပါသည်။ ဒီတော့ ဒီအရွယ်မှာ ရွယ်တူမိန်းကလေး အဖော်ပင် မရှိရရှာသော နရဏီကို မိန်းမချင်း ကိုယ်ချင်းစာစိတ်ဖြင့် အခုမှ ခင်ခင်မင်မင် လာဆက်ဆံချင်နေသော မြချို့ရီ ဆိုသော မိန်းကလေးအကြောင်းကိုတော့ နေသူရိန့်ကို ပြန်မပြောဖို့ ဒေါ်အဲလစ်(စ)ဆုံးဖြတ်လိုက်မိသည်။ ရဲတင်းသွက်လက်ပြီး ခေတ်မီလှသော မြချို့ရီကို ဒေါ်အဲလစ်(စ) အကဲတော့ ခတ်ပေမဲ့ မသကာတော့ မဖြစ်ပါ။

"နရဏီ ခဏလာလို့ ရမလား၊ ဟိုမှာ ချို့ရီတို့ အုပ်စုတွေ အမှတ်တရ ဓာတ်ပုံရိုက်နေကြတယ်၊ တီချာတွေနဲ့လည်း ရိုက်ရင် ရိုက်လို့ရတယ်၊ ရိုက်ပါလား"

နရဏီသည် ဒေါ်အဲလစ်(စ)ကို ခွင့်တောင်းသလို လှည့်ကြည့်ပါသည်။ အာစရိယပူဇော်ပွဲ စာတန်းကြီး နောက်ခံပြီး တစ်အုပ်ပြီးတစ်အုပ် အမှတ်တရ ဓာတ်ပုံရိုက်နေကြခြင်းကို ကိုယ့်မျက်စိရှေ့မှာပဲ တွေ့နေရသဖြင့် ...

"သမီး ရိုက်ချင်ရင် သွားရိုက်လေ"

ဟု ခွင့်ပြုလိုက်ပါသည်။

"ချိုရီ့မှာ Digital Camera ပါတယ်၊ တစ်ယောက်ယောက်ကိုပေးပြီး ရိုက်ခိုင်းလိုက်မယ်၊ Digital ဆိုတော့ ပုံမလှလည်း ပြန်ဖျက် ပြန်အသစ်ရိုက်လို့ ရတယ်"

"ဟုတ်တယ်၊ ဏီလည်း Digital Camera ပဲ ကြိုက်တယ်။ မကြိုက်တဲ့ပုံဆို ဖျက်ပစ်ရုံပဲနော်၊ ဒီလိုမှန်းသိရင် ဏီ ယူလာပါတယ်"

"နရဏီ ပုံတွေ လိုချင်ရင် ချိုရီတို့ လာပေးမှာပေါ့။ လာလို့ရလား"

နရဏီသည် မြချိုရီ စကားကြောင့် ရှက်ပြုံးဖြင့် တုံ့ပြန်မိပါသည်။ ကိုကြီးနေသူရိန်၏ ဆက်ဆံရေး မပြေပြစ်မှုကြောင့် မြချိုရီပင် ထပ်လာရမှာ လန့်နေပြီ ထင်သည်။

"ရပါတယ်၊ ချိုရီက စနေ နေ့လယ်ပိုင်း ရောက်လာတော့ ကိုကြီးနဲ့ဆုံရတာ။ သူက စနေဆို နေ့လယ်ပိုင်းနဲ့ တနင်္ဂနွေဆို တစ်နေကုန် အားရင် အိမ်မှာပဲနေတယ်၊ တနင်္လာက နေ သောကြာထိကတော့ ကုမ္ပဏီဖွင့်ချိန် ပိတ်ချိန်တွေမှာ သူ မရှိပါဘူး။ ကိုကြီး ရှိလည်း လာရင်တော့ လာလို့ရပါတယ်၊ ဒါပေမဲ့ သူက ဆက်ဆံရေး မပြေပြစ်တော့ ဏီ စည်သည်ကို ဏီ ပြန်အားနာမိတယ်"

"ချိုရိုကလည်း စနေနေ့လယ်နဲ့ တနင်္ဂနွေတွေပဲ အားတာလေ"

နရဏီသည် ဓာတ်ပုံရိုက်ဖို့ လူအုပ်စုထဲ ဝင်ရောလိုက်စဉ်မှာ ဒီလူအုပ်နား ရောက်လာပြီး လက်ပိုက်ရပ်စောင့်နေဟန်တူသော လူတစ်ယောက်ကို ဖျတ်ဆို တွေ့လိုက်ပါသည်။ သူ့နာမည်ဟာ ထူးထူးဆန်းဆန်း "သြဇာ"ဆိုသော ရှေးကျကျနာမည်မျိုး ဟူ၍လည်း လူကို မြင်မြင်ချင်း ဏီ မှတ်မိသွားပါသည်။

ဏီ ဘာလုပ်ရမလဲ။ ပြုံးရယ်ပြရမလား။ သူစကားလာပြောတော့မှာပဲ။ အဲဒီကျ ပြန်စကားပြောရင် အန်တီအဲလစ်(စ) မြင်မှာပဲ။ ဒီအုပ်စုကြီး တရုန်းရုန်းနဲ့ တဟေးဟေး တဟားဟားလုပ်ပြီး ဓာတ်ပုံရိုက်နေတဲ့ဆီကို အန်တီအဲလစ်(စ)က မျက်ခြည်အပြတ်ခံတာ မဟုတ်ဘူး။ သူ စကားလာပြောရင် အန်တီအဲလစ်(စ) မြင်မှာပဲ။ ဒုက္ခပဲ။ ဘာလုပ် ရမလဲ။

ဏီသည် ဓာတ်ပုံသာ အရိုက်ခံဖို့ ရပ်လိုက်ပြီးပေမဲ့ စိတ်က ဒါကို ကြိတွေးပြီး ပူပင်နေသဖြင့် ,ပပြုံးနိုင်၊ မရယ်နိုင်ဖြစ်နေသည်။ မျက်မှောင်လေး တကြုတ်ကြုတ် လုပ်နေသည်။ တစ်စုံတစ်ခုကို အလေးအနက် တွေးနေမှန်း မျက်နှာမှာ ပေါ်လွင်နေသည်။

"ဟို ... ပန်းရောင်နဲ့ တစ်ယောက်က နည်းနည်းလေး ဖြိုးလိုက်ပါ။ မျက်မှောင်ကြုတ်ထားတာကြီး ဖြေလိုက်ပါဦး"

ဓာတ်ပုံရိုက်ပေးသောလူက ဏီကို ရည်ရွယ်ပြီး လှမ်းအော်တော့မှ မြချိုရီက ဏီဘက်လှည့်ကြည့်သည်။

"ဩော် ... နရဏီ ဖြိုးဖို့မေ့နေပြီ"

ကျန်တဲ့သူတွေ ဘာမှ ရယ်စရာ မပါပါပဲ အပျော်ဓာတ်ခံ ရှိနေသည်မို့ ရယ်မောလိုက်ကြသည်။ ဏီလည်း အရှက်ပြေ လိုက်ရယ်လိုက်သောအခါ ကင်မရာမီးက ဖျတ်ခနဲ ဖျတ်ခနဲ လေး,ငါးပုံ ဆက်တိုက်ရိုက်လိုက်ပါသည်။

ဩဇာသည် လက်အသာပိုက် ရပ်ကြည့်ပြီး နရဏီနှင့် မျက်လုံးချင်း မဆုံ,ဆုံအောင် လိုက်ကြည့်သည်။ တစ်ချက်ဆုံသွားတော့ သူ, လှမ်းဖြိုးပြလျှင် နရဏီ အဖြိုးက ဖြိုးတယ်လို့တောင် သိပ်မသိသာသော မရဲတရဲ အပြုံးဖြင့် ပြန်တုံ့ပြန်ဖော်ရသည်။ အင်း ... ဒေါ်အဲလစ်(စ)ပါလို့ ထင်တယ်။ အန်တီကြီးကလည်း လုံးဝကို မျက်ခြည်ပြတ် မခံဘူး။ နရဏီဟာ ခုပဲ သူ့မျက်စိရှေ့ကနေ ပျောက်သွားပြီး ထွက်ပြေးသွားမှာ ကျနေတာပဲ။

ငါ စကားသွားပြောလို့တော့ မဖြစ်ဘူး။ ဒီတော့တစ်ခုခု ကြံစည်မှပါပဲ။ ဒီအတိုင်းကြီး တိုက်ရိုက် စကားသွားပြောရင် ဒေါ်အဲလစ်(စ) သိလိမ့်မယ်။

"ဟော့ကောင် ... ဩဇာ၊ ဘာရုပ်လုပ်နေတာလဲ၊ ဒီမှာ ကံစမ်းမဲ ဝယ်ဦးကွ"

ငွေဖလားကြီးထဲ မဲလိပ်တွေ တစ်ထွေးကြီး တဖွဖွ လုပ်နေသော ကျော်အောင် ဆိုသော သူငယ်ချင်းဟောင်း တစ်ယောက် အနားရောက်လာသည်။

ကျော်အောင်နှင့် အတူပါလာသော သုံး,လေးယောက်တို့ကိုလည်း ကိုယ့်အတန်းသားချင်းမို့ မျက်မှန်းတန်းမိခဲ့ဖူးပါသည်။ တရင်းတနှီးတော့ မဖြစ်လှ။

"တစ်စောင် နှစ်ရာတည်းပါ"

"DVD တွေ ကက်ဆက်တွေ RiceCooker တို့ ပန်ကာတို့ Tea Set တို့ City mart Gift Voucher တို့ အစုံပဲပါတယ်ကွ"

"အမြင့်ဆုံး ပေါက်မဲက ဘာလဲ"

ဩဇာက နှစ်စောင်ဝယ်ရင်း မေးလိုက်စဉ် ခေါင်းထဲမှာလည်း အကြံရလာသည်။

"လက်မ(၂၀) L.G TV ကွ"

"ယိုးဒယားထုတ်ကြီးလားကွာ"

"အဲဒါ ဖြစ်ဖို့များတယ်၊ အံမာ ဩဇာရာ၊ မင်းက ဆိုင်ဖွင့်ထားတဲ့ သူဌေးပါ၊ မက်မောနေရသေးတယ်"

"သူဌေးလည်း ကံစမ်းမဲတော့ ကောင်းကောင်းပေါက်ချင်တာပဲကွ၊ ခုလောလောဆယ်တော့ ကံစမ်းမဲပေါက်ဖို့ထက် ကံစမ်းမဲဖလားကို ကိုယ်တိုင်ကိုင်ပြီး တစ်ယောက်ယောက်ကို သွားရောင်းဖို့ သိပ်လိုအပ်နေတယ်ကွာ"

"ဩဇာ ... ဩဇာ ... ဒီပွဲကျမှ အစွံထုတ်တော့မယ်ပေါ့၊ ဟုတ်လား"

"ကူညီစမ်းပါကွာ၊ သူ့ကို စကားဒီတိုင်းကြီး သွားပြောဖို့ သိပ်မဟန်လို့ ကံစမ်းမဲ သွားရောင်းပြီး ရောချင်လို့ကွာ။ ငါ့ကို ဖလားပေးကိုင်လိုက်ပါ၊ ငါ သူ့ပြန်သွား မထိုင်ခင် ရောင်းမှဖြစ်မယ်"

"ရပါတယ်ကွာ၊ ရော့ ... ရော့"

ကျော်အောင် ဖလားလက်ထဲ ထိုးထည့်တာနဲ့ ဩဇာ၏ ခြေအစုံသည် တစ်စက္ကန့်မှာပင် ကယ်လုမ်းနှုန်းလောက်ဖြင့် ဘရဏီနား လျှောက်လာမိတော့သည်။ နောက်က ကျော်အောင်နှင့် လူတစ်သိုက်ပါ ပါလာကြသည်။

နရဏီသည် ဩဇာ အနားလာရပ်လျှင် မျက်လုံးဝိုင်းလျက် စိုးရိမ်ထိတ်လန့်သလို ဖြစ်နေသည်။

ဒေါ်အဲလစ်(စ)ကား ကောင်လေးအုပ်စု ရုတ်ရုတ်ရုတ်ရုတ်နှင့် ဖလားကြီးတွေကိုင်ပြီး နရဏီနား ရပ်လာတာကို

မျက်လုံးကြီး ပြူးကြည့်နေသည်။ မကြာခင်ပင် ထ,လာတော့မလို ဟန်ပြင်နေတော့သည်။

"နရဏီ ကျွန်တော် သြဇာလေ၊ မှတ်မိတယ်နော်"

"အင်း ... အင်း ... မှတ်မိပါတယ်၊ ရှင် ဘာလာလုပ်တာလဲ"

"ကျွန်တော်လည်း ဒီမေရှာနဲ့ပဲ အဝေးသင်ပြီးခဲ့တာ(--) နှစ်ကလေ"

"သြော် ... ဏီ့ထက် သုံးနှစ်စောတာပေါ့"

"မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ဝမ်းသာသွားတယ်"

"ကိုသြဇာ ... အန်တီအဲလစ်(၈)ထ,လာနေပြီ၊ ဏီတို့လူခွဲမှ ဖြစ်မယ်"

"ခွဲရင် ပိုပြီးသံသယ ဖြစ်မှာပေါ့။ ကျွန်တော့်ဆီက ဖလားထဲက ကံစမ်းမဲကို နှိုက်လိုက်ပါ၊ တစ်စောင် နှစ်ရာနဲ့ဝယ်လိုက်ပါ။ အန်တီကြီး အနားလာလည်း ကျွန်တော် မသွားပါဘူး။ မဲလက်မှတ် လိုက်ရောင်းတဲ့သူ ဆိုတာ သူသိသွားလိမ့်မယ်"

နရဏီသည် ဒီတော့မှ ရင်ထဲနည်းနည်းအေးသွားပြီး ကံစမ်းမဲလိပ်လေးတွေကို တစ်ထပ်ကြီး နှိုက်လိုက်သည်။ အန်တီအဲလစ်(၈) ရောက်လာခါနီးပြီမို့ ...

"နရဏ်ဆီ ဖုန်းဆက်ချင်တယ်၊ ရလား"

"ဏ်ဆီ ဘယ်သူမှ ဖုန်းမဆက်ဖူးဘူး"

"မိန်းကလေး သူငယ်ချင်းရော"

"အရင်က ရှိတယ်၊ နောက် မရှိတော့ဘူး"

မြချိုရီမှာ ဘေးကနေကြည့်ပြီး နရဏ်ကို သနား လာနေသည်မို့ ...

"ချိုရီ ... ဆက်မယ်လေ"

ဟု ဝင်ကူညီလိုဟန်ဖြင့် ပြောလိုက်သည်။

ထိုအချိန်တွင် အန်ဟီအဲလစ်(စ)က အနားရောက် လာခဲ့ပါပြီ။

"သမီး ဘာလုပ်နေတာလဲ"

"ဏီ ကံစမ်းမဲ ဝယ်နေတာပါ"

"ဒါဖြင့်လည်း မြန်မြန်ဝယ်လိုက်၊ စကားတွေ အကြာကြီး ရပ်ပြောမနေနဲ့လေ"

ဩဇာက နရဏ်ကို ဒေါ်အဲလစ်(စ) သံသယဖြစ်မှာ စိုးပြီး ဝင်ပြောပေးလိုက်ပါသည်။

"ကျွန်တော်တို့က ပေါက်မဲ ဘာတွေ ဘာတွေ ရှိတယ်ဆို တာ ပြောပြတာပါ အန်တီ။ အမြင့်ဆုံးက လက်မ(၂၀) တီဗီပါ၊ LG တံဆိပ်ပါ။ ကျန်တာ DVD စက်တို့ ဘာတို့"

"သမီး ဝယ်ပြီးရင် အန်တီနဲ့ ပြန်လာထိုင်တော့"

ဒေါ်အဲလစ်(စ)က ဩဇာကို ဂရုလည်းမစိုက်၊ စကားလည်း ပြီးအောင်နားမထောင်ဘဲ နရဏီကို လှမ်းပြောလိုက်သည်။

"ဏီ ယူထားတာ ငါးစောင်တောင်"

နရဏီက သူမလက်ထဲမှာ ဆုပ်ကိုင်လျက်သား မဲလိပ်တွေကို ရေပြီးပြောလိုက်မိသည်။ ဒေါ်အဲလစ်(စ)က ...

"တစ်စောင် ဘယ်လောက်လဲ"

"နှစ်ရာတဲ့"

"ဒါဆို ထောင်တန်တစ်ရွက် ပေးလိုက်လေ ပြီးပြီ"

နရဏီသည် ပိုက်ဆံအိတ်လေးထဲမှ တစ်ထောင်တန်တစ်ရွက်ကို ထုတ်ပေးလိုက်ပါသည်။ ကျော်အောင်က မဲလိပ်တွေ ဖြေမကြည့်သေးသော နရဏီကို ...

"ညီမ မဲလိပ်တွေဖြေပြီး ကြည့်ပေးပါ၊ နံပါတ်မှာ ညီမ နာမည်နဲ့ တွဲမှတ်စရာ လိုလို့ပါ"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

နရဏီ မဲလိပ်လေးတွေ ဖြေပြီး ပေါက်မဲနံပါတ်ကို ပြောလျှင် ကျော်အောင်က စာအုပ်ထဲ ရေးမှတ်ပြီး ...

"ညီမ နာမည်နဲ့ ကျောင်းပြီးခဲ့တဲ့ နှစ်ရယ်၊ အိမ်လိပ်စာ ဖုန်းနံပါတ် ပေးခဲ့ပါ။ မဲဖောက်တဲ့အထိ မနေနိုင်ဘဲ ပြန်

သွားခဲ့ရင် မဲပေါက်နေတဲ့အခါ လိုက်ဆက်သွယ်လို့ ရအောင် ပါ”

ဒေါ်အဲလစ်(စ)က နရဏီ့လက်ကို ကိုင်လိုက်ရင်း ...

“နေပါစေ မပြောခဲ့တော့ဘူး။ အကယ်၍ ပေါက်နေခဲ့ရင် ထားလိုက်ပါ မယူတော့ပါဘူး။ အိမ်တိုင်ရာရောက်လည်း လာမပေးပါနဲ့။ သူ့အိမ်က လူရှုပ်ရှုပ်ယှက်ယှက် ဝင်ထွက်တာ မကြိုက်ဘူး”

ဟု ဖြတ်ပြောလိုက်ပြီးလျှင် ချက်ချင်းပဲ ဒီနေရာက နေ ထွက်ခွာသွားတော့သည်။ နရဏီမှာ လူအားလုံးရှေ့ ဒီလို အလုပ်ခံလိုက်ရ၍ ရှက်ပြီး မျက်နှာရဲလျက် ပါသွားပါသည်။ မြချိုရီ အပါအဝင် အားလုံးက တအံ့တသြ လိုက်ငေးကြည့်ပြီး ကျန်ရစ်ခဲ့ကြရသည်။

“သူ့အစ်ကိုက ဘယ်လိုကြီးမှန်း မသိဘူး”

မြချိုရီက သြဇာတို့ကို မသိကျွမ်းပေမဲ့ နရဏီကို သနားပြီး နရဏီအစား ဝင်ပြောပေးလိုက်မိသည်။ သြဇာကလည်း မြချိုရီကို မသိပေမဲ့ ...

“ကျွန်တော်လည်း သတင်းကြားပါတယ်။ ဒါကြောင့် ကံစမ်းမဲ လာရောင်းဟန်ဆောင်ပြီး သူ့ကို လာနှုတ်ဆက်ရ တာ၊ ဒီတိုင်း သွားစကားပြောရင် အန်တီကြီးက သူ့ကို

ဒီကနေတောင် တစ်ခါတည်း ခေါ်ထုတ်သွားမယ် ထင်တယ်"

"ဘယ်လိုလဲကွာ၊ တကယ့် ပင်တိုင်စံလေးလား၊ မင်းဘယ်က ရှာတွေ့လာတာလဲ"

"နောက်မှ ပြောပြမယ်"

မြချိုရီက သြစာကို ပြုံးပြရင်း ...

"နရဏီဆီ ဖုန်းဆက်ချင်ရင် ချိုရီ ကူညီလို့ရတယ်"

"ညီမ နာမည်က"

"မြချိုရီပါ"

"နရဏီနဲ့ သူငယ်ချင်းလား"

"မဟုတ်ဘူးရှင့် ... ဆရာကန်တော့ပွဲမှာ ဖိတ်ပေးရမဲ့ စာရင်းတချို့ ချိုရီပါရတော့ ချိုရီ့ စာရင်းထဲမှာ နရဏီပါနေတာနဲ့ သူ့အိမ်ကို သွားဖိတ်လိုက်ရာကစပြီး ခုမှ စပြီး သိကျွမ်းရုံပါ။ ဒါပေမဲ့ ကျောင်းမှာတုန်းက သိပ်သတိမထားမိပဲ ခုမှ သတိထားမိလာပြီး နရဏီ့ကို မိန်းကလေးချင်း ကိုယ်ချင်းစာပြီး သနားသွားလို့ ကူညီသွားချင်တာပါ။ အစ်ကိုတို့ ကြည့်ရတာ ခုမှ ကြိုးစားတုန်းထင်တယ်"

သြစာက ရှက်ရယ်ရယ်ရင်း ...

"သိကုန်ကြပြီဗျာ၊ ဒုက္ခပဲ"

"အစ်ကို့နာမည် ပြောထားလေ"

"ဩဇာပါ၊ King Solomon ဆိုတဲ့ နာမည်နဲ့ (......)လမ်းပေါ်မှာ ကော်ဖီဆိုင် ဖွင့်ထားပါတယ်"

"ဪ ... ဪ ... ကြားဖူးတယ်၊ အဲဒါ အစ်ကို့ဆိုင်ကိုး။ ဟော ... ကန်တော့ပွဲတောင် စတော့မယ် တီချာတွေ နေရာယူနေပြီ၊ ချိုရီလည်း သွားထိုင်တော့မယ်နော်၊ အစ်ကို ပွဲအကုန်ပြီးတဲ့ထိ နေမှာလား"

"နေမှာပါ"

"ဒါဆို ဆရာကန်တော့ပွဲပြီးမှ ဆက်စကားပြောရအောင်လေ"

နရဏီကတော့ ဩဇာ တစ်ယောက် လှပတက်ကြွပြီး ရဲရဲတောက် ထင်ရှားနေသော မြချိုရီနှင့် စကားလက်ဆုံကျနေသည်အား ဝမ်းပန်းတနည်း ခိုးကြည့်နေခဲ့သည်။ ကိုယ့်လို အစစအရာရာ ချုပ်ချယ်ခံ၊ မျက်စိဒေါက်ထောက်ကြည့် ခံနေရသော မိန်းကလေးကို ဘယ်ယောကျ်ားလေး တစ်ယောက်ကများ စိတ်ရှည်လက်ရှည် ရှိမှာလဲ။ ခေတ်မီပြီး လှပဟောသှုဟောတိုးတဲ့ မိန်းကလေးမျိုးကိုပဲ ရွေးသွားကြမှာပဲ။ နရဏီ ဝမ်းနည်းပြီး ငေးငိုင်နေသည်ကို ဒေါ်အဲလစ်(စ)ရိပ်မိပြီး ...

"တွေ့လား ကီ၊ ယောကျာ်းလေးတွေက အဲဒီလိုပဲ၊ လွယ်လွယ်ရမလား ချဉ်းကပ်ကြည့်တယ်။ မရမှန်းသိရင် ဘယ်သူကမှ ကြိုးစားပမ်းစား ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ ပိုးပန်းဖို့ စိတ်မကူးကြဘူး။ အဲဒါဟာ တကယ် မေတ္တာမစစ်လို့ပဲ။ တကယ်မေတ္တာစစ်ရှိတဲ့လူမျိုးကမှ ကိုယ်ချစ်တဲ့ မိန်းကလေးကို စောင့်ပြီး ချစ်ကြတာ၊ စိတ်ရှည်လက်ရှည်နဲ့ကို စောင့်ကြတာ"

ကီကတော့ ကြေကွဲစွာ ငြိမ်နေခဲ့သည်။

ဖ ဖ ဖ

ရှိုင်း စာပေ
၂၅၂၊ ဦးဘိုးမှန်လမ်း
ရန်ကုန်-အင်းစိန်လမ်းဆုံ

## ၆

နရဏီထဲ မြချိုရှိ ရောက်လာခြင်းမှာ တာကယ့်ကို အံ့သြစရာ ကောင်းနေခဲ့သည်။ နရဏီသည် ဆရာကန်တော့ပွဲ ပြီးကတည်းက နောက်ထပ် ဘယ်မှသွားရဖို့ မရှိတော့သော ပွဲလမ်းသဘင်ကို မျှော်လည်းမမျှော်၊ စိတ်ကူးထဲလည်း မထည့်တော့ဘဲ တစ်နေ့ တစ်နေ့ တီဗီကြည့်လိုက်၊ သီချင်းနားထောင်လိုက်၊ အန်တီအဲလစ်(စ)ဝယ်လာပေးသော အပတ်စဉ်ထုတ်ဂျာနယ်တွေဖတ်လိုက်၊ ပျင်းလွန်းရင် ကိုယ့်ဘာသာ မီးဖိုချောင်ထဲဝင်ပြီး ဟင်းချက်လိုက်၊ မုန့်လုပ်လိုက်ဖြင့် ရှည်လျားစွာ တစ်နေကုန်ဖို့ ဖြတ်သန်းနေခဲ့ရပြန်ပါသည်။

တစ်လမှာ နှစ်ခါလောက် ရှော့ပင်း ထွက်ဖို့ကို၊ နှစ်လတစ်ခါလောက် ဆံပင်ညှပ်ဆိုင်သွားပြီး ပြင်ဆင်ခွင့် ရဖို့ကိုလည်း အမြဲမရိုးနိုင်စွာ ကိုကြီးကို အကြာကြီး ခွင့်တောင်းယူရဖို့

လည်း စိတ်ထဲ သိပ်မပါတော့သလို ဖြစ်နေပြန်သည်။ အထီးကျန်ပြီး အဓိပ္ပာယ်မဲ့နေသော ဏီ့ဘဝတစ်ခုထဲသို့ ရောက်လာတော့မလို ဖြစ်ခဲ့သည့် ဩဇာ ဟူသော လူတစ်ယောက်ကြောင့်များ ဏီ ကြေကွဲဝမ်းနည်းနေသလား မသိ။

ဏီ့ကို စိတ်ဝင်စားတော့မလိုလို ဖြစ်ပြီးမှ တခြားမိန်းကလေး တစ်ယောက်ဆီ စိတ်အာရုံ ပြောင်းသွား၍များ ဏီ ကိုယ့်ကိုယ်ကိုယ် စိတ်အားငယ်သွားသလား မသိ။

ဒါနဲ့ပဲ နှရဏီဟာ အရင့်အရင်တွေကလို နေဝင်နေထွက် စောင့်ကြည့်ပြီး ဘာမှန်းမသိသော နေ့ရက်တွေကို ဆက်ပြီး ဖြတ်သန်းဖို့ စဉ်းစားတုန်း ဖြုန်းဆို မြချိုရီ အိမ်ကို ရောက်ချလာတာ။ မြချိုရီ ရောက်လာတဲ့ရက်ဟာ ကိုကြီး အလုပ်သွားနေသော နေ့ရက်တွေထဲက ဗုဒ္ဓဟူးနေ့လို နေ့တစ်ရက်။ နေ့ခင်း ဆယ့်တစ်နာရီခွဲကျော်ကျော်။ မြချိုရီရဲ့ ရူပါဆလွန်းကားလေး ခြံထဲဝင်လာတာကို ဏီပဲ အရင်ဆုံး မြင်လိုက်တာ ဖြစ်သည်။

ဏီ တံခါးဖွင့်စရာ မလိုပါ။ ကောင်မလေးတစ်ယောက် သွားဖွင့်ပေးလိုက်သဖြင့် မြချိုရီ အိမ်ထဲဝင်လာနိုင်သည်။ အန်တီအဲလစ်(ဓ)ကတော့ ဏီ့ရဲ့ အပါးတော်မြဲဖြစ်ရာ မြချိုရီရောက်လာတာနဲ့ ဧည့်ခန်းတစ်ဝိုက်မှာ အရိပ်အယောင်ပြပြီး စောင့်ကြည့်နေတော့လေသည်။

"ချိုရီ့ကင်မရာထဲမှာ နရဏီ့ပုံတွေလည်းပါတော့ ကူးလာပြီး လာပြတယ်၊ နရဏီ လိုချင်ရင်လည်း ယူလို့ရအောင်လေ။ ပြီးတော့ နရဏီက ကံစမ်းမဲ ငါးဧောင်တောင် ဝယ်သွားတော့ ဆုတစ်ဆု ချိတ်တယ်သိလား။ စားပွဲတင်နာရီ လှလှလေး တစ်လုံးပါ။ အဲဒါပါ လာပေးတာ"

"ဪ ... တကူးတကကြီး ချိုရီရယ်။ ဒါနဲ့ ချိုရီ ဒီနေ့ အလုပ်မဆင်းရဘူးလား"

"ဆင်းရတယ်၊ ဒါပေမဲ့ နေ့တစ်ဝက် ပြန်ရတယ်၊ ညနေပိုင်းမှာ ချိုရီ့ Boss လေ ဘိုမပေါ့၊ Mrs. Sarah Chamber (ဆာရာချိန်းဘား)လို့ ခေါ်တယ်၊ သူ့ရဲ့ အသက်ငါးဆယ်ပြည့် ပါတီပွဲကို ဟိုတယ်မှာပဲ ပြန်ကျင်းပမှာမို့ အစီအစဉ်တော့ ချိုရီကပဲ ဦးစီးပြီး လုပ်ပေးစီစဉ်ပေးရမှာမို့လေ"

နရဏီသည် မြချိုရီ ပြောသမျှ ငေးကာနားထောင်နေပါသည်။ မြချိုရီ အလုပ်ထဲကအကြောင်း ပြောတိုင်း အမြဲတမ်း စိတ်ထဲမှာ အားကျနေမိသည်။ မြချိုရီက ခတ်ပုံထည့်လာသော စက္ကူအိတ်ကို ကမ်းပေးရင်း ...

"နရဏီ ... စာပါတယ်နော်၊ စာ ... စာ ... ရအောင်သိမ်းလိုက်"

နရဏီ မျက်လုံးပြူးသွားသည်။ ဘာလဲ ... ဘာစာလဲ။ ဘယ်သူ့ဆီကလဲ။ တစ်ခါမှ ဒီလိုမကြုံဖူး၍ ဏီ့ရင်တွေ

အကြီးအကျယ် ခုန်နေသည်။ လက်တွေလည်း ကတုန်ကယင် ဖြစ်ပြီး ဓာတ်ပုံအိတ်ကို ဖွင့်တောင် မဖွင့်ရဲသလို ဖြစ်သွားပါ သည်။ ဒီကြားထဲ အန်တီအဲလစ်(စ)က အနားကနေ တစ်ချက် ဖြတ်လျှောက်သွားလျှင် ဏို့မှာ မျက်စိမျက်နှာကို ပျက်လို့။

မြချိုရှိမှာ နရဏို အဖြစ်အပျက်ကို မြင်လျှင် ပို၍ ပင် ကရုဏာသက်သွားသည်။ ကြည့်စမ်း … သူ ဒါမျိုးတစ်ခါမှ အတွေ့အကြုံ မရှိခဲ့ဖူးဘဲ။

"စိတ်သိပ်မလှုပ်ရှားနဲ့ နရဏီ။ ချိုရှိ့ကို ကိုညြဓာ ဆိုတဲ့ အစ်ကိုကြီးက အကူအညီ တောင်းလိုက်လို့ ဓာတ်ပုံကိစ္စ အကြောင်းပြပြီး လာပေးတာပါ၊ စာက သူရေးတဲ့စာပါ"

"သူ … သူ … သူက … အင်း … သူက ဘာလို့စာပေး တာလဲ"

"နရဏို့ကို စိတ်ဝင်စားလို့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ပါဘူး၊ သူက ဏို့ကို သိပ်မသိပါဘူး"

"မသိလည်း သူ စိတ်ဝင်စားရင် စိတ်ဝင်စားမှာပေါ့။ ကဲပါ … သိပ်ပြီး ဟန်ပျက်မနေနဲ့။ ဓာတ်ပုံတွေ ထုတ် ကြည့်လိုက်။ ယူချင်တဲ့ဓာတ်ပုံ ယူလိုက်လေ"

"ဘယ်လောက် ပေးရမလဲ"

"ပေးစရာ မလိုပါဘူး၊ ခင်လို့ ကူးပေးတာပဲလေ"

"ဏီ ဒီပုံတွေ ယူလိုက်ရင် ချိုရှိ့မှာ ဘယ်ရှိတော့မလဲ"

"Memory card ထဲမှာ မဖျက်သေးဘူး။ သိမ်းထားသေးတယ်"

"မြချိုရှိရော ကံစမ်းမဲ ပေါက်လား"

"မပေါက်ပါဘူး နရဏီရယ်"

"ဘယ်နှစောင် ထိုးလဲ"

"ငါးစောင်"

"ဟင် ... နရဏီနဲ့ အတူတူပါပဲ"

မြချိုရှိ အသာပြုံးရင်း ခပ်တိုးတိုး အသံလေးဖြင့်...

"အမှန်တော့ နရဏီလည်း မပေါက်ပါဘူး။ အဲဒါ ကိုသြဇာ ပေါက်တဲ့ ပစ္စည်းလေးပါ။ နရဏီ့ကို ပေးပေးပါဆိုလို့ နရဏီ ပေါက်တယ် ပြောပြီး လာပေးတာ"

နရဏီသည် ဒီတော့မှ ခုနမဲပေါက်သဖြင့် ရလိုက်သော ကောင်လေးရုပ်နှင့် ကောင်မလေးရုပ် အတူတူ ကိုင်ထားသည့် အသည်းပုံဒိုင်ခွက်ပုံစံ စားပွဲတင်နာရီကို တယုတယကောက်ကိုင်လိုက်မိတော့သည်။ ကံစမ်းမဲ ပေါက်တာ ဆိုတာတုန်းကတော့ စိတ်မဝင်စားပါပဲ၊ ကိုသြဇာ ပေးလိုက်မှသာ စိတ်ဝင်စားလာမိသည်။ ချစ်စဖွယ် ကောင်လေးရုပ်နှင့် ကောင်မလေးရုပ်တို့က အခုမှ တကယ်ကြည့်မိတော့ ဘိုမင်္ဂလာဆောင်မှာ ဝတ်သလိုမျိုး အဝတ်အစားလေးတွေ ဝတ်ထားတာ။ ကောင်လေးက ဥရောပဝတ်စုံအပြည့်အစုံနဲ့ ကောင်မလေးက ဂါဝန်ဖြူဖြူရှည်ရှည်နဲ့လေ။

သူတို့နှစ်ဦးရဲ့ လက်တစ်ဖက်စီဖြင့် အပေါ်ကို မြှောက်ကိုင်ထားသော အသည်းနှလုံးပုံ ဒိုင်ခွက်နာရီလေးက တစ်ချက်ချက် အသံမြည်ပြီး လှုပ်ရှားနေသည်။

မြချိုရီကတော့ နာရဏီ အဖြစ်သည်းနေသည်ကို အကဲခတ်မိပါသည်။ ရုပ်ရည်သန့်ပြန့်ပြီး စိတ်သဘော မဆိုးပုံရသော ကိုသြဇာလိုလူဟာ နရဏီကို တကယ်ချစ်တယ်ဆိုရင် ချိုရီကတော့ စိတ်ပါလက်ပါကို ကူညီပေးမိတော့မှာပါ။ ဘာကြောင့်မှန်းတော့ မသိ။ အခုမှ ပြန်ဆက်သွယ်လာမိပြီး အိမ်တွင်းရေးအကြောင်းလေးတွေပါ တအံ့တသြ အကဲခတ်မိလာတဲ့ နရဏီကို မြချိုရီသည် အလိုလို သနားပြီး ခင်မင်သွားပါသည်။

"နရဏီ ကျောင်းတက်တုန်းက ဘယ်သူတွေနဲ့ အတွဲများခဲ့လဲ"

"ဟင်"

နရဏီသည် ဓာတ်ပုံတွေ ယူကြည့်ရင်း ဓာတ်ပုံနှစ်ပုံရဲ့ကြားထဲ အသေအချာ ချိုးခေါက်ပိပြားနေသော စာရွက်ဖြူလေးကို လက်ဖဝါးထဲ ယူထည့်ပြီး ဘယ်လိုသိမ်းရမှန်းမသိ ဖြစ်နေသဖြင့် မြချိုရီ မေးလိုက်တာကို မကြားလိုက်မိပေ။ အန်တီအဲလစ်(စ)က အခုတော့ ဧည့်ခန်းက ဆက်တီတစ်ခုမှာ အသေအချာ ဝင်ထိုင်ပြီး မဂ္ဂဇင်းဖတ်နေပြီ။ စောင့်ကြည့်နေပြီမို့ ဇော ခုမှ ချွေးပိုပြန်ရတာ။

စာရွက်ခေါက်လေးကို ဘယ်နား သွားသိမ်းရမလဲ။

အစကတော့ အိမ်နေရင်းဝတ်တဲ့ စပန့်သားဘောင်းဘီရှည် ပွပွမှာလည်း အိတ်မပါ၍ ဘယ်နားထဲ့ည့်ရမလဲဆိုပြီး ဏီ အခက်တွေ့ရသလို၊ ခုလည်း အန်တီအဲလစ်(စ)က အားနာသမှု မရှိတော့ဘဲ လုံးဝကို လာထိုင်နေပြန်လျှင် ဏီ့မှာ ပို၍ကြံရာမရ ဖြစ်နေသည်။

"နရဏီ့ သူငယ်ချင်းတွေလေ"

"ဏီ့မှာ သေသေချာချာ ပရက်တီကယ် တွဲလုပ်ဖူးတဲ့ သူငယ်ချင်း နှစ်ယောက်လောက်တော့ ရှိခဲ့တယ်၊ ဒါပေမဲ့ သိပ်မခင်ခဲ့ဘူးလေ။ ဘာလို့ဆိုတော့ ဏီက သူတို့လို အပြင်ထွက်ချင်တိုင်းလည်း မထွက်ရ၊ သူတို့ဖိတ်ဈည်း မလာ။ ဏီကလည်း ပြန်မဖိတ်ဘူးဆိုတော့ အဟင်းဟင်း ဏီ့ကို မာနကြီးတယ် ထင်ပြီး ကြာတော့ ခပ်တန်းတန်း ဖြစ်သွားကြတယ်"

"ဆရာကန်တော့ပွဲ မလာဘူးလား"

"လာတော့ လာတာ တွေ့လိုက်တယ်။ ဒါပေမဲ့ ဏီ့ကို အဝေးကပဲ လှမ်းပြုံးပြတ်ဆက် ရယ်ပြကြတယ်၊ စကားတောင် လာမပြောဘူးလေ၊ သူတို့ကို သိပ်အပေါင်းအသင်း မလုပ်ချင်တဲ့ မိန်းကလေးဆိုပြီး သူတို့ကလည်း တေးထားတယ် ထင်ပါရဲ့"

နရဏီ ပြောဟန်မှာ နာကြည်းမှုတွေ ပါနေသည်။ ကိုယ့်ကိုယ်ကိုယ် နာကြည်းနေဟန်တွေ တွေ့နေရသည်။ ဒါဖြင့် ဘာလို့ အစ်ကို ချုပ်ချယ်တာ ခံနေလဲ။ အစ်ကိုမို့ လေးစား ချစ်ကြောက်တာ မဆန်းပါဘူး။ ဒါပေမဲ့ သူက ကိုယ့်ဘဝတစ်ခုလုံးကို လိုက်စိုးမိုး ချုပ်ကိုင်တာကျတော့ သိပ်တရားမမျှတဘူး ထင်တယ်။ နရဏီ ဘာလို့ ငုံ့ခံနေလဲ။ နရဏီ့မှာ ဘာအားနည်းချက်ရှိခဲ့လို့လဲ။

"ဘွဲ့ရပြီးသွားတော့ ဘာသင်တန်းတွေ တက်သေးလဲ နရဏီ"

"ဘာမှ မတက်ရပါဘူး၊ အိမ်မှာပဲ နေရတယ်"

"ကွန်ပျူတာ ကိုင်တတ်လား"

"ကြားပဲ ကြားဖူးတယ်၊ အိမ်မှာလည်း မထားတော့ အထိအတွေ့တောင် မရှိဘူး။ မြင်ဖူးရုံ ကြားဖူးရုံပဲ"

"ဒီအသက်အရွယ်နဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ အများကြီး မဟုတ်တောင် နည်းနည်းတော့ လုပ်တတ်သင့်တယ် သိလား။ ဒါနဲ့ နရဏီက ဆိုင်ထိုင်တော့မှာဆို။ ဒါဆို ကွန်ပျူတာ မလိုဘူးလား"

"ဆိုင်က သွားကြီးကြပ် ကွပ်ကဲရုံပါ။ ကိုယ် ဘာမှလုပ်စရာ မလိုဘူးတဲ့ ကိုကြီးက ပြောတယ်။ ကုမ္ပဏီမှာလည်း သူ့နေရာနဲ့သူ ဝန်ထမ်းတွေ ခန့်ထားတာလို့ ပြောတယ်။

ဒါပေမဲ့ ဏီ ဆိုင်ထိုင်ရဖို့လည်း အခြေအနေ မရှိသေးပါဘူး။ ခုလောလောဆယ် ကိုကြီးက ဦးစီးနေတာလေ၊ ဏီဝင်ပါဖို့ မလိုသေးဘူးတဲ့"

ဖြစ်ရလေ။ သူ့အစ်ကိုက ဘာမှကို ပေးမလုပ်တဲ့သဘောပါလား။ ဒါဆို မလွယ်ဘူးပဲ ကိုသြဇာရေ။ ရှင်က စာသာရေးပေးလိုက်တာ။ အိမ်တွင်းပုန်း မင်းသမီးက ဘယ်လိုထွက်လာရဲမလဲ။ အပြင်ထွက်လည်း သက်တော်စောင့်လိုလို အန်တီကြီးက နရဏီ့ကို လက်ချင်းချိတ်ထားတော့မတတ် ဘေးက ကပ်နေတော့တာ။ တစ်ချက်မှတောင် လစ်လို့မရဘူး။ မြချိုရီ တော်တော်စိတ်ပျက်သွားပြီး ဟိုမရောက် ဒီမရောက် စကားအနည်းငယ်ပြောပြီးလျှင် ပြန်ဖို့ထပါသည်။ အိမ်ပေါက်ဝကို လိုက်ပို့သော နရဏီ့ကိုတော့ ...

"အကယ်၍ နရဏီ သင်တန်းတစ်ခုခု တက်ချင်လာတယ်ဆိုရင်၊ ဒါမှမဟုတ်ပေါ့၊ နိုင်ငံခြားဘာသာစကား ဒီပလိုမာတစ်ခုခု သင်ချင်စိတ် ဖြစ်လာတယ်ဆိုရင် ချိုရီ ကူညီလို့ရတယ်နော်။ နရဏီ့ဆီမှာ ချိုရီ့ကို ဆက်သွယ်လို့ရမဲ့ဖုန်းနံပါတ် ပေးထားတယ်နော်၊ လိုအပ်ရင် ဆက်လိုက်။ ချိုရီ အိမ်မှာမရှိလည်း ပြောထားခဲ့လို့ ရတယ်။ ချိုရီ ပြန်ဆက်မယ်"

ဟု သံယောဇဉ် မကုန်စွာ ပြောမိသည်။

နရဏီ တွေတွေလေး ခေါင်းညိတ်ပြီး လက်ပြကျန်ခဲ့ပါသည်။ လက်ဖဝါးတစ်ဖက်ထဲမှာတော့ စာရွက်ခေါက်လေးကို ကျစ်နေအောင် ဆုပ်ကိုင်ထားသဖြင့် ချွေးတွေဖြင့် စာရွက်မှာ နွမ်းအိနေလောက်ပြီ။

အန်တီအဲလစ်(စ)ကတော့ လက်ပိုက်စောင့်ကြည့်နေပြီးလျှင် ...

"အင်း ... မောင်နေ ပြောတာလည်း ဟုတ်တော့ဟုတ်သား။ အဲဒီလို တစ်ခါအခွင့်အရေး ပေးလိုက်ရင် နောက်ဆက်တွဲ ရောက်လာမှာတွေ ရှိတယ်ဆိုတာ ဟုတ်သားပဲ။ ခုတော့ ဒီကောင်မလေး ထပ်ရောက်လာပြန်ပြီ၊ ဟိုဟာမြှောက်ပေး ဒီဟာမြှောက်ပေး လုပ်လာပြန်ပြီ"

"သူ မြှောက်ပေးတိုင်း ဏီက စိတ်ပါရမှာလား"

"တခြားသူ ဆိုရင်တော့ ဘယ်အလွယ်တကူ စိတ်ပါ,ပါ့မလဲ။ ဏီကတော့ အိမ်မှာ အကျဉ်းကျခံနေရတဲ့သူဆိုတော့ စိတ်ပါဖို့ လွယ်တယ်လေ"

"ဏီ့ကို အိမ်မှာ အကျဉ်းကျခံရတယ် မြင်လည်း အန်တီအဲလစ်(စ) ကူညီပါလား။ တစ်ခါတလေ ကိုကြီး လက်ခံလာအောင် တချို့ကိစ္စလေးတွေမှာ ဝင်ကူပြောပေးပါလား"

"မောင်နေ စိတ်ထိခိုက်လာမှာကို သနားနေလို့ပါ"

နရဏီသည် စကားဆက်ပြောဖို့ စိတ်မပါတော့ပဲ ခေတ်ပုံတစ်ထပ်နှင့်အတူ နာရီကို ဘူးလေးထဲ ပြန်ထည့်ယူလိုက်ကာ ဏီ့အခန်းထဲ ဝင်လာခဲ့သည်။ ဒီတော့ အန်တီအဲလစ်(စ) အိမ်ရှေ့မှာပဲ ကျန်ရစ်ပြီး ခုနက မဂ္ဂဇင်းကို ပြန်ကောက်ဖတ်နေသည်။

နရဏီမှာကား ကိုယ့်အခန်းကျယ်ကြီးထဲ ကိုယ်နေနေရပြီး တံခါးသော့ဘုကို အတွင်းက လော့(ခ)လုပ်ထားပြီးတာတောင် လုံသည်ဟု မထင်ပဲ စာကို ဖတ်ရမှာ လန့်နေသည်။ တစ်သက်မှာ တစ်ခါမှ စာကိုခိုးမဖတ်ဖူးပါ။ နရဏီ့ကို သဘောကျစိတ်ဝင်စားပြီး စာပေးဖူးသော (စာတိုက်ကတစ်ဆင့် ပို့တာမျိုး၊ ခုလို လူကြုံတစ်ဆင့် ပို့တာမျိုး)တွေ ရှိခဲ့ဖူးပေမဲ့ အဲဒီတုန်းကတော့ ခိုးတောင်မဖတ်ကြည့်မိခဲ့။ လက်ထဲရောက်လာတာနဲ့ ကိုကြီးပင် မသိလိုက်စေရ။ လွှင့်ပစ်ထားပြီးသား ဖြစ်နေခဲ့သည်။ အန်တီအဲလစ်(စ)တော့ သိပေမဲ့ သူ့ရှေ့မှာတင် ဏီက အမှိုက်ပုံးထဲပစ်ရင်ပစ် လုပ်သဖြင့် သူလည်း ကိုကြီးကို တကူးတက မပြောပြနေခဲ့ဖူးပါ။ အခုကျမှ ဏီက ဒီစာတစ်စောင်ကိုဖြင့် တုန်လှုပ်ချောက်ချားစွာ လက်ခံမိခဲ့တာ။ ဖတ်ကြည့်ချင်နေတာ။ စွန့်စားပြီး လက်ထဲယူထားလိုက်ချင်တာ။

"နရဏီ ...

ဏီ့ကို ချစ်မိတယ်"

အမယ်လေး ... ဘုရားရေ ... စစချင်းကို ဒီစကားနဲ့ စ,တော့တာပဲ။ ဏီသည် သူပဲ အနားလာပြောနေသည့်အလား ခံစားလိုက်ရပြီး၊ ရင်ဘတ်ထဲမှာ အသံကျယ်ကြီးဖြင့် တထုတ်ထုတ် မြည်နေတော့သည်။ ဏီ အောက်က စာကြောင်းလေးတွေကို ဆက်ဖတ်မိပါသည်။

"ကိုယ်နှလုံးသားထဲမှာလည်း ချစ်တယ် ဆိုတဲ့ အသံနဲ့ ဏီ ကြားအောင် ပြောချင်ပါတယ်။ ဒါပေမဲ့ ပြောခွင့်မကြုံလို့ စာနဲ့ပဲ ရေးပြောရတယ်။ နှလုံးသားမှာ ချစ်တယ်လို့ ပြောသလိုပဲ ကိုယ့်အသိဉာဏ်ထဲမှာတော့ ဏီ့ကို ချစ်ခွင့်ရချင်စိတ် ဖြစ်လာတယ်။ ပိုင်ဆိုင်ချင်တယ်။ လက်တွဲချင်တယ်။ ကိုယ့်ရဲ့ဘဝအဖော် ဖြစ်စေချင်တယ်၊ အခက်အခဲတွေ ဘာပဲရှိရှိ ဘယ်သူတွေတားတား ကိုယ် ဏီ့ဆီရောက်အောင် လာတော့ လာချင်ပါရဲ့။ ဒါပေမဲ့ ကိုယ် ဒီလို မိုက်ရူးရဲ လုပ်လိုက်ရင် ဏီ ပိုပြီးစိတ်ဆင်းရဲရအောင် အချုပ်အနှောင် ခံရအောင် လုပ်သလို ဖြစ်မှာလည်း စိုးရိမ်တယ်လေ ...

ဘာပဲဖြစ်ဖြစ် နရဏီ ဆိုတဲ့ မိန်းကလေးကို ဩဇာ ဆိုတဲ့ ကျွန်တော်က ချစ်တယ် ဆိုတာ အသိပေးပြီးပါပြီနော်။ ဏီ စဉ်းစားပေးပါ။ ဏီ့ရဲ့အဖြေဟာ အဖြူပဲဖြစ်ဖြစ် အမည်းပဲဖြစ်ဖြစ် ကိုယ် လက်ခံပါတယ်။ ဘာအဖြေ

ပဲရရ ဏို့ အဖြေကို ကိုယ်လိုချင်ပါတယ်၊ ကိုယ့်ကို ဆက်သွယ်ချင်ရင် အိမ်ဖုန်း(------)နဲ့ ဆိုင်ဖုန်း(-----)ကို ဆက်သွယ်လို့ ရပါတယ်၊ အဟဲ ... Mobile ဖုန်းတော့ မရှိပါဘူး ဏီရယ်။ ကိုယ် အိမ်မှာမရှိရင် ဆိုင်မှာ ရှိတတ်တယ် ...

ဏီ့ကို သိပ်ချစ်တာပဲ ...

သြဇာ"

နရဏီသည် စာကို အစအဆုံး နောက်တစ်ခေါက် ပြန်ဖတ်လိုက်မိပါသည်။ ဏီ တကယ် အလွတ်ပင် ရသွားပါသည်။ နောက်တော့ ... အင်း ... နောက်တော့ပေါ့။ ဏီ့ရဲ့စက္ကန့်တိုင်း မိနစ်တိုင်း နာရီတိုင်း နေ့ရက်တိုင်းမှာ အဲဒီစာထဲက စာကြောင်းလေးတွေပဲ ကြီးစိုး လွှမ်းခြုံရတော့တာပါ။

# အပိုင်း(၂)

## (ရင်ခုန်သံများ)

## ၇

"ဏီ ကွန်ပျူတာသင်တန်း တက်ချင်တယ် ကိုကြီး"

တစ်ခုသော မနက်ခင်းမှာ နရဏီသည် အစ်ကိုဖြစ်သူနှင့် မနက်စာ ကော်ဖီ မုန့် အတူတူစားရင်း စပြီးပြောလိုက်ပါသည်။ ထိုအသံသည် တိတ်ဆိတ်နေခဲ့သော ကော်ဖီဝိုင်းကို စတင်လှုပ်နှိုးလိုက်သလိုပင်။

ဒေါ်အဲလစ်(စ)ကတော့ ဒါ ဟိုကောင်မလေးစနက်ပဲလို့ ချက်ချင်းသိလိုက်ပေမဲ့ ဝင်မပါခဲ့ပါ။ ပြောလေ … သူ့အစ်ကို သူ ရအောင်ပြော။ ရအောင်ပြောဖို့က သူ့တာဝန်ပဲ၊ လိုက်စောင့်ရှောက်ဖို့က ကိုယ့်တာဝန်။

"ဘာဖြစ်ရပြန်တာလဲ နရဏီ။ ဟိုတလောကလည်း မသွားဖူး သွားရတဲ့ ဆရာကန်တော့ပွဲ ပေးသွားပြီးပြီလေ။ အခု ဘယ်လိုဖြစ်ရပြန်တာလဲ၊ ဘာစိတ်ကူး အကြံဉာဏ်တွေ ရပြန်ပြီလဲ"

"ဏီ စာအုပ်တွေထဲမှာလည်း တွေ့တွေ့နေတယ်၊ ဖတ်သမျှ ဂျာနယ်တို့ မဂ္ဂဇင်းတို့ပေါ့။ ပြီးတော့ ဗီဒီယိုတွေထဲမှာ ရောပဲ တွေ့တယ်။ သူတို့ပြောတဲ့ပုံက ကွန်ပျူတာမတတ်လို့ မဖြစ်တဲ့ပုံပဲ။ ပြီးတော့ သူတို့ ရေးပြပြောပြနေတဲ့ e-mail တွေ internet တွေ Google ဆိုတဲ့ website ဆိုလား ဘာလား အဲဒါတွေ ဏီ ဘာမှမသိဘူး။ တုံးကြီးလို ဖြစ်နေတယ်။ တစ်ခါတလေ တချို့ဝတ္ထုတွေမှာ ရေးသာရေးပြနေတာ ဏီ ဘာမှမသိတော့ ဝတ္ထုကိုတောင် နားမလည်သလို ဖြစ်သွားတယ်၊ အဲဒါကြောင့် ဏီ နည်းနည်းတော့ သင်တန်းတက်ကြည့်ချင်တယ်"

"သိသွား တက်သွားတော့ရော ဘာလုပ်လို့ ရမှာလဲ၊ နင်က သူများလို အလုပ်ထွက်လုပ်ရမဲ့လူမှ မဟုတ်တာ"

"ဏီ ပြောပြီးသားလေ၊ အဲဒီပညာရပ်ဟာ ဘာလဲဆိုပြီး သိထားချင်လို့ပါ၊ ပြီးတော့ အမှန်အတိုင်း ပြောတာ သိလား။ ဏီ တစ်နေ့ တစ်နေ့ အိမ်မှာ စာဖတ်လိုက်၊ DVD ကြည့်လိုက်၊ သီချင်းနားထောင်လိုက် လုပ်ရတာကို ပျင်းတယ်၊ ကွန်ပျူတာ တက်ထားရင် ကြည့်ပြီးလုပ်ချင်တာ လုပ်ရတာပေါ့။ သူတို့ပြောတယ် Internet လုပ်တတ်ရင် တခြားနိုင်ငံက အကြောင်းအရာတွေ လျှောက်ကြည့်လို့ ရတယ်တဲ့"

နရဏီမှာ ထုံးစံအဝိုင်းပင် အခွင့်အရေးအသစ်တစ်ခုရဖို့အရေး အမြှုပ်ထွက်မတတ် ပြောနေရပါသည်။ ကိုယ်က ငွေကြေးမတတ်နိုင်တာလည်း မဟုတ်။ မသွားနိုင် မလာနိုင်တာလည်း မဟုတ်။ ဉာဏ်ရည်မမီတာလည်း မဟုတ်ပါဘဲ ဒီပညာကို သွားသင်ချင်တာ သင်ခွင့်မှ ရပါ့မလား ဆိုပြီး စိတ်ပူချွေးပြန်နေမိသည်။

နေသူရိန်ကလည်း လူအ,တော့ မဟုတ်။ ကိုယ်တိုင်ကုမ္ပဏီဖွင့်ပြီး အလုပ်လုပ်နေတာမို့ လည်တော့ လည်သည်။ သူ့ညီမ အခုမှ အခွင့်အရေးတွေ မရ,ရအောင် တောင်းဆိုနေသည်ကို လုံးလုံးမသကာပါ။ သံသယတော့ ရှိပေမဲ့ ခုထိတော့ ဘယ်နားမှာမှ ဟာကွက်မတွေ့သေး၍ စောင့်ကြည့်နေတာပါ။

နေသူရိန် ဘာမှမပြောတော့ဘဲ သူ့အတွက် ဖျော်ထားသော မိုင်လိုကို အပြီးသောက်ကာ ထ,ရပ်လိုက်လျှင်ပဲ နရဏီသည် မျက်လုံးကြီးတွေပိုင်းပြီး လိုက်မော့ကြည့်ရှာသည်။

အစ်ကိုဖြစ်သူက ဘာမှအဖြေမပေးဘဲ ထွက်သွားသောအခါ မျက်ရည်တစ်စက် ပေါက်ခနဲ ကျသွားတော့သည်။ ဖေဖေ မေမေတို့သာ ရှိခဲ့ရင် နရဏီဘဝ ဒီလိုမျိုး အကျဉ်းကျရမှာ မဟုတ်။ ဒီလိုမျိုး အိမ်တွင်းအောင်းပြီး ဘာမှ မသိနားမလည်တဲ့ တော်ကြီး ဖြစ်ရမှာ မဟုတ်။ အခုတော့ ဖေဖေနဲ့ မေမေဟာ ကိုကြီးနဲ့အတူ ကိုကို စိတ်ချလက်ချ ထားခဲ့တာပဲလား။

ဒါမှမဟုတ် စိတ်မချဘဲ ထားခဲ့ရသလား။ ဇာတိသည် မရှိတော့သော မိဘများကို တမ်းတပြီး တိုင်တည်မိသည်။ ဒီလိုဘဝကြီးထဲမှာ ဘယ်လောက်ထိ ကျင်လည်ရမှာလဲ၊ ဘယ်လောက်ထိ စိတ်ဆင်းရဲရဦးမှာလဲ။

ဒေါ်အဲလစ်(စ)ကတော့ ခုတလောမှာ နရဏ်ကို သူမလည်း ကိုယ်ချင်းစာ ကရုဏာသက်မိလေရာ သနားပြီး ဘယ်လိုလုပ်ပေးရမှန်းလဲ မသိ ဖြစ်နေသည်။ ဒေါ်အဲလစ်(စ)က ဒီ အိမ်မှာ နရဏ်ရဲ့ ဘော်ဒီဂတ်၊ နရဏ်ရဲ့ ဒရိုင်ဘာ၊ နရဏ်ရဲ့ ကိစ္စမှန်သမျှ တာဝန်ယူရသူ တစ်ဦးပမာ နေနေရပေမဲ့ တကယ့် တကယ်မှာတော့ ဆွေမျိုးသားချင်းတစ်ဦးလောက်နီးပါးလည်း ဖြစ်နေပြီ။ နရဏ် မိဘတွေ ဒီသားအကြီး နေသူရိန် မွေးပြီး ငါး နှစ်သားမှာ ဒေါ်အဲလစ်(စ) ဒီအိမ်ရောက်လာတာ ဖြစ်သည်။ နရဏ်မိခင် မနှင်းနှင်းနှင့် ဒေါ်အဲလစ်(စ)က အသက်ရှစ်နှစ်မျှကွာ ပါသည်။ ဒေါ်အဲလစ်(စ)ကို သာသနာပြုအဖွဲ့တစ်ဖွဲ့က တည်ထောင် ထားသော မိဘမဲ့ကျောင်းမှ ဝန်ထမ်းအဖြစ် သိကျွမ်းခင်မင်ပြီး...

"အကယ်၍ အပြင်မှာ အလုပ်ထွက်လုပ်ချင်တယ်၊ ကလေး ထိန်း နာနီ အလုပ်မျိုး လုပ်ချင်တယ်လို့ စိတ်ကူးမိခဲ့ရင် မနှင်းတို့ကို သတိရပါနော်၊ မနှင်း သားကြီးကို ပြုစုစောင့် ရှောက်ဖို့ လူလိုတယ်၊ သားကြီးမှာ မွေးရာပါ နှလုံးအား နည်းတဲ့ ရောဂါပါတော့ သူက သိပ်ချူချာတာ မနှင်းက

လည်း စီးပွားရေး ထွက်လုပ်ရတာမို့ သူ့ကို စိတ်မချ လက်မချ အိမ်မှာထားထားခဲ့ရတော့ အလုပ်က မတွင်ကျယ်ဘူး ဖြစ်နေတယ်။ အဲလစ်(စ)က မိဘမဲ့ကလေးတွေ ပြုစုနေတာ သိပ်တော်တာပဲလို့ မြင်ရတော့ သားကိုလည်း ပြုစုပေးစေချင်လိုက်တာလို့ တွေးမိလို့ပါ"

သူတို့မိသားစု ဒီမိဘမဲ့ကျောင်းမှာ မကြာခဏ အလှူလာလုပ်တိုင်း ဒေါ်အဲလစ်(စ)နှင့် ဆုံရပြီးလျှင် တစ်ရက်မှာ ဒေါ်နှင်းနှင်းက အားလည်း အားနာဟန်၊ သို့သော် အကူအညီလည်း တော်တော့်ကို လိုအပ်နေဟန်ဖြင့် ပြောလာခဲ့တာ ဖြစ်ပါသည်။

ဒေါ်အဲလစ်(စ)သည် အမှန်တော့ သူမကိုယ်တိုင်လည်း မိဘမဲ့ကလေးတစ်ယောက် ဖြစ်ခဲ့ကာ ဒီကျောင်းမှာမွေး၊ ဒီကျောင်းမှာကြီး၊ ဆယ်တန်းသုံးခါကျပြီးသောအခါ ဒီကျောင်းရဲ့ဝန်ထမ်း ပြန်ဖြစ်လာခဲ့သူပင်။

တစ်သက်လုံး ဒီကျောင်းထဲမှာပဲ ကျင်လည်ခဲ့ရသော ဘဝကို အခါများစွာတွေမှာ ပျင်းရိငြီးငွေ့နေခဲ့သူ ဖြစ်လေရာ အပြင်ထွက်ခွင့် ရချင်နေသည်။ အပြင်အလုပ်ကို လုပ်ကြည့်ချင်နေသည်။ ပြီးတော့ စိတ်သဘောထား ကောင်းလှသော လင်မယားနှင့် အမြဲတမ်း အနွေးထည်လေးဝတ်ပြီး ငြိမ်ထိုင်နေတတ်သော ကလေးလေးရဲ့ မိသားစုထဲကို ဝင်ကြည့်ချင်သည်။ မိသားစုတစ်စုနှင့် အတူနေခွင့်ရသော ဘဝကို သူမ တော်တော်မက်မော

သွားခဲ့မိသည်။ ဒါနဲ့ပဲ နှစ်ခါမြောက် ဒေါ်နှင်းနှင်း စကားကမ်း လှမ်းပြီးသောအခါ ဒေါ်အဲလစ်(စ)သည် ဂေဟာအုပ်ချုပ်ရေးမှူး ထံမှာ ခွင့်တောင်းပြီးနေပြီ။ ဒါနဲ့ပဲ ကိုယ်နဲ့ ကိုးကွယ်သော ဘာသာချင်း မတူတဲ့ မိသားစုတစ်စုအတွင်းကို ကလေးထိန်း နာနီအဖြစ် ဝင်ရောက်လာခဲ့ပါသည်။

အဲဒီကစပြီး ဒေါ်အဲလစ်(စ)ဟာ ဦးမြတ်မင်း ဒေါ်နှင်း နှင်းတို့အိမ်မှာ အခြေကျသွားခဲ့ပါသည်။ သမီးလေး နရဏီကို နေသူရိန် အသက်ဆယ့်သုံးနှစ်ကျမှ ဒေါ်နှင်းနှင်း ထပ်မွေးတော့ လည်း ဒီကလေးကလည်း ဒေါ်အဲလစ်(စ)လက်ပေါ်မှာ ကြီးခဲ့ရ တာပါ။ နို့မထွက်သဖြင့် နို့ဘူးတိုက် မွေးရသော နရဏီသည် ဒေါ်အဲလစ်(စ)နဲ့ပဲအိပ်၊ ဒေါ်အဲလစ်(စ)ပဲ ညနို့ဘူးထတိုက် ပြုစုပေး ခဲ့ရသော ကလေးပဲဖြစ်သည်။

ဒီလို သူ့ဟာနဲ့သူ အဆင်ပြေနေခဲ့သော မိသားစု လေးထဲကို ကံကြမ္မာဆိုး ဝင်ရောက်ခဲ့ချိန်က နရဏီ ဆယ်နှစ် သမီးကျမှသာ။ ဒေါ်နှင်းနှင်းတို့သာ ရှိသေးရင် နရဏီ ဒီလိုအနစ် နာခံပြီး နေစရာလည်း မလို။ အစ်ကိုဖြစ်သူအကြိုက် လိုက်ပြီးနေ ပေးစရာ မလို။

ဒေါ်အဲလစ်(စ) အိမ်ရှေ့ခန်းမှာထားသော ပန်းအလှ ထိုး အိုးကြီးထဲ ပန်းတွေထိုးပြီး သယ်လာသောအခါ နေသူရိန် တစ်ယောက် Satellite တီဗီကြည့်နေပါသည်။

"အန်တီအဲလစ်(စ)"

"ပြော ... မောင်နေ၊ ဘာဖြစ်သလဲ"

"နရဏီ မူပျက်နေတယ်လို့ ထင်လား"

"မထင်ပါဘူးကွယ်"

"ဘာလို့ မထင်ရမှာလဲ၊ သူ ဟိုတစ်ခါ ဆရာကန်တော့ပွဲသွားပြီးကတည်းက မြချို့ရီ ဆိုတဲ့ ကောင်မလေးနဲ့ တော်တော် အဆက်အသွယ် ရှိလာတယ်လေ။ အိမ်ကို ဖုန်းစ, ဆက်တာ နှစ်ခါရှိပြီ"

"သြော် ... ဒါတော့ သူလည်း မိန်းကလေးသူငယ်ချင်းလိုအပ်မှာပေါ့ မောင်နေရယ်၊ ဖုန်းပြောလည်း မင်းတခြားဖုန်းတစ်လုံးနဲ့ တီတက်တီတက်မှာထောင်တာပဲ၊ သူတို့ ဘာမှ မရိုးသားတဲ့ မပြောကြဘူး မဟုတ်လား"

"ဘာမှတော့ မရိုးသားတာ မပါပါဘူး၊ ဒါပေမဲ့ ဟိုကောင်မလေးပြောတဲ့ အလုပ်အကြောင်း၊ သူငယ်ချင်းတွေနဲ့ ချောင်းသာ ငပလီ ခရီးထွက်တဲ့အကြောင်း၊ အလှပြင်ဆိုင်တစ်နေကုန်သွားပြီး ခြေဆုံးခေါင်းဆုံး လက်သည်းကအစ အလှပြင်တဲ့အကြောင်း၊ အိမ်မှာစက်ရှိရက်နဲ့ ရုပ်ရှင်ရုံသွားပြီး ရုပ်ရှင်ကြည့်တဲ့အကြောင်းတွေကို နရဏီ ကြားရဖန်များတော့ အားကျလာပြီပေါ့။ အဲဒီလို အားကျအောင် တမင်ပဲ ပြောပြနေသလိုလိုပဲ"

ဒေါ်အဲလစ်(စ)သည် အမြဲတမ်း တစ်ယူသန်ကြီး ပြောလျက် နရဏီကို ကြံဖန် သံသယဖြစ်ဖို့သာ စိတ်ကူးသော နေသူရိန့်ကို ရိုးနေပြီမို့ ဘာမှပြန်မပြောတော့ပါ။ စားပွဲပေါ်ချပြီး သော ပန်းအိုးထဲမှ Tulips ပန်းအဝါနှင့် အဖြူပွင့်တို့ကိုသာ မျက်စိပသာဒဖြစ်အောင် စီစဉ်ပြင်ဆင်နေလိုက်ပါသည်။

"အခုလည်း ကွန်ပျူတာသင်တန်း တက်ချင်လာပြီလေ"

"မင်း ပေးမတက်ခိုင်းဘူး မဟုတ်လား။ ဒါဆို ပြီးတာပဲ၊ သူ့ အပြင်သွားစရာလည်း မလိုဘူးပေါ့"

"ကျွန်တော် ပေးမတက်ခိုင်းရင် သူ့အတွက် အမှားလုပ် လိုက်သလို ဖြစ်သွားမလား"

"အဲဒါ မင်းဘာသာ ဆုံးဖြတ်ပါ"

"ကျွန်တော့်ကြောင့် သူ့ငတုံးအေ့ကြီး ဖြစ်သွားမလား"

ဒေါ်အဲလစ်(စ)မှာ စိတ်ကုန်သဖြင့် ပြန်ကိုမဖြေ တော့။ တကယ်ဆို ကျောင်းပြီးကတည်းက ကုမ္ပဏီမှာ ဝင်လုပ် ခိုင်းသင့်တာ။ လုပ်ငန်းအတွေ့အကြုံရအောင် လုပ်ခိုင်းသင့်တာ။ ခေါ်သွားသင့်တာ။ ဘာဖြစ်လဲ ကိုယ်လည်း ဒီရုံးခန်းထဲမှာ ညီမ လည်း ဒီရုံးခန်းထဲမှာ အပြင် ငါလည်း သူ့ညီမနား တစ်ဖဝါး မခွာ နေဦးမှာပဲ။ ဘာစိတ်မချစရာရှိလဲ။ ဘာပေးမလုပ်ချင်စရာ ရှိလဲ။

"အန်တီအဲလစ်(စ) လုပ်ပါဦးဗျာ၊ တစ်ခုခု အကြံပေးပါဦး။ ကျွန်တော့်ခေါင်းထဲ ပူလာပြီ၊ အသံဗလံတွေ ဆူညံလာပြီ။ နရဏ်ကိုကိစ္စ ခေါင်းပူအောင် တွေးမိရင် အမြဲ ဒီလိုပဲ"

ထိုသို့ ကြားလိုက်ရတော့ ဒေါ်အဲလစ်(စ)မျက်လုံးပြူးသွားပါသည်။ မောင်နေက စိတ်ညစ်ခံလို့ မဖြစ်ဘူးလေ။

"ကဲပါ ... ကဲပါ၊ စိတ်အေးအေး ထားလိုက်ပါကွယ်၊ မင်း, သူ့ကို ကွန်ပျူတာသင်တန်း မတက်စေချင်ဘူး မဟုတ်လား။ အေး ... မတက်ခိုင်းနဲ့၊ ပြီးပြီ"

"အကြံပေးပါဆိုမှ ကျွန်တော် ပြောထားတဲ့အတိုင်းပဲ ပြန်ပြောနေတာ။ တခြားအကြံလေးများ ထွက်လာမလားလို့"

"မင်းက မင်းညီမကို တေးအေ,လည်း ဖြစ်မှာ စိုးရိမ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုရင် မင်း ဘာကြောင့် အလုပ်ထဲ မထည့်သေးလဲ၊ မင်းနဲ့ အတူတူ ရုံးခန်းထဲ လိုက်ခိုင်း။ သင်စရာရှိတာ သင်ပေး။ မင်းရုံးခန်းထဲမှာရှိတဲ့ ကွန်ပျူတာရှိတဲ့ မိန်းကလေးဆီမှာ လေ့လာသင်ယူခိုင်း။ အဲဒီမိန်းကလေးကိုတော့ နရဏ်ကို သင်ပေးခ,အဖြစ် လခပိုပေးလိုက်။ သူ ကွန်ပျူတာ Knowledge ရသင့်သလောက် ရသွားရင် Accounting

ဘက်ထည့်ပြီး လောလောဆယ် လုပ်နေတဲ့ အမျိုးသမီးဆီမှာ ပညာယူခိုင်း၊ အဲဒီလိုလေး ကိုယ့်မျက်စိရှေ့မှာပဲထား၊ ပညာတချို့လည်း လေ့လာခိုင်း၊ ဝန်ထမ်းတွေနဲ့ လူမှုဆက်ဆံရေးလေး ဘာလေး ပြောခိုင်း ဆိုခိုင်း လုပ်ပေးလိုက်ရင် သူ ငတုံးအေ့ကြီး ဘယ်ဖြစ်တော့မလဲ။ အခုတော့ အန်တီဝေဖန်ရရင် နရဏီဟာ ဘာဆို ဘာမှမသိတဲ့ ခပ်တုံးတုံး ခပ်အအ မိန်းကလေး ဖြစ်နေပြီ။ သူ့ဘဝမှာ နံရံတွေနဲ့ ကာထားတဲ့ အိမ်တစ်အိမ်ထဲမှာပဲ တစ်နေ့ တစ်နေ့ ကုန်ဆုံးနေရတယ်လေ။ သေချာတယ်၊ သူ့ကို လူတစ်ယောက်က ရိုးရိုးလေး လိမ်ရင်တောင် အလိမ်ခံရလိမ့်မယ်၊ သူ့အတွက် စိုးရိမ်စရာပေါ့"

ဒေါ်အဲလစ်(စ) စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်သောအခါ နေသူရိန်မှာ ငူငူငေါင်ငေါင်နှင့်။ လက်ဖဝါးချင်းပွတ်လိုပွတ်။ အင်္ကျီအိတ်ထဲက နာရီကို အဓိပ္ပာယ်မရှိ ထုတ်ကြည့်လိုကြည့်။ ကော်ဇောခင်းကို ခြေမနှင့် ထိုးကြည့်လိုကြည့်။ သူ့ဘယ်လက်သူကြွယ်မှာ စွပ်ထားသော ရွှေးစိန်နဲ့ လုပ်ထားသည့် စိန်လက်စွပ်ကြီးကို ကြည့်လိုကြည့်နှင့်။ နဖူးပြင်မှာ ချွေးပင်စို့လာတာလည်း တွေ့နေရသည်။ ဒီလောက် ပြဿနာလေးကိုပဲ အကြီးအကျယ် စိတ်ပူပင်သောက ကြီးနေပုံမှာ ပုံမှန်မဟုတ်တော့။

"မောင်နေ ... နေမကောင်းတော့ဘူးလား။ သွား အနားယူရင် ယူလေ၊ မင်းအတွက် ပေးထားတဲ့ ဆေးတွေရော သောက် ရဲ့လား"

"သောက်ပါတယ်၊ ကျွန်တော် ကိုယ့်ကျန်းမာရေးတော့ ကိုယ်ဂရုစိုက်ပါတယ်"

"အေး ... အေး၊ မင်းကိုယ်မင်း ဂရုစိုက်မှဖြစ်မှာ။ မင်း၊ ညီမလေးက မင်းပဲ အားကိုးနေရတာ"

"ဟုတ်တယ်၊ နရဏီက ကျွန်တော့်ပဲ အားကိုးနေရတယ်။ ကျွန်တော် သူ့ကို ဘာမှမသိ မတတ်တဲ့ ပုံစံနဲ့ ထားထား လို့ မဖြစ်ဘူး။ သူ ဘာမှမသိမတတ်ရသေးဘဲ ကျွန်တော် သူ့ကို ထားခဲ့ရမှာ ကြောက်တယ်၊ ကျွန်တော့်ညီမလေး ဒုက္ခရောက်လိမ့်မယ်။ လူလိမ်နဲ့ကြုံပြီး သူ့အမွေတွေ လက် ဝါးကြီးအုပ် ခံရလိမ့်မယ်၊ သူ့ကို သိုက်တူးလို့ တူးမှန်း မသိခံရလိမ့်မယ်၊ ဒုက္ခပဲ ... ဒုက္ခပါပဲ"

နေသူရိန်သည် ပါးစပ်မှ ကယောင်ကတမ်းတွေရွတ် ပြီး ဆံပင်တွေထဲ လက်နှစ်ဖက်ဖြင့် ထိုးဖွနေသည်။ ဒူးပေါ် တံတောင်တင်ပြီး လက်ဖဝါးထဲ မျက်နှာကိုအုပ်ကာ ထပ်ခါ ထပ်ခါ အော်နေသည်။ ဒေါ်အဲလစ်(စ)မှာ ငါပြောလိုက်မိတာ မှားသွား ပြီထင်တယ်လို့ တွေးလျက် ...

"မောင်နေ ... မောင်နေ ... စိတ်ထိန်းလေ၊ စိတ်ထိန်း၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲ"

"စိတ်ချ ... စိတ်ချ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ညီမလေးကို စကားပြောချင်တယ်၊ သူ့ကိုပဲ ခေါ်ပေးပါ"

"မင်း ... ခေါင်းသိပ်မကြည်ရင် နောက်မှပြောလေ"

"မဟုတ်ဘူး၊ ခုပဲ ပြောမယ်"

ဒေါ်အဲလစ်(စ) အလျှင်အမြန်ပဲ နရဏီကို လိုက်ရှာရသည်။ ဒီအိမ်ကြီးမှာ အိပ်ခန်းခြောက်ခန်း ရေချိုးခန်း အိမ်သာတွဲရက် သုံးခန်း၊ ဘုရားခန်း သီးသန့်တစ်ခန်း၊ ဧည့်ခန်းကျယ်နှစ်ခန်းနှင့် ထမင်းစားခန်း သီးသန့် မီးဖိုချောင် သီးသန့်အကျယ်ကြီးတို့ ရှိလေရာ လူ့တစ်ယောက်ရှာဖို့ဆို ချက်ချင်းရှာမရ။ အော်ခေါ်ပြီး ရှာရတာမျိုးလည်း နေသူရိန်က လုံးဝမကြိုက်သဖြင့် တားမြစ်ပိတ်ပင်ထားရာ အော်ခေါ်ပြီးလည်း မရှာရဲ။

ဒါနဲ့ပဲ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာသောအခါ နောက်ဆုံးမှာ နရဏီကို အခန်းငယ်လေးတစ်ခန်းထဲမှာ ငြိမ်ငြိမ်လေး ထိုင်နေခဲ့သည်ကို တွေ့လိုက်ရပါသည်။ ထိုအခန်းထဲမှာ ဘာမှမရှိဘဲ လှုပ်ကုလားထိုင် ကြိမ်ခုံလေး၊ လေးလုံးနှင့် စားပွဲလေး တစ်လုံးသာ ရှိပါသည်။ အိမ်မှာ လူကနည်းလှသလို ဧည့်သည် ဆောင်သည်လည်း နည်းလှလေရာ အခန်းလွတ်တော်တော်များများတို့မှာ မသုံးဖြစ်သကဲ့သို့ ဖြစ်နေတတ်သည်။

နရဏီကတော့ ဒီလှုပ်ကုလားထိုင်လေးတွေ ချထားသော အခန်းကို မကြာခဏ ရွေးချယ်ပြီး လာလာထိုင်နေတတ်သည်။ ပြတင်းပေါက်မှတစ်ဆင့် မြင်ရသော ခြံဝင်းထဲကို ကြည့်ရင်ကြည့်တတ်သည်။ တစ်ခါတလေ စာအုပ်လာဖတ်ရင် ဖတ်တတ်သည်။

"သမီးရေ ... နရဏီ၊ သမီးအစ်ကို ခေါ်ခိုင်းလိုက်တယ်ကွယ်၊ ချက်ချင်း လာရင်လာခဲ့ပါ"

"နရဏီ အိပ်နေတယ်လို့ ပြောလိုက်ပါ"

"ဟဲ့ ... ဘယ့်နှယ် ခုနေလေးတင် မနက်အိပ်ရာထ၊ အခု ပြန်အိပ်ပြီပြောရင် သမီး အစ်ကို ဘယ်ယုံပါ့မလဲ၊ သွား ... သွား ... သမီး သွားလိုက်။ သမီးအစ်ကို စိတ်သိပ်မကြည်ဘူး။ တစ်မျိုးတော့ တစ်မျိုးပဲ၊ အရင်နေ့တွေကလို မဟုတ်ဘူး သမီး။ တော်ကြာ ဆေးရုံပြန်ပြနေရဦးမယ်"

"ဩော် ... ဟုတ်လား၊ ဟုတ်လား အန်တီအဲလစ်(စ)၊ ဏီ မသိလို့ပါ။ ဏီလည်း ခုနကိစ္စကြောင့် စိတ်ထဲ ထိခိုက်မိတာနဲ့ ကိုကြီးကို စကားမပြောသေးဘူးလို့ ပြန်တုံ့ပြန်မိတာပါ"

"သွားလိုက် သွားလိုက် သမီး။ သမီးနားလည်ပါတယ်၊ သမီးက အငယ်၊ သူ့ထက် ဆယ့်သုံးနှစ် ငယ်ပေမဲ့ သူ့ကို အလျှော့ပေးနေရတာတွေ ဘာကြောင့် ရှိနေသလဲဆိုတာ သမီး သိပါတယ်"

နရဏီ ချက်ချင်းပဲ သုတ်ခနဲ ထသွားတော့ ကြိမ်ခုံလေး တဆတ်ဆတ်လှုပ်ရင်း ကျန်ခဲ့ပါသည်။ ဒေါ်အဲလစ်(စ)ကတော့ မောင်နှမနှစ်ယောက်စလုံးအပေါ် သံယောဇဉ်ကြီးခဲ့ရသည်မို့ သူတို့နှစ်ယောက်လုံးကို လှည့်ပတ် အပြန်အလှန်သနားပြီး သက်ပြင်းမောဖြင့် ငေးကျန်ခဲ့ရသည်။

ဆယ့်ငါးမိနစ်လောက် ကြာတော့ နရဏီသည် စိတ်လှုပ်ရှား တုန်ခိုက်နေသော ပုံစံဖြင့် ဒေါ်အဲလစ်(စ)ထံ ပြေးဝင်လာခဲ့ပါသည်။ နရဏီ့ မျက်လုံးထဲမှာ မျက်ရည်တွေလည်း လည်နေသဖြင့် ဒေါ်အဲလစ်(စ)မှာ တော်တော့်ကို စိုးရိမ်လျက် ...

"သမီး ... ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ပါဘူး။ ဏီ ဝမ်းသာလွန်းလို့ပါ ပျော်လွန်းလို့ပါ၊ ရင်တုန်ရလွန်းလို့ပါ"

"ဘယ်လဲကွ၊ မောင်နေ ဘာပြောလိုက်လို့လဲ"

"ကိုကြီးကလေ ဏီကို မနက်ဖြန်ကစပြီး သူနဲ့အတူ ကုမ္ပဏီရုံးခန်းကို လိုက်ရမယ်တဲ့။ ကွန်ပျူတာ သင်ချင်ရင် သူ့ဝန်ထမ်းတွေနဲ့ပဲသင်၊ အလုပ်လည်းလုပ်တဲ့။ စိတ်ဝင်စားရင် Accounting လည်း ဆက်သင်တဲ့"

"ဟုတ်လား၊ သမီးရယ် ကြားရတာ ဝမ်းသာလိုက်တာကွယ်၊ သမီး လုပ်ချင်တာ ဘာပဲဖြစ်ဖြစ် လုပ်ရတဲ့သဘောပါပဲ"

"ဒါပေမဲ့ စည်းကြီးကမ်းကြီး ထုံးစံအတိုင်း သတ်မှတ်ချက်ကြီးနဲ့ပေါ့။ အန်တီအဲလစ်(စ)ကတော့ ဏီ့အနားမှာ အမြဲနေရမယ်တဲ့။ ပြီးတော့ ဝန်ထမ်းယောကျ်ားလေးတွေနဲ့ဖြစ်ဖြစ် လာဝယ်တဲ့ Customer ထဲက ယောကျ်ားလေးတွေနဲ့ဖြစ်ဖြစ် ဘာသံညာသံ မကြားချင်ဘူး။ ကြားရင် ဒီအခွင့်အရေးတွေ အကုန်ပြန်ရုပ်သိမ်းမယ်၊ တစ်သက်လုံးပဲ သူသေတဲ့အထိ ဒီလိုပဲ နေရမယ်၊ သူသေမှပဲ လွတ်လပ်ခွင့်ရမယ်တဲ့၊ အဲဒီလိုလည်း တစ်ခါတည်းကို အမိန့်ထုတ်လိုက်တယ်"

"သမီးပျော်ရင် ပြီးတာပါပဲကွယ်"

"ဏီ ပျော်တယ်၊ ဒီလို အိမ်ထဲမှာ နေရတာထက်စာရင် ဏီ့ကို အပြင်ပေးသွားတာ ဘယ်လိုပုံစံနဲ့ပဲ သွားရ သွားရ ဏီ့အတွက် မဟာအခွင့်အရေးပါ"

နရဏီသည် ကလေးတစ်ယောက်လိုပဲ တစ်နေကုန် အူမြူးတက်ကြွနေခဲ့တော့လေသည်။

ဖဖ ဖဖ ဖဖ

## ၈

"ကိုသြဇာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ချိုရီပါ ... မချိုရီပါရှင်"

"သြော် ... မချိုရီ"

မချိုရီ အသံကို ကြားလိုက်သဖြင့် သြဇာ ကိုယ်တွေ တောင့်မတ်သွားပါသည်။ မချိုရီနဲ့အတူ နရဏီထံ ပေးလိုက်သော စာတစ်စောင်ဆီမှ ဘာတုံ့ပြန်မှုမှ မရခဲ့သည်မှာ လနဲ့ချီနေပြီ။ စကတည်းက တုံ့ပြန်မှုရဖို့ သိပ်မမျှော်လင့်ပေမဲ့ လူသားတစ်ယောက် ပီပီ နရဏီများ ဘယ်လိုပုံစံနဲ့ တုံ့ပြန်မလဲ ဆိုတာ သိချင်ခဲ့ပြန် သည်။ မချိုရီနဲ့လည်း သိပ်အဆက်အသွယ် မရှိသည်မို့ ကိုယ့် ကိစ္စတစ်ခုတည်းအတွက် တစ်ခါမှ မသိကျွမ်းဖူးသည့် မိန်းကလေး တစ်ယောက်ကို နားပူနားဆာ မလုပ်ချင်တာနဲ့ပဲ ဒီတိုင်း စိတ်လျှော့

နေခဲ့ရတာ။ ကိုယ်က ယောက်ျားကြီးတန်မဲ့ဖြစ်ရက် ကိုယ့်ထက် ငယ်သော မိန်းကလေးတစ်ယောက်ဆီက အကူအညီယူရမှာ ရှက်နေတာလည်း ပါပါသည်။

ခုတော့ အဆက်အသွယ် မရှိသော မိန်းကလေးဆီ ကဖုန်းကို လက်ခံရသည်။ ဘာကြောင့်ပဲဆက်ဆက် ဘယ်သူ့ ကြောင့်ပဲဆက်ဆက် မြရိုးရီ ဟူသော အသံကို ကြားလိုက်လျှင် ဩဇာ စိတ်ထဲမှာ နေရကျိုးကိုပဲ ပြေးသတိရသည်။

"ကိုဩဇာကို သတင်းကောင်း ပေးမလို့"

"ဟုတ်လား ... ဘာများလဲ"

"နေရကျိုးလေ ... သူ ... အခု Pine Furniture ဆိုင်ကြီး Show Room ဖွင့်ထားတဲ့ ကုမ္ပဏီမှာ အပေါ်ထပ်ရုံးခန်း မှာ အလုပ်ဆင်းနေရပြီ၊ တစ်ပတ်ရှိပြီတဲ့"

"ဟုတ်လား ... မြရိုးရီနဲ့ အဆက်အသွယ် ရှိနေပြီလား"

"ရိုးရီကပဲ နှစ်ပတ် သုံးပတ်နေ တစ်ခါလောက် ဖုန်းဆက် ဆက်ပြီး သူ့ကို အပျင်းပြေပါစေတော့ ဆိုပြီး စကားတွေ ပြောရတာပါ၊ သူ့ကြည့်ရတာ ရဲရဲမပြောရဲဘူး။ သူ့အစ်ကို ရှိတဲ့နေ့တွေဆို ရိုးရီကချည်း အပြော၊ သူက နားထောင် သမားပဲ၊ သူ့အစ်ကို ကောကနားထောင်သလား၊ တခြား ဖုန်းနဲ့ နားထောင်သလားတော့ မသိပါဘူး။ ဒိုမေ ... အဲဒါက ဘာပြဿနာမှ မရှိပါဘူး၊ ရိုးရီက ရိုးရိုးသားသား

မိန်းကလေးချင်း သူငယ်ချင်းချင်း စကားပြောကြသလိုပဲ၊ ပြောတာဆိုတော့ ဘယ်သူပဲ နားထောင်ထောင်ပါ မကြောက်ပါဘူး။ ခုတော့ မနေ့က ဖုန်းဆက်ရင်း နရဏီ ပြောလိုက်လို့ ချိုရီ သိရတာလေးကို ကိုညြဏာများ သိချင်မလားဆိုပြီး ပြန်အကြောင်းကြားပေးတာပါ"

"ကျေးဇူးပါပဲ မြချိုရီရယ်၊ အိမ်ထဲမှာ ပိတ်ခံနေရတာထက်စာရင် သူ ဒီလို ရုံးချိန်လေးမှာ အပြင်ထွက်ရတယ်ဆိုတော့ သူ့အတွက် စိတ်အပျင်းပြေတာပေါ့"

"ဟုတ်တယ်၊ အိမ်ထဲမှာပဲ နေနေရတော့ သူ့အတွက် အကျိုးယုတ်တာပေါ့၊ ဒါကြောင့် သူ အပြင်ထွက်ချင်လာအောင် သူ့အစ်ကို့ကို ပြောရဲလာအောင် ချိုရီက အလုပ်အကြောင်းတွေ တအားပြောပြောပေးတာလေ။ သူလည်း စိတ်ပါလာပြီး အစ်ကို့ကို ဘယ်လိုများ ပြောလိုက်တယ် မသိဘူး။ ခုတော့ သူ့အစ်ကိုနဲ့အတူ ရုံးခန်းတောင် လိုက်ထိုင်သွားရပြီ"

ရုံးခန်းလိုက်ရပေမဲ့ အနားမှာ အစ်ကို ရှိနေမယ်ဆိုရင် နရဏီဟာ လှုပ်တောင် လှုပ်ရဲမှာ မဟုတ်ဘူး။

"ကိုညြဏာ ချိုရီ့ကို ဘာမှာချင်သေးလဲ"

"ခင်ဗျာ ... မမှာတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ချိုရီ သူ အလုပ်လုပ်တဲ့ဆီ သွားလည်မလို့"

"ဟုတ်လား၊ ဘယ်တော့ သွားမှာလဲ"

"ချိုရီတို့ ဟိုတယ်က စနေနေ့ဆို နေ့တစ်ဝက်ပဲ ဆင်းရတယ်လေ၊ အဲဒီနေ့ကျ နေ့လယ်ပိုင်း အိမ်အပြန်မှာ သူ့ဆီ ဝင်လည်မလို့ပါ"

"ကျွန်တော် ဘာမှ လူကြုံမပါးတော့ပါဘူးဗျာ၊ သူလည်း ကျွန်တော့်ကို မေ့ရင် မေ့လောက်ပြီ ထင်တယ်၊ ပြီးတော့ သူ ဒီလို ရတောင့်ရခဲ အခွင့်အရေး ရလာချိန်မှာ ကျွန်တော့်ကြောင့် သူ့အစ်ကို အထင်လွဲပြီး သူ့ကို အပြစ်ပေးမှာလည်း စိုးရိမ်မိတယ်"

"ချိုရီ မသိမသာ မေးပေးမယ်"

"ဘာကိုလဲ"

"ကိုညြဏကို သတိရသေးလားလို့"

"ကျေးဇူးပါပဲ မြချိုရီ။ ကော်ဖောလာဝယ်ရင် မြချိုရီနာမည်သာ ပြောလိုက်၊ ဈေးရင်းအတိုင်းနဲ့ကို လျှော့ပေးမယ်"

"အမယ်လေး ... ကုန်သည်တွေက ဒီလိုပဲ၊ ပြောလိုက်ရင် ဈေးရင်းအတိုင်း လျှော့ပေးမယ်၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့။ ဟုတ်ရော ဟုတ်ရဲ့လား မသိဘူး၊ အရင်းနဲ့ပြန်ရောင်းရင် ဘယ်လိုလုပ် စီးပွားဖြစ်မှာလဲနော်"

"သြော် ... ဒါတော့ သဘောပြောတာပါ၊ အရင်းလောက်နီးပါး ရောင်းပေးမယ် ဆိုတာ အမြတ်သိပ်မယူဘူးဆိုတဲ့ သဘောလည်း ပါပါတယ်၊ တစ်မျိုးကို လေးငါးထောင် ဈေးတင်ထားတာမျိုးရှိရင် တစ်ထောင်လောက်ပဲ ဗိုယူပြီး ရောင်းပေးမယ် ပြောတာမျိုးပေါ့"

"ဘာပဲဖြစ်ဖြစ် အဲဒီလို သိရတာ ကျေးဇူးတင်ပါတယ်ရှင်။ ကဲ ... ချိုရီ ဖုန်းချပြီနော်၊ Boss အပြင်ထွက်သွားတုန်း ဟိုတယ်ကဖုန်းနဲ့ အပြင်နိုးဆက်နေမိတာ၊ ဟင်း ဟင်း ... မိရင်တော့ ပြဿနာတက်မယ်"

မြချိုရီ ဖုန်းချသွားပြီးသောအခါမှာ ဩဇာ့တစ်ယောက် မရိုးမရွ ဖြစ်လာသည်။ နရဏီ သူ့အစ်ကိုရဲ့ ကုမ္ပဏီမှာ အလုပ်ဆင်းနေပြီဟု သိလိုက်ရခြင်းသည် သူ့အတွက် အခွင့်အလမ်းတစ်ခု ပွင့်သွားသလိုပဲ ခံစားရသည်။ နရဏီကို ရုံးသွားရုံးပြန် စောင့်ကြည့်ခွင့်ကတော့ ဘာပဲဖြစ်ဖြစ် ရတော့မည်။ အရင်ကတော့ တွေ့ရဖို့ မြင်ရဖို့ ခဲယဉ်းလှသော အခြေအနေထက်စာရင် အခုဗိုပြီး တိုးတက်လာသည်ပေါ့။

ဒါပေမဲ့ သိပ်အတင့်ရဲလို့လည်း မဖြစ်။ ဦးနေသူရိန် မမြင်အောင်၊ မသိအောင်၊ မရိပ်မိအောင် နိုးကြောင်နိုးဝှက် စောင့်ကြည့်ရမည့် သဘောပင်။ ဦးနေသူရိန်က ဩဇာကို သိပြီး နေပြီ။ မြင်ဖူးပြီးနေပြီ ဆိုတော့ ဘယ်လိုမှ မမှတ်မိစရာမရှိ။

တို့အတူပဲ ဒေါ်အဲလစ်(စ)ကိုလည်း သတိထားရပါမည်။ အန်တီကြီးက နှစ်ပေါင်းများစွာ ဘော်ဒီဂတ်(တ်) လုပ်လာခဲ့သူမို့ နရဏီ အနားမှာ တရစ်ဝဲဝဲ လုပ်ကြမဲ့ ယောကျ်ားသားတို့ကို အမြဲတစေ သတိထား စောင့်ကြည့်နေခဲ့မှာပဲ။ ဩဇာကိုလည်း မှတ်မိရင် မှတ်မိမှာပဲ။

ဒီတော့ နရဏီ့နားမှာ အမိက ရှိနေနိုင်သည့် ဒီနှစ်ဦးကို အမိက ရှောင်ရှားပြီး သွားသွားစိုးကြည့်ရမည့် အဖြစ်ပင်။ ဩဇာသည် အဲဒီနေ့ ညနေပိုင်း သုံးနာရီခွဲလောက်ကတည်းက သူ လုပ်ရမည့် အလုပ်တွေ လက်စသိမ်းပြီး ဖင်တကြွကြွ ဖြစ်နေသည်။ ဆိုင်က ငါးနာရီပိတ်မှာ၊ ကုမ္ပဏီတွေကရော ငါးနာရီဆိုဆင်းသလား။ ဒါမှမဟုတ် လေးနာရီခွဲလား မသေချာ။ ကိုယ်က လေးနာရီလောက် အရောက်သွားပြီး စောင့်ကြည့်ဖို့လိုသည်။

"ကိုဩဇာ ဒီနေ့ သွားစရာရှိလို့လား"

"ရှိတယ်"

"ဒါဖြင့် ထားခဲ့လေ၊ ဒီနေ့ delivery လုပ်စရာလည်း မရှိဘူးဆိုတော့ ကျွန်တော်ပဲ ဆိုင်ပိတ်ပေးလိုက်မယ်"

"အေး ... ငါ ဒီကနေ သုံးနာရီလေးဆယ့်ငါးလောက် ပြန်မယ် မင်းနိုင်"

"စိတ်ချပါ၊ ကျွန်တော် ဆိုင်ကြည့်ပေးလိုက်ပါ့မယ်၊ သေသေချာချာလည်း တံခါးလည်းစစ်ပြီး ပိတ်ပါ့မယ်"

"မနက်ဖြန် မနက်လည်း ငါ နောက်ကျရင် နောက်ကျ လိမ့်မယ်၊ မသေချာဘူး။ ပုံမှန်အချိန်ရောက်ရင်လည်း ရောက်မယ်"

"ရပါတယ်၊ ဆိုင်ဖွင့်ထားနှင့်တာက ကျွန်တော့်အလုပ်ပဲ"

"အေး ... ဒါဆို ငါသွားပြီ"

ဿဇာ၏ ဝန်ထမ်းတွေထဲမှာ ကြီးကြပ်ရေးမှူး ဖြစ်ခန့်ထားသော မင်းနိုင်ကတော့ ဘာမှမသိရှာ။ ဿဇာ တစ်ယောက် ကိစ္စရှိ၍ ဒီလို စောစောပြန်သွားသည်ဟုပင် ထင်ပါမည်။

နေ့တိုင်းကြီး အလာနောက်ကျ၊ အပြန်စောနေရင်တော့ ဿဇာကို မေးလာမလား မသိ။ "အစ်ကို ဘယ်သွားသွားနေတာလဲ"ဆိုလာလျှင် ကိုယ့်ဝန်ထမ်း ကိုယ်ဘာမှ ကြောက်စရာ မရှိပါဘဲ လန့်ချင်လန့်နေသည်။ အမှန်အတိုင်း ပြောလိုက်ရင် သူတို့က တစ်ဆင့်တစ်ဆင့်နဲ့ ပေါက်ကြားကုန်မှာ ကြောက်လန့်တာမျိုးပါ။

ဿဇာသည် သူ လိပ်စာသိပြီးထားပြီ ဖြစ်သော ဦးနေသူရိန်ရဲ့ ကုမ္ပဏီရုံးခန်းကြီးရှိရာ အဆောက်အအုံ အမြင့်ကြီးရှေ့ကို လေးနာရီ မိနစ်ခွန်းရုံလေးမှာ ရောက်လာပါသည်။ ဆယ်ထပ်အဆောက်အအုံ အမြင့်ကြီးမှာ အများစုက ရုံးခန်းများဖြစ်သည်။ အောက်ဆုံးထပ် ခန်းမကျယ်ကြီးမှာ Pine Furniture တွေ အစီအရီ ပြထားသည်ကို ပြောင်လက်သော မှန်ချပ်ကြီးများ

မှတစ်ဆင့် လှမ်းမြင်နေရပါသည်။ ပထမထပ်မှာ Pine Furniture ကုမ္ပဏီရဲ့ ရုံးခန်းရှိပါသည်။ နောက် ကျန်တဲ့အထပ်တွေမှာတော့ Tour ကုမ္ပဏီတွေ၊ လေယာဉ်လက်မှတ် အရောင်းဌာနရဲ့ ရုံးခန်းအခွဲတွေ၊ အဆင့်မြင့် သွားဆေးကုခန်း တစ်ခန်းလည်း ရှိသေးသည်။ ဟိုအပေါ်ဆုံးထပ်မှာတော့ Coffee & Liquor Bar ဟု နီယွန်မီးလုံး အကြီးကြီးများဖြင့် ဆိုင်းဘုတ်တင်ထားသည့် ဆိုင်ကြီးတစ်ဆိုင် ရှိကြောင်း တွေ့နေရသည်။

သြဇာကတော့ ကုမ္ပဏီ အဆောက်အအုံနဲ့ မျက်နှာချင်းဆိုင်ရှိ ဆိုင်တန်းများထဲမှ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်စောင့်လိုက်သည်။ ဒီနားတစ်ဝိုက်က ကုမ္ပဏီရုံးခန်းတွေများသဖြင့် မုန့်ဆိုင်တန်းတွေလည်း အများကြီး ဖြစ်နေပါသည်။

ပထမဆုံး တစ်ရက်ကတော့ အကြောင်းမဟုတ်။ မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည်ဆိုင်လေးမှပင် ထိုင်စောင့်ကြည့်နေ၍ ရသေးသည်။ နောက်ရက် နောက်ရက်များစွာ ကျမှသာ။ သူရောက်နေတာ လေးနာရီကျော်မို့ ဘယ်အချိန် အလုပ်ဆင်းမယ်မှန်း မသိသဖြင့် မှန်းဆပြီး လှမ်းမျှော်ကြည့်နေမိပါသည်။ လေးနာရီခွဲကျော်ကျော် ဆယ်မိနစ်စွန်းစွန်းမှာတော့ Show Room အပေါက်ဝ,မှာ ပေါ်လာသည့် ဦးနေသူရိန်ကို လှမ်းတွေ့လိုက်ရသည်။

သြဇာ လန့်ဖျပ် ရင်ခုန်တုန်လှုပ်လျက် ကြည့်နေမိသည်။ ရယ်တော့ ရှယ်ရပါသည်။ သူချစ်သော မိန်းကလေးကို လာစောင့်ကြည့်တာပေမဲ့ ထိုမိန်းကလေးကို မတွေ့ရခင် အစ်ကို့ကို အရင်မြင်တာနဲ့ ရင်ခုန်ခြင်းမှာ သူများကြားရင် ရယ်စရာကြီးတော့ ဖြစ်နေမည်။

ဦးနေသူရိန် ထွက်လာပြီးပြီးချင်း သူ့နောက်မှာ သူ့လက်ဆွဲအိတ်လေးထောင့်လေးကို လိုက်သယ်ပေးသော ဝန်ထမ်းက ခပ်ရှိရှိ ပါလာသည်။ ကားထဲကို လိုက်ထည့်ပေးတာ ဖြစ်မည်။ ထိုဝန်ထမ်း ထွက်သွားပြီး မရှေးမနှောင်းမှာပဲ ဒေါ်အဲလစ်(စ)ကို တွေ့ရပါသည်။ အန်တီကြီးက ခေတ်မီစွာပင် စတိုင်လ်ပင်နီအနက်ရောင်ရှူး(စ်)နှင့် ရယ်ဒီမိတ်အင်္ကျီ အဝါရင့်ကို ဝတ်ထားသည်။ လက်ထဲမှာ ပလတ်စတစ်ခြင်းကြီးတစ်ခြင်း ဆွဲထားသည်။ နေ့လယ်စာအတွက် ထမင်းချိုင့် ထည့်လာပုံရသည်။ ကျန်လက်တစ်ဖက်ကလည်း သူမရဲ့ လက်ကိုင်အိတ်ကို တံတောင်ဆစ်မှာ ချိတ်ထားသေးသည်။ ဘာပဲဖြစ်ဖြစ် အဲဒီအန်တီကြီးက ဘော်ဒီဂတ်(တ်)ဆိုပေမဲ့ နေရာတကာ သွားလိုရာ လိုက်မောင်းပို့ရသော ဒရိုင်ဘာဆိုပေမဲ့ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် သပ်ရပ်တင့်တယ်ပြီး ဝတ်တတ်စားတတ် အဆင့်မြင့်လှလေရာ ဆွေမျိုးတော်သည်ဟုပင် ထင်ရစေလေသည်။ တိုင်းရင်းသားတစ်ဦးဦးအစပ် ရုပ်ရည်သာဖြစ်မနေဘူးဆိုလျှင် နေရာတကာတို့ရဲ့ အဒေါ်အရင်းဟုပင် ထင်ကြလိမ့်မည်။

ဒေါ်အဲလစ်(စ)နောက်မှာ ပါလာသူကား နရဏီ။ ဩဇာရဲ့ နရဏီ။ သုံးခါသာ ဆုံဖူးပေမဲ့ ဩဇာရဲ့ မျက်ဝန်းထဲ စိတ်အာရုံထဲမှာ ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တဲ့ ချစ်သော နရဏီ။

နရဏီသည် အတွင်းခံစွပ်ကျယ်လိုပုံစံ အနက်ရောင် အင်္ကျီပေါ်မှာ စိမ်းပြာလက်ပြတ်တစ်ထပ်ပါ,ပါသော နှစ်ထပ်စပို့ရှပ် အင်္ကျီကို ဝတ်ထားပါသည်။ ကြေမွနေသလို ပိတ်စလိုမျိုးဖြင့် ချုပ်ထားဟန်တူသည့် မက်ဆီကန်ပုံစံ စကတ်ရှည်နှင့် တွဲဝတ်ထား သည်။ လက်ထဲမှာ ဖိုင်လ်တစ်ခုတော့ ကိုင်ထားသည်။ ပခုံးလွယ် သားရေအိတ်လေးက ကျားသစ်အရေခွံလို ပုံစံခပ်သေးသေးအိတ် လေး ဖြစ်သည်။

နရဏီ့ မျက်နှာလေးသည် အရင်ကထက် စာရင် တော့ တက်ကြွပျော်ရွှင်နေရိပ်တွေ တွေ့ရသည်။ ဩဇာသည် သူ့ ကို နရဏီ မြင်သွားအောင် လုပ်လည်းလုပ်ချင်။ လုပ်လိုက်ရင် ဦးဇနသူရိန်ရော ဒေါ်အဲလစ်(စ)ပါ သတိထားမိသွားမှာလည်း ကြောက်နှင့် ကြံရာမရ ဖြစ်နေသည်။

သူတို့ကားတွေပေါ် အသီးသီး တက်ကုန်ကြပြီ။ သူတို့မောင်နှမ တစ်အိမ်တည်းနေပြီး အလုပ်လည်း အတူတူလာ ပေမဲ့ ကားကတော့ သီးသန့်တစ်စီးစီ။

ဦးနေသူရိန်က သူ့ရဲ့ 4WD နှင့် သူ့ဒရိုင်ဘာနှင့်သူ။ နရဏီကလည်း ဒေါ်အဲလစ်(စ)မောင်းသော BMW ဆလွန်းပေါ်မှာ သက်သောင့်သက်သာ ထိုင်လို့။

ဩဇာသည် စိတ်ဆိုးဖြတ်လိုက်ပြီး ချက်ချင်းပဲ သူ့ကားဆီ ပြေးသွားသည်။ ကားစက်ကိုနှိုးပြီး အခုလေးတင်ထွက်ဖို့ အသင့်ဖြစ်နေပြီဖြစ်သော နရဏီ့ ကားနောက်ကို လိုက်ဖို့ပြင်ပါသည်။

BMW ကားနှင့် ဘေးချင်းယှဉ်ရပ်၍ ရနိုင်သောလမ်းကြောင်းမျိုးကို ရအောင် မောင်းလိုက်ပါသည်။ ကံကောင်းစွာပင် ကားက မီးပွိုင့်တစ်ခုမှာ အတူတူ မိပါသည်။ သူ့ကားနဲ့ နရဏီတို့ကား ဘေးချင်းကပ်ရပ်ပြီး မီးနီစောင့်ရပါသည်။ ဩဇာ၏ ကားထဲမှာ ...

"I'll never break your heart ...

I'll never make you cry ... "

ဟူသော Backstreet Boys ရဲ့ သီချင်းသံကို ကျယ်ကျယ်ပင် တမင်ဖွင့်ထားလိုက်သောအခါ နရဏီ မျက်လုံးကလေးထောင့်ကပ်ပြီး ကြည့်လေသည်။

ဘေးတိုက်မြင်ရသော ဩဇာကို နရဏီ မမှတ်မိမှာစိုး၍ ဩဇာသည် တမင်ပဲ နောက်ကားကို ခေါင်းထုတ်ပြီး ကြည့်သလိုလို၊ ဘာလိုလို လုပ်ပြီး သူ့မျက်နှာကို နရဏီ အသေအချာမြင်သွားအောင် ပြုပါသည်။

ပစ္စည်းတင်သော ကားပုံစံ ပုံစံခပ်တုံးတုံးကားကြီးဖြင့် သီချင်းတွေ ဆူညံကျယ်လောင်အောင် ဖွင့်ထားသော ဩဇာကို ဒေါ်အဲလစ်(စ)လည်း စူးစမ်းပြီး ကြည့်မိသည်။ မြင်ဖူးသလိုလိုဟု တွေးမိပေမဲ့ မသေချာ။

နရဏီကတော့ ချက်ချင်းမှတ်မိပါသည်။ လှမ်းပြီးခေါ်လိုက်မိတော့မလိုပင် ဖြစ်သွားပေမဲ့ အချိန်မီ ဘရိတ်အုပ်နိုင်ခဲ့သည်။ ရင်ထဲမှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတွေနဲ့အတူ ဖျတ်ခနဲ မြင်လိုက်ရသော ဩဇာကို လွမ်းသွားပါသည်။ မီးပွိုင့် မီးစိမ်း၍ အရင်မောင်းထွက်သွားသော ဩဇာရဲ့ ကားကြီးကို နရဏီမြင်ကွင်းထဲမှ ပျောက်တဲ့အထိ လိုက်ငေးကြည့်နေမိခဲ့သည်။

၈၉ ၈၉ ၈၉

## ၉

ကံကောင်းသွားတာက မြချို့ရီ လာလည်သောအချိန်တွင် နေသူရိန် ရုံးခန်းထဲမှာ မရှိတာပင်။ အဲဒီလိုပဲ နရဏီ စားချင်သည်ဆို၍ ကော်ဖီဘူးနှင့် ထည့်ဝယ်လို့ရသည့် Cafe Latte ကော်ဖီတစ်ဘူး အပါအဝင် ကိတ်မုန့်မျိုးစုံတစ်ဘူးကို အပေါ်ဆုံးထပ် ဆိုင်မှာသွားတက်ဝယ်ပေးနေသဖြင့် အန်တီအဲလစ်(စ)လည်း ခဏတဖြုတ် မရှိနေပါ။

ထိုအချိန်တွင် မြချို့ရီ အလည်ရောက်လာခဲ့တာဖြစ်ပါသည်။ အလုပ်စားပွဲ သားသားနားနားနှင့် ဆုံလည်ကုလားထိုင် သီးသန့်နှင့် ကွန်ပျူတာရှေ့ ထိုင်ကာလီနေသော နရဏီ့ကို မြင်တော့ ...

"အံမယ် ... တယ်ဟုတ်ပါလား၊ ကွန်ပျူတာသင်ပြီးနေပြီလား"

"သင်တန်းမှာ သွားသင်တာတော့ မဟုတ်ပါဘူး၊ ဒီရုံးထဲက ကွန်ပျူတာကိုင်ရတဲ့ ဝန်ထမ်းဆီမှာ ပြန်သင်နိုင်းရတယ်၊ ကိုကြီးက သူ့ကို ကော်ကို သင်ပေးခ ဥာဏ်ပူဇော်ခပေးပြီး သင်ပေးနိုင်းလိုက်တယ်၊ နတော့ Windows 2000 Microsoft Words တို့၊ excel တို့ power point တို့ပေါ့၊ အစ,စသင် နေရပြီ၊ ကိုယ် သိပြီးသလောက်လေးပဲ အားတိုင်း ပြန်ကျင့် နေရတယ်"

"ဘယ်သူမှ မရှိကြပါလား"

"ရှိသားပဲ၊ ဝန်ထမ်းတွေ အများကြီးလေ ချိုရိုရဲ့၊ ဘာမေး တာလဲ"

"ရှင့်အစ်ကိုနဲ့ ဘော်ဒီဂတ်(တ်)အန်တီကြီး မရှိပါလားလို့"

"သြော် ... ကိုကြီးက ဒီနေ့ ကွန်တိန်နာတစ်စီး သဘော နဲ့ တင်လွှတ်ရမှာမို့ သူကိုယ်တိုင် ဆိပ်ကမ်းကို လိုက်ကြည့် တယ်၊ စင်ကာပူကတစ်ဆင့် အနောက်နိုင်ငံတွေ ပို့ရမှာ လေ။ ဒါကြောင့် ထွက်သွားရတယ်၊ ကော့ကိုတော့ စိတ်ချ လက်ချ ထားခဲ့တာပေါ့လေ၊ ဘာလို့ဆိုတော့ အန်တီ အဲလစ်(စ) တစ်ယောက်လုံး ရှိတာကိုး"

"ဒါဖြင့် အန်တီအဲလစ်(စ)ကရော"

"ကာ ... နေ့လယ်စာ Cafe latte သောက်ချင်တယ်၊ ဆိုင်မှာ သောက်ချင်တာပါပဲ။ ဒါပေမဲ့ သူက ကိုကြီးဆီက အမိန့်မ

တောင်းထားလိုက်ရလို့ မပို့ရဲဘူး၊ ဆိုင်ထိုင်ဖို့ သူ့ ဘာသာ မဆုံးဖြတ်ရဲဘူး။ ဒါနဲ့ပဲ ဆိုင်ကနေ Take Away သွားဝယ်တယ်၊ ကော်ဖီတစ်ဘူးနဲ့ မုန့်တော့ မုန့်မျိုးစုံတစ်ဘူး မှာလိုက်တယ်၊ ဒီရုံးခန်းထဲက အစ်မတွေပါ စားလို့ရအောင်လေ။ ချိုရီ လာမယ်ဆိုတာသာ သိရင် ကော်ဖီ ပိုမှာလိုက်ပါတယ်"

"ရပါတယ်၊ ချိုရီက မုန့်ပဲစားမယ်၊ ချိုရီက ကော်ဖီ၊ လက်ဖက်ရည် မကြိုက်ဘူး။ အစားသမား၊ ရာသီပူပူ အေးအေး အအေးဘူးတွေ ပုလင်းတွေပဲ သောက်တယ်"

"ဒါဆို အတော်ပဲ၊ ကိုကြီးရဲ့ Bar Fridge လေးထဲမှာ Coke တို့ Sunkist တို့ အမြဲထည့်ထားပါတယ်၊ ချိုရီ ဘာသောက်မလဲ"

"diet coke"

"diet တော့ မရှိဘူး"

"ဒါဆိုလည်း ရပါတယ်၊ Sunkist ပဲ သောက်မယ်"

နရဏီသည် သူမထံ လာလည်သော သူငယ်ချင်းကို သူမတစ်ဦးတည်း ရှိနေချိန် စိတ်လွတ်ကိုယ်လွတ် စကားပြောညှော်ခံခွင့်ရ၍ ပျော်မြူးတက်ကြွနေသည်။ တစ်ခါမှ အခုလောက် စိတ်လွတ်လပ်ရတာမျိုး မရှိခဲ့။ အချိန်တိုင်း အန်တီအဲလစ်(စ)က အနားမှာ ရှိနေသဖြင့် ဘယ်သူနဲ့ စကားပြောပြော လွတ်လပ်သည် မရှိ။ အမြဲထိန်းပြောနေရတာ။

"ဘယ်လိုလဲ နရဏီ။ အလုပ်ထဲ ဝင်ရတာ ပျော်နေပြီလား"

"ပျော်တာပေါ့ ချိုရီရယ်၊ ဘယ်လို ပြောရပါ့မလဲ မသိဘူး။ ချိုရီလည်း ဏီ့အကြောင်း နည်းနည်းတော့ ရိပ်မိမှာပါ။ ဏီ့ ကိုကိုကြီးက သိပ်ချုပ်ချယ်ပြီး ပိတ်လှောင်ထားချင်ခဲ့တာလေ။ ခုကျမှ ဒီအခွင့်အရေးလေး စပြီးပေးတော့ ဏီ့အတွက် တကယ့် နတ်ဘုံနတ်နန်းကို ရောက်ရသလိုပါပဲ"

"ကိုဩဇာကိုရော တွေ့သေးလား"

"ဟင်"

နရဏီ ရုတ်တရက်တော့ ရှက်ပြီး ချက်ချင်းဝန်မခံရဲသလို ဖြစ်နေသည်။ မြချိုရီက နရဏီ့ကို အကဲခတ်နိုင်နေပြီမို့....

"တွေ့ကြပြီးပြီ ထင်တယ်"

ဟု စ,နောက်သလို မေးလိုက်ပါသည်။

"သူ လာ,လာစောင့်ကြည့်နေတာ သုံးရက်လောက်ရှိပြီ။ ပထမတစ်ရက်ကတော့ သူ့ကားကြီး ဏီတို့ကားဘေးမှာ မီးပွိုင့်မိတော့ သူ့ကို ဏီ သေသေချာချာ ထပ်တွေ့လိုက်သေးတယ်"

"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း၊ ကိုဩဇာတို့ ခြေသွက်နေပုံများ။ ချိုရီက သတင်းပေးရုံ ရှိသေးတယ်၊ ချိုရီက နရဏီ့ဆီ တစ်ရက်တော့ သွားလည်မယ် ပြောရုံရှိသေးတယ်၊ သူက ချိုရီတောင် မရောက်သေးဘူး၊ ခြေလှမ်းတွေ သွက်နေလိုက်တာနော်"

"ချိုရီ သူ့ကို ပြောလိုက်တာလား"

"ဟုတ်တယ်၊ နရဏီ အလုပ်ဆင်းနေရပြီလို့"

"သြော် ... ဒါကြောင့် သူသိပြီး ရုံးတက် ရုံးဆင်း လာလာ စောင့်ကြည့်နေတာကိုး"

"ပေါ်ပေါ်တင်တင်ကြီးတော့ လုပ်ရဲမယ် မထင်ဘူး"

"အင်း ... ဟုတ်တယ် ... ဟုတ်တယ်၊ ဘယ်လုပ်ရဲမလဲ၊ ဒါပေမဲ့ ဏီ့စိတ်ထဲမှာ သူ့စိတ်ကို သိနေသလိုဖြစ်ပြီး အဲဒီ သူ့ကားကြီးကိုတွေ့ပြီး နောက်ရက်တွေမှာ စောင့်ကြည့်မိ လိုက်တာလေ။ ထင်တဲ့အတိုင်းပဲ၊ သူ ဏီ့ကို လာနိုးစောင့် နေတာ"

"ကိုသြဇာ အကြောင်း နရဏီ ဘာတွေ သိပြီးပြီလဲ"

နရဏီမှာ မကောင်းသတင်း ကြားရတော့မည်ထင် ကာ မျက်လုံးပြူးဝိုင်းသွားခဲ့သည်။ မြချိုရီက အကဲခတ်မိသွားပြီး ...

"စိတ်မပူသွားပါနဲ့ဦး နရဏီရယ်၊ ချိုရီက ရိုးရိုးမေးတာပါ။ နရဏီ သူ့အကြောင်း ဘယ်လောက် သိတားလဲလို့ပါ"

"ဘယ်လိုလုပ် သိပါ့မလဲ ချိုရီရယ်၊ သူ့နာမည် ကိုသြဇာ။ ဏီတို့လိုပဲ တစ်မေဂျာတည်း အတူတူသမား၊ သူက နှစ် နှစ် သုံးနှစ်လောက် ပိုစောတယ်၊ သူ့မှာ ကော်ဖောဆိုင်ပိုင် တယ် ဆိုတာပဲ ကိုယ်သိသလောက်လေးပဲ အဟုတ်ထင်နေ တာပါ"

"ဟုတ်ပါတီယ်၊ ကိုသြဇာ အကြောင်းကလည်း အဲဒီလောက် ပါပဲ၊ သူက ဘာမှ ထူးထူးခြားခြားကြီး ကောင်းနေတာ၊ ဆိုးနေတာ မရှိတဲ့ သာမန်ယောက်ျားတစ်ယောက်ပါပဲ"

"သူ့မှာ ရည်းစားရော ရှိလား"

နရဏီ မေးပြီးမှ ရှက်ပြီး နှုတ်ခမ်းလေးကိုက်ကာ ငြိမ်နေသည်။

"အရင်ကတော့ ရှိတယ်လို့ ပြောသံကြားတယ်"

ဒီလိုကြားလိုက်ရတော့ ဏီ ငိုချင်သလိုလို။ သူ့ကို ပြေးပြီး ဆောင့်ဟွန်းပစ်လိုက်ချင်သလိုလို။

"တက္ကသိုလ်မှာတုန်းက နှစ်ယောက်လောက်တော့ ရှိခဲ့တယ်လို့ သတင်းကြားတယ်၊ အဲဒီနှစ်ယောက်နဲ့ လုံးဝပြတ်သွားပြီးကတည်းက ရည်းစားထပ်မထားတော့ဘဲ နေလာတာ ကြာပြီ၊ နရဏီကို တွေ့မှ သူ စာတစ်တန် ပေတစ်တန် ပေး၊ အချိန်မှန် လာစောင့်ကြည့်တွေ ဖြစ်လာတာ"

"ချိုရီ့ကို သူပဲပြောပြလို့ အကုန်သိနေတာလား"

"အို ... သူ ဘယ်ကလာ ပြောပြမှာလဲ၊ ချိုရီတို့က အပေါင်းအသင်းများတော့ ကျောင်းက သူငယ်ချင်း တစ်ယောက်ယောက်ကို အဲဒီနာမည်ပြောပြီး ဟိုမေး ဒီမေး လုပ်လိုက်တာနဲ့ သိလာတာ။ သူ့ရည်းစားတွေ နာမည်က အစ သိလာပါတယ်။ သိချင်လား နရဏီ၊ ပြောပြမယ် လေ"

"ဟာ ... နေပါစေ၊ အရင်က ပြီးခဲ့တာတွေ ပြန်ကြားရလည်း ဘာမှမထူးပါဘူး။ သူ့မှာ ရည်းစားရှိခဲ့တာကို မရှိရဘူးလို့ လိုက်ပြောင်းပစ်လို့မှ မရတာ"

"ဘာလဲဟင်၊ နရဏီက သူ့ရဲ့အချစ်ဦး ဖြစ်ချင်တာလား"

နရဏီမှာ မိန်းကလေး သူငယ်ချင်း စွယ်တူချင်းနှင့်ပင် ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားမိသည့်အကြောင်း၊ ချစ်မိတော့မည့်အကြောင်း မဆွေးနွေးခဲ့ဖူးလေရာ ပွင့်ပွင့်လင်းလင်း မပြောရဲဘဲ ရှက်ချည်းနေတော့လေသည်။

"ဏီ ဘာမှ မပြောတတ်တော့ဘူး"

"တကယ်တော့ ဏီရယ်၊ အချစ်ဦးမှ အချစ်ဆုံးမှရယ် မဟုတ်ပါဘူး။ သူ ကိုယ့်ကိုချစ်လာချိန်မှာ ကိုယ့်တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိချစ်ရင် ပြီးတာပဲလေ၊ အခုခေတ်မှာက အချစ်စစ်ဆိုတာ ရှားသွားပြီ။ ဒီတော့ ကိုယ့်အပေါ် တကယ်အချစ်စစ်နဲ့ ချစ်သလား မချစ်လား ဆိုတာပဲ ဏီ ဆုံးဖြတ်ဖို့ လိုတယ်"

"ဏီ ဘာမှလဲ မသိသေးပါဘူး၊ ဘာမှလဲ မဆုံးဖြတ်ရဲသေးပါဘူး။ ဏီမှာလေ အမှန်အတိုင်း ဝန်ခံရရင် ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်ရင် ဒါ ပထမဦးဆုံး စိတ်လှုပ်ရှားရတဲ့ အတွေ့အကြုံလည်း ဖြစ်တော့ ဏီ ရှေ့တိုးရမှာ ကြောက်လည်း ကြောက်တယ်၊ ဒါပေမဲ့ ဒီလိုအဖြစ်ကိုလည်း စိတ်ထဲမှာ သာယာတယ်"

"ကျော့်အစ်ကိုကြီးက ဘယ်လိုလဲဟင်၊ ဘာသဘောရှိလဲ၊ ညီမကို အိမ်ထဲမှာ ပိတ်ချုပ်ချယ်ထားပြီး အိမ်ထောင်မပြုရဘူး ဆိုတဲ့ အမိန့်ထုတ်ထားတဲ့ သူလား"

သူမ၏အစ်ကိုဖြစ်သူအကြောင်း တိုက်ရိုက်မေးခံလိုက်ရသောအခါ နရဏီ မဖြေချင်ပြန်။

"ကိုကို သူက အစိုးရိမ်လွန်နေတာပါ"

ဟူ၍သာ မယုတ်မလွန် ပြန်ဖြေလိုက်သည်။

ထိုအချိန်မှာပဲ အန်တီအဲလစ်(စ) ရုံးခန်းမှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာပါသည်။ မြရျှိုရီ ရောက်နေတာမြင်လျှင် စိတ်အနှောင့်အယှက်တော့ ဖြစ်သွားပုံ ရပါသည်။ သို့သော် ပြုံး၍ နှုတ်ဆက်ဖော်တော့ ရသည်။

"ဩော် ... ဩော် ... သူငယ်ချင်း ရောက်နေတာကိုး၊ ဒီလိုမှန်းသိရင် ကော်ဖီတစ်ဘူး ပိုဝယ်ခဲ့ပါရဲ့"

"ဟာ ... ရပါတယ် အန်တီ၊ ချိုရီ ကော်ဖီ မကြိုက်ပါဘူး။ ဒီမှာ နရဏီ အအေးဘူးနဲ့ ဧည့်ခံထားပါတယ်"

"ဒါဖြင့် ကိတ်စားပါဦး"

"အန်တီအဲလစ်(စ) ချိုရီ့ကို ကော် စားတဲ့ Blackforrest Cake တစ်တုံး ထည့်ပေးပါနော်"

"ကောင်းပါပြီ"

ဒေါ်အဲလစ်(စ)က ရုံးခန်းတွင်းရှိ နံရံကပ်ဗီရိုလေးထဲမှာ ပန်းကန်ပြားလေးတွေ ထုတ်ကာ ကိတ်မုန့်တစ်တုံးစီ

ထည့်၊ ခက်ရင်းသေးသေးလေး စိုက်ပေးပြီး ရုံးခန်းတွင်း အလုပ်လုပ်ရသော ကွန်ပျူတာစာရေးမနှစ်ဦး၊ စာရင်းကိုင်နှစ်ဦးတို့ကိုပါ တစ်ပန်းကန်စီ ဝေပေးပါသည်။

ပြီးတာနဲ့ သူမလည်း ကိတ်မုန့်တစ်တုံးကို နရဏီတို့နဲ့အတူ လာစားရင်း စကားဝိုင်းထဲ သိသိသာသာပင် ဝင်ထိုင်လိုက်သည်။ ဒီတော့ နရဏီတို့လည်း စကားဝိုင်းရဲ့ ခေါင်းစဉ်တွေ အလိုလိုပြောင်းပြီးသား ဖြစ်ကုန်တော့လေသည်။

"King Kong ဆိုတဲ့ ရုပ်ရှင်ကား ရုံမှာတင်နေပြီ နရဏီ၊ ကြည့်ပြီးပြီလား"

"ဏီ DVD တော့ ကြည့်ရတယ်၊ ဒါပေမဲ့ Copy မကောင်းလို့ထင်တယ်၊ သိပ်မကြိုက်ဘူး"

"ဒါဖြင့် ရုံမှာ လိုက်ကြည့်ပါလား"

နရဏီက ဒေါ်အဲလစ်(စ)ကို ဖျတ်ဆို လှည့်ကြည့်ပါသည်။ ဒေါ်အဲလစ်(စ)က ...

"သမီးအစ်ကိုက အိမ်မှာ Projector နဲ့ ပြလို့ရတဲ့စက်တောင် ဝယ်ပေးထားတာ၊ ရုပ်ရှင်ရုံ သွားချင်တယ် ဆိုရင်တော့ သူ လွှတ်မယ် မထင်ဘူး"

လို့ နရဏီ ဘာမှမမေးခင် ကြိုဖြေထားနှင့်သည်။ မြရှိုင်ဂိုကလည်း အတင်းအကျပ် ပြောမနေတော့ပဲ တခြားအကြောင်းဘက် လှည့်လိုက်ပါသည်။

"အဲဒီကားထဲက မင်းသမီးကို ကြိုက်လား"

"Naomi Watts (နာအိုမိဝါ့တ်(စ))လား"
"ဟုတ်တယ်"
"မကြိုက်ဘူး၊ ဏီက Reese Witherspoon (ရီး(စ)ဝစ်သားစပွန်း)ကို ကြိုက်တယ်၊ သူ့ကို Legally Blonde မှာ ကြိုက်တာမဟုတ်ဘူး၊ Sweet Home Alabama ဆိုတဲ့ကားလေးမှာ သဘောကျသွားတာ"
"မင်းသားထဲကရော"
"မင်းသား ဆိုရင် Matt Dimon (မက်(ထ်)ဒေးမွန်)နဲ့ Owen Wilson (အိုဝင်ဝေးလ်ဆင်)"
"ဟယ် ... နှစ်ယောက်တောင် ကြိုက်ရလား"
"ဒါတောင် လျှော့ထားတာ၊ ကြိုက်တဲ့မင်းသားတွေ များနေလို့"
"နရဏီ့ ဆံပင်လေးတွေက ပျော့အိပြီး ဖြောင့်နေတာပဲနော်၊ အရောင်လက်လက်လေး ဖြစ်နေတယ်၊ တမင်ဖြောင့်ပြီး High Lights ထည့်ထားလား"
"ဟင် ... အဲဒါဘာပြောတာလဲ၊ ဆံပင်ကို ဘာထည့်ရတာလဲ"
"ဆံပင်အရောင်ကို အနီဖြင့် အနီရောင်ပြေး၊ အပြာဖြင့် ရောင်ပြေး ဖြစ်အောင် လုပ်တာကို ပြောတာလေ၊ High Lights ထည့်တာလို့ ခေါ်တယ်"
"ဏီ့ဆံပင်က မွေးကတည်းက ပါလာတဲ့ ဆံပင်ပါ၊ တစ်ခါမှလည်း ဆိုင်သွားမဖြောင့်ဖူးဘူး။ လိုချင်တဲ့ အနေအထား

လေးပဲ ခဏတဖြုတ် ဆိုင်သွားတိတာပဲရှိတယ်၊ သူများတွေ ပြောသလို တစ်နေကုန်လည်း သွားမလုပ်ဖူးဘူး"

"အဲဒီလို မလုပ်ပဲ နဂိုဆံပင်က လှနေတော့ ကုသိုလ်ကောင်းတာပေါ့ နရဏီရဲ့၊ ဒါနဲ့ ခြေသည်း လက်သည်းတွေရော အလှပြင်ဖူးလား"

"မပြင်ဖူးဘူး"

"ပြင်ချင်ရင် ချိုရီနဲ့ တစ်ရက် ဆိုင်သွားရအောင်လေ၊ အန်တီအဲလစ်(စ)လည်း ဆိုင်တစ်ခါတည်းလိုက်ရင်း ဆံပင်ကောက်ချင် ကောက်လို့ရတယ်။ ရှင့်အစ်ကိုလည်း အဲဒါတော့ လွှတ်မှာပါနော်"

ဒေါ်အဲလစ်(စ)က စကားပြော လည်ဝယ်လှသော မိန်းကလေးကို စိတ်ထဲမှာ သိပ်တော့ သဘောမတွေ့လှပါ။ သို့သော် ဟန်ဆောင်ကောင်းကောင်းဖြင့်ပင် ...

"အန်တီ ဆံပင်ကောက်တာကြိုက်မှန်း ဘယ်လိုသိလဲ"

"ဪ ... လူကြီးတွေက ဆံပင်ကို ကောက်ကြတာများလို့ပါ၊ ချိုရီ့အမေတွေ အဒေါ်တွေလည်း ဆံပင် ခဏခဏ ကောက်ကြတယ်။ အန်တီလည်း ဆံပင်ကောက်တွေနဲ့ပဲ အမြဲမြင်တော့ ဆံပင်ကောက်တာ ကြိုက်မယ်ထင်လို့ပါ"

"မောင်နေက သိပ်လိုအပ်မှ သူ့ညီမ ဆံပင်ညှပ်ဆိုင်သွားတာ၊ ရှော့ပင်းသွားတာတွေကို ခွင့်ပြုတာကွယ်၊ အလကားနေရင်း အပြင်ကို ကဒီးကဒီးထွက်ဖို့ကို သိပ်သဘောမကျ

တတ်ဘူး။ ပြီးတော့ ခုဆို သမီးဏီက အလုပ်နေ့တိုင်းလာရတယ်ဆိုတော့ အိမ်မှာ နားတဲ့ရက်မှာ အပြင်လွှတ်ဖို့ သုတော်တော်စဉ်းစားလိမ့်မယ်"

"ဟင် ... ဒါဖြင့် အလုပ်လုပ်တာနဲ့ပဲ နရဏီက ဈေးမသွားရ၊ ဆံပင်ညှပ်ဆိုင် မသွားရဆိုတဲ့ ပိတ်ပင်မှုကြီးနဲ့ လဲလှယ်လိုက်ရပြီလား"

မြချိုရီ နှုတ်ဖျားမှ မကျေမလည်ဖြစ်ကာ လွှတ်ခနဲပင် ပြောမိသွားပါသည်။ ဒေါ်အဲလစ်(စ)ကတော့ သူများအိမ်တွင်းရေးကိုပင် ဝင်ပါချင်နေသော မိန်းကလေးကို ဘယ်လိုမှ အမြင်မကြည်တော့။ ခပ်တည်တည်ပင် ပြန်စိုက်ကြည့်လိုက်ပါသည်။ နရဏီသည် အခြေအနေကို အကဲခတ်မိပြီး မြချိုရီကိုလည်း အားနာသွားသည်။ အန်တီအဲလစ်(စ)ကိုလည်း စိတ်ထဲမှာ မုန်းသွားသည်။ အန်တီအဲလစ်(စ)က ဏီ့ထက် ကိုကြီးဘက် ပိုပါနေတယ်ဟု ထင်ပါသည်။

မြချိုရီသည် ဒေါ်အဲလစ်(စ) မျက်နှာကို အကဲခတ်ပြီး သူမ ပြန်ရန်သင့်ပြီဟု နားလည်လိုက်ပါသည်။ ဒါနဲ့ပဲ လက်မှာပတ်လာသော နာရီလေးကို အသာကြည့်ရင်း ...

"သွားလိုက်ဦးမယ် နရဏီရေ။ ချိုရီ အလုပ်ပြီးတာ ဆယ့်နှစ်နာရီလေ။ နရဏ့်ဆီ တန်းဝင်လာတာ သိလား။ အခုသုံးနာရီတောင် ထိုးတော့မယ်။ ဗိုလ်ချုပ်ဈေး ခဏဝင်ရဦးမှာမို့ သွားလိုက်ဦးမယ်နော်"

"ဟုတ်လား ... ဘာတွေ ဝယ်မလို့လဲ"

"ဒီလိုပါပဲ ဝယ်စရာရှိရှိ မရှိရှိ အကျင့်က မကောင်းဘူး။ အလုပ်နေ့တစ်ဝက်ပြီးရင် အိမ်တန်းမပြန်ဘဲ ဟိုဝင်ဒီဝင် သိပ်လုပ်ချင်တာလေ၊ ဈေးလျှောက်ပတ်ရင်း သုံးလေးခုက တော့ ဝယ်ဖြစ်သွားတာချည်းပဲ"

နရဏီသည် မြချိုရီ ပြောသမျှ အားကျစွာ နားထောင်နေခဲ့ပါသည်။ မြချိုရီ ပြန်သွားသောအခါ နရဏီ တစ်ယောက်တည်း ပျင်းကျန်ခဲ့သည်။ ငွေငေါင်ငေါင်ဖြင့် ကွန်ပျူတာရှေ့ ပြန်ထိုင်ပေမဲ့ စိတ်ကမပါတော့။ မြချိုရီလိုလည်း လွတ်လပ်ခွင့် ရချင်သည်။ တစ်ယောက်တည်း ဈေးပတ်ကြည့်ချင်သည်။ ကိုယ် သွားချင်ရာကို သုတ်ခနဲ ထ,သွားရတာမျိုး လိုချင်သည်။ ဤဘဝ က ဘယ်တော့များမှ ဒီလို အကျဉ်းကျခံရတဲ့ အခြေအနေထဲက ရုန်းထွက်လို့ ရပါ့မလဲ။ ဤ တစ်ကိုယ်ကောင်းဆန်ဆန် မငဲ့ညှာဘဲ လုပ်လိုက်ရင် ရပေမဲ့ ဤဟာ ရောဂါသည် ကိုကြီးကို သိပ် ဦးစားပေး ရှေ့တန်းတင်ခဲ့မိသူပဲ ဖြစ်ပါသည်။

ဤသည် လွန်ခဲ့သော ဆယ့်နှစ်နှစ်ကျော် ကာလ လောက်က အဖြစ်အပျက်ကို ပြန်သတိရစွာ တွေးမိသွားပါသည်။

## ၁၀

ဏီ စပြီးမှတ်မိ သိရှိတတ်တဲ့ အရွယ်တည်းက ကိုကြီးဟာ အမြဲတစေ ချူချာနေတတ်သော အစ်ကိုတစ်ယောက်ဟု သိလာခဲ့သည်။ နည်းနည်းလေး အေးပြီဆိုတာနဲ့ ကျန်တဲ့သူက ဘာမှမဖြစ်သေး ကိုကြီးကတော့ ယောက်ျားလေးတန်မဲ့ အားပျော့နေကာ နှာစေး၊ ချောင်းဆိုး၊ အဆုတ်အအေးပတ်၊ ဖျားနာတာတွေ ခဏခဏ ဖြစ်တတ်ပါသည်။ ဖေဖေ မေမေတို့ကလည်း သမီးအငယ်ဖြစ်သော ဏီ့ထက်, အသက်အများကြီး ပိုကြီးသော ကိုကြီးကို ပိုပြီးဂရုစိုက် ချစ်ခင်ကြင်နာလျက် အရိပ်တကြည့်ကြည့်ဖြစ်တာ။ အန်တီအဲလစ်(စ)ကလည်း ပိုပြီးဦးစားပေး ပြုစုတာကိုလည်း သိနေခဲ့သည်။

"မောင်နေ့မှာ မွေးရာပါ နှလုံးအားနည်းတဲ့ရောဂါ ရှိတယ် သမီးရဲ့။ သိပ်အခြေအနေ ဆိုးလာတဲ့ တစ်နေ့ကျ

Risk ယူပြီး ခွဲရစိတ်ရမှာတဲ့၊ ဒီတော့ သမီးက အငယ်ပေမဲ့ ကိုကြီးကို အလျှော့ပေးလိုက်ပါ။ ဖေဖေမေမေတို့ ကိုကြီးကို ပိုဂရုစိုက်တာကို နားလည်ပေးလိုက်ပါနော်"

လို့လည်း မိဘတွေကိုယ်စား အန်တီအဲလစ်(စ)က ဆုံးမခဲ့သမျှတွေလည်း ဏီက နားဝင်ခဲ့ပါသည်။

ဏီ အသက်ဆယ်နှစ်အရွယ်မှာ ကိုကြီး အသက်က နှစ်ဆယ့်သုံးနှစ်ပဲရှိပြီ။ ခုထိလူကြီးလို မနေရသေး၊ အိမ်မှာကလေးလိုပဲ မိဘတွေက အရိပ်တကြည့်ကြည့်၊ အိမ်ထဲမှာသာနေစေပြီး အိမ်စီးပွားရေးပင် ဝင်မလုပ်နိုင်ခဲ့ပါ။ ဒါကို ကိုကြီးက အလိုမကျပဲ ...

"သား လူကြီး ဖြစ်နေပြီ၊ ဘွဲ့လည်း ရပြီးနေပြီ၊ ဖေဖေမေမေတို့ သားကို အလုပ်ထဲ ဆွဲခေါ်သင့်ပါပြီဗျာ။ အသက်ကြီးတဲ့အထိ ကလေးလိုပဲ အိမ်မှာ ပြုစုခံနေရရင် ရှက်စရာလည်း ကောင်းတယ်။ ယောက်ျားဖြစ်ပြီး အသုံးမကျရာလည်း ရောက်တယ်"

ဖေဖေက လက်မခံပါ။ ကိုကြီး ဘယ်လိုပြောပြော အလုပ်ထဲ မဝင်ခိုင်းပါ။

"သားမှာ နှလုံးအားနည်းတဲ့ အခံရှိတယ်ကွ။ စီးပွားရေးလုပ်တယ်ဆိုတာ မြတ်တဲ့အခါ မြတ်မယ်၊ စိတ်ချမ်းသာမယ်၊ ရှုံးတဲ့အခါ အကြီးအကျယ် ရှုံးမယ်၊ အဲဒီကျ ဖေဖေတို့လို သာမန်လူတွေတောင် စိတ်ဆင်းရဲတဲ့ဒဏ်ကို ကြံ့ကြံ့

ခံဖို့ မနည်းကြိုးစားရတာ၊ သားလိုလူဆို ဘယ်ခံနိုင်ရည် ရှိမလဲ၊ ဒီတော့ အလုပ်ထဲဝင်ပြီး စိတ်ပျော်ရခြင်း၊ စိတ်ဆင်းရဲရခြင်း ဒဏ်တွေကို သားကို မခံစားခိုင်းစေချင်ဘူး၊ ဒါကြောင့် သား မလုပ်ပါနဲ့ဦး"

"ဒါဖြင့် ဖေဖေ မေမေတို့ မရှိတော့ရင် သားက ဘာမှ မလုပ်တတ်ဘဲ ကျန်ခဲ့မှာပေါ့"

"ဖေဖေ မေမေတို့ မရှိတော့လည်း သားတို့မောင်နှမ ဘာအလုပ်မှမလုပ်ဘဲ တစ်သက်လုံး ထိုင်စားလို့ရအောင် ပစ္စည်းဥစ္စာတွေ ကျန်ခဲ့မှာပဲ။ အိမ်တွေ ခြံတွေ ငှားစားပြီး အိမ်မှာပဲ အေးအေးထိုင်စားပါ သားရယ်။ သား အသက်ရှည်ရှည်နေရမှ သားညီမလေးကို စောင့်ရှောက်မဲ့သူ ရှိမှာ၊ အဲဒီလိုပဲ ခေါင်းထဲထည့်ပါ။ ညီမလေးက ငယ်သေးတယ်၊ သားကိုပဲ သူက အားကိုးနေရမှာလေ"

"သားလည်း ယောကျ်ားတန်မဲ့ ဘာလို့ ဒီနှလုံးအားနည်းတဲ့ ရောဂါကြီး ရှိနေရတာလဲ မသိဘူး"

"ဩော် ... သားရယ်၊ ဒါတော့ ယောကျ်ားမှ မိန်းမရယ် ဘယ်ဟုတ်မလဲ၊ ရောဂါဆိုတာ ရှိချင်တဲ့သူ ရှိတာပဲ"

မေမေကတော့ သားဖြစ်သူအတွက် တစ်မျိုးပူပန်ကာ အလုပ်ထဲ ပေးမဝင်။ ဟိုသွား ဒီသွားလည်း သိပ်ပေးမလုပ်တာမျိုးနဲ့ ပိတ်ပင်တားမြစ်တတ်သည်။

"သားက သူဌေးသားဆိုတော့ မိန်းကလေးတွေက တကယ် မေတ္တာမရှိဘဲနဲ့ အနားကပ်ကြမှာပဲ။ သားမှာရှိတဲ့ အမွေ ပုံကြီးကို မက်မောပြီး ကပ်လာမဲ့ မိန်းကလေးမျိုးဟာ အကူတူ နေကြတဲ့အခါ သားက ခဏခဏချူချာနေတာကို သည်းခံမယ်တော့ မထင်ဘူး။ စိတ်ရှည် လက်ရှည် ပြုစု မယ်၊ အနွံအတာ ခံမယ်လို့လည်း အာမ,မခံနိုင်ဘူး။ ဒီတော့ ဘာမဟုတ်တဲ့ မိန်းကလေးနဲ့ တွေ့သွားမှာ မေမေ စိုးရိမ်တယ်။ ဒီတော့ သား,အိမ်မှာပဲ အေးအေးနေ၊ မေမေ ကိုယ်တိုင် စိစစ်ပြီး ရွေးမရှာမယ်၊ အလုပ်ထဲဝင်ပြီး ဟိုသွားဒီသွား လုပ်မယ်ဆိုရင် သားဘာသာ သဘောကျ တာတွေ ရှာတွေ့ချင် ရှာတွေ့လာနိုင်တယ်၊ အဲဒီအခါကျ မိန်းကလေးက စိတ်သဘောကောင်းသည်ဖြစ်စေ၊ မကောင်း ဘူးဖြစ်စေ မေမေတို့က ငြင်းပယ်ပြီး ဖျက်လို့ရမယ် မထင်ဘူး။ ငါ့သားကို စိတ်ဆင်းရဲ မခံစေချင်တာနဲ့ပဲ မိဘတွေက လိုက်လျောရမှာတွေ ဖြစ်လာမယ်။ ဒါကြောင့် မဖြစ်ခင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သား, အလုပ်ထဲလည်း မဝင်နဲ့။ ဟိုဟိုဒီဒီလည်း သိပ်မသွားနဲ့၊ အိမ်မှာပဲ နေပါ။ သား အသက်အစိတ်ပြည့်ရင် သားကိုယ်တိုင်လည်း သဘော ကျနိုင်မဲ့ မိန်းကလေးနဲ့ မေမေ လက်ထပ်ပေးမယ်"

အဲဒီလိုနဲ့ နေသူရိန်ရဲ့ ဘဝဟာ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ စာအုပ်ဖတ်လိုက်၊ DVD ကြည့်လိုက်၊ Satellite ကြည့်လိုက်၊ အပြင်သွားချင်ရင် ဒရိုင်ဘာမောင်းပို့သော ကားဖြင့် ဒရိုင်ဘာက အစအဆုံး ထိုင်စောင့်လိုက်ပို့ပေးလိုက်၊ အအေးမိ နေမကောင်း ဖြစ်တဲ့အခါ အိမ်ထဲမှာပဲ နားလိုက်နှင့် ဖြတ်သန်းခဲ့ ရသည်။ သူ့ စိတ်ထဲမှာ သူ့ကိုယ်သူလည်း မကျေနပ်ခဲ့။ ငါ ဒီရောဂါကြီး ဘာလို့ ဖြစ်ရသလဲ။ ငါ့ကျမှ ဘာလို့ မွေးရာပါ နှလုံးအားနည်းတဲ့ ရောဂါမျိုး ပါလာရသလဲဆိုပြီး သူ့ကိုယ်သူ မုန်းတီးမကျေနပ်ခဲ့တာလည်း ရှိသလို၊ ဖေဖေနဲ့ မေမေက သူ့ကို လူရာမသွင်းဘူး။ သူလုပ်ချင်တာ ပေးမလုပ်ဘူး။ သူ့ကို အရိပ် တကြည့်ကြည့်နဲ့ စောင့်ရှောက်လွန်းတယ်ဟု စိတ်ထဲမှာ နာချက် ကာ မကျေနပ်ခဲ့တာတွေလည်း ရှိနေခဲ့ပါသည်။

အဲဒီလို ဖြစ်နေချိန်မှာပဲ တစ်ရက်မှာ ဖေဖေမေမေ တို့ရဲ့ အသိမိတ်ဆွေအိမ်မှာ မင်္ဂလာနှစ်ပတ်လည်ပါတီပွဲ ကျင်းပ မှာမို့ အဖိတ်ခံရတဲ့နေ့ကို ရောက်လာခဲ့သည်။

ဘယ်ပွဲပဲဖိတ်ဖိတ် ငါးပွဲမှာ တစ်ပွဲလောက်သာ လိုက်ခွင့်ရသော ကိုကြီးကို ဒီတစ်ခါတော့ လိုက်ရမည်ဟု မေမေ က ထူးထူးခြားခြား ပြောလာသည်။

"သားကြီးအတွက် မေမေ ကြည့်ထားတဲ့ မိန်းကလေးလည်း အဲဒီပွဲကို သူ့မိဘများနဲ့ လာလိမ့်မယ်။ သားတို့ချင်း ရင်းနှီး

အောင် မေမေ မိတ်ဆက်ပေးမယ်၊ ဒါကြောင့် သား လိုက်ခဲ့ရမယ်"

ကိုကြီးက ပွဲကိုလိုက်ဖို့ လက်ခံပေမဲ့ ...

"အဲဒီလိုပွဲမျိုး သွားရခဲလို့ လိုက်တာပါ မေမေ၊ မိန်းမသိပ်လိုချင်နေလို့ မေမေပြမဲ့ မိန်းကလေးကို လိုက်ကြည့်ချင်လို့ လိုက်တာတော့ မဟုတ်ဘူး"

ဟုလည်း မေမေ့ကို ခပ်ရွဲ့ရွဲ့ ပြန်ပြောခဲ့သည်။

"ညဦးနက်တဲ့ပွဲဆိုတော့ ဒီတစ်ခါ သမီးလေး မလိုက်နဲ့။ အိမ်မှာ အန်တီအဲလစ်(စ)နဲ့ နေခဲ့နော်၊ မနက်ဖြန် မနက်လည်း ကျောင်းသွားရဦးမယ်"

"သမီး မလိုက်ချင်ပါဘူး၊ မေမေတို့ ပွဲတွေက ပျော်စရာလည်း မကောင်းဘူး။ ဟိုရောက်ရင် ဖေဖေက သူ့အုပ်စုနဲ့သူ။ မေမေကလည်း သူ့အုပ်စုနဲ့သူ၊ သမီးတို့ ကလေးတွေက ဟိုဟာယူစား၊ ဒီဟာယူစားနဲ့ ဆော့လည်း မဆော့ရဘူး။ လူကြီးတွေက လိုက်ဟန့်နေတာ မလွတ်လပ်ဘူး"

ဏီသည် ငယ်ငယ်ကတော့ ဖေဖေမေမေတို့ ပွဲတွေ ခဏခဏခေါ်၍လား မသိ။ မလိုက်ချင်သဖြင့် ငြင်းပင်ငြင်းခဲ့ပါသေးသည်။ အဲဒီလိုနဲ့ပဲ အဲဒီနေ့ညနေ ခြောက်နာရီလောက်မှာ ဖေဖေမောင်းသောကားပေါ် မေမေ၊ ကိုကြီးတို့ ပါသွားသည့် မြင်ကွင်းကို လက်တပြပြလုပ်ရင်း ဏီ တစ်ယောက် ကျန်ခဲ့ပါသည်။

အန်တီအဲလစ်(စ)နဲ့အတူ အိမ်စာတွေလုပ်ပြီး ညကိုးနာရီလောက်ကျ အိပ်ရာဝင်ခဲ့ပါသည်။ မနက်ကျ ကျောင်းသွားဖို့ကို ဏီ ကြိုတင်ပြင်ဆင်ပြီးတာနဲ့ အိပ်ရာထဲ ဝင်ခဲ့ပါသည်။ အိပ်ပျော်သွားခဲ့ပြီး ဏီ တစ်ယောက် ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်သွားချိန်တွင် အန်တီအဲလစ်(စ)ရဲ့ ကျယ်ကျယ်လောင်လောင် ငိုချလိုက်သော အသံကျယ်ကြီးကြောင့် ဏီပင် အိပ်ရာထဲက ဖျတ်ခနဲ လန့်နိုးသွားခဲ့သည်။ နာရီလှမ်းကြည့်လိုက်တော့ ညနှစ်နာရီ။

အိပ်ရာဘေးက မီးလုံးလေးကို လှမ်းဖွင့်လိုက်တော့ ဏီ့အခန်းက လင်းထိန်သွားပါသည်။ အန်တီအဲလစ်(စ)က ဏီ့အခန်း မီးလင်းသွားသဖြင့် တံခါးဘုကို လှည့်ဖွင့်ဝင်လာသည်။ (ကလေးအခန်းမို့ လော့(ခ)လုပ်ပြီး မပိတ်ခိုင်းတတ်ပါ။ ဘုသီးလေး လှည့်ပိတ်ရုံ ပိတ်ထားတာ ဖြစ်သည်။) ညဝတ်အင်္ကျီရှည်ဖားဖားကြီးဖြင့် ဆံပင်တွေ ပွယောင်းကာ ငိုယိုထားသော အန်တီအဲလစ်(စ) မျက်နှာမှာ ရုတ်တရက်တော့ ကြောက်စရာကောင်းနေသည်။ ဏီပင် ကြောက်သွားပြီး စောင်ခေါင်းမြီးခြုံတော့မလို့ လုပ်တော့ ...

"သမီး ... ဏီ၊ အမယ်လေး သမီးရဲ့၊ အဖြစ်တော့ ဆိုးကုန်ပြီ၊ သိလား သမီး"

ဟု ကိုကို ပြေးဖက်လာပြီး ဗလုံးဗထွေး ငိုယိုပြောတော့၏။ ကိုလည်း ကြောက်ပြီး လိုက်ငိုလျှင် ...

"သမီး အိမ်မှာနေခဲ့ဦးနော်။ အကြည်တို့ အသိမ်းတို့ သမီး အခန်းထဲ လာစောင့်အိပ်ဖို့ အန်တီအဲလစ်(စ) ခေါ်ထားခဲ့တယ်၊ သူတို့လာရင် အန်တီအဲလစ်(စ)သွားမယ်"

လို့ မှာကြားပါသည်။

"အန်တီအဲလစ်(စ) ဘယ်သွားမလို့လဲ"

"ဆေးရုံ"

"ဘာဖြစ်လို့လဲ"

"သမီးမိဘတွေနဲ့ အစ်ကို ဆေးရုံရောက်နေပြီ"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်ကြလို့လဲဟင်၊ ပြောပါဦး၊ အန်တီအဲလစ်(စ)ရဲ့၊ ကိုကို ပြောပြပါဦး"

"မနက်ဖြန်ရောက်မှ ပြောမယ် သမီးရယ်။ ခုတော့ သမီး ပြန်အိပ်ရင်လည်းအိပ်၊ အိပ်မပျော်လည်း အိပ်ရာထဲမှာပဲ လှဲနေနော်၊ ဟော ... အကြည်တို့ လာကြပြီ၊ သူတို့ သမီးကို စောင့်အိပ်ပေးလိမ့်မယ်၊ သမီး ဘာမှမပူနဲ့ မကြောက်နဲ့နော်"

"ဖေဖေနဲ့ မေမေ ဘာဖြစ်သွားပြီလဲဟင်"

"ဘာဖြစ်မှန်းတောင် သေသေချာချာ မသိရသေးပါဘူး၊ ဆေးရုံရောက်မှပဲ အကြောင်းစုံ သိရမှာကွယ်"

ဒီလိုနဲ့ပဲ အန်တီအဲလစ်(စ) တစ်ယောက် ညတွင်းချင်းကြီး ဆေးရုံကို ကားမောင်းထွက်သွားပါသည်။ အကြည်တို့ကို မေးတော့လည်း သူတို့က အိပ်ချင်မူးတူး ပုံစံတွေဖြင့် ...

"အစ်မတို့လည်း ဘာမှသိပ်မသိပါဘူး၊ အစ်မအဲလစ်(စ) လာနိုးလို့သာ ဏီကို စောင့်အိပ်ပေးဖို့ ထလာတာ၊ အိပ်ချင်တာပဲ သိတယ်"

ဟု အိမ်ဖော်တို့ ထုံးစံအတိုင်း ထုံထုံထိုင်းထိုင်းပြောပြီး ချက်ချင်းပဲ မှေ့ရာပါး ကြမ်းပြင်မှာခင်းပြီး တစ်ချိုးတည်း ထိုးအိပ်လိုက်တော့လေသည်။ ဏီကတော့ ဆယ်နှစ်သမီးပေမဲ့ ဘာကို စိုးရိမ်ရမလဲ ဆိုတာတော့ သိနေပြီမို့ စိုးရိမ်စိတ်များ၊ ပူပန်မှုများဖြင့် ပြန်အိပ်မရဘဲ အိပ်ရာထဲ ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့ပါသည်။

မနက်ခုနစ်နာရီကျော်ကျော်မှာ အန်တီအဲလစ်(စ) ပြန်ရောက်လာခဲ့ပါသည်။ ပြန်ရောက်ရောက်ချင်းပဲ ဏီရဲ့အခန်းကို တန်းဝင်လာကာ ဏီကို ယုယစွာ ထွေးပွေ့လိုက်သည်။

"ဖေဖေနဲ့ မေမေရော ... ကိုကြီးရော"

ဟု ဏီ မေးပေမဲ့ အန်တီအဲလစ်(စ) မဖြေချင်တာလား။ ရင်ထဲမှာ ဆို့နေလို့ ပြောမထွက်တာလားတော့ မသိ။ ဏီကို မပြောခဲ့ပါ။ ဏီ မရမက မေးခဲ့ရသည်မှာ တစ်နေ့လုံးနီးပါးဖြစ်သည်။

နေ့တစ်ဝက် ခဏအိပ်ပြီး ညနေစောင်း ဆေးရုံကို သွားဖို့ပြင်တော့မှ အန်တီအဲလစ်(စ)က ...

"ဏီ ... သမီး ဖေဖေနဲ့ မေမေ ဆေးရုံရောက်ပြီး သိပ်မကြာဘူး ရှေ့ဆင့် နောက်ဆင့်ပဲ ကွယ်လွန်သွားကြတယ် ကွယ်၊ သမီးကိုကြီးကတော့ ခေါင်းမှာ အပြင်းအထန် ဒဏ်ရာရထားလို့ ဆေးရုံမှာ တင်ထားရတယ်"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်ကြလို့လဲ၊ ဏီ ဘာမှ မသိရသေးဘူး။ ဖေဖေနဲ့ မေမေ ဘာလို့ သေရတာလဲ"

"တချို့ကပြောတော့ သူတို့ကို မနာလိုတဲ့လူတွေက ကား ကို ဘရိတ်ပေါက်အောင် လုပ်ကြတာတဲ့။ တချို့ကတော့ ကား accident ဖြစ်အောင် တမင်ပဲ နောက်ကားတစ်စီးက လိုက်နှောင့်ယှက်တာတဲ့။ တချို့ကတော့ ဏီ့ဖေဖေ ဦးမင်းမော်က တော်တော့်ကို အမူးလွန်နေတာ ကားမမောင်းသင့်ဘူး ဝိုင်းပြောပြီး မမနှင်းနှင်းကို မောင်းခိုင်းပေမဲ့ သူက ပေးမမောင်းဘဲ သူ့ကိုယ်သူ ရတယ်ဆိုပြီး မောင်းလို့ သစ်ပင်ကြီးနဲ့ ဝင်တိုက်မိသွားတာတဲ့၊ ဘေးက တစ်ယောက်တစ်ပေါက် ပြောကြပေမဲ့ ဘယ်ဟာအမှန်လဲ မသိပါဘူးကွယ်။ မှန်တာ မမှန်တာတွေလည်း အန်တီအဲလစ်(စ) သိပ်စိတ်မဝင်စားပါဘူး၊ ခုလောလောဆယ် သမီးမှာ တစ်ယောက်တည်း ကျန်ခဲ့တဲ့ အစ်ကိုကြီးကိုလည်း အသက်

ရှင်ပါစေ၊ ဘုရားသခင် စောင့်ရှောက်ပါစေလို့ ဆုတောင်းပေးနေရတယ်"

ဏီသည် အဖေအမေ မရှိတော့ဘူးဆိုတဲ့ အသိနဲ့ ဝမ်းနည်းအားငယ်စွာ ငိုခဲ့ရတာတွေ၊ ရသလောက် အကြောင်းကြားခေါ်ယူထားသော ဆွေမျိုးတွေနဲ့ အသုဘအခမ်းအနားကို ပြုလုပ်ခဲ့ရပုံ (ဆွေမျိုးတွေက အလှမ်းဝေးသော နယ်ဘက်တွေမှာ နေကြသူလည်း ရှိသလို၊ နိုင်ငံခြားထွက်ပြီး အခြေချသူတွေလည်းရှိသည်။

ဒါ့အပြင် နရဏီမိဘတွေမှာ ဆွေမျိုးတွေနဲ့ သိပ်အဆက်အသွယ် မလုပ်သော အားနည်းချက်လည်း ရှိသည်)တို့ကို ခပ်ရေးရေးတော့ မှတ်မိနေသေးသည်။ ကိုကြီး ဆေးရုံကဆင်းသော အခါမှာ ပြဿနာက စ,တာဖြစ်သည်။

ကိုကြီးဟာ ည,ညတွေဆို မအိပ်တော့။ ကယောင်ချောက်ချားတွေ ထ,ထအော်သည်။ စကားတွေ တစ်ယောက်တည်းပြောရင်လည်း ထ,ပြောနေသည်။ အဆိုးဆုံးက သူ့မှာ နှလုံးအားနည်းသည့်ရောဂါ ရှိသည်ဟု ပြောလျှင် လုံးဝလက်မခံ။ လုံးဝမကြိုက်တာပင်။

"အန်တီအဲလစ်(စ) ဘာတွေ လာပြောနေတာလဲ၊" စိတ်မှကောင်းသေးရဲ့လား။ ကျွန်တော့်မှာ ဘာနှလုံးရောဂါမှ မရှိဘူး။ ညီမလေး နရဏီမှာ ရှိတာလေ၊ သူက သိပ်ချူချာ

တာလေ။ ငယ်ငယ်တည်းက အမောမခံနိုင်ဘူး။ အအေးမိနှာစေးချောင်းဆိုးလည်း ခဏခဏ ဖြစ်တယ်လေ၊ သူ့ကို နှလုံးအထူးကုတွေနဲ့ တစ်လတစ်ခါလောက် check up လုပ်ပြီး သွားပြရမှာလေ။ ဘယ့်နှယ် ကျွန်တော့်ကို ဖြစ်တယ်ဆိုပြီး မှားပြောနေရတာလဲ၊ အန်တီအဲလစ်(စ) ရှုံးနေပြီ ထင်တယ်၊ ကျွန်တော့်မှာ ဘာရောဂါမှ မရှိဘူး။ ကျွန်တော် လူကောင်း၊ အခုဆို မိဘတွေ ကျန်ခဲ့တဲ့ ကီးပွားရေးလုပ်ငန်းကိုတောင် စလုပ်တော့မှာ။ နရဏီသာ အိမ်မှာ နားနားနေနေ နေရမှာ"

ဟူ၍ ပြောင်းပြန် လှန်ပစ်ကာ နရဏီလို လူကောင်းတစ်ယောက်ကို ရောဂါသည်အဖြစ် သူ့ဘာသာ ဖန်တီးယူဆပစ်လိုက်တာ ဖြစ်သည်။

သူပြနေကျ ဆရာဝန်ဆီသွားဖို့လည်း ပြောမရ။ တစ်လတစ်ခါ Check up လုပ်ဖို့ သွားရန်ခေါ်လည်း မရ။ နရဏီကိုသာ တွန်းလွှတ်လျက် ...

"ငါ့ကို ဘာတွေ လာပြောနေတာလဲ၊ ကလေးက, ကလေးလိုနေစမ်း။ နင် နှလုံးရောဂါ ဖြစ်နေတာ နင်မသွားဘဲ ငါ့ကို အစားသွားခိုင်းစရာလား။ နင် သွားရမှာ နရဏီ။ မသွားရင် ငါကိုယ်တိုင် လိုက်ပို့မယ်"

ဟုပင် အတင်းအကျပ် လွှတ်လေသည်။

သူ့စိတ်အခြေအနေက ပုံမှန်မဟုတ်တော့ဘဲ သူ့အရင်က ဖြစ်ခဲ့တာတွေ မဖြစ်ခဲ့ဘူး ပြောလိုပြော၊ သူဖြစ်တဲ့ရောဂါကို နရဏီ ဖြစ်တယ် ပြောလိုပြော၊ နရဏီ့ကို အတင်း ဆေးကုခိုင်းလိုခိုင်း၊ သူ သောက်နေကျ ဆေးတွေလည်း မသောက်တော့ဘဲ နရဏီ့ကို အတင်းသောက်ခိုင်းလိုခိုင်းနှင့် စိတ်ကယောင်ချောက်ချားတွေ၊ ထင်ယောင် ထင်မှားတွေ ဖြစ်လွန်းလာသောအခါ အန်တီအဲလစ်(စ)လည်း အကဲခတ်လို့ ရလာပါသည်။

နရဏီ့ကို တိတ်တိတ်လာတိုင်ပင်ပါသည်။

"မောင်နေ ခေါင်းထိတဲ့ဒဏ်ရာပြင်းလို့ ထင်တယ်၊ စိတ်မူမမှန်တော့ဘူး ဆိုတာ နရဏီ မှန်းမိလား"

"ဟုတ်တယ်၊ ကိုကြီး ကြည့်ရတာ ရူးနေသလိုပဲ"

"ဆေးခန်းလည်း မသွားဘူး။ ဆေးတွေလည်း မသောက်ဘူး။ သူ့ကြည့်ရတာ ဖြုံဖျော့နေပြီ"

"ကြာရင် ဆိုးမှာ။ ဏီလည်း သူ့ဆေးတွေ ဟန်ပြသောက်ပြပြီး ခိုးပြီး ပြန်ထွေးထုတ်ရတဲ့ ဝဋ်ကလည်း ဆိုးတယ် အန်တီ အဲလစ်(စ)၊ တစ်ခါတလေ သူက ရပ်ကြည့်နေရင် ပါးစောင်ထဲ ထည့်ဖွက်ထားရတာ သိပ်ဒုက္ခရောက်တာပဲ၊ မတော်တဆ မျိုချမိမှာလည်း ကြောက်ရတယ်"

"သူ့နှလုံးကလည်း ခွဲစိတ်ဖို့ အချိန်တန်နေပြီ၊ ခွဲပြီးရင်တော့ အခုထက် ပိုကောင်းသွားမှာပါ"

"အဲဒါ ဘယ်လိုလုပ် ပြောမလဲ၊ စိတ်ရောဂါကု ဆရာဝန်နဲ့တောင် တွေ့ခိုင်းဖို့ ခက်နေတာ။ သူက ကိုပဲ လွှဲချနေတာ၊ သူ ဖြစ်တာတွေ ကိုပဲ လာဖြစ်ခိုင်းနေတာ"

"အဲဒါ သူ့ရဲ့စိတ်ထဲမှာ ကိန်းအောင်းနေတဲ့ စိတ်ပဲ။ ကိုမင်းမော်တို့ မမနှင်းနှင်းတို့တုန်းက သားကြီးဆိုပြီး စိုးရိမ်စိတ်နဲ့ ပိုးမွှေးသလိုမွှေးပြီး ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရနဲ့ ချုပ်ချယ်ခဲ့တော့ သူ့စိတ်ထဲမှာ လူငယ်ပီပီ ဒါကို လက်မခံနိုင်၊ မကျေနပ်နိုင် ဖြစ်နေခဲ့တယ် ထင်တယ်။ အခု accident ဖြစ်ပြီး ခေါင်းကို ပြင်းပြင်းထန်ထန် ဒဏ်ရာရလိုက်တော့ စိတ်ရောဂါရသွားပြီး အဲဒီကိန်းအောင်းနေတဲ့စိတ်တွေနဲ့ ကိုကို သူ့လိုမျိုး ချုပ်ချယ်ခံရတာမျိုး ပြန်လုပ်နေတာ ထင်တယ်"

"သူ ဘယ်လိုလုပ်လုပ်ပါ၊ ကိုမှာ ကိုကြီးတစ်ယောက်ပဲ အားကိုးစရာရှိတာ။ ကိုကြီးကို စိတ်ရောဂါကုဖို့ နှလုံးခွဲစိတ်ဖို့တွေလုပ်ဖို့ ဘယ်လိုစည်းရုံးရမလဲ"

"ကိုပဲ မိဘတွေဆုံးလို့ depression ရပြီး စိတ်ရောဂါဖြစ်တယ် ပြောပြီး ဆရာဝန်ဆီ သွားမယ်, ပြောလိုက်။ ကိုက ကိုကြီးပါပြမှ ကိုလည်း ပြမယ် ပြောလိုက်၊ ဒါဆို သူ လက်ခံမလား မသိဘူး"

အန်တီအဲလစ်(စ) ကိုယ်တိုင်ကလည်း စကားထည့်သလို ဏီကလည်း တကယ်ပင် depression ဝင်ဟန်ဆောင်ပြီး ထမင်းဝိုင်းမှာ ထမင်းစားနေရင်း ဟီးခနဲ ငိုချကာ ထမင်းပန်းကန်တွေ မှောက်ပြလိုပြ၊ တစ်ခါတလေ ဝရန်တာမှာ ထွက်ရပ်ရင်း...

"ကိုကြီး ဟိုမှာ ဖေဖေနဲ့ မေမေ ပြန်လာပြီ၊ ဏီ့ကိုလက်ပြနေတယ်"

လို့ တမင် ကယောင်ချောက်ချားဖြစ်ဟန်ဆောင်ပြီး ပြောလိုပြော။ တစ်ခါတလေလည်း ...

"ဖေဖေ ညက သောက်တာများသွားလို့ မေမေနဲ့တောင် စကားများနေကြတာ ဏီ ကြားတယ်"

စသဖြင့် အရင်မိဘတွေ ရှိစဉ်ကအတိုင်း မြင်ယောင်နေဟန် ပြောလိုပြောတွေ လုပ်ပြလာသောအခါ ကိုကြီးက ဏီ့ကို တစ်ရက်မှာ စည်းရုံးလာသည်။

"ဏီ စိတ်ထဲမှာ ခံစားနေရတာတွေ သက်သာသွားအောင် စိတ်ရောဂါကုဆရာဝန်ဆီမှာ သွားဆွေးနွေးရအောင်လား။ တစ်ခါတလေကျ ရောဂါကုတာမျိုး မဟုတ်ဘဲ Psychological Concelling လုပ်ချင်ရင်လည်း စိတ်ရောဂါကုဆရာဝန်နဲ့ ပြရတာပဲလေ။ ဏီ့ကို ရူးနေတယ် ပြောတာ မဟုတ်ဘူးနော်။ ဏီက အရွယ်ငယ်ငယ်လေးနဲ့ မိဘတွေကို ဆုံးရှုံးလိုက်ရတော့ depression ရပြီး စိတ်ထဲမှာ ထင်ယောင်ထင်မှားတွေ ဖြစ်လာတယ်လို့ ကိုကြီး ထင်လို့ပါ"

ကိုကြီး ဒီလိုလာပြောတော့ ဏီမှာ တစ်ဆင့်တော့ အောင်မြင်ပြီဆိုပြီး ကျိတ်ဝမ်းသာသွားရပါသည်။ တကယ်တော့ ကိုကြီးသာ အဲဒီလို concelling လုပ်ဖို့ လိုနေတာ။

"ဟင် ... ဘာမှမဖြစ်ဘူး၊ မသွားဘူး"

လို့တမင်ပင် ခဏာခဏာငြင်းပြတာ။ အန်တီအဲလစ်(စ) ကလည်း ဏီ တတ်သမျှ မှတ်သမျှ လုပ်ဆောင်ချက်လေးကို ကူပြောပေးဖော်ရသည်။

"မောင်နေပါ ညသညအိပ်မပျော်တာကို ဆရာဝန်နဲ့ လိုက်ပြလိုက်ရင် ညီမလေးလည်း အဖော်ရပြီး ဆရာဝန်နဲ့ ဝင်တွေ့ချင်မှာပေါ့။ သူ့ဘာသာကျ သူ့ကိုယ်သူ စိတ်အားငယ်ပြီး စိတ်ကုဆရာဝန်နဲ့ ဘယ်သွားပြချင်ပါ့မလဲ"

ဒီလိုနဲ့ ကိုကြီးပါ ဏီကို အဖော်ရအောင်ဆိုပြီး စိတ်ရောဂါကု ဆရာဝန်နှင့် လိုက်ပြဖို့ သဘောတူသွားပါသည်။ သွားပြမည့် ဆရာဝန်ကြီးကိုတော့ ကိုကြီးနဲ့ မသွားခင်တစ်ရက် ကိုကြီးမသိအောင် ကြိုချိန်းပြီး ဏီနဲ့ အန်တီအဲလစ်(စ)က အကျိုးအကြောင်း အရင်သွားပြောထားရပါသည်။ ဆရာဝန်ကြီးကလည်း လက်ခံလိုက်သဖြင့် နောက်တစ်ရက်ကျမှ ကိုကြီးကိုပါခေါ်ပြီး appointment ယူထားပြီး မောင်နှမ, နှစ်ယောက်စလုံး ဝင်ပြဟန် ဖြင့် ဟန်ဆောင်ရပါသည်။

လူကောင်းဖြစ်သော ဏှိုကိုလည်း ဟန်ပြလောက် စကားပြောဆို ဆွေးနွေးဟန်ဆောင်ပြီးမှ အဓိက, စိတ်ရောဂါကု ပေးရမည့် ကိုကြီးကို တွေ့ဆုံစကားပြောပေးလေသည်။ တတ်ကျွမ်းသော ဆရာဝန်ကြီးရဲ့ ကုထုံးကုနည်းများ၊ သောက်ဆေးများ ကို စနစ်တကျ လက်ခံရရှိသောအခါ ကိုကြီးရဲ့စိတ်ရောဂါဟာ အဆိုးရွားကြီးတော့ ဖြစ်မလာခဲ့ပေမဲ့ ...

"သူ့စိတ်ထဲမှာ သူ့မှာရှိနေတဲ့ မွေးရာပါ နှလုံးရောဂါကို မရှိချင်ဘူး။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ပျော့ညံ့တဲ့ ရောဂါမျိုး ရနေတာကို မကြိုက်ခဲ့ဘူး ဖြစ်နေတယ်။ ဒါကြောင့် ခုလို စိတ်ရောဂါရတော့ သူဟာ အဲဒီရောဂါကို ညီမဖြစ်သူဆီမှာပဲ ရှိနေခဲ့တယ်ဆိုတဲ့ စိတ်တစ်မျိုး ပြောင်းဝင်သွားတယ်။ သူကတော့ လူကောင်း၊ ညီမကတော့ လူမမာလို့ချည်း ထင်နေတယ်၊ ဒီတော့ သူ့ကို ဆေးကုချင်ရင် အခုလိုမျိုးပဲ ညီမ,က သဘောလောက်ဝင်ပြ၊ အစ်ကိုပါဝင်ပြမှ ညီမလည်း ပြမယ်ဆိုတဲ့ အကျပ်ကိုင်တာမျိုးနဲ့ တစ်လတစ်ခါ check up လုပ်နေတာတွေ ဘာတွေ လုပ်ချင်ရင် သွားလုပ်မှ ရလိမ့်မယ်။ အဲဒီတစ်ခုပဲ သူ့မှာပြင်မရ၊ ကုမရတဲ့ စိတ်ရောဂါဝင်သွားတယ်၊ သူ့မှာ ဘာရောဂါမှ မရှိဘူးချည်း ခုထိ ငြင်းနေသေးတယ်။ ကျန်တဲ့အပိုင်း စိတ်ကယောင်ချောက်ချား ဖြစ်တာတွေ၊ ကစဉ့်ကလျားဖြစ်

တာတွေကာ ပုံမှန်ပဲ ဆေးသောက်မယ်၊ ဆရာနဲ့ စကားလာ ပြောပြောနေမယ်ဆိုရင် သက်သာလာဖို့ ရှိပါတယ်၊ မွေး ရာပါ နှလုံးအားနည်းတဲ့ ရောဂါကတော့ သေသေချာချာ လေး ကြပ်မတ်ကုနိုင်မှ ဖြစ်မယ်"

အန်တီအဲလစ်(စ)နှင့် ဇော်မှာ စိတ်ရောဂါကုဆရာဝန် ကြီးစကား ကြားလျှင် ကြံရာမရဖြစ်ပြီး ဖက်ငိုမိကြသည်။

"ဒေါက်တာရယ်... သူ့မှာ နှလုံးအားနည်းတဲ့ရောဂါ ရှိပါ တယ်ဆိုမှ accident ဖြစ်ပြီး စိတ်ရောဂါပါ ထပ်ရသွားရ ရှာတယ်၊ ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မ မောင်နေ့ကို သိပ် သနားတာပဲ"

"စိတ်ရောဂါက အဆိုးကြီး မဟုတ်ပါဘူး၊ သူ့ကို စိတ် ချမ်းချမ်းသာသာထားပြီး သူ့စိတ်ထင်နေတဲ့ တချို့ကို ပေး,ထင်လိုက်၊ ဥပမာပေါ့... ညီမမှာရောဂါမရှိဘဲ ရှိတယ် ထင်တာကို ပေး,ထင်ထားလိုက်၊ သွားငြင်းမနေနဲ့၊ သူ့မှာ ရှိတဲ့ ရောဂါဆိုတာ ပြန်သိသွားရင် depression ထပ်ရပြီး ပိုဆိုးသွားလိမ့်မယ်၊ အဲဒီလိုပဲ သူ ဆေးတွ ဘာတွေ ပုံမှန် သောက်အောင် သမီးကပဲ စည်းရုံးပြီး အစ်ကိုလုပ်ပြမှ ညီမက လုပ်မယ်ဆိုတာမျိုးနဲ့ သူ့ကို ဆွဲခေါ်ပြီး ဆေးကု ပေါ့။ ဒီလိုနည်းနဲ့ပဲ ထိန်းထားလို့ ရမယ်။ သူ့စိတ်ထင် တာတွေ လိုက်ဆန့်ကျင်ရင် သူ ပိုဆိုးလာဖို့ပဲ ရှိတယ်။

ဒီတော့ ဒီလောက် ထင်ယောင်ထင်မှား ဖြစ်တာလောက်နဲ့ စိတ်ရောဂါ အကြီးအကျယ် ရတယ်လို့ မဆိုသာပါဘူး။ တစ်ခါတလေ လူသာမန် စိတ်ပုံမှန်ရှိတဲ့ လူတွေတောင် ဖြစ်ဖူးမှာပါ။ ကိုယ် သိပ်ဖြစ်ချင်လို့ စိတ်ကူးကြံ့ယဉ်ထားတာတွေ တကယ်လည်း မဖြစ်ပါဘဲ ကြုံခဲ့ရသလိုလို ထင်ယောင်ထင်မှား ဖြစ်တာမျိုး ခံစားဖူးကြမှာပါ။ အဲဒီလိုမျိုးပါပဲ"

အဲဒီအချိန်ကစပြီးတော့ပဲ နရဏီဟာ လူကောင်းကြီးကနေ လူမမာဖြစ်ဟန်ဆောင်ရ၊ စိတ်ရောဂါရှိဟန်ဆောင်ရပြီး၊ အစ်ကိုဖြစ်သူကို ဆေးကုဖို့ အရွယ်လေးနဲ့မမျှ အလိုက်တသိ စည်းရုံးပေးလာခဲ့ရတာ။ ကိုကြီး စိတ်ကြိုက် နေထိုင်ပေးခဲ့ရတာ။

"ကိုကြီးပါ ဆေးသောက်ပြမှ ဏီလည်း သောက်မယ်၊ သောက်ပြ ... အခုသောက်ပြ၊ မျိုချပြ"

လို့ အတင်းတိုက်တွန်း ဆေးသောက်ခိုင်းပြီး ကိုယ့်အတွက် ဆေးတွေကိုတော့ နည်းမျိုးစုံနဲ့ ဖျောက်ဖျက်တတ်တာ ကတ်ကျွမ်းလာခဲ့ပါသည်။ ကိုကြီးကို အရင်ထဲက ပြနေကျ နလုံးရောဂါကုဆရာဝန်ကြီးကလည်း အကျိုးအကြောင်း ဆွေးနွေးထားပြီးသော စိတ်ရောဂါကု ဆရာဝန်ကြီးရဲ့ ရှင်းပြချက်။ အန်တီအဲလစ်(စ)နဲ့ ဏီတို့ရဲ့ တောင်းပန်ချက်ကြောင့် နေသူရိန် ဆိုသော လူနာကို ကုချင်လျှင် ဘာရောဂါမှ မဖြစ်သော နရဏီ့ကိုပါ ရောနှောစမ်းသပ်ပြီး ကုသဟန်ဆောင်ပြီး စည်းရုံးခဲ့ရပါသည်။

ပြီးခဲ့တဲ့ တစ်နှစ်ကတော့ ကိုကြီးတစ်ယောက် အိပ်ရာထဲ လဲတဲ့အထိ နှလုံးအခြေအနေက ဆိုးလာ၍ ဇော်ပဲ ခွဲစိတ်ခွင့်လက်မှတ် ထိုးပေးပြီး နှလုံးခွဲစိတ်ကုသခိုင်းလိုက်ပါသည်။ ထိုအချိန်မှာတော့ သူ့ကိုယ်တိုင် ရောဂါဒဏ် ခံနေရသည်ဖြစ်ရာ နှလုံးခွဲစိတ်ဖို့ကို ဘယ်လို အသိစိတ်နဲ့ လက်ခံလိုက်သည် မသိပါ။ အိပ်ရာထဲက မထ,နိုင်လောက်အောင် ရောဂါခံစားနေရ၍ပဲလား တော့မသိ။

ခွဲစိတ်ကုသပြီး နှလုံးအခြေအနေက တော်တော်လေး ပြန်ကောင်းလာသောအခါ အရင်က သောက်ရသော ဆေးတွေလည်း လျှော့ခွင့်ရလိုက်သလို check up လုပ်ဖို့လည်း တစ်လခွဲလောက်မှ တစ်ခါသာ ဆေးရုံသွားပြရပါသည်။ တကယ်တော့ သူ ပြဖို့သွားရသည်ကို ဇော်က သဘောလောက် ဝင်ဝင်ပြပေးနေရသည်မှာ ကြာတော့လည်း လုပ်ရိုးလုပ်စဉ်လိုဖြစ်ပြီး သိပ်မထူးဆန်းတော့ပေမဲ့ ဖေဖေ မေမေတို့က ကိုကြီးဟာ ရောဂါသည်မို့ ဟိုဟာ ပေးမလုပ်၊ ဒီပေးမသွား၊ ချုပ်ချယ်ခဲ့တာကိုကျ ကိုကြီး စိတ်ထဲမှာ ဒါကို ဒဏ်ရာရပြီး ဇော့်အလှည့်မှာ သူ့တုန်းကလို ပြန်ချုပ်ချယ်ခဲ့တာကိုတော့ ဇော်မှာ ရင်ဆိုင်နေရသည်။

အခါများစွာတွေမှာတော့ ...

"ဩော် ... သူ့မှာ စိတ်ရောဂါရှိတယ်၊ ငါ သူ့အကြိုက် လိုက်နေပေးရမယ်၊ သူ့စိတ်တိုင်းကျ နေရမယ်"

ဆိုပြီး သနားစိတ်နဲ့ နာခံလို့ရပေမဲ့ တစ်ခါတစ်ရံ တွေမှာကျတော့ လူငယ်မိန်းကလေးတစ်ယောက်ရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးအနစ်နာခံပြီး အကျဉ်းကျနေရသလို နေခဲ့ရတဲ့ဘဝကို စိတ်နာကာ အရွဲ့တိုက်ပစ်ချင်တတ်ခဲ့ပါသည်။ အန်တီအဲလစ်(စ) သာ အနားမှာမရှိဘူး။ သတိပေး ဖျောင်းဖျမနေဘူးဆိုလျှင် ဏီ ဘယ်နှကြိမ်လောက်များ ကိုကြီးအလိုကျ မနေဘဲ ကိုယ့်ဆန္ဒတွေသာ ကိုယ်ဦးစားပေးပြီး လုပ်မိမလဲ မသိပါ။

"ဏီ့မှာ ဒီအစ်ကိုကြီး တစ်ယောက်ပဲ ဆွေမျိုးရင်းချာ ရှိတာ။ ပြီးတော့ ဏီ့အသက် အစိတ်ပြည့်မှ အမွေဆက်ခံရမှာမို့ ခုလောလောဆယ် သူ ဦးစီးနေတဲ့ စီးပွားရေးလုပ်ငန်း ဆက်အောင်မြင်ဖို့ လိုတယ်။ မိဘအမွေထဲမှာ ဒီလုပ်ငန်းလည်း ပါတာမို့ မိဘလက်ထက်က အောင်မြင်ခဲ့သလို မောင်နေက လုပ်ပေးနိုင်နေတယ်။ သူ့စိတ်အနှောင့်အယှက်ဖြစ်မှာမျိုး သွားမလုပ်မိစေနဲ့ သမီး။ သမီးအစ်ကိုကို ဘေးလူအမြင်မှာ လူသာမန်တစ်ယောက်လိုပဲ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာ မြင်ချင်ရင် သူ့စိတ်တိုင်းကျသာ နေပေးလိုက်ပါ ဏီရယ်"

ဏီသည် အစ်ကိုဖြစ်သူကို ငဲ့ညှာခဲ့ရပေါင်းများတာနဲ့ပဲ တဖြည်းဖြည်း အခွင့်အရေးတွေ ဆုံးရှုံးပြီး မှေးမှိန်လာခဲ့ရတော့သည့် မိန်းကလေးတစ်ဦးပင် ဖြစ်ခဲ့လေသည်။

ဖဖ ဖဖ ဖဖ

ရှိုင်း စာပေ
၂၇၂၊ ဦးဘိုးမှန်လမ်း
ရွှေကျင်-အင်းဗိန်လမ်းချိုး

## ၁၁

ဩဇာသည် ရုတ်တရက်တော့ ဝမ်းသာလုံးဆို့ပြီး ဘာစကားမှ စ,မပြောနိုင်ဘဲ ဖြစ်နေသည်။ နရဏီကတော့ ရုက်ကိုးရုက်ကန်း ပြုံးပြီး သူ့ဘေးမှာ ပါလာသော ကုမ္ပဏီဝတ်စုံဝတ် ဝန်ထမ်း အစ်မလေးကို မလုံမလဲ ကြည့်သေးသည်။

“ကိုဩဇာ ဒီရောက်နေတာကိုး”

“ရုံးဆင်းချိန် နီးပြီမို့လေ”

“အမြဲ လာစောင့်နေတယ်နော်”

“ကိုနေသူရိန် သတိထားမိပြီလား”

“ခုထိတော့ ဘာသံမှ မကြားသေးဘူး”

ဝန်ထမ်း အစ်မလေးက သူတို့ ဘာပြောနေမှန်း မသိပေမဲ့ ဘေးမှာ ခပ်ပြုံးပြုံး ရပ်စောင့်နေသည်။

“အန်တီအဲလစ်(စ)ရော”

"ဒီနေ့ မနက်တည်းက သွားကိုက်နေတာနဲ့ ရုံးလည်း ရောက်ရော ကိုကြီးက သွားဆရာဝန်ဆီမှာ appointment ယူပေးလိုက်တယ်။ ဆယ့်တစ်နာရီ လာခဲ့ပါဆိုလို့ ခုနလေး တင် ထွက်သွားတယ်"

"ဒါဖြင့် ကိုနေသူရိန်ရော"

"အရင်အပတ်က ပို့လိုက်တဲ့ ကွန်တိန်နာတစ်စီးမှာ Quality မမီတာတချို့ ပါတယ်ဆိုပြီး ပြန်ပို့ခံလိုက်ရလို့ ချက်ချင်း ပဲ ဆိပ်ကမ်းကို ထ,ထွက်သွားရတယ်၊ လုံးဝအစီအစဉ် မရှိဘဲ ထွက်သွားရတော့ ဏီ့ကို ဘယ်အစောင့်အကြပ်မှ မရှိဘဲ ထားထားခဲ့ရတာကိုတောင် မေ့သွားတယ်လေ"

"ဒါဖြင့် ဒီနေ့ ရုံးဆင်းရင် ဏီ ဘယ်သူနဲ့ ပြန်မှာလဲ"

"မပူပါနဲ့၊ အန်တီအဲလစ်(စ)ကတော့ သွားဆရာဝန်ဆီမှာ ဘယ်လောက်ပဲ စောင့်ရ စောင့်ရ။ ရုံးဆင်းချိန်အမီ သူ့ ဝင်ခွင့်မရရင် သွားအကိုက်ခံပြီး ဏီ့ကို ပြန်လာခေါ်မှာပဲ။ ဏီ့ကို အိမ်ရောက်အောင်တော့ ပြန်ပို့မှာပဲ"

"ဒီအဆောက်အအုံ အပေါ်ထပ်မှာလည်း သွားဆေးကုခန်း ရှိတယ်နော်"

"ဟုတ်တယ်၊ ဒါပေမဲ့ ပြနေကျ ဆရာဝန်မဟုတ်လို့ မပြ ဖြစ်ဘူး။ တခြားဆေးခန်းမှာ ပြနေကျမို့လေ"

"ဏီက ဒီမှာ ဘာလာဝယ်တာလဲ"

နရဏီသည် ရှက်စနိုးပြုံးရင်း ...

"ကြောင်မရှိ ကြွက်ထ,လေ။ ဏီ တစ်ခါမှ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လွတ်လွတ်လပ်လပ် မနေရဖူးဘူး။ ဒါကြောင့် မသူဇာ လက်ဖက်ရည်ထွက်သောက်ပြီး မုန့်စားမယ်ဆိုတော့ အတင်းတွယ်ကပ်,လိုက်မိတာ"

မသူဇာ ဆိုသော ကုမ္ပဏီဝတ်စုံဝတ် အစ်မလေးက ပခုံးတွန့် မျက်လုံးပြူးပြလျက် ...

"သူ့ခေါ်ရတာ ကြောက်တော့ ကြောက်တယ်။ Boss က ညီမကို အရမ်းသဝန်တိုတော့ အပြင်တွေ ဘာတွေ တစ်ယောက်တည်းတောင် ပေးသွားတာ မဟုတ်ဘူးလေ။ ခုလို ဘော်ဒီဂတ်(ထ်)အန်တီ မပါဘဲ ကျွန်မနဲ့ထွက်လာတာသာ ပြန်သိရင် အလုပ်တော့ အပြုတ်ပဲ"

ဟုလည်း ဦးနေသူရိန် အကြောင်း သိပြီးဟန်ဖြင့် ပြောလေသည်။

"စိတ်ချပါ၊ ဏီ ခဏလေးပဲထိုင်မှာ၊ လက်ဖက်ရည်ဆိုင်မှာဖွင့်တဲ့ သီချင်းကို နှစ်ပုဒ်လောက်ပဲ နားထောင်မှာပါ။ ကိုကြီးနဲ့ အန်တီအဲလစ်(စ)လည်း ပြန်မသိစေရပါဘူး"

မသူဇာက ခေါင်းအသာညိတ်ပြကာ ...

"ညီမကို အစ်မတို့လည်း ဟိုခေါ်ဒီခေါ် လုပ်ချင်ပါတယ်။ သူဌေးက လုံးဝမကြိုက်တော့ အလုပ်ထဲ ညီမရောက်တာ ဖြင့် ကြာပြီ တရင်းတနှီးတောင် စကားမပြောရဲဘူး"

ဩဇာသည် မိန်းကလေးနှစ်ယောက်ကြား နားထောင်သမား ဖြစ်နေသည်။ နရဏီသည် ဆိုင်ထဲဝင်ဝင်ချင်း ဩဇာကို တွေ့တာနဲ့ ဟန်ဆောင်မှုကင်းစွာပင် ဩဇာရဲ့စားပွဲမှာသာ နေရာယူလိုက်သဖြင့် နရဏီတို့ ပြောသမျှ ကြားနေရပါသည်။ အဝေးကသာ ငေးခွင့်ရ၊ ချောင်းကြည့်ခွင့်ရသော မိန်းကလေးကို အခုတော့ အနီးကပ်တွေ့ရလျှင် ရင်ထဲမှာ ဝမ်းသာလုံးဆို့ပြီး စကားစ,ရှာမရ ဖြစ်နေပြန်သည်။ ငါ ဘာလို့ ဒီလောက် အသုံးမကျရတာလဲ။ ပြောလေ ... ပြော။ တစ်ခုခု စ,ပြောလိုက်ပါတော့လား။ နရဏီတောင် ဘာမှမဖြစ်သလိုနဲ့ ငါ့ကို စကားပြောနိုင်သေးတာ။ ငါက ဘာကို မျက်နှာပူနေရမှာလဲ။ ဘာကို ရှက်နေရမှာလဲ။

ဩဇာသည် ကိုယ့်ကိုယ်ကိုယ် အားပေးပြီးလျှင် စကား,စလိုက်ပါသည်။

"အလုပ်ထဲရောက်တာ သုံးလလောက်တောင် ရှိပြီနော်"

"အင်း ... ဟုတ်တယ်"

"ဘာတွေ အုပ်ချုပ်ပြီး လုပ်ကိုင်ရတာလဲ"

ထိုသို့ အမေးခံလိုက်ရတော့ နရဏီ အသံထွက်ရယ်လေသည်။

"အထင်ကြီးနေပြန်ပြီ"

"ကုမ္ပဏီအပိုင် ရှိတယ်ဆိုတော့ အလုပ်ဝင်ပြီဆိုရင် တစ်ခုခုတော့ အုပ်ချုပ်ပြီး လုပ်ရမယ်လို့ ထင်လို့ပါ"

"သူများကို အုပ်ချုပ်ချင်ရင် ကိုယ်ကိုယ်တိုင်ကလည်း အရည်အချင်းပြည့်မှ အလုံးစုံ ထောင့်စေ့ သိနေမှ ဖြစ်မှာလေ။ ဒါကြောင့် ဏီ အခု ပညာသင်အနေနဲ့ပဲ ဝင်လုပ်ပါတယ်၊ ဏီ ဘာမှ Knowledge မရှိသေးတော့ အခုမှ ကွန်ပျူတာ စသင်နေတယ်"

"ဒါပေမဲ့ နရဏီ ပျော်တယ် မဟုတ်လား"

"ပျော်တာပေါ့၊ ဘယ်လိုပုံစံနဲ့ပဲ အလုပ် လုပ်ရလုပ်ရ ပျော်တယ်၊ အရင်ကထက် စာရင်တော့ လွတ်လပ်မှု ရှိလာတယ်။ အခုလိုမျိုး အခွင့်သာရင် လစ်ထွက်လို့လည်း ရလာတယ်လေ"

နရဏီ့ မျက်နှာလေးက မြူးဖျလန်းဆန်းနေသည်။ ဩဇာမှာ အရင်တတွေ့နေကျ မျက်နှာညှိုးဖျော့ဖျော့နှင့် လောကကြီးကို စိတ်ခါတ်ကျနေသော ဟန်ပန်နဲ့မတူဘဲ အခုလို မြူးဖျလန်းဆန်းသော မျက်နှာအမူအရာပြင့် လှပနေသော မိန်းကလေးကို ကြည့်မဝ၊ ငေးမဝ ဖြစ်နေမိသည်။ ဆားမှာထိုင်နေသော မသူဇာ သတိပြုချင်လည်း' ပြုမိပါစေတော့။ နရဏီ သတိပြုမိရင်လည်း ပြုမိပါစေတော့။ ရင်ထဲမှာ စွဲလမ်းနေရသော မိန်းကလေးကို တစိမ့်စိမ့်ပဲ ငေးကြည့်ချင်နေမိတော့၏။ ဒီလို အခွင့်အရေးကို ခဏခဏ ရချင်သည်။ ခဏခဏ ပိုင်ဆိုင်ချင်သည်။ အလှမ်းဝေးသလို ဖြစ်နေတဲ့ သူ့ချစ်ရသူ မိန်းကလေးကို အခုလိုမျိုး ခဏခဏ တွေ့ရဖို့ ဘယ်လိုများ လုပ်ရပါ့မလဲ။

"ကိုညြှဏ"

ရနံ့ဏီသည် မျက်နှာလေးနီနီဖြင့် ညြှဏကို ခပ်တိုးတိုး ခေါ်ပါသည်။ ဏီ့ ရင်ထဲလည်း တုန်လှိုက်မောပန်းနေသည်။ သူ့အကြည့် ခပ်ရီရီတွေကြောင့် နှလုံးသားဟာ နွေးလာသလိုလို၊ အေးလာသလိုလို၊ ခုပဲ တဖောက်ဖောက် အသံမြည်ပြီး ရင်ဘတ်ထဲကနေ ပေါက်ထွက်သွားတော့မလိုလို။

"ဒီရှေ့မှာ မနက်တိုင်း ညနေတိုင်း ရောက်ရောက်နေတော့ ဆိုင်ကို ဒီတိုင်း ပစ်ထားခဲ့ရတာပေါ့နော်"

"မပစ်ထားခဲ့ရပါဘူး၊ ဆိုင်မှာ ဝန်ထမ်းတွေ ရှိပါတယ်၊ အားလုံး သူ့တာဝန်နဲ့သူ ခွဲထားတယ်၊ မနက် ဆိုင်လာဖွင့်တဲ့လူ ရှိတယ်၊ ဆိုင်တံခါးပိတ်ပြီး ဆိုင်မှာ ညစောင့်ပါ လုပ်ရတဲ့လူလည်း ရှိတယ်"

"ကိုညြှဏ ဆိုင်ကို ရောက်ဖူးချင်တယ်"

"ဆိုင်ကို ခေါ်တော့ ပြချင်ပါတယ်၊ ဒါပေမဲ့ တကယ်မြင်ရရင် နရဏီ စိတ်ညစ်သွားမယ်၊ ဘာမှ fancy မဖြစ်ဘူး။ ကော်ဇောတွေ ပုံစံအမျိုးမျိုးနဲ့ ခင်းကျင်းပြထားတာပဲရှိတယ်။ ပြီးတော့ ကော်ဇောကထွက်တဲ့ chemical နံ့ကလည်း မယဉ်ပါးသေးရင် အသက်ရှူရတာ အနှောင့်အယှက်ဖြစ်တယ်။ ကျွန်တော်ကတော့ ရိုးနေပြီ"

"ကိုညြှဏက ဆိုင်ဖွင့်တာ ကြာပြီလား"

"ကြာပြီ၊ ဆိုင်ကတော့ အဲဒီနေရာမှာ ဖွင့်ထားတာကြာပြီပေါ့။ ကျွန်တော်ကတော့ လုံးဝ ဆိုင်ထိုင်လိုက်တာက ဘွဲ့ရပြီးမှပါ။ လေးငါးနှစ်လောက်ပဲ ရှိသေးတယ်"

"အရင်က ဘယ်သူထိုင်လဲ"

သူ့အကြောင်းတွေ အခုမှ စပ်စုခွင့် ရရှာသော နရဏီ့ မေးခွန်းတွေကို ဖြေရတာ သြဇာ ပျော်နေသည်။ သူ့အပေါ် စိတ်ဝင်တစား ရှိနေခြင်း ဂပင်လျှင် သူ့အကြောင်းတွေ နရဏီ့ ခေါင်းထဲ ရှိနေခြင်းကြောင့် ဖြစ်ပါမည်။

"အရင်က ဖေဖေနဲ့မေမေ ထိုင်တယ်၊ ဖေဖေက လေတစ်ခါဖြတ်ပြီး ပြန်ထူထူထောင်ထောင် ဖြစ်လာပေမဲ့ ဆိုင်မထိုင်နိုင်တော့ဘူး။ မေမေကလည်း ဖေဖေ့အနားမှာ ပြုစုပြီး ပုတီးပဲစိပ်နေချင်တော့တယ်လို့ ဆုံးဖြတ်လိုက်တာကြောင့် ဒီဆိုင်ဟာ ကျွန်တော့်လက်ထဲကို လုံးဝရောက်လာတော့တဲ့ သဘော ဖြစ်သွားတယ်"

"ကိုယ်ပိုင်ဆိုင်ကြီးတစ်ဆိုင်တောင် ရှိတယ်ဆိုတော့ အားကျစရာပဲ"

"မိဘလက်ငုတ်လက်ရင်းမို့ ဆက်လုပ်လို့ ရနေတာပါဗျာ။ ကျွန်တော့်ဘာသာဆို သာမန်ဘွဲ့လေးတစ်ဘွဲ့နဲ့ ဘယ်လိုလုပ်စားရမှန်းတောင် မသိဘူး။ အလုပ်ကောင်း ရချင်ရင် ဘွဲ့ရပြီးလည်း ဘာသာစကားသင်တန်းတွေ၊ ကွန်ပျူတာ

ပညာတွေ၊ စာရင်းကိုင်ပညာတွေ ဆက်သင်မှ အလုပ်ရဖို့ သေချာမှာ၊ ကျွန်တော်ကတော့ ကံကောင်းသွားတာပေါ့၊ အလုပ်အတွက် ခေါင်းမစားလိုက်ရဘူး"

"ကိုဩဘာနဲ့ ဏီတို့အဖြစ်က တူနေပြီ။ ဏီတို့လည်း မိဘ လက်ထက်က လုပ်ခဲ့တဲ့ furniture လုပ်ငန်း exports လုပ်တာကို ဆက်လုပ်ရတာပါပဲ"

"သစ်တွေက သစ်တောအပိုင်ရှိလို့ အလွယ်တကူရတာ လား"

"ဒီဇိုင်နာလည်း ကိုယ့်ဒီဇိုင်နာနဲ့ကိုယ် ထားရတယ်လေ၊ Furniture ချင်း အတူတူ ကိုယ့်ဆိုင်ကထွက်တာ ကိုယ့် ကုမ္ပဏီကထွက်တာကို လူပိုကြိုက်ဖို့ လိုတယ်လေ"

"မဆိုးပါဘူး၊ နရဏီလည်း အလုပ်အကြောင်း တော်တော် လေး သိလာပြီပဲနော်"

"ဟော ... ဏီ သွားမှထင်တယ်၊ ဒီရောက်တာ ဘာလိုလို နဲ့ မိနစ်နှစ်ဆယ်လောက် ရှိပြီထင်တယ်နော် မသူဇာ။ ဏီ တို့ပြန်မှဖြစ်မယ်၊ တော်ကြာ အန်တီအဲလစ်(စ)ပြန်လာမှ ကွိခနဲ မိနေဦးမယ်"

ဏီက ပြောလည်းပြော၊ ခေါင်းကလေးပု လျှာတစ် လစ်ထုတ်ရင်း ထရပ်ပါသည်။ ဩဘာမှာ တမ်းတမ်းတတ လိုက် မော့ကြည့်နေခဲ့ပါသည်။ ဘယ်တော့များမှ ဒီလိုထပ်ဆုံရမှာလဲ

ဏီရယ်။ ပြီးတော့ ဏီ့လက်လေးကိုဆွဲပြီး တွဲလျှောက်ခွင့်ကိုရော ဘယ်တော့များမှ ရမှာလဲ။

နရဏီသည်လည်း ထပြီး ထွက်သွားခါနီးမှ မထွက်သွားနိုင်သလိုဖြစ်ကာ ဩဇာကို ပြန်ငေးကြည့်နေမိလေသည်။ မသူဇာကတော့ အလိုက်တသိပင် မလှမ်းမကမ်းမှာ သွားရပ်စောင့်နေပါသည်။ နရဏီတို့ လွတ်လွတ်လပ်လပ် စကားပြောချင်ပြောဆိုသော ပုံစံနှင့် သွားရပ်စောင့်နေတာမျိုး ဖြစ်သည်။

မသူဇာ မရှိတော့မှ ဩဇာလည်း အရဲစွန့်ပြီး ...

"ဏီ ... နရဏီ ဏီ့ကိုချစ်တယ်လို့ ကျွန်တော်စာရေးပြီး ပြောထားဖူးတယ်နော်၊ အဲဒါ ဘယ်လိုသဘောရလဲဟင်"

ဟု စတင်၍ ခပ်တိုးတိုး မေးလိုက်ပါသည်။

"နေ့တိုင်း လာလာစောင့်ကြည့်နေတာ၊ ဏီ့ကို မြင်ချင်လို့ပါ။ ဏီ့မျက်နှာလေးကို နေ့တိုင်း တွေ့ချင်လို့ပါ။ ကျွန်တော် ဘယ်လိုနည်းနဲ့ တွေ့ခွင့်ရဦးမလဲဟင်"

"ကိုဩဇာရယ်"

"ဏီ့ကို မြင်မြင်ချင်း ချစ်ခဲ့တာပါ။ ဆေးရုံမှာ လာပြတဲ့နေ့ကတည်းက ချစ်သွားတာပါ"

"ဆေးရုံလာလာပြရတော့ ဏီ့ကို ရောဂါသည်လို့ မထင်ဘူးလား"

"ဏိုမှာ နှလုံးရောဂါ ရှိတယ်မဟုတ်လား"

နရဏီ အသံမထွက်ဘဲ ပြုံးပါသည်။

"ဏိုရောဂါက စိုးရိမ်ရတဲ့ အခြေအနေလားဟင်"

"မဟုတ်ပါဘူး၊ ပုံမှန်ဆေးခန်းပြပြီး ကျန်းမာရေး ဂရုစိုက်ရင် ဘာမှမဖြစ်နိုင်ပါဘူး၊ အင်း ... ဏီ ဒီအကြောင်းတွေကို ပြောချင်လိုက်တာနော်၊ ဘယ်လိုပြောပြရမလဲ မသိဘူး"

"ဟုတ်တယ်၊ ကျွန်တော်လည်း ဏို အကြောင်းတွေ သိချင်တယ်"

"ဏိုဆီမှာ ကိုဩဇာရဲ့ ဖုန်းနံပါတ်တော့ရှိတယ်၊ အိမ်ဖုန်းရော ဆိုင်ဖုန်းရောလေ"

"ဏီ ... ဖုန်းဆက်မှာလား"

နရဏီသည် တစ်ချက် တွေခနဲ စဉ်းစားမိသည်။ ဏိုဘဝမှာ အချစ်နဲ့ ပတ်သက်ပြီး ဘာအတွေ့အကြုံမှလဲ မရှိ။ ဘာမှလဲ မခံစားဖူးခဲ့လေရာ ကိုဩဇာသည် ဏိုဘဝရဲ့ ပထမဦးသော စိတ်လှုပ်ရှားနေသည့် ယောကျ်ားတစ်ယောက်ပင် ဖြစ်လေသည်။ ဒါဟာ အချစ်ပဲလား။ အချစ်မဟုတ်ဘဲ သာမန်စိတ်လှုပ်ရှားမှုမျိုးလားရယ်လို့ ဏီ မစဉ်းစားတတ်သေးပါ။

သို့သော် ဏီသည် ကိုဩဇာကိုတော့ ဏိုအကြောင်းတချို့ ပေးသိချင်သည်။ ကိုဩဇာ နှစ်သိမ့်အားပေးမှာကို ကြားချင်သည်။ အခုလိုပဲ စကားတပြောပြောနှင့် ထပ်တွေ့ချင်သည်။

ဒီတော့ ဏီ အရဲစွန့်ရမည်။ သတ္တိရှိရမည်။ အို ... ဏီ လုပ်တာ မမှားပါဘူးနော်။ ဏီ နောင်တမရစေရပါဘူး။ တစ်ခဏလောက် ဖြစ်ဖြစ် ဏီ စိတ်ချမ်းသာရရင် ကျေနပ်ပါပြီ။ ဒီတော့ ဏီ သူ့ကို ထပ်တွေ့ခွင့်ရအောင် လုပ်ပါမည်။

"အခုလိုမျိုး ဏီ တစ်ယောက်တည်း လွတ်လပ်ခွင့်ရမှာ ဘယ်ရက်မှန်းတော့ မသိဘူး.ကိုဩဇာ။ ဏီ စိတ်တိုင်းကျ လုပ်ချင်တာ လုပ်ခွင့်ရဖို့က သိပ်ကိုက်ကောင်းပြီး အကျိုးအကြောင်း တိုက်ဆိုင်တဲ့ နေ့ကျမှလေ၊ ဒီတော့ အဲဒီလို ဘယ်သောအခါမှ ရရမယ်မသိတဲ့ ရက်တစ်ရက်ကျမှ ဏီ ကိုဩဇာကို ဖုန်းစဆက်ရဲမယ်၊ ကိုဩဇာနဲ့တွေ့ပြီး စကားပြောရဲမယ်"

ဩဇာသည် နရဏီ အခြေအနေကို သိပြီးပြီမို့ သဘောပေါက်နေပါပြီ။

"ဘယ်ရက်ပဲဖြစ်ဖြစ် စောင့်မယ်၊ ကျွန်တော် ကတိပေးတယ်၊ ဏီ ဖုန်းဆက်ခေါ်လိုက်တာနဲ့ ချက်ချင်းထ,လာခဲ့မယ်"

"အဲဒီအတွက် တကူးတကကြီးတော့ စောင့်မနေပါနဲ့။ ကိုဩဇာ သိပါတယ်၊ ဏီ ဘဝက အကျဉ်းကျနေတာ။ မလွတ်လပ်ဘူး"

"ဏီအတွက်မို့ ကျွန်တော် စိတ်ရှည်လက်ရှည် စောင့်လို့ရပါတယ်၊ ပြီးတော့ ... ဏီ"

နရဏီသည် လှည့်ထွက်သွားတော့မလို ပြင်နေစဉ် ဩဇာ၏ ဏီဟု သေသေချာချာ ထပ်ခေါ်လိုက်သော ခေါ်သံကြောင့် လှည့်ကြည့်လျှင် ...

"နေ့တိုင်း လာလာစောင့်ကြည့်နေမယ်နော်"

ဟူ၍ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော ဩဇာ၏ အသိပေးစကားကို နရဏီ တစ်ယောက် အသာအယာပဲ ခေါင်းညိတ်မိလေသည်။

နရဏီနဲ့ မသူဇာတို့ ရုံးခန်းထဲ ပြန်လာသောအခါမှာ မသူဇာက ...

"ရုပ်ကလေးက သန့်တယ် ဏီရယ်။ ဘယ်တုန်းက တွေ့ကြတာလဲ"

ဟု စပ်စုလာပါသည်။

နရဏီသည် ဖြေချင်ရက်လက်တို့ ဖြစ်နေပါသည်။

"ဏီ့ဘက်က သူ့ကို သေသေချာချာ တွေ့ခဲ့တာကတော့ တစ်ခါတုန်းက City mart မှာဈေးဝယ်တုန်းကပါ။ သူကတော့ အဲဒီမတိုင်ခင်တည်းက ဏီ့ကို တွေ့ဖူးတယ်လို့ ပြောတယ်"

"အံ့ဩစရာကြီးနော်၊ ဏီ့ကို ဒီလောက် အချုပ်ချယ်ခံရတဲ့ မိန်းကလေးမှာ ချစ်သူရှိနေတယ်။ ဘယ်လိုများ ချစ်သူဖြစ်ကြတာလဲကွယ်"

"ချစ်သူတွေ မဟုတ်ပါဘူး မသူဇာရဲ့၊ ခုမှ ..."

ဏီက ရှက်ပြီး စကားဆက်၍ မရသလို ဖြစ်နေသည်။

"ရှင်တို့ကို ကြည့်ရတာ ပါးစပ်က ထုတ်မပြောပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်နေကြပုံပါပဲလား"

"သူက ဏီ့ကို စာပေးပြီး ပြောထားတာ"

"ဏီက မဖြေရသေးဘူးပေါ့"

"အင်း"

"ဖြေစရာ မလိုပါဘူး အစ်မ၊ ရိပ်မိပါတယ်၊ ဏီ သူ့ကို ချစ်နေပြီ။ ဟိုက ရိပ်မိသလား မရိပ်မိဘူးလားတော့ မသိဘူးပေါ့လေ"

"ဒါပေမဲ့ မသူဇာရယ် ဏီတို့ အခြေအနေက မလွယ်ပါဘူး။ ဏီကလည်း အမြဲချုပ်ချယ်ခံနေရတာ၊ တစ်လနေလို့မှ တစ်ယောက်တည်း အပြင်ထွက်ဖူးတာတောင် မရှိဘူး။ အန်တီအဲလစ်(စ)က အမြဲ ဘော်ဒီဂတ်(ထ်) ပါနေတာလေ၊ ဘယ်လိုလုပ် ဆုံရပါ့မလဲ။ ပြီးတော့ ယောကျ်ားလေးတွေက အဲဒီလို သိပ်အခက်အခဲတွေ များပြီး တွေ့ဆုံရဖို့လည်း မနည်းကြိုးစားရတဲ့ မိန်းကလေးကို ကြာရင် စိတ်ပျက်သွားကြတာ။ သူ ဏီ့ကို ဘယ်လောက်ထိ သည်းခံပြီး စောင့်နိုင်မလဲ ကြည့်ရသေးတာပေါ့"

"တချို့လည်း အဲဒီလို ခက်ခက်ခဲခဲ ကြိုးစားရမှပဲ အချစ်စစ်လို့ ထင်ကြတယ်နော်"

ဏီတို့ စကားကောင်းနေစဉ် အန့်တီအဲလစ်(စ)တစ်ယောက် ပြန်ရောက်လာသည်။

အခန်းတွင်း အခြေအနေကိုလည်း မျက်စိတစ်ချက်ဝေ့အကဲခတ်တော့ ဏီက ဏိုကို ကွန်ပျူတာသင်ပေးရသောမသူဇာနှင့် ကွန်ပျူတာရှေ့ထိုင်ရင်း စကားပြောသည့်ဖြစ်ရာ အန့်တီအဲလစ်(စ) စိတ်ထဲမှာ မသင်္ကာမဖြစ်ပါ။ ဏီ ကွန်ပျူတာ သင်နေသည်ဟု ထင်သွားသည်။

"မောင်နေရော ... ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး"

"ငါ့လည်းဟယ် ... သွားကိုက်တာကို ဆရာဝန်ကို တစ်ခါတည်း နုတ်ပေးပါလို့ ပြောပါတယ်၊ ဆရာဝန်က အဲဒါကို လက်မခံဘူး။ အန့်တီ့သွားက ဝါးတဲ့နေရာမှာ သုံးလို့ရသေးတယ်၊ မနုတ်ပစ်ပါနဲ့ ဆေးကုပါ ဆိုပြီး တရားချနေတာမို့ ဆရာဝန်လည်း ပြိုင်မငြင်းရဲတာနဲ့ သူ့ ဆေးကုပေးမှာကို လက်ခံလိုက်ရတယ်"

"ဘယ်လိုလုပ်ပေးမှာတဲ့လဲ"

နရဏီက သွားလည်းကိုက်ခဲပြီး သွားပြဿနာလည်း သိပ်မဖြစ်သူမို့ နားမလည်သဖြင့် မေးလိုက်ပါသည်။

"သွားထဲက ပုပ်နေတဲ့ အကြောတွေ တစ်ရှူးစတွေကို ခြစ်ထုတ်ပစ်မယ်၊ ပြီးရင် တစ်ရက်ခြား သွားသွားပြီး ခြစ်ထုတ်ဆေးထည့် လုပ်ရမယ်တဲ့။ အကြာကြီး ကြာမှာ"

ဏီက နည်းနည်းတော့ ကျိတ်ဝမ်းသာသွားပါသည်။ အန်တီအဲလစ်(စ) အပြင်ထွက်ချိန်တွေဟာ ဏီ့အတွက် လွတ်လပ်ခွင့်ရဖို့ အခွင့်အလမ်းတွေလေ။

ကိုကြီးကလည်း ကုမ္ပဏီအကြီးအကဲမို့ ရုံးခဏဝင်လာလိုက်၊ တခြားကိစ္စတွေရှိရင် ထွက်သွားလိုက်နှင့် ရုံးမှာ တစ်နေကုန်ထိုင်ပြီး အလုပ်လုပ်ရတာမျိုး ရှားတာမို့ ကိုကြီးရော အန်တီအဲလစ်(စ)ရော မရှိချိန် တိုက်ဆိုင်ပါစေဟုသာ ကျိတ်ဆုတောင်းရပါမည်။ ဏီ တတ်နိုင်တာက ဆုတောင်းတဲ့ အလုပ်ပဲရှိသည်။

"အခု စ,လုပ်ပေးလိုက်ပြီလား"

"လုပ်ပေးလိုက်ပြီ၊ ပြီးတော့ သွားခေတ်မှန်လည်း ရိုက်ခိုင်းလို့ တစ်ခါတည်း ဆိုင်ဝင်ရိုက်နေတာကြောင့် အန်တီ အပြင်ထွက်တာ ပိုကြာသွားတယ်လေ"

"ဆေးကုတာက ဘယ်လောက်ကြာမှာတဲ့လဲ"

"အဲဒီလို တစ်ရက်ခြားလိုပဲ ခြောက်ခါ ခုနစ်ခါ လာရမယ်တဲ့၊ ပြီးရင် ချက်ချင်း သွားအစွပ် မစွပ်သေးဘဲ ဆယ်ရက်လောက် စောင့်ကြည့်မယ်၊ မကိုက်တော့မှ ပလက်တီနမ် အစွပ်နဲ့ အသေစွပ်ပေးမှာလေ"

"ရှုပ်နေတာပဲနော်၊ သွားတစ်ချောင်း ဆေးကုတာ အကြာကြီးပဲ"

"အန်တီလည်း ဘယ်လုပ်ချင်ပါ့မလဲ။ ဏီက မခံစားဘူးလို့ မသိဘူး။ သွားကိုက်တာက သိပ်ဆိုးရွားတဲ့ ရောဂါ။ သွားထဲပဲ ဆေးထည့်လို့ မရဘူး။ အကိုက်အခဲပျောက်ဆေးတွေပဲ လိုမ့်သောက်နေရတော့လည်း ခဏပဲ သက်သာ၊ ဆေးရှိန်ကုန်ရင် ပြန်ကိုက်နဲ့။ ကိုယ့်မှာ အစာအိမ်ရောဂါရတာပဲ အဖတ်တင်တယ်၊ သွားမကိုက်ဘူးတာ အင်မတန်ကံကောင်းတယ်ပဲ မှတ်ပါ"

ဏီနဲ့ အန်တီအဲလစ်(စ) သွားအကြောင်း ပြောနေစဉ် ကိုကြီးဆီမှ ဖုန်းဝင်လာသည်။

"ညီမလေးနဲ့ အန်တီအဲလစ်(စ) လေးနာရီခွဲ ရုံးဆင်းရင် ပြန်ကြတော့။ ဒီမှာ အလုပ်က မပြတ်သေးဘူး"

"ကိုကြီးလည်း သိပ်နောက်မကျနဲ့လေ၊ သိပ်ပင်ပန်းရင် အိပ်ရာထဲ လဲနေဦးမယ်"

"အေးပါ ... ငါသိတယ်၊ ငါ ခြောက်နာရီခွဲတော့ ပြန်ရောက်မယ် ထင်တယ်။ နင်သာ အိမ်တန်းပြန်၊ အန်တီအဲလစ်(စ)ကို ဟိုပို့ခိုင်း ဒီပို့ခိုင်း မလုပ်နဲ့"

"မလုပ်ခိုင်းပါဘူး၊ ဒါပေမဲ့ ဒီတနင်္ဂနွေကျ ဏီ လိုချင်တဲ့ မိတ်ကပ်နဲ့ ရေမွှေးနဲ့ လက်ကိုင်အိတ်တွေ သွားဝယ်ချင်လို့၊ အဲဒါတော့ သွားခွင့်ပြုထားတယ် မဟုတ်လား"

"အရေးထဲမှာ ထပ်ပြောနေပြန်ပြီ၊ ငါ့ကို ပြောပြီးသား၊ ငါ ခွင့်ပြုပြီးသားဆို ထပ်မပြောနဲ့၊ ငါ မှတ်မိတယ်"

ကိုကြီး သူ့ဖုန်းကို ဖျတ်ဆို ပိတ်သွားတော့ ဏီ ခေါင်းပုပြီး တဟီဟီ ရယ်နေမိသည်။ အန်တီအဲလစ်(စ)ကတော့ ဒီနေ့ နရဏီ တစ်ယောက် အူမြူးနေသလား။ ပိုပြီးတော့များ ရွှင်ပျနေသလား။ တစ်စုံတစ်ခုကို ကျေနပ်နှစ်သိမ့်နေသလား စသဖြင့် နရဏီ့ အမူအရာတွေကို ဝေဖန်ဆန်းစစ် အကဲခတ်လျက် ရှိပါသည်။

နရဏီလည်း စိတ်ကူးလေးတယဉ်ယဉ်ဖြင့် သူမ အတွက် အခွင့်အရေးရမည့် ရက်တစ်ရက်ကို မျှော်လင့်ချက်နဲ့ စောင့်ရင်း သူမရဲ့ဘဝဟာ အခုမှ ရှင်သန်လာသည်ဟု ခံစားနေမိပါသည်။

ဖဖ ဖဖ ဖဖ

## ၁၂

အန်တီအဲလစ်(စ) သွားဆေးကုခန်းသို့ ထွက်သွားချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးလည်း လှိုင်သာယာရှိ ပရိဘောဂစက်ရုံသို့ ရောက်နေချိန်က တိုက်ဆိုင်သွားသည်မှာ ဩဇာနှင့် တွေ့ခွင့်ရပြီး ဆယ်ရက်ကျော်ကြာသော ရက်တစ်ရက်မှာ ဖြစ်ပါသည်။ သွားဆရာဝန်ဆီက တိုကင်ယူထားချိန်ထိ ကိုကြီးပြန်မရောက်သေး၍ အန်တီအဲလစ်(စ)မှာ စိတ်တပူပူဖြင့် မသွားဘူး လုပ်နေသေးသည်။

"တစ်ရက်ခြား ဆေးထည့်နေတာ ခုပဲ လေးခါမြောက်ရှိပြီ၊ သိပ်မကျန်တော့ပါဘူး၊ နောက် နှစ်ခါ အလွန်ဆုံးသုံးခါဆို ပြီးပါပြီ ဆိုပေမဲ့ ကဲ ... ခုလိုမျိုး သမီးနဂုဏ် နားမှာ ဘယ်သူမှ မရှိချိန် ကြုံလာတဲ့နေ့ဆို အန်တီက ဘယ်လိုလုပ် စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်ပါ့မလဲ၊ ဒေါက်တာ

ကလည်း တိုကင် ကြိုယူလို့ မရဘူး။ ကိုယ် ဒီနေ့သွားမှ နောက်တစ်ရက်ခြား ဘယ်အချိန်လာ့ဆိုပြီး အချိန်ပေးတာလေ၊ ဘယ်လိုဖြေရှင်းရမလဲ မသိဘူး"

ဏီသည် စိတ်လည်းညစ်၊ နားလည်းပူလှလေရာ အန်တီအဲလစ်(စ) ညည်းညူနေသည်ကို ဝင်၍ ကူညီအကြံပေးခဲ့သေးသည်။

"ဏီ့ကို တစ်ယောက်တည်း ထားခဲ့တော့ရော ဏီက ဘာလုပ်မှာမို့လဲ။ အန်တီအဲလစ်(စ)လည်း စိတ်ပူတာ လိုအပ်တာထက် ပိုနေပြီ။ ဏီ အလုပ်လုပ်နေတာဖြင့် လနဲ့ချီနေပြီ။ ဘယ်နှခါများ ခြေလှမ်းပျက်လို့လဲ၊ ဘယ်နှခါများ အမှုအရာပျက်တာ တွေ့လို့လဲ။ ဏီ့ကို စိတ်မချရင်လည်း ကိုယ့်သွားကိုယ် အနာခံပြီး ဒေါက်တာနဲ့ သွားမပြရုံပေါ့"

"ဒီနေ့ သွားမပြပြန်ရင်လည်း ကိုယ့်အတွက် ရက်ချိန်းက မရှိမှာ စိုးတာ"

"ဒါဆိုလည်း ဒေါက်တာ့ကို ဖုန်းဆက်မေးလိုက်၊ ဏီက အန်တီအဲလစ်(စ) စောင့်ကြည့်ခံရမဲ့လူပါ၊ ဒါကိုတောင် လိုက်အကြံပေးနေတာ လွန်လှပြီ"

ဏီသည် အမှန်အတိုင်း ပြောရရင် အဲဒီအချိန်ကတော့ အန်တီအဲလစ်(စ) သွားဆရာဝန်ဆီ မသွားဘဲ ဏီ့ကို

စောင့်ကြည့်နေမည်ဟု ထင်ခဲ့ပါသေးသည်။ အသက်နှစ်ဆယ့်လေးနှစ်ပင် ပြည့်တော့မည်။ ခုထိ လွတ်လပ်ခွင့် မရသေးသော အဖြစ်ကို စိတ်လည်း နာလှပြီမို့ ဏီ့ကို အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်စောင့်ရှောက်နေသည့် အန်တီအဲလစ်(စ)ကိုပင် စိတ်ထဲမှာ မျက်လာသည်။

ကိုကြီးမှာ စိတ်ရောဂါ ရှိတာလည်း ရှိတာပေါ့။ ခုထိ စိတ်ရောဂါဆိုင်ရာ ဆေးတွေရော၊ ခွဲစိတ်ထားသော နှလုံးကို ပြန်မဖြစ်အောင် သောက်နေရသော ဆေးတွေရော၊ ကိုကြီး ပုံမှန်သုံးစွဲနေရဆဲ ဆိုတာလည်း သိတာပေါ့။

ဒါပေမဲ့ တစ်ခါတလေကျ ကိုယ့်အတွက်ကိုယ် တွေးပြီး ဆုံးဖြတ်ရ ခက်နေသည်။ ငါ့ဘဝကြီးက ဒီလိုပဲ တစ်သက်လုံး နေသွားရမှာလား။ ဒီလိုပဲ အဖော်မရှိ ဘာမရှိ ချစ်တဲ့သူလည်း မရှာရဘဲ ဒီတိုင်း နိစ္စဓူဝ အဖြစ်အပျက်နဲ့ ရပ်တန့်ပြီးဆုံးသွားရတော့မှာလား။ ဏီသည် အစ်ကို့ကို သနားပြီး ချစ်တာလည်း ချစ်ပါသည်။ သို့သော လူပီသစွာ ကိုယ့်ကိုယ်ကိုယ်လည်း ချစ်ရသေးရာ ကိုယ့်အတွက်ကိုယ် ခုမှ ပိုပြီး တွေးတတ်လာပါတော့သည်။

အန်တီအဲလစ်(စ) သူ့ဆရာဝန်ဆီ ဖုန်းဆက်နေသည်ကို စိတ်မဝင်စားတော့သဖြင့် ဏီ့ဘာသာပဲ အခုမှ စသင်ရသော internet နဲ့ e-mail ပို့နည်းကို ကွန်ပျူတာရှေ့ထိုင်ပြီး လေ့ကျင့်

နေပါသည်။ e-mail ပို့နည်း သိလာတော့မှ ဏို့မှာ e-mail ပို့စရာ သူငယ်ချင်းလည်းမရှိ၊ ရှိတဲ့သူငယ်ချင်း မြချိုရိထံက e-mail address လည်း မတောင်းထားဖူး၍ ပို့ချင်တောင် ဘယ်လိုပို့ရမှန်းမသိ ဖြစ်နေပါသည်။ ကိုသြဇာမှာရော e-mail ရှိသလားမသိ။ ဏို့မှာ ကိုယ်ပိုင် e-mail တော့ မရှိပေမဲ့ ကုမ္ပဏီနာမည်နဲ့ e-mail တော့ ရှိသည်မို့ ဏီ သုံးချင်လျှင် သုံးလို့ရသည်။ နောက်မှ မသူဇာကို မေးပြီး ကိုယ်ပိုင် e-mail ဖွင့်ချင်ရင် ဘယ်မှာ ဆက်သွယ်ရမလဲ ဆိုတာ မေးကြည့်မည်ဟု တွေးနေမိဆဲ။

"ဒေါက်တာနဲ့လည်း စကားပြောခွင့်တောင် မကြုံရပါဘူးကွယ်။ သူ့စာရေးကပဲ ဖုန်းကိုင်တယ်၊ ဒေါက်တာ အလုပ်အရမ်းများနေလို့ ဖုန်းဘယ်သူ့ဆီကလာလာ မပြောပါဘူးတဲ့။ ရက်ချိန်း ထပ်လိုချင်ရင် အခုလို ဖုန်းနဲ့ယူတယ်ဆိုရင် တစ်ပတ်စောင့်ရမယ်တဲ့၊ ဒေါက်တာနဲ့ ချိန်းထားတယ်ဆိုရင် လာတွေ့ပြီး ဒေါက်တာ ကိုယ်တိုင် ရက်ချိန်းပေးမှ တစ်ရက်ခြား အချိန်ညှိပေးလို့ ရတယ်တဲ့ သမီးရယ်"

အန်တီအဲလစ်(စ) စိတ်ရှုပ်နေသော ခပ်မှဲ့မှဲ့ မျက်နှာကြီးနှင့် ဏို့အနား လာထိုင်ပြီး ပြောပြန်ပါသည်။

"အဲဒါတော့ အန်တီအဲလစ်(စ) သဘောပဲလေ၊ ဏီလည်း တတ်နိုင်သလောက် အကြံပေးပြီးပြီပဲ"

ဏီလည်း စိတ်ထဲမှာ မကြည်လင်တာနဲ့ စိတ်မပါ လက်မပါ ပြန်ပြောလိုက်သည်။ အန်တီအဲလစ်(စ)သည် နာရီကို တကြည့်ကြည့်လုပ်ကာ နောက်ဆုံးတော့ ထရပ်လိုက်ပါသည်။ ဏိုကိုလည်း စိတ်မချ လက်မချ အခါခါကြည့်လေသည်။

"ဒီသွားကိစ္စလည်း မြန်မြန်ပြီး မြန်မြန်အေးပါပဲကွယ်၊ သွားလိုက်မှပါ။ ဏီ ဒီမှာပဲနေနော်၊ ဘယ်မှ ထွက်မသွားနဲ့"

"ဟီ ဟီး ... သွားရအောင် ဏီက ကားလေးတဝီဝီ မောင်းပြီး သွားတတ်တာ ကျနေတာပဲ၊ တက္ကစီလည်း တစ်ခါမှ တစ်ယောက်တည်း ငှားမစီးဖူးလို့ ဘယ်လိုငှား ဘယ်လို ပြောပြီး စီးရမှန်းတောင် မသိဘူး။ သွားချင်ပါပြီတဲ့ ဏီမှာ ပိုက်ဆံလည်း တစ်ပြားမှ မရှိဘူး။ ဏီ သုံးချင်ရင် ကိုကြီးဆီမှာ စာရင်းပြပြီး တောင်းရတာ၊ သူက တွက်ချက်ပြီး ပေးထားတာ၊ တစ်ခါတလေ ဆီးထုပ် စားချင်တာတောင် အန်တီအဲလစ်(စ) အရင် ပိုက်ဆံစိုက် ဝယ်ကျွေးပြီး၊ ပြီးမှ ကိုကြီးဆီက ပြန်တောင်း အကြွေးဆပ်ရတာလေ။ ခုလည်း ဏီ့မှာ အိမ်ကထွက်လာကတည်းက တစ်ပြားမှ မပါဘူး"

မသူဇာက ဘုမသိ ဘမသိဖြင့် တစ်ဖက်စားပွဲကနေပြီး သူ့ဆီက ခဏချေးသုံးဆိုတဲ့ အမူအရာပြပြီး တိတ်တဆိတ် အကြံပေးနေပြန်သေးသည်။

"ပိုက်ဆံမပါလို့ အပြင်မထွက်တာပဲဖြစ်ဖြစ်၊ မပါဘဲ ထွက်တာဖြစ်ဖြစ် မလုပ်ဘူးလို့ စိတ်ထဲမှာ ယုံကြည်ပြီး အန်တီသမီးကို ထားခဲ့မယ်နော်၊ ဟုတ်ပြီလား"

အန်တီအဲလစ်(စ) ထွက်သွားပါပြီ။ ဏီသည် အပေါ်ထပ်မှာ ကာထားသော ပြတင်းပေါက် မှန်ချပ်မှတစ်ဆင့် အောက်ထပ် ကားပါ့ခ်မှာ ကားရပ်ထားသည်ကို အသာစောင့်ကြည့်နေခဲ့သည်။ အန်တီအဲလစ်(စ)ကားစက်နှိုးပြီး ထွက်သွားသည်ကိုလည်း မြင်ကွင်းမှ ပျောက်သည်အထိ မျက်စိတဆုံး လိုက်စောင့်ကြည့်နေလိုက်သေးလေသည်။

မြင်ကွင်းထဲမှာ လုံးဝမတွေ့ရတော့ဘူး ဆိုမှ ဏီသည် အကြံရှိနေသော လူတစ်ယောက်ရဲ့ မျက်လုံးတွေနဲ့ ရုံးခန်းဘက် ပြန်လှည့်လာသည်။ မသူဇာက ဏီ့ကို အကဲခတ်ရင်း ...

"မုန့်သွားစားချင်လား နရဏီ၊ သွားချင်ရင် သွားလေ၊ အစ်မမှာ ပိုက်ဆံပါပါတယ်၊ ခဏ ယူသုံးလေ"

လို့ ချက်ချင်း လှမ်းပြောလိုက်သည်။

ကျန်တဲ့ ဒီရုံးခန်းထဲမှာရှိသော ဝန်ထမ်းအစ်မ ငါးယောက်တို့နဲ့တော့ ဏီ တော်တော်ရင်းနှီးနေပြီဖြစ်ရာ သူတို့ကပါ ဏီ့ကို ...

"အေး ... တို့ဆီကလည်း ယူပေ့ ရတယ်၊ တို့ညီမလေး ဒီတစ်ရက်ပဲ အစောင့်အကြပ် ကင်းကင်းနဲ့ လုပ်ချင်တာ လုပ်ရမှာ။ ကြိုက်တာလုပ်"

"ဦးနေသူရိန်က ဘာလို့ ဒီလောက် ချုပ်ချယ်မှန်း မသိပါဘူး၊ စဉ်းစားရ ခက်တယ်နော်"

"အရင်က သူများပြောတာ ကြားဖူးနေတာက ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် ထင်သေးတယ်။ အခုကျမှ တကယ် ကိုယ်တိုင်တွေ့ရမှ ယုံသွားတော့တယ်၊ နရဏီကိုလည်း သနားမိတယ်"

စသဖြင့် တစ်ယောက်တစ်ပေါက် စပ်စုသံ၊ ပြောသံ တွေကို ကြားရပါသည်။

ရုံးခန်းအပြင်ဘက်က ဝန်ထမ်းတွေနဲ့တော့ သိပ်မရင်းနှီးပဲ ဏီတို့နေရသော ရုံးခန်းထဲက လူတွေနဲ့ ပိုပြီးရင်းနှီးသည်ဖြစ်ရာ သူတို့တွေကတော့ နိစ္စဓူဝ မြင်နေရသည့် နရဏီ အဖြစ်ကို တအံ့တသြနဲ့ စပ်စုချင်ကြသူတွေချည်း ဖြစ်သည်။ နရဏီ တစ်ယောက်တည်း ကျန်ခဲ့ချိန်ကလည်း ရှားလှသဖြင့် အခွင့်သာတုန်း သူတို့ ဝိုင်းမေးကြတာလည်း ပါပါသည်။

ဏီက အဲဒီလို စပ်စုတာကိုတော့ မကြိုက်ပေမဲ့ ကိုယ်ကလည်း ကိုယ့်အကြံနဲ့ကိုယ်မို့ သူတို့မေးသမျှ သည်းခံဖြေ ရယ်နေရသည်။

"ကိုကြီးမှာ နှလုံးရောဂါ ရှိတယ်လေ၊ သူ့ကို စိတ်ဆင်းရဲ အောင်လုပ်လို့ မဖြစ်ဘူး။ စိတ်ဆင်းရဲရင် သူ့ရောဂါက ပြန်ထ,လာမှာစိုးလို့ ဏီက သူ့အလိုလိုက်ပြီး နေပေးတာ

ပါ။ သူ့နှလုံးက တစ်ခါခွဲပြီးပြီလေ။ နောက်တစ်ခါ ထပ်ခွဲဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ဆိုတော့ သူ့ကို ဂရုစိုက်နေရလို့ပါ"

ဏီသည် လူကြားကောင်းသော ရောဂါမျိုးကိုသာ ထုတ်ပြောလျက် စိတ်ရောဂါ နည်းနည်းရှိနေသည်ဟူသော ရောဂါ တစ်မျိုးကြီးကိုတော့ ဘယ်တော့မှ ထုတ်ဖော်မပြောချင်ပါ။ ရိုးရိုးစိတ်ရောဂါလေး ရှိရင်ပဲ လူတွေက သွက်သွက်ခါ ရူးနေပါသည်ဟု ထင်ကြေးနှင့် ကြောက်လန့်ကုန်ကြမှာ စိုးရိမ်၍ ဖြစ်ပါသည်။

"သူကလည်း ညီမကို သဝန်တိုတာ လွန်လွန်းပါတယ်၊ normal ထက် ပိုနေတယ်"

"ဏီ့ကို တကယ်မချစ်ဘဲ ငွေမက်ပြီး ချဉ်းကပ်တဲ့ လူမျိုးနဲ့ကြုံမှာ စိုးရိမ်လို့ပါလို့ ကိုကြီးက ပြောပါတယ်"

"နရဏီကလည်း ချီးကျူးဖို့ ကောင်းပါတယ်လေ၊ အစ်ကို့ကို ဒီလောက်သိတတ်ပြီး လိုက်လျောတဲ့ မိန်းကလေးမျိုး ရှာမှရှားပဲ"

"ကဲ ... ကဲ ... အခုတော့ ဏီက ညီမလိမ္မာ မဖြစ်တော့ဘူး။ ဏီ့အနားမှာ ဘယ်သူမှ စောင့်ကြပ်မဲ့သူ မရှိတုန်းမှာ ဏီ မိတ်ဆွေတစ်ယောက်ကို ဖုန်းဆက်လိုက်ဦးမယ်နော်"

ဏီ ဒီလိုပြောလိုက်မှ ဏီ့စားပွဲမှ အားလုံး ရှဲသွားကြသည်။ ဏီသည် ဏီလည်း တစ်ခါမှ မဆက်ဖူးပါပဲ အလိုလို

အလွတ်ရနေသော ဖုန်းနံပါတ်တွေကို စိတ်လှုပ်ရှားစွာ နှိပ်လိုက်ပါသည်။

King Solomon ဆိုင်၏ ဖုန်းက ချက်ချင်းခေါ်၍ရပါသည်။ ဖုန်းခေါ်နေသံ အသံရှည်ခြောက်ချက် ခေါ်သံပြီးလျှင် ကလောက်ဟူသော ဖုန်းလာကိုင်သည့် အသံကို ကြားလိုက်ရပါသည်။

"ဟဲလို"

ဒါ ဘယ်သူပါလိမ့်။ ကိုသြဇာ အသံလား။ ဆိုင်မှာ ဝန်ထမ်းသစ်ကောင်လေးတွေ အများကြီးဆိုတော့ ကိုသြဇာ အသံရော ဟုတ်ပါ့မလား။ သူ့အသံက ဖုန်းထဲမှာ အသံပြောင်းသွားတတ်သလား။

"ကိုသြဇာ ရှိပါသလားရှင်"

"ဟာ ... ဟုတ်ကဲ့၊ ရှိပါတယ်၊ ခဏလေး ကိုင်ထားပါခင်ဗျာ၊ အစ်ကို သူ့စားပွဲမှာ မရှိဘူး၊ ဆိုင်ထဲ ရောက်နေလို့ပါ"

သူ့စားပွဲတဲ့။ ဆိုင်ထဲ တဲ့။ အင်း ... သူ့ဆိုင်လေးက ဘယ်လိုပါလိမ့်။

ဏီ သူ့ဆိုင်ကို မြင်ဖူးချင်လိုက်တာ။

"ခဏစောင့်နော် အစ်မ။ အခု သွားခေါ်နေပြီ"

"ဟုတ်ကဲ့"

ဖုန်းကို ဒေါသချထားခဲ့ပုံ ရသည်။ ဖုန်းခွက်ထဲမှ တစ်ဆင့် ဆိုင်ထဲက အသံတွေ ကြားနေရသည်။ ဏီ စိတ်ဝင်စားလျက် သေသေချာချာ လိုက်နားထောင်နေမိသည်။

"ဒီလို ကော်ဇောမျိုးက နောက်ဆုံးပေါ် ဒီဇိုင်းမို့ ဈေးလျှော့လို့ မရဘူးခင်ဗျာ။ အစ်ကိုတို့ပြောတဲ့ဈေး ခြောက်သောင်းလောက်ဆို ဒီဘက်ခြမ်းထဲက ကြည့်ပါ။ ဒါတွေလည်း ကောင်းပါတယ်"

ဆိုတာမျိုး။

"ဩော် ... ဘုန်းကြီးကျောင်း လှူဖို့လား။ ဘုန်းကြီးကျောင်းတွေမှာတော့ ဒါမျိုး အသုံးများတယ် ခင်ဗျ၊ ဈေးလည်း သင့်ပါတယ်၊ ပိုပြီးတတ်နိုင်ရင်တော့ အကောင်းစားပြပေးပါ့မယ်"

ဟူသော စကားသံများ။

"အိမ်မှာ ဆွမ်းကျွေးအလှူကျမှ ခင်းဖို့လား၊ ဩော် ... ဒါဆို ဒီလိုအသေးစားလေးတွေထဲက ရှာပါ။ အစွန်းအကွက်တွေ ဖြစ်ရင်တော့ ချွတ်ဆေးဖျန်းပြီး Vaccum Cleaner ဆိုတဲ့ ဖုန်စုပ်စက်နဲ့ စုပ်လိုက်ရင် ပျောက်ပါတယ်၊ ဒီအမျိုးအစားကတော့ လျှော်လို့မရပါဘူး။ ဒီဘက် အကြမ်းဘက်ရောတဲ့ဟာတွေကတော့ ရေဆေး ဘရပ်(ရှ်)နဲ့ ခြစ်ထုတ်ပြီး နေလှန်းလို့ရတယ်၊ ဖုန်ကို တုတ်နဲ့ရိုက်ထုတ်ရင် ရပါတယ်"

"အဲဒီအကြမ်းတွေက သိပ်မလှဘူးနော်"

"ဟုတ်တယ်၊ သူတို့က အလျှော်ခံ အကြမ်းသုံးဆိုတော့ မလှဘူး"

"တချို့အိမ်တွေမှာ ညှော်ခန်းအခြမ်းလေးပဲ အပြည့်ပေါ့။ အခင်းပါးလေးတွေ ခင်းထားတာ တွေ့တယ်၊ အဲဒါမျိုးကျ ဘယ်လိုဝယ်ရလဲ"

"အဲဒါ ဟိုမှာထောင်ထားတဲ့ ကြမ်းခင်းလိပ်တွေထဲက ဖြစ်မယ်၊ သူက ကိုက်တံနဲ့တွက်ပြီး ဝယ်ရပါတယ်၊ အစ်မတို့ ညှော်ခန်းအကျယ် ဘယ်လောက်ဆိုတာ သေချာ တိုင်းလာရင် ကျွန်တော်တို့ တွက်ချက်ပြီး ဖြတ်တောက် ရောင်းလို့ ရတယ်၊ အဲဒီအခင်းတွေကတော့ ဈေးသက်သာ ပါတယ်"

ဏီသည် ဆိုင်ထဲက ရောင်းကြသံ ဝယ်ကြသံတွေကို နားထောင်ပြီး တကယ်ပင် စိတ်ပါဝင်စားနေမိသည်။ ဏီ ခုပဲ အဲဒီဆိုင်ကို ပြေးသွားချင်သည်။ စည်ကားစွာ ရောင်းဝယ်ဖောက် ကားနေမည့် ဆိုင်တစ်ခုကို ဏီ ကိုယ်တိုင် ရောက်ဖူးချင်သည်။ ဏီ ကိုယ်တိုင်လည်း ဒီလိုရုံးခန်းထဲ ထိုင်လုပ်ရသော အလုပ်ထက် အဲဒီလို နီစွစွဝ လူမျိုးစုံနှင့် ဆက်ဆံရသော အရောင်းအဝယ် အလုပ်ကို လုပ်ချင်သည်။

ကိုကြီးကသာ ခွင့်မပေးလို့။ ခွင့်ပေးမယ်ဆိုရင် ဏီသည် အောက်ထပ်က ပရိဘောဂတွေရောင်းရာ Show room ထဲမှာ ကိုယ်တိုင်ကိုယ်ကျ ရောင်းနေချင်ပါသည်။

"ဟဲလို ... အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ဩဇာပါ"

ဏီသည် ရုတ်တရက် အတွေးလွှန့်သွားရာ ဖုန်းလာကောက်ကိုင်ပြီး ထူးလိုက်သော အသံကြောင့် လန့်ပြီး ရင်ထဲမှာ ဒိတ်ခနဲပင် ဖြစ်သွားပါသည်။ သူ့အသံကြားတော့မှ ဏီသည် ငါ စပြီး ဖုန်းဆက်ခေါ်တာ မှားပြီလားဟု တွေးမိလျက် ငိုချင်လာသည်။ ဏီ့မှာ ဒီလို တစ်ခါမှ အတွေ့အကြုံ မရှိလေရာ ဏီသည် ဘာပဲလုပ်လုပ် အမြဲ ဇဝေဇဝါဖြစ်လျက် ဝမ်းနည်းအားငယ်ချင်နေစမြဲ။

"ဏီ ... ဏီလားဟင်၊ နရဏီလား"

ကြည့်စမ်း။ သူ ဏီ့ဆီက ဘာသံမှ မကြားရဘဲ ချက်ချင်း မှန်းမိတယ်။ ဏီ ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်မိသေးသည်။

"ကိုဩဇာ"

"ဏီ ... ဏီရယ် ... ကြည့်စမ်း ... ထင်တော့ ထင်သားပဲ။ ဏီများ ဖုန်းဆက်သလားလို့။ ဘာသံမှ မကြားပေမဲ့ ဏီလို့ပဲ ထင်လိုက်မိတယ်၊ အဲဒါကြောင့် ..."

"ကိုဩဇာ အလုပ်များနေလားဟင်"

"မများဘူး ... မများဘူး ... မများပါဘူး၊ ဏီ အခုထွက်လာလို့ အဆင်ပြေပြီလားဟင်၊ ကျွန်တော် လာခေါ်လို့ရမလား"

"ခဏပဲ စကားပြောလို့ရမှာ ဏီ သိပ်ပြီး အကြာကြီးလည်း အချိန်မဖြုန်းရဲဘူး"

"ဒါဖြင့် ဒီလိုလုပ်၊ ဏီတို့အပေါ်ဆုံးထပ်မှာ Coffee shop ရှိတယ်၊ အဲဒီကို လာခဲ့မယ်၊ အဲဒီမှာ ကော်ဖီသောက်ရင်း စကားပြောမယ်လေ"

သူ့အကြံကို ကြားလိုက်ရတော့ ဏီ ဝမ်းသာသွားသည်။ ကြည့်ပါဦး၊ နီးနီးလေး အဆင်ပြေတဲ့နေရာကို ဏီ မတွေးမိဘူး။

"ဟုတ်တယ်နော်၊ အဲဒီဆိုင်လေး သိပ်လူပြောများတာပဲ၊ ဏီ တစ်ခါမှ မရောက်ဖူးဘူး။ ဆိုင်က ကော်ဖီတွေ မုန့်တွေတော့ Take Away မှာမှာစားဖူးတယ်"

"ကောင်းပြီ၊ ဒါဆို ခုပဲ ကျွန်တော် ဆိုင်ကထွက်လာပြီ၊ ဏီ့ဆီ အင်း ... ဒီအချိန် ကားရှင်းတော့ ဆယ်မိနစ်လောက်ဆို ရောက်မယ်။ ဏီ အရင်သွားထိုင်နေမလား။ ရုံးခန်းထဲကို ကျွန်တော် လာခေါ်ရမလား"

ဒီလိုကျပြန်တော့ ရုံးခန်းထဲက လူတွေရော၊ အပြင်ဘက် ရုံးထဲက လူတွေရော မြင်ပြီး ဝိုင်းကြည့်ခံရမှာ ဏီက ရှက်သေးလေသည်။

"မခေါ်နဲ့ ရတယ်၊ ဟိုကော်ဖီဆိုင်ကိုပဲ လာခဲ့ပါ့မယ်"

"ကျွန်တော် ရောက်ပြီး ဟိုရောက်လာနော်၊ အချိန်က ဘာမှသိပ်မရတော့ ငါးမိနစ်လေး အပွန်းခံရမှာတောင် နှမြောနေမိလို့ပါ"

"ဟို ... ကိုသြဇာကားကို စောင့်ကြည့်နေမှာလေ"

"သြော် ... သြော် ... ဟုတ်ပြီ၊ ကဲ ... ဟိုရေ ကျွန်တော် လာပြီနော်"

သြဇာသည် ဖုန်းကိုချက်ချင်းချ၊ သူ့ကိုယ်သူ ပြေး၍ မှန်ကြည့်၊ မျက်နှာသစ်၊ ခေါင်းဖြီး လုပ်ပြီးတာနဲ့ ကားသော့ကိုင်ကာ ပြေးလျှင် ဆိုင်က ကောင်လေးတွေ ဝိုင်းအကဲခတ်ပြီး ကျန်ခဲ့သည်။

ဆိုင်ကိစ္စ ဘာမှလဲ မမှာသွားနိုင်လောက်အောင် အရေးတကြီး ထွက်သွားသည့် သြဇာကို တချို့ကောင်လေးတွေ ကတော့ ...

"ကိုသြဇာ ... ညနေ delivery ရှိတယ်နော်"

ဟု လှမ်းသတိပေးသူက ပေးပါသည်။

သြဇာသည် ဘယ်သူ့ကိုမှ ပြန်မဖြေအားဘဲ လက်ပြပြီးတော့ ကားကို မောင်းထွက်သွားပါသည်။ Pine Furniture ကုမ္ပဏီကြီးရှိရာ အဆောက်အအုံ အပေါ်ထပ်ရှိ ကော်ဖီဆိုင်ကို ရောက်သောအခါ ဘယ်နေရာ ထိုင်ရမလဲ နေရာရှာနေစဉ်မှာပင်

နရဏီ နောက်မှ ဝင်လိုက်လာလေသည်။ တစ်ယောက်ကို တစ်ယောက် တမ်းတမ်းမက်မက် စိုက်ကြည့်ပြုံးပြမိကြရင်း ...

"ဘယ်နေရာ ထိုင်ချင်လဲ ကိုသြဇာ"

"ဘယ်မှာထိုင်ချင်လဲ ဏီ"

ဟူသော ပြိုင်တူမေးသံ ပြုမိကြပြီး အသီးသီး ဖြိုင်တူ ရယ်မောမိကြပြန်သည်။ Waiter ကတော့ ရှေ့ဆင့်နောက်ဆင့် ဝင်လာသော စုံတွဲလေးအတွက် ထိုင်လို့အဆင်ပြေမည့် နေရာကို ဝင်ပြီး အကြံပေးပါသည်။

"ငါးကန်လေးရှိတဲ့ ထောင့်စားပွဲလေးမှာ နေရာယူပါလား ခင်ဗျာ။ အဲဒီ ထောင့်စားပွဲလေးတွေက နှစ်ယောက်စာ ခုံ ဝိုင်းလေးပဲ လုပ်ထားတာမို့ အဆင်ပြေတယ်"

နရဏီက သြဇာကို အကြံကောင်းသလို ကြည့်လိုက်၏။ သြဇာလည်း Waiter ညွှန်ပြရာ နေရာလေးကို သဘောကျသွား၍ "ယူမယ် ... ကောင်းသားပဲ" လို့ ကျေနပ်စွာ လက်ခံလိုက်ပါသည်။

စားပွဲဝိုင်းလေးက မကျဉ်းမကျယ် နှစ်ယောက်စာ အနေတော်လေး ဖြစ်သည်။ ဆိုင်ထဲမှာတော့ ကော်ဖီနံ့က မွှေးနေသည်။ Bar ကောင်တာမှာတော့ ခုံမြင့်ကြီးများမှာ ထိုင်ကာ ဘီယာသောက်နေသူတချို့ ရှိသည်။ ကော်ဖီ သောက်သူတွေက တော့ စားပွဲဝိုင်းမှာ ထိုင်ကြတာ များသည်။

ဆိုင်ထဲမှာ စန္ဒရားသံတီးလုံးချည်း သက်သက်ကိုသာ ခပ်တိုးတိုး ငြိမ့်ငြိမ့်ကလေး ဖွင့်ထားပေးပါသည်။ ဘာသီချင်းသံမှ မကြားရဘဲ ဒီလို တီးလုံးသံကြားရခြင်းကပင်လျှင် ခံစားချက်တစ်မျိုး ရစေပြီး ရင်ထဲကို အမောပဲ ပြေစေသလိုလို။ စိတ်ပဲ ကြည်နူးစေသလိုလို။

"ကျွန်တော် ဒီဆိုင် တစ်ခါမှ မရောက်ဖူးသေးဘူး"

သဲဇာက စ,ပြောနေချိန်တွင် Waiter က Menu Card လေးနှစ်ခု အသာအယာ လာကမ်းပေးပါသည်။

"ဏီ ကြိုက်တာ မှာသောက်"

"ဏီ့ကို Monca Coffee တစ်ခွက် မှာပေးပါ၊ ဏီ မုန့်တော့မစားတော့ဘူး။ ခုနလေးတင် နေ့လယ်စာထမင်းစားရတာလေ၊ ဒါကြောင့် ဗိုက်မဆာဘူး"

"ဟုတ်တယ်နော်၊ ခုမှ တစ်နာရီပဲ ရှိသေးတာ ဆိုတော့ မုန့်စားချိန် မရောက်သေးဘူး၊ ကျွန်တော်ကတော့ နေ့လယ်စာကို ခုထိမစားဖြစ်သေးဘူး"

"ဟင် ... ဒါဖြင့် ဘယ်အချိန် သွားစားလဲ"

"အမှန်တော့ အလုပ်ကိစ္စလေး ပြတ်ရင် စားတော့မလို့ပဲ၊ ဏီ့ဆီက ဖုန်းဝင်လာတော့ ဝမ်းသာပြီး မစားဖြစ်တော့ဘဲ အမြန်ပြေးလာတာ"

"အို ... ဖြစ်ရလေ၊ ဒါဖြင့် ဒီမှာပဲ ဗိုက်ပြည့်မဲ့ အစာတစ်ခုခုစားလိုက်ပါလား။ အဲဒီလိုကြီး အဆာမခံနဲ့လေ ဘာမှမစားဘဲ ကော်ဖီ သောက်မနေနဲ့လေ၊ ဗိုက်အောင့်လိမ့်မယ်"

"ဗိုက်က မဆာတော့ဘူး။ ဝမ်းသာလုံးဆို့ပြီး မဆာတော့သလို ဖြစ်နေပြီ"

"ကိုညြဇာ ဘာမှမစားရင် ဏီ စိတ်မကောင်းဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိမှာပဲ။ တကယ်တော့ ဏီက အချိန်မဟုတ် အခါမဟုတ်ကြီး ဖုန်းဆက်ခေါ်မိတယ်လေ"

"အဲဒီလို မဟုတ်ပါဘူး ဏီရယ်။ ဏီ ဘယ်အချိန်ခေါ်ခေါ် ကျွန်တော် လာမယ်လို့ ပြောထားတယ်လေ၊ ဏီ အဲဒီလို မှာထားလိုက်ကတည်းက ကျွန်တော့်မှာ ဆိုင်ကနေ တစ်ဖဝါးမှ မခွာဘဲ ဖုန်းစောင့်နေမိတာပါ။ တစ်ရက်လာနိုး လာနိုးနဲ့ ကြာလာတော့ လက်လျှော့မိတော့မလို ဖြစ်လာတယ်။ ဒါပေမဲ့ ဏီ့ကိုလည်း ကျွန်တော် သနားလာမိတယ်လေ။ ဏီလည်း အစောင့်အကြပ်တွေ ကြားထဲ အဆင်ပြေမှ ဆက်သွယ်လို့ ရမှာမှတ်လား၊ ကဲ ... ကဲ ... ဏီ စိတ်ချမ်းသာအောင် ကျွန်တော် Chicken Sousage Roll တစ်ခု မှာစားလိုက်ပါ့မယ်"

သူက မုန့်ပါမှာလိုက်ပြီးလျှင် Waiter က Menu ကို ပြန်သိမ်းကာ ထွက်သွားပါသည်။

"ကဲ ... ပြောပါဦး။ ဒီနေ့ ဦးနေသူရိန် ဘယ်သွားရတာလဲ"

"ကိုကြီးက လှိုင်သာယာ ပရိဘောဂစက်ရုံကို ထွက်သွားတယ်။ သူက စိတ်ချလက်ချ အန်တီအဲလစ်(စ)နဲ့ ထားခဲ့တာပါပဲ။ ဒါပေမဲ့ သူ့မေ့သွားတာက အန်တီအဲလစ်(စ) သွားဆရာဝန်ဆီ သွားဖို့ ရက်ချိန်းယူထားတယ် ဆိုတာကိုပါ။ သူ့စိတ်ထဲမှာ သွား့လုပ်နေတာ ကြာလှပြီဆိုတော့ ပြီးပြီ ထင်နေတာ"

"မပြီးသေးဘူး မဟုတ်လား"

"နောက်နှစ်ခါလား မသိဘူး ဆေးသွားထည့်ရမယ်တဲ့။ ပြီးရင် ဆယ်ရက် ခဏစောင့်ကြည့်။ ပြီးမှ သွားစွပ်ဖို့ပုံယူပြီး ဖာထားတဲ့ အပေါက်ကို စွပ်ရမယ်တဲ့"

"ဘာပဲဖြစ်ဖြစ်ပါ၊ ဒီလို နှစ်ယောက်စလုံး ကို အနားမှာ မရှိတဲ့ အခွင့်အရေးကတော့ တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာနော်"

"ဟုတ်တယ်၊ ခုလည်း ဣ အကြာကြီးတော့ အချိန်မဖြုန်းရဲဘူး။ အန်တီအဲလစ်(စ)သွားတာ နာရီဝက်လောက်ရှိတော့မယ်။ သွားရင် အနည်းဆုံး တစ်နာရီကြာတယ်၊ တစ်ခါ

တလေကျ နှစ်နာရီတောင် ကြာတယ်ဆိုတော့ ဏီ နောက် ထပ် နာရီဝက် မပြည့်ခင် ရုံးခန်းထဲ ပြန်ရောက်နေဖို့ လို တယ်"

"ဏီ့ သဘောပါ။ ကျွန်တော်က ကျွန်တော့်ကို ဏီ သတိ တရနဲ့ ဖုန်းဆက်ဖော်ရလို့ ဝမ်းသာတယ်၊ ဆယ်မိနစ်ပဲ တွေ့ရလည်း ကျေနပ်တယ် ဏီရယ်"

ကော်ဖီခွက်များ ရောက်လာသဖြင့် ဏီသည် မွှေး ပျံ့လှသော ကော်ဖီကို ခပ်ဖြည်းဖြည်း တစ်ငုံသောက်ကြည့်လိုက် မိပါသည်။

"အင်း ... ကောင်းလိုက်တာ၊ တစ်ခါမှ ဆိုင်မှာ ထိုင်မ သောက်ဖူးဘူး။ Take Away ဝယ်ဝယ်ပြီးပဲ သောက်ရ တော့ ခုချက်ချင်းဖျော်၊ ချက်ချင်းသောက် မဟုတ်လို့ထင် တယ်၊ တစ်ခုခု လိုနေသလိုလိုပဲ ထင်ရတယ်၊ အခုလို ယှဉ်သောက်ကြည့်မှ တကယ် သိသာသွားတယ်"

"ဏီ့မှာ နှလုံးရောဂါရှိတယ် ဆိုတော့ ကော်ဖီသောက်လို့ ရော ရရဲ့လား"

ဏီသည် သူ ဒါကို မမေ့မလျော့ ခဏခဏ ပြော နေသဖြင့် ဘယ်လိုရှင်းပြရင် ကောင်းမလဲလို့ ခေါင်းထဲမှာ တွေး မိလာပါသည်။ သူဆိုတဲ့ လူတစ်ယောက်ကို ခုမှတွေ့၊ ခုမှသိရ တာမို့ ကိုယ့်အတွင်းရေးတွေ ပြောပြရဲလောက်သည်အထိ ဏီ့မှာ

သတ္တိမရှိပါ။ ယုံလည်း မယုံသေးပါ။ ကိုသြဇာဟာ ရိုးသားတည်ကြည်ပြီး စိတ်သဘောထား ဖြောင့်မတ်ပုံတော့ ရပါတယ်လို့ ကိုယ့်ဘာသာ အမှတ်ပေးမိပေမဲ့ အလုံးစုံ ယုံလိုက်ရဲဖို့ ဏီ မဆုံးဖြတ်ရဲပါ။

"ကိုသြဇာက ဏီ့ကို ဘယ်လိုမြင်နေလဲ"

"ဟောဗျာ ... ဘာဖြစ်လို့လဲ၊ ဏီ့ရောဂါအကြောင်း မေးတာ မကြိုက်လို့များလား"

"မဟုတ်ပါဘူး၊ ကိုသြဇာ မျက်စိထဲမှာ ဏီ့ကို ဘယ်လိုမြင်လဲလို့ပါ။ ရောဂါသည်နဲ့ တူနေလား၊ ကျန်းမာတဲ့လူနဲ့ တူလား"

"ဏီ့ကို ကြည့်ရတာ ကျန်းမာပါတယ်၊ နည်းနည်းလေး ဖျော့တော့တော့ နိုင်တာကလွဲရင် ကျွန်တော် တွေ့တိုင်း ဏီက အမြဲပျော်ရွှင် တက်ကြွနေတယ်လေ၊ နှလုံးရောဂါသမားတွေ တွေ့တော့ မတွေ့ဖူးဘူး၊ ဒါပေမဲ့ ဏီကတော့ ရောဂါသည်နဲ့ မတူပါဘူး"

"ဖျော့တော့တော့နိုင်တယ် ဆိုတာက ဏီက အိမ်ထဲမှာပဲ ငယ်ငယ်တည်းက နေခဲ့ရပြီး အစားအသောက်လည်း ချေးများလို့၊ လူက Pale ဖြစ်နေတာ ဖြစ်မယ်၊ တကယ်ဆို ဏီ ရေကူးချင်တယ်၊ တင်းနစ်(စ)ရိုက်ချင်တယ်၊ သူငယ်ချင်းအဖော်တွေနဲ့ဖြစ်ဖြစ် Beach တွေ သွားချင်တယ်၊ သူ

များတွေ ပြောပြောနေတဲ့ ချောင်းသာကို ဏီ တီဗီထဲမှာပဲ မြင်ဖူးတယ်၊ မရောက်ဖူးဘူး။ ကျိုက်ထီးရိုးဘုရားကို လူတိုင်း နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေဆို သွားကြတာတွေ၊ ဂျာနယ်ထဲမှာ ဖတ်ရရင် သိပ်အားကျတာပဲ၊ ဏီ တစ်ခါမှ မသွားဖူးဘူး။ အခု အလုပ်လုပ်လို့သာ အပြင်ထွက်လာခွင့်တွေ ရှိလာတာ၊ အသက်ဆယ်နှစ်ကျော်ကနေ နှစ်ဆယ့်သုံးနှစ်ထိ ကျောင်းတက်တုန်းကတော့ ကျောင်းသွားရတာရယ် အိမ်ရယ်ပဲ ရှိတယ်။ ကျောင်းမတက်ရတော့တဲ့အခါ တစ်လမှ တစ်ခါလောက် အပြင်ထွက်ခွင့်ရတယ်၊ ဒါကြောင့် အသားအရေက နေမထိဘဲ ဖြူဖျော့နေတာ ဖြစ်မယ်၊ အိမ်မှာဆို ခြံထဲလည်း ဆင်းခွင့်မရှိပြန်ဘူး၊ ဘေးအိမ်မှာ ယောကျာ်းလေးတွေရှိလို့တဲ့၊ ကိုကြီးက ပေးမဆင်းဘူးလေ”

သြဇာသည် ဏီ့ ရင်ထဲက ဖွင့်ထွက်လာသော စကားသံတွေကို နားထောင်ပြီး ကရုဏာသက်ရပြန်သည်။ ဘာကြောင့် ဒီလောက် ချုပ်ချယ်ခံရသလဲ သိချင်လာသည်။

“ဏီ့မှာ နှလုံးရောဂါ မရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား”

“ကိုသြဇာ သိရင် ပြီးတာပဲ၊ ဏီ မဖြေချင်ဘူး”

“ဒါဖြင့် တစ်ခါတုန်းက ဆေးရုံမှာ နှလုံးအထူးကုနဲ့ လာပြတာ ဘာကြောင့်လဲ”

"အဲဒါ ကိုကြီးပါ"

"ဦးနေသူရိန်မှာ နှလုံးရောဂါ ရှိတာလား"

"ဟုတ်တယ်"

"ဒါဖြင့် ဘာလို့ ဏီမှာရှိတယ်လို့ ပြောတာလဲ"

ဏီ ဘာဖြေရမှန်းမသိ ဖြစ်နေသည်။ ဩဇာက သူ့ဘာသာပင် အဖြေရသွားပြီး ...

"သြော် ... သိပြီ ... သိပြီ၊ ကျွန်တော့်ရှေ့မှာ သူ့ကိုယ်သူ ရောဂါသည်လို့ မပြောချင်လို့ ညီမကို လွှဲချတာ ဖြစ်မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။ ညီမကို ရောဂါသည်လို့ ပြောပြီး ကျွန်တော် စိတ်မဝင်စားအောင် တားလိုက်တဲ့ သဘောလည်း ပါတယ်"

"ဟုတ်လား၊ ယောက်ျားလေးတွေက ရောဂါသည် မိန်းကလေးဆိုရင် စိတ်ပျက်တတ်ကြလားဟင်"

ဩဇာသည် ဏီ့ကို ချစ်စနိုး စိုက်ကြည့်လိုက်ကာ...

"စိတ်မပျက်လို့ပဲ ခုထိ ဏီ့အနားမှာ တရစ်ဝဲဝဲ ရှိနေခဲ့တာလေ ဏီရယ်"

"ကိုဩဇာရယ် ... ရှင့်မှာ အရင်က ရည်းစားရှိခဲ့တာ နှစ်ယောက်တောင်တဲ့ မြချိုရီက ပြောပြထားတယ်နော်။ ဏီက ရှင့်ကို ဘယ်လိုလုပ် ယုံရမှာလဲ၊ ယုံရဲမှာလဲဟင်"

"ကျွန်တော် အခုမှ တကယ်ချစ်တတ်လာတာ ဏီ။ အရင်က ကျောင်းသားဘဝက ထားဖြစ်ခဲ့တဲ့ ရည်းစားဆိုတာလည်း ဘယ်လိုက ဘယ်လို အဆင်ပြေပြီး ရည်းစားဖြစ်သွားကြမှန်းတောင် မမှတ်မိပါဘူး။ တကယ်ပြောတာ၊ အခု သူတို့နဲ့လမ်းမှာ မျက်နှာချင်းဆိုင် ဆုံရင်တောင် မှတ်မိပါ့မလား မသိဘူး၊ ဏီ့ကို တကယ်ချစ်လို့ပါ ဏီ။ ဒါကြောင့်လည်း သူများတွေလို အမြဲတွေ့ချင်တိုင်း တွေ့ခွင့်မရမှန်း သိရက်နဲ့ စိတ်ရှည်ရှည်စောင့်ပြီး ချစ်နေခဲ့တာပေါ့၊ ဏီ့ကို လက်ထပ်ဖို့ထိပါ ရည်ရွယ်ပြီး ချစ်တာ"

လက်ထပ်ဖို့တဲ့။ ဏီသည် သူမနှင့် များစွာမရင်းနှီးလှသော ထိုဝေါဟာရကို ခေါင်းထဲမှာ အလန့်တထိတ်တွေးလိုက်မိပါသည်။ ဏီ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး ခွဲထွက်သွားမှာကိုရော ကိုကြီးက ခွင့်ပြုပါ့မလား။

"ဘာလဲ ဏီ … ဦးနေသူရိန် ခွင့်မပြုမှာစိုးလို့ စိတ်ပူနေတာလားဟင်"

"ကိုဩဇာ … ဏီ့စိတ်ကို ဘာလို့သိနေတာလဲ"

"ဏီ့ကို သိပ်ချစ်လွန်းလို့ပေါ့"

"ဏီကရော ကိုဩဇာကို ဘာအပြေ ပြန်ပေးထားမိပြီလဲ"

ဩဇာသည် ပိုင်နိုင်သလို ပြုံးကြည့်ရင်း …

"ဏီ ဘာမှအဖြေမပေးသေးပါဘူး။ ဒါပေမဲ့ အဖြေပေးဖို့ မလိုတော့ပါဘူး ဏီရယ်၊ ကျွန်တော် ဏီ့အကြည့်တွေကို နားလည်နေပါပြီ"

ဏီ ငြင်းတော့ မငြင်းပေမဲ့ ရှက်ပြုံးလေးပြုံးပြီး ကော်ဖီခွက် နှုတ်ခမ်းမှာ ကပ်နေသော သူမ၏နှုတ်ခမ်းဆိုးဆေး အရာလေးကို တစ်ရှူးဖြင့် အသာငုံ့ဖျက်နေမိပါသည်။ ဏီ ... ကိုညြဇာကို ခင်တွယ်သည်။ အချိန်တိုင်းလိုလို ဖျတ်ခနဲ သတိတရ ရှိတတ်ကာ ဒီအချိန်ဆို သူ့ ဘာများလုပ်နေမလဲ ဆိုပြီး တွေးနေ မိတတ်သည်။ ကိုညြဇာ လာစောင့်ကြည့်နေခဲ့သော မနက်ရုံးလာ ချိန်၊ ညနေရုံးဆင်းချိန်တို့ကို ဏီ မျှော်လင့်ရင်ခုန်စွာ စောင့်ခဲ့ဖူး သည်။ တစ်ခါတလေ ဏီ့ မြင်ကွင်းမှာ သူရှိမနေခဲ့ဘူး ဆိုလျှင် ဏီသည် ဆောက်တည်ရာမရ၊ ကြေကွဲပူဆွေးလျက် ချက်ချင်း ငိုချချင်လောက်အောင်လည်း ခံစားရဖူးသည်။ သူ့ကိုမတွေ့ရသော နေ့ဆို ဏီသည် တစ်ချိန်လုံး ငိုချင်နေလျက် သူ ငါ့ကို စိတ်ပျက် သွားပြီ၊ လက်လျှော့သွားပြီနှင့် ကိုယ့်ဘဝကိုယ် အားမရဖြစ်ကာ ဝမ်းနည်းနေခဲ့ရဖူးပါသည်။

ဒါဟာ လူတစ်ယောက်အပေါ် စတင်ချစ်မိသော ချစ်ခြင်းတစ်ခု ဖြစ်မည်ဆိုလျှင် ဏီသည် ကိုညြဇာကို ချစ်နေမိပြီဟု သာ ဝန်ခံရဖို့ ရှိတော့သည်။

"ဏီ"

သြဇာသည် နရဏီ လက်ဖမိုးကို အုပ်လိုက်ပြီး အသာအယာ ခေါ်လိုက်ပါသည်။

"ဦးနေသူရိန် ဆီမှာ ကျွန်တော့်မိဘတွေခေါ်ပြီး လာတောင်းရမ်းလို့ ရမလားဟင်"

"ဟင် ... ဟင် ... ဘယ်လို"

"ကိုယ့်ဖေဖေနဲ့ မေမေက ဏီ့အစ်ကိုဆီမှာ လာတောင်းရမ်းမှာလေ။ ဒါဆို ဏီလည်း ကိုယ့်ကို ယုံသွားပြီ။ ကိုယ်တို့လည်း လက်ထပ်ဖို့ စီစဉ်လို့ ရပြီလေ"

"မဟုတ်သေးဘူး၊ မဟုတ်သေးပါဘူး၊ မဖြစ်နိုင်သေးဘူးထင်တယ်၊ အဲဒါ မဖြစ်နိုင်သေးဘူး"

ဏီသည် ကြောက်လန့်တကြား ငြင်းမိလျှင် သြဇာသည် မှင်တက်ငေးမောပြီး စောင့်ကြည့်နေမိသည်။ ဘာတွေ လျှို့ဝှက်ချက်များ ရှိနေသလဲ ဏီရယ်။

"ကိုကြီးက ခွင့်ပြုမှာ မဟုတ်ဘူး"

"အဲဒီလိုလုပ်လို့ ဘယ်ရမလဲလေ၊ သူ့ကို ဏီ ဘာလို့သိပ် ဦးစားပေးနေရတာလဲ။ အစ်ကိုက ညီမ ရည်းစားထားမှာ စိုးလို့ ချုပ်ချယ်တာက ချုပ်ချယ်ပါ၊ သဝန်တိုတာ သဝန်တိုပါ သဘာဝကျပါတယ်၊ ဒါပေမဲ့ ကိုယ့်ညီမကို တမြတ်တနိုး လာတောင်းရမ်းပြီး တင့်တင့်တယ်တယ် လက်ထပ်ယူမဲ့သူမျိုး ကျရင်လည်း အစ်ကိုတွေဟာ လက်ခံပြီးခွင့်ပြု

ကြတာပါပဲ။ ဏီ့အစ်ကိုကျမှ ဏီ့ကို ခွင့်မပြုဘူး၊ အိမ်ထောင်မပြုရဘူး ဆိုရင် ဒါ လုံးဝမတရားတာပဲ၊ သူ့အိမ်ထောင်မပြုဘဲနေတိုင်း ဏီကပါ လိုက်နေရမှာလား ဏီ။ ဏီ ဘာကိုလျှို့ဝှက်နေတာလဲ၊ ပြောပြနိုင်မလား။ ကိုယ်ကတော့ ဏီ့အတွက်ဆို ဘာမဆို ရင်ဆိုင်ရဲတယ်၊ ဦးနေသူရိန်ကိုလည်း မကြောက်ဘူး။ ဝင်တွေ့ရဲတယ် ပြောရဲတယ်။ သူ ကိုယ့်ကို ထိုးကြိတ်မှာလည်း ခံရဲတယ်။ ကိုယ်ကတော့ အမှန်တရားကို ထောက်ပြပြီး ဝင်ပြောရမှာပဲ"

ဏီသည် ထိတ်လန့်တုန်လှုပ်လျက် ကော်ဖီကိုပင် ကုန်အောင်မသောက်တော့ဘဲ မျက်စိမျက်နှာပျက်ပြီး ထ,ရပ်လိုက်တော့သည်။ ဒီတော့မှ ဩဇာလည်း သူ စိတ်တိုတိုနှင့် ပြောလိုက်မိတာ များသွားပြီ။ လွန်သွားပြီဟု သိလိုက်ကာ ကမန်းကတန်း ဏီ့ကို တောင်းပန်လိုက်ပါသည်။

"ဏီ ... ဏီ ... ဆောရီးနော်၊ ကိုယ် ပြောတာဆိုတာ လောကြီးသွားတယ်"

"ဏီ သွားတော့မယ်"

"ကိုယ့်ကို စိတ်ဆိုးသွားတာလား"

"မဟုတ်ဘူး၊ စိတ်မဆိုးပါဘူး။ ဏီတို့ စကားထိုင်ပြောနေတာ ကြာပြီ။ အန်တီအဲလစ်(စ) ပြန်ရောက်လာတော့မှာ စိုးလို့ပါ"

"ဏီ ကိုယ့်ကို တကယ်စိတ်မဆိုးဘူးနော်"

"မဆိုးပါဘူး၊ ဏီ ကိုဩဇာ ပြောတာကို နားလည်ပါတယ်၊ ဒါပေမဲ့ သိပ်အလောတကြီး မလုပ်ရဲသေးဘူးလေ။ ဏီ ကိုကြီးကို ပုန်ကန်ရင်ဆိုင်ဖို့ ခုမှ အားမွေးရမှာ။ ပြီးတော့ ဏီ့မှာ သူ့ကို ဥပေက္ခာမပြုနိုင်တဲ့ စိတ်တစ်ခုလည်း ရှိတယ်။ ဏီ သူ့ကိုငဲ့ညှာရမှာတွေလည်း ရှိတယ်၊ အဲဒါကြောင့်ပါ"

"ကိုယ့်ကို မပြောပြနိုင်ဘူးလား"

"ဏီတို့ မိသားစုရဲ့ အိမ်တွင်းရေးကိစ္စပါ၊ ဏီ မပြောချင်ဘူး"

ဩဇာ တွေဝေသွားပါသည်။ သို့သော် အတင်းအကျပ်တော့ ဆက်ပြီးမမေးဖြစ်ပါ။ မျက်နှာပျက်ယွင်းလျက် စိတ်ရှုပ်ထွေးသွားဟန်တူသော နရဏီ့ကိုလည်း သနားသွားမိသည်။ လွတ်လပ်ခွင့်ရတုန်း အပြင်ခဏထွက်ပါတယ်၊ သူ့မှာ စိတ်ရှုပ်စရာနှင့် ကြုံလိုက်ရတယ်၊ သနားဖို့ ကောင်းလိုက်တာ ဏီရယ်။ ကိုယ် မှားသွားတယ်။ တကယ်တော့ ကိုယ် ဒီလောက်ထိ အလောတကြီး မဖြစ်သင့်ဘူး။ ဏီ့ကို သတ္တိတွေ ရှိလာအောင် အားပေးရဦးမှာ။ အခုပဲ ချစ်သူဖြစ် အခုပဲ အစ်ကို့ကို ပုန်ကန်ပြီးထွက်လာဖို့ ပြောလို့ ဘယ်ဖြစ်ပါ့မလဲ။

ဏီ့ကို သူတို့ကုမ္ပဏီရုံးခန်းကြီးရှိရာ အထပ်ထိ သူကိုယ်တိုင် လိုက်ပို့ပေးပါသည်။ အပေါ်ဆုံးထပ်မှ ဓာတ်လှေကားဖြင့်လည်း ဆင်းရင်ရပါသည်။ သူတို့နှစ်ဦးသား မတိုင်ပင်ထား

ပါဘဲ ခြေလှမ်းတွေက ရှီးရှီးလေ့ကားဘက် အခြမ်းဆီသာ ဦးတည်သွားမိပါသည်။

ဏီရော ဩဇာပါ မြန်မြန်ခွဲသွားလိုက်ရမှာကို မလို လား၍ အချိန်နည်းနည်း ပိုယူရသော ရှီးရှီးလေ့ကားမှ ဆင်းကြ ဖို့ ဆုံးဖြတ်မိတာချင်း တူသွားပါသည်။

ခွဲရကာနီးကျမှ ...

"ကိုယ် ဖုန်းအမြဲတမ်း ဆက်ချင်တယ် ဏီရယ်၊ ဘယ်လို ဆက်ရမလဲ"

ဟု ဩဇာက မေးလာပါသည်။ ဏီက စိတ်ပျက်၊ အားလျှော့သော အသံဖြင့် ...

"ဖုန်းကို၊ ကိုကြီးက အမြဲနားထောင်တတ်တယ်၊ ဒါကြောင့် မြချိုရှိတောင် စိတ်ညစ်ပြီး သိပ်မဆက်တော့ဘူး"

"ဒါဆို ..."

"ဏီ အခွင့်သာတဲ့အခါ ဖုန်းဆက်လိုက်မယ်လေ"

"ဏီ့ကို ကိုယ်ချစ်တယ်ဆိုတာရော ယုံပြီလား"

"ဏီ့ဘက်က ယုံလား မယုံလားဆိုတာ ကိုဩဇာ စိတ်ပူ မနေပါနဲ့။ ဏီကသာ ဏီ့ကို၊ ကိုဩဇာ ကြာရင် သံသယ ဖြစ်လာမလား ဆိုပြီး စိတ်ပူနေရတာပါ။ ဏီ့မှာ ပြောပြလို့ မရတဲ့၊ ဏီ သူများကို မပြောပြချင်တဲ့ မိသားစုအရေးတွေ ရှိလို့ပါ၊ ဏီ့ကို နားလည်ပါလို့ မပြောချင်ဘူး။ ဏီ့ကို သံသယမဖြစ်ပါနဲ့လို့ပဲ ပြောချင်တယ်"

"ဏီရယ် ... ဏီ့ကို ကိုယ် ဘယ်တော့မှ သံသယမဖြစ်ပါဘူး။ ဏီ့ကို ကိုယ် အမြဲချစ်နေမယ်"

"ဏီ သွားပြီနော်၊ အပေါက်ဝထိ လိုက်မပို့နဲ့၊ ရုံးထဲကလူတွေ မြင်သွားမှာ စိုးလို့ပါ"

"ဏီ"

ဩဇာသည် ဏီ့လက်ချောင်းထိပ်လေးတွေကို မခွဲနိုင်၊ မခွာရက် ဆုပ်ကိုင်ထားမိရင်း တမ်းတမ်းတတ ခေါ်မိသည်။

"ရှင် ... ကိုဩဇာ။ ဘာပြောစရာ ရှိသေးလို့လဲဟင်"

"ကိုယ့်ကို နောက်တစ်ခါကျရင် ကိုဩဇာလို့ မခေါ်ရတော့ဘူးနော်၊ တစ်ခုခုပြောင်းခေါ်"

ဏီ ရှက်စနိုးပြုံးရင်း ခေါင်းညိတ်ကာ လက်ကိုဖြုတ်လိုက်သည်။ ဏီ ကိုယ့်အခန်းထဲ ကိုယ်ဝင်ထိုင်ချိန်တွင် အောက်ဆုံးထပ် ရောက်သွားပြီဖြစ်သော ဩဇာသည် အန်တီအဲလစ်(စ)နှင့် တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်လိုလို ဆုံသွားပါသည်။ ဩဇာသည် မျက်နှာကို အတတ်နိုင်ဆုံး တည်ထားပြီး အန်တီအဲလစ်(စ)ကို ကျော်ဖြတ်ပြီး လမ်းလျှောက်သွားပေမဲ့ အန်တီအဲလစ်(စ)ကတော့ ...

"ဒီကောင့်ကို ငါ မြင်ဖူးတယ်"

ဟူ၍ သံသယတွေ တစ်ထွေးကြီးဖြစ်လျက် ကျန်ခဲ့တော့လေသည်။

ဖဖ ဖဖ ဖဖ

# အပိုင်း(၃)

## (မပြောင်းလဲသရွေ့ ...)

## ၁၃

သူတို့၏ ချစ်သူဘဝသည် တိတ်ဆိတ်လျှို့ဝှက်လွန်းလှပြီး တစ်ခါတစ်ရံမှာတော့ ရင်တထိတ်ထိတ်နှင့် စိတ်လှုပ်ရှားတုန်လှုပ်ရတာမျိုးတွေလည်း ပြည့်နှက်နေခဲ့ပါသည်။

ချစ်သူစဖြစ်ပြီး နောက်ရက်ပေါင်း တော်တော်ကြာအထိ သူတို့ လူချင်းဆုံတွေ့ခွင့် မရတော့ပြန်ပါ။ နေသူရိန်နှင့် ဒေါ်အဲလစ်(စ) နှစ်ယောက်စလုံးနီးပါး နရဏ့်နားမှာ မရှိသည့် ဖြစ်ရပ်သည် မိုးပေါ်က အပ်တစ်စင်းနှင့် မြေပြင်က အပ်တစ်စင်း ထိရမည့် ဖြစ်ရပ်လိုပင် ဖြစ်ခဲလှသဖြင့် နရဏ့်မှာ လွတ်လပ်ခွင့် အပြည့်အဝ မရတော့ပြန်ပါ။

နေ့တိုင်း အချိန်တိုင်း ကိုယ့်ချစ်သူကိုယ် အသီးသီး သတိရနေရုံ၊ သူ့လာကြည့်ချိန် ကိုယ်ကလည်း တွေ့လိုက်မှသာ

သူ့မျက်နှာကို မြင်ရရုံအပြင် ဘာမှမပိုသော အခြေအနေကို ကြေကြေကွဲကွဲနဲ့ပဲ နရဏီ ရင်ဆိုင်နေရဆဲ တစ်နေ့မှာ ...

မသူဇာ ထံမှ ကွန်ပျူတာသင်တန်းစာသစ် သင်နေချိန်တွင် မသူဇာက နရဏီကို ...

"ညီမ နရဏီ ... အစ်မ ပေးစရာရှိတယ် သိလား။ ဘယ်လိုပေးရမလဲ မသိဘူး။ ဦးနေသူရိန်လည်း အခန်းထဲမှာ ရှိနေတယ်၊ အန်တီအဲလစ်(စ)ကလည်း စာသင်တာပဲ မယုံသင်္ကာနဲ့ ခဏခဏ အနားလာရပ်ကြည့်နေတယ်၊ ဒုက္ခပဲ"

ဟု ခပ်တိုးတိုး ခပ်မြန်မြန် ပြောလိုက်လေသည်။ ခပ်မြန်မြန် ပြောရခြင်းမှာ အန်တီအဲလစ်(စ)ကြောင့်ပင်။ စာသင်နေတာကိုပဲ မယုံသလိုလိုနဲ့ ဘေးမှာ ခဏခဏ လာရပ်ကြည့်နားထောင်၍ပင်။ အခုတလော နရဏီကို ပိုပြီးဂရုတစိုက် စောင့်ကြည့် အကဲခတ်နေသည်ဟုလည်း ထင်မိပါသည်။

"ဘာပေးစရာလဲဟင်"

"ဩဇာနဲ့ အစ်မ တွေ့လာတယ်၊ သူက အစ်မအလာကို တမင်စောင့်နေတာတဲ့။ နရဏီကို ပေးချင်လို့တဲ့"

"ဘာပေးလိုက်တာလဲဟင်"

နရဏီသည် စိတ်လှုပ်ရှား ရင်ခုန်သွားပါသည်။

"စာလို့ ထင်တာပဲ"

"ဏီ ဘယ်လိုလုပ် ယူရမလဲ"

"အင်း ... နေဦး ... နေဦး ... အကြံရပြီ။ အခုရိုက်နေတဲ့ Keyboard အောက်ထဲ အစ်မ တိတ်တိတ်ထိုးထည့်လိုက်မယ်။ နရဏီ သတိရှိရှိနဲ့ ယူဖို့မမေ့နဲ့"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒါမှ မတွေ့မှာနော်။ တော်ကြာ စာပေးစာယူ လုပ်နေတာ မြင်သွားရင် ပြဿနာအကြီးအကျယ် တက်မှာပဲ၊ ဏီ့မှာ လက်နှစ်ဖက်လုံးတောင် စားပွဲအောက် မချရဲဘူး၊ အန်တီအဲလစ်(စ)က လိုက်ပြီး လက်အသွားအလာကအစ ကြည့်နေတာ"

"သူက နရဏီ့အတွက်ဆို ဘယ်သူ့မှ မယုံဘူးလေ၊ ဒီ ရုံးခန်းထဲက လူတွေဆို နရဏီနဲ့ ပိုရင်းနှီးလို့ ပိုတောင် မယုံဘူး"

ကိုကြီးနေသူရိန်က စကားတိုးတိုးတွတ်တွတ် လုပ်နေသော ဏီ့ကို လှမ်းကြည့်ပါသည်။ မသူဇာကတော့ လန့်ပြီး Keyboard ကို တဖြောက်ဖြောက် ရိုက်နေတော့သည်။

"မသူဇာ သင်တာ တစ်နာရီခွဲ ရှိနေပြီ၊ ရပ်ရင် ရပ်လိုက်တော့။ ခင်ဗျား အလုပ်တွေ မပြီးဘဲနေမယ်၊ နရဏီ့ကို သင်စရာကျန်ရင် နောက်နေ့မှ ဆက်ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဦးနေသူရိန်၊ ပြီးနေပါပြီ။ သူ့ကို ဒီ website ထဲက ထွက်ပြီး တခြား website ချက်ချင်းကူးလို့ရတာလေး အပြီးသတ် ပြပေးနေလို့ပါ"

မသူဇာ ကမန်းကတန်း ဖြေရှင်းပါသည်။ တစ်လကို လခကောင်းကောင်းအပြင် ဏှိုကို ကွန်ပျူတာ သင်ပေးခ,ပါ သင်တန်းတွေမှာပေးသည့် နှုန်းအတိုင်း တွက်ချက်ပြီး ပေးသဖြင့် မသူဇာဟာ ဒီအလုပ်ထဲက ထွက်ရမှာ အင်မတန် ကြောက်ပါသည်။

"အစ်မတို့က အလုပ်ကလေးတစ်ခု ပုံမှန်ရှိနေမှ စားဝတ်နေရေး ပြေလည်မှာ ညီမရဲ့။ ဦးနေသူရိန်ဆီမှာလို လခကောင်းတဲ့ အလုပ်ကလည်း ရှာရတာခက်တော့ အလုပ်ပြုတ်မှာ ကြောက်တယ်"

ဟူ၍လည်း နရဏှိုကို ပြောထားဖူးလေရာ နရဏှီလည်း အလိုက်သိရပါသည်။ အလုပ်ထဲဝင်မှ လူတွေအကြောင်း၊ သူတို့ရဲ့ စီးပွားရေး အခြေအနေတွေအကြောင်း သိလာရသည်ဖြစ်ရာ အခုမှ သိရပေမဲ့ ဏှီ ကိုယ်ချင်းစာတတ်ပါသည်။

"ပြီးပါပြီ ဦးနေသူရိန်၊ ဒီနေ့ ကျွန်မ ဘာလုပ်ပေးရမှာလဲ"

မသူဇာသည် ကိုကြီး စားပွဲရှေ့ပင် ရောက်သွားပြီ။ ဏှိုကို သင်ပေးပြီးသည့်အကြောင်း သွားပြောနေပြီ။

"ဒီမှာ ဖိုင်လ်ချထားတယ်၊ ဒီထဲက ပြီးသလောက်ပေါ့။ ဆက်လုပ်ပါ။ ဒီဖိုင်လ်တစ်ခုလုံးထဲက အလုပ်တွေကို သန်ဘက်ခါပြီးဖို့ လိုတယ်ဆိုတော့ ခင်ဗျားဘာသာ ချိန်ဆပြီး လုပ်လိုက်ပါ"

"ဟုတ်ကဲ့"

မသူဇာ ဖိုင်လ်လေး ကောက်ကိုင်ပြီး သူ့မစားပွဲမှာ သူမဝင်ထိုင်၊ ကွန်ပျူတာဖွင့်ပြီး အလုပ်စလုပ်နေချိန်တွင် ဏီသည် မသူဇာ တိတ်တဆိတ် ထိုးထည့်ထားခဲ့သော ဏီ့ကွန်ပျူတာ၏ Keyboard အောက်မှ စာအိတ်လိုလို အရာကို ဘယ်လိုထုတ်ရမလဲပဲ စဉ်းစားအကြံထုတ်နေခဲ့ပါသည်။

တစ်ချက်မှာတော့ သူမကို မျက်ခြည်မပြတ် အကဲခတ်စောင့်ကြည့်နေသော အန်တီအဲလစ်(စ) Toilet ဘက် ထွက်သွားပါသည်။ ကိုကြီးလည်း သူ့စားပွဲမှာ ဖုန်းဝင်လာသဖြင့် ဖုန်းပြောနေသည်နှင့် ကြုံလေရာ နရဏီ့ကို ဂရုတစိုက် ကြည့်မည့်သူ မရှိတော့။ အဲဒီကျမှ နရဏီလည်း စာအိတ်လေးကို Keyboard အောက်မှ မြန်မြန်ထုတ်ယူပြီး နရဏီ့ ဂျင်းန်စကတ်ဘေးအိတ်ထဲ အမြန်ထိုးထည့်ထားလိုက်ပါသည်။ နရဏီ လုပ်ပုံက မြန်လွန်းသဖြင့် ကိုကြီး မပြောနှင့် ဘယ်သူမှပင် မြင်လိုက်ပုံ မရ။ မသူဇာပင် နရဏီ့ကို တကြည့်ကြည့်နှင့် စာယူပြီးပြီလားလို့ အမူအရာဖြင့် မေးနေသေးသဖြင့် ဘယ်သူမှကို တွေ့လိုက်ပုံမရသော နရဏီ့ လျင်မြန်မှုကား အံ့သြစရာ။

နရဏီသည် စကတ်ဘေးအိတ်လေးထဲမှာ ရှိသော စာကို ကိုယ့်လက်ထဲ ပိုင်ဆိုင်ထားရပြီး ဖြစ်ပေမဲ့ မကြာခင်မှာပဲ ပျောက်ဆုံးသွားတော့မလိုလို စိတ်ပူပြီး ခုပဲ ဖတ်ချင်နေသည်။

ဒါနဲ့ အန်တီအဲလစ်(စ) ပြန်ထွက်မလာသေးသော Toilet ကိုပဲ လိုက်ဝင်သွားပါသည်။ အမျိုးသမီးအိမ်သာခန်းမှာ လက်ဆေးဇလင် နှစ်ခု၊ ဆပ်ပြာရည် ညှစ်ချလို့ရသော နံရံကပ်ဆပ်ပြာ box တစ်လုံးနှင့် လက်အခြောက်ခံစက်က အသင့်ရှိပြီး၊ အိမ်သာနှစ်လုံးထား ပါသည်။ နရဏီ ဝင်သွားတော့ တစ်လုံးမှာ တံခါးပိတ်မထားဘဲ Occupied ဆိုသော အင်္ဂလိပ်စာတန်းလေးက တံခါးလော့(ခ)လုပ် ရာ လက်ကိုင်မှာ ပေါ်နေဆဲ။ နရဏီက ...

"အန်တီအဲလစ်(စ) အထဲမှာလား"

ဟု သူမ ဝင်လာကြောင်း သိစေရန် အော်မေးလိုက် ပါသည်။

"အေး ... ဟုတ်တယ် သမီး"

"ဒါဆို ဏီ ဒီဘက်အလွတ်တစ်ခန်းမှာ ဝင်နေပြီနော်။ ဏီ ပျောက်သွားလို့ဆိုပြီး လိုက်ရှာနေမှာစိုးလို့"

"မောင်နေ တစ်ယောက်လုံး ရှိရက်နဲ့ ဘယ်လိုမှ ပျောက် မသွားနိုင်ဘူးဆိုတာ သိပါတယ်ကွယ်"

ဏီ တစ်ဖက်မှာ လွတ်နေသော အိမ်သာခန်းထဲ ဝင်ထိုင်လိုက်သည်။ တံခါးပိတ်ပြီးတာနဲ့ လော့(ခ)လုပ်ရသော ချက်ကို ရွှေ့ပိတ်လိုက်ပါသည်။ ခုနက လော့(ခ)မလုပ်ထား၍ Vacant ဟု ပေါ်နေသော စာတန်းလေး ပျောက်သွားပြီး Occupied ဟူသော အနီရောင်စာတန်းလေ ပေါ်နေပါလိမ့်မည်။

ဏီသည် ဘိုထိုင်အိမ်သာအဖုံးကို ပိတ်လိုက်ပြီး အဲဒီပေါ် အေးအေးဆေးဆေးထိုင်ပြီး စာအိတ်ခေါက်လေးကို ထုတ်ယူလိုက်သည်။ ဒီရုံးခန်းထဲမှာထားသော Toilet ကတော့ ဒီရုံးခန်းလေးထဲက ဆယ်ယောက်မပြည့်သော လူတွေပဲ သုံးသည် ဖြစ်ရာ၊ သန့်ရှင်းရေးသမားကလည်း နှစ်နာရီတစ်ခါ လာသန့်ရှင်းပြီး အမွှေးနံ့သာပါသော ပိုးသတ်ဆေး ဖျန်းသည်ဖြစ်ရာ သန့်ပြန့်ပြီး အမြဲမွှေးကြိုင်နေသဖြင့် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာ မရှိ။

ရုံးခန်းပြင်ပမှ ဝန်ထမ်းငါးဆယ်လောက်အတွက်ကတော့ သီးသန့် Toilet ထားပေးပြီး ထို Toilet ကလည်း အိမ်သာအလုံးပေါင်း ငါးလုံးနှင့် သန့်ရှင်းရေးကို တစ်နာရီခြား လုပ်ပေးထားသဖြင့် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိကြောင်း ဏီ သွားလေ့လာထား၍ သိထားပါသည်။ ဒီအဆောက်အအုံကြီးက အဆင့်မြင့် အဆောက်အအုံ ဖြစ်လေရာ အိမ်သာတွေကတော့ ခေတ်မီပုံစံတွေ ဖြစ်ပါသည်။ ဏီသည် အိမ်သာဖုံးပေါ်ထိုင်ရင်း သြစာ၏ စာခေါက်လေးကို ဖွင့်နေစဉ် အန်တီအဲလစ်(စ)အသံ ပေါ်လာသည်။

"သမီး ဏီရေ၊ အန်တီ အပြင်မှာ စောင့်နေမယ်နော်"

"ရှင် ... ဟုတ်ကဲ့၊ အန်တီ ရုံးခန်းထဲ သွားရင်သွားပါ၊ ရတယ်"

"စောင့်နေမှာပါ၊ တော်ကြာ မောင်နေ ကျုပ်ကို ပြောနေပါ့မယ်"

စောင့်ချင်လည်းစောင့်။ ဒီအိမ်သာခန်းထဲက ထွက်ရင် ရုံးခန်းထဲပဲ ပြန်ရောက်တာကို ဘယ်အပေါက်ကမှလဲ လစ်ပြေးလို့ မရပါဘူး။

"ဏီ ...

သိပ်သတိရတယ် ဏီရယ်၊ ဏီ့ဘက်က အဆင်မပြေလို့ ဖုန်းဆက်ပြီး မချိန်းနိုင်မှန်း ကိုယ် နားလည်ပါတယ်၊ ကိုယ်လည်း ဖုန်းဆက်ဖို့ အခါခါ ကြိုးစားမိတယ်၊ ဖုန်းခေါ်လိုက် တစ်ဖက်က လာကိုင်ရင် မဖြစ်သေးပါဘူး၊ ဏီ့ကို ဦးနေသူရိန် အထင်လွဲလိမ့်မယ်၊ ခုထက်ပိုပြီး ချုပ်ချယ်လိမ့်မယ် ဆိုပြီး တွေးမိတာနဲ့ ဖုန်းကို ပြန်ပြန်ချထားမိတာ ခဏခဏပဲ။ တစ်ဖက်မှာ ဖုန်းလာကိုင်တဲ့ ဦးနေသူရိန်ပဲဖြစ်ဖြစ် အန်တီအဲလစ်(စ)ပဲဖြစ်ဖြစ် ဖုန်းခေါ်လိုက်၊ လာကိုင်ရင် ပြန်ချလိုက်၊ ခဏခဏ အလုပ်ခံရလို့ စိတ်ဆိုးရင်ဆိုးနေမှာနော်။ ဏီရော အဲဒီလို ဖုန်းခေါ်သံကြားလိုက် လာကိုင်ရင် တစ်ဖက်က ပြန်ချသွားလိုက် လုပ်တဲ့အကြောင်း ပြန်သိလား၊ သူတို့ ပြောကြလား"

ဏီ မသိပါ။ အိမ်မှာ အဲဒီလို သေးသေးမွှားမွှားကိစ္စလေးတွေရှိလည်း ဏီ့ကို ဘယ်သူမှ စကားစမြည်ပြောရင်း အသိ

ပေးမည့်သူ မရှိပါ။ အိမ်ဖော်တွေကလည်း အန်တီအဲလစ်(စ)ရဲ့ အုပ်ချုပ်မှုအောက်မှာ ဖင်တုန်အောင် ကြောက်သဖြင့် နရဏ့်ကို စကားမပြောနဲ့၊ နရဏ့်နားကပ်ပြီး တိုးတိုးတိတ်တိတ် မပေါင်းကြနဲ့ ဆိုသော စည်းကမ်းကို တသဝေမတိမ်း လိုက်နာကြပါသည်။ ဒါကြောင့် အိမ်မှာဆို ဏီသည် စကားပြောချင်လျှင် ကိုယ်နဲ့အရွယ်မတူသော အန်တီအဲလစ်(စ)ကိုပဲ ပြောရင်ပြော၊ မပြောချင်ရင် စာအုပ်ဖတ်၊ တီဗီကြည့်၊ ဒီဗီဒီကြည့်၊ သီချင်းနားထောင် ဒါတွေပဲလုပ်ရုံ။ ကွန်ပျူတာလည်း လုပ်တတ်နေပေမဲ့ ရုံးရောက်မှသာ ကိုယ်ပိုင်ကွန်ပျူတာတစ်လုံးနဲ့ လုပ်ခွင့်ရှိသည်။ အိမ်မှာဝယ်မပေးထား။

"ကွန်ပျူတာဟာ ဖုန်းလိုပဲ၊ အပြင်လူတစ်ယောက်ယောက်နဲ့ လူမမြင်ရဘဲ ဆက်သွယ်လို့ရတဲ့ အရာပဲ။ သူကတော့ တစ်ယောက်နဲ့ တစ်ယောက် Chat Room ထဲ ဝင်စကားပြောလို့ရတယ်။ e-mail အပြန်အလှန် ပို့လို့ရတယ်ဆိုတော့ နင့်ကိုဝယ်ပေးလိုက်ရင် စိတ်ကြိုက် အပြင်လူနဲ့ ဆက်သွယ်ခွင့် ရသွားမှာပေါ့၊ ဒီတော့ ရုံးရောက်မှပဲ ကွန်ပျူတာကိုင်ရမယ်၊ အိမ်မှာတော့ No ပဲ၊ လုံးဝမဝယ်ပေးဘူး"

ဟူ၍ ကိုကြီးက ပိတ်ပင်တားမြစ်ထားလေရာ ဏီမှာ အိမ်မှာလည်း ကွန်ပျူတာမရှိပါ။ ရုံးရောက်မှ ပေးကိုင်သည်မှာ သူတို့ရှေ့မှာ ဏီက ထိုင်ပြီးလုပ်ရတာ၊ ဒီကြားထဲ အန်တီအဲလစ်(စ)ကလည်း ဏီ့အနား ကျောက်ချထိုင်ပြီး သိုးမွေးတွေ

တက်တင်းတွေ ထိုးလို့ပဲ မပြီးနိုင်။ ထိုးနေရင်း စောင့်ကြည့်နေတာမို့ ကွန်ပျူတာ screen မှာ ဘာတွေပေါ်နေသလဲ သူ အကုန်သိနေပါသည်။ ဒါကြောင့် ဏီမှာ ဘယ်နည်းနဲ့မှ အဆက်အသွယ်လွယ်လွယ်ကူကူ လုပ်နိုင်စရာ မရှိခဲ့ပါ။

ဏီသည် ထိုသို့ စိတ်မကောင်းစွာတွေးရင်း ဩဇာ၏ စာကို ဆက်ဖတ်လိုက်ပါသည်။

"ခုတော့ ကိုယ် ဆက်သွယ်လို့ရတဲ့ နည်းလမ်းတစ်ခု တွေ့သွားပြီ။ မသူဇာကတစ်ဆင့် ဏီလည်း စာပေးရင် ပေးပါလား။ ကိုယ်လည်း စာရေးရေးပေးမယ်၊ ကိုယ် ဒီစာကို ရေးရတာက လာမဲ့တနင်္ဂနွေမှာ ကိုယ့်မွေးနေ့ရှိတယ်။ ကိုယ့်အသက် နှစ်ဆယ့်ခြောက် ဖြစ်သွားပြီ ဏီ။

ကိုယ့်မွေးနေ့မှာ ဏီ့ကို အနားမှာ ရှိစေချင်တယ်၊ ဏီနဲ့အတူတူ မုန့်စားချင်တယ်၊ ဏီ့ကို စကားပြောချင်တယ်၊ ကိုယ် ဒီလိုတောင်းဆိုတာ မဖြစ်နိုင်မှန်း သိပေမဲ့ ဏီ့ကို အသိပေးတာပါ။ ဏီ ထွက်လာဖို့ ဘယ်လိုမှ အဆင်မပြေမှန်းတော့ သိပါတယ်။ ဒါပေမဲ့ ကိုယ် အဲဒီနေ့မှာ မနက်ရှစ်နာရီကနေ ညနေခြောက်နာရီထိ ဏီတို့လမ်းထိပ်မှာ ကားရပ်ပြီး စောင့်နေချင်တယ်၊ သိလား ... ဏီ။

ချစ်သော ဏီ့ရဲ့
ဩဇာ"

ဏီသည် စာကိုဖတ်ပြီး ရင်မောသွားပါသည်။ ဘယ်လိုမှ မဖြစ်နိုင်ဘူး ကိုညြဇာရယ်။ တနင်္ဂနွေလို နေ့မျိုးမှာ ကိုကြီးဟာ အိမ်မှာ တစ်နေကုန် ရှိတတ်တာ။ ညှော်ခံပွဲတွေ သွားစရာရှိရင်တော့ သွားပါတယ်။ ဒါပေမဲ့ ဏီ့ရဲ့ ဘော်ဒီဂတ်(ထ်)ကြီးက ဏီ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတာလေ။ ဏီတို့အိမ်မှာ လစ်ထွက်သွားလို့ ရတဲ့အပေါက်တွ ရှိသလား မရှိဘူးလား ဆိုတာလည်း ဏီ တစ်ခါမှ မရှာဖွေဖူးခဲ့။ မကြိုးစားဖူးခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ဏီ ပျောက်သွားရင် ကိုကြီးကို စိတ်ရောဂါပြန်ထ,လာအောင် လုပ်လိုက်သလို ဖြစ်မှာစိုး၍ ဏီ ဆင်ခြင်ခဲ့ပါသည်။ ကိုယ့်အစ်ကိုကြီး တစ်ယောက်လုံး သာမန်စိတ်ရောဂါအသေးစားလေး ရနေရာမှ ကိုယ့်ကြောင့် သွက်သွက်ခါ ရူးသွားမှာကို ဏီ မလိုလားခဲ့၍ ဏီသည် ဘယ်တုန်းကမှ ခိုးထွက်သွားဖို့ စိတ်မကူးခဲ့မိပါ။

ခုတော့ ...။

ဏီသည် စာကို နောက်တစ်ခေါက် ပြန်ဖတ်နေစဉ်...

"သမီး ... ဏီ၊ ကြာလှချည်လား။ ဘာဖြစ်နေလဲ၊ Toilet ရေဆွဲချသံလည်း မကြားဘူး"

ဟူသော အန်တီအဲလစ်(စ)ရဲ့ စစ်ဆေးမေးမြန်းသံပေါ်လာပါသည်။

"ဏီ ဝမ်းချုပ်နေလို့"

"ချုပ်မှာပေါ့၊ သမီး မနေ့က ယဉ်ယဉ်မေတို့ ယူလာတဲ့ ကောက်ညှင်းပေါင်း သွားစားတာကိုး။ သူတို့က အများကြီး စားနေကျ၊ ဘာမှမဖြစ်ဘူး၊ သမီးက အိမ်မှာဆို နည်းနည်းပဲ စားပြီး သူတို့နဲ့ကျမှ သူတို့စားသလို လိုက်စားတော့ ဝမ်းချုပ်တာပေါ့၊ မနက်က juice များများ မသောက်ခဲ့ဘူးလား"

တွေ့လား ... အန်တီအဲလစ်(စ)တို့က အဲဒီလိုမျိုး။ နရဏ့်ကို ဂရုစိုက်ပုံများ အစားအသောက်ကအစ လိုက်စီမံချင်တာ။ သူက စေတနာနဲ့ပဲ ပြောပြော။ ငယ်ငယ်လေးတည်းက ထိန်းကျောင်းလာခဲ့၍ အဒေါ်ရင်း တစ်ယောက်လိုပဲ ခံစားပြီး သံယောဇဉ် ဖြစ်ပြီးတော့ပဲ ပြောပြော၊ ဏှိကတော့ စိတ်ထဲမှာ မကျေနပ်စိတ်အခံဖြင့် အမြင်ကြည်လို့ မရပါ။ ခုလည်း ဏှိုကို မသက်ာဖြစ်ပြီး အိမ်သာထဲဝင်တာ ကြာတယ်၊ ရေလည်းဆွဲမချဘူးတွေ ဘာတွေ ပြောနေတာ။ မသိရင်ခက်မယ်။ ရည်းစားစာ ခိုးရေးနေတယ် ထင်နေတာ။ ဟုတ်တယ် ရေးမယ်။ ရည်းစားဆီ စာရေးပြီးပဲ ဆက်သွယ်လို့ရတာ စာရေးရမယ်။

"ပြီးပါပြီ၊ ထွက်လာတော့မယ်"

"ရုံးခန်းထဲပြန်ရောက်ရင် အိမ်ကယူလာတဲ့ orange juice အစစ်ကိုသောက်လိုက်။ တစ်ဖန်ခွက်ကြီး သောက်ချလိုက်နော်"

ဏီသည် ချစ်သူ၏စာလေးကို မြတ်နိုးစွာ စကတ်အိတ်လေးထဲ ပြန်ခေါက်သိမ်းထားလိုက်ပါသည်။ အိမ်သာဘေးရှိ ခြေနင်းရင်ပွင့်တဲ့ အမှိုက်ပုံးလေးထဲ ဖြဲပြီးလွှင့်ပစ်ချင် ရပေမဲ့ မဖြဲရက်။ မလွှင့်ပစ်ရက်ပါ။ ဏီ့မှာ စိတ်အပန်းဖြေစရာ ဒါပဲရှိတာမို့ပါ။

ဏီသည် စာကို ချက်ချင်း ပြန်ရေးပေးချင်ပေမဲ့ ရေးဖို့အခွင့်မသာသဖြင့် ရုံးကပြန်သည်အထိ မရေးခဲ့ရပါ။ မသူဇာကိုလည်း မပေးလိုက်ရပါ။ ရုံးဆင်းတော့ ကိုသြဇာ လာစောင့်နေပြန်သည်ကို ဏီ တွေ့ပေမဲ့ အရင်ကလိုပဲ အကြာကြီး စိုက်မကြည့်ရဲဘဲ ဖျတ်ဆိုကြည့် ဖျတ်ဆို ကားထဲဝင်ထိုင်လိုက်ရရုံသာ။ တစ်နေရာတည်းကို ဏီ အကြာကြီး စိုက်ကြည့်နေလျှင် ကိုကြီးနဲ့ အန်တီအဲလစ်(ဇ)တို့ ရိပ်မိသွားမှာ စိုးရိမ်ရသေးသည်ပင်။

အိမ်ရောက်တော့မှ ရေမိုးချိုး ထမင်းစားပြီးတာနဲ့ ဏီ အိပ်ခန်းထဲဝင်ပြီး အခန်းတံခါးကို ပိတ်ထားလိုက်တော့လေသည်။ အခန်းတံခါးကို အထဲမှ လော့(ခ)လုပ်ပြီး ကိုသြဇာဆီ စာပြန်ရေးရပါသည်။

"ကိုသြဇာ ...

မသူဇာကတစ်ဆင့် ပေးတဲ့စာကို ရရချင်း ပြန်ရေးပေးချင်ပေမဲ့ ရုံးခန်းထဲမှာ မလွတ်လပ်လို့ ရေးမပေးလိုက်ရဘူး။ အိမ်ရောက်မှပဲ ရေးရတော့တယ်။ မသူဇာကို စာ

အပေးအယူ လုပ်ခိုင်းတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ အဲဒီအစ်မက အလုပ်ပြုတ်မှာ သိပ်ကြောက်တာမို့ ဏီတို့ ဆင်ဆင်ခြင်ခြင်လေးတော့ လုပ်ခိုင်းမှပါနော်၊ ကိုကြီးက ဒီအကြောင်း သိသွားရင် ချက်ချင်း အလုပ်ဖြုတ်မှာ၊ ဏီတို့ကြောင့် သူများဒုက္ခမရောက်စေချင်လို့ပါ။

ကိုသြဇာ မွေးနေ့အတွက် ဏီ ကြိုတင်ပြီး Happy Birthday လို့ နှုတ်ဆက်ထားပါ့မယ်။ အဲဒီနေ့ကို ဏီ ဘယ်လိုမှ ကတိမပေးနိုင်ပါဘူး။ ကိုသြဇာလည်း အပင်ပန်းခံပြီး မစောင့်ပါနဲ့။ ကိုယ့်မွေးနေ့မှာ ဘုရားတက်စရာရှိတက်၊ သူငယ်ချင်းတွေကို လိုက်ကျွေးစရာရှိ ကျွေးပြီး ပျော်ပျော်ပါးပါး ဖြတ်သန်းလိုက်ပါ။

ဏီ မွေးနေ့မှာ တစ်ခါမှ ဘုရားမတက်ဖူးဘူး။

ကိုကြီးက ပြောတယ်။ အိမ်မှာလည်း မိဘစဉ်ဆက်ကိုးကွယ်လာတဲ့ ရှေးဟောင်းဘုရား ရှိတာပဲ၊ အဲဒီဘုရားပဲ ရှိခိုးလိုက်။ ရွှေတိဂုံဖူးချင်ရင် ရွှေတိဂုံ●တော်ကို မှန်းပြီး ဖူးလိုက်ဆိုပြီး ပေးမသွားဘူး။ သူက ဏီ အလကားနေရင်း အကြောင်းရှာ အပြင်ထွက်တဲ့ အချက်ထဲမှာ မွေးနေ့ကျ ဘုရားသွားမယ် ဆိုတဲ့ အချက်ပါ ပါသွားမှာ စိုးရိမ်တယ်လေ။ သူက ဏီ့ကို အိမ်ထဲမှာပဲ အချိန်များများ ရှိနေစေချင်တာ။ ဏီ့မှာ သူငယ်ချင်းလည်း မရှိခဲ့တာမို့ ဘယ်သူငယ်ချင်းကိုမှ မကျွေးခဲ့ဖူးဘူး။ ဖေဖေ မေမေတို့

ရှိတုန်းက ငယ်ငယ်ကပဲ ငါးနှစ်ကနေ ဆယ်နှစ်ထိပဲ ကျောင်းက သူငယ်ချင်းတွေကို အိမ်ခေါ်ပြီး မွေးနေ့ပွဲ လုပ်ဖူးတယ်၊ နောက်ပိုင်းတော့ ဏီက သူများဖိတ်လည်း မသွားရ၊ ဏီကလည်း ပြန်မဖိတ်တာ များလာတော့ ဏီ့မှာ သူငယ်ချင်းတွေ အလိုလို ဆုံးရှုံးသွားရတယ်၊ ကိုကြီးကြောင့်လေ။ သူက ဖေဖေ မေမေတို့ မရှိတော့ကတည်းက ဏီ့ကို အုပ်ချုပ်လိုက်ရတာဆိုတော့ သူက အကြီးအကဲ ဖြစ်နေတယ်။

အခုလည်း ဟိုတစ်လောက မြချိုရီ ဏီ့ကို ခင်မင်ပြီး ခဏ ခဏ ရောက်ရောက်လာသေးတယ်။ နောက်တော့ သူလည်း စိတ်ပျက်သွားပြန်ပြီ ထင်တယ်။ ခုတလော ပေါ်မလာပြန်ဘူး။ ရွယ်တူသူငယ်ချင်းတစ်ယောက် ရခါနီးမှ ဆုံးရှုံးရလို့ ဏီ ဝမ်းနည်းပေမဲ့ ဏီ့အတွက် ဒါက ရိုးနေပြီ။ စိတ်ထဲမှာ သိနေတယ်လေ။ သူ ငါ့ကို လာခင်နေတာ ကြာရင် ငါ့ကို စိတ်တော့ပျက်လာမှာပဲလို့။

သူငယ်ချင်းလိုပဲ ကိုသြဇာကိုရော ဏီ ဆုံးရှုံးရဦးမှာလားဟင်။ ဏီ့ကို လာချစ်ပြီး ချစ်သူဖြစ်ခွင့်ရအောင် ကြိုးစားပြီးမှ မတွေ့ရတာများတော့၊ တခြားချစ်သူတွေလိုပဲ လျှောက်သွားခွင့် မရတာများတော့ ဖုန်းလေးတောင်မှ ပြောခွင့် မရနေတော့ ကြာရင် စိတ်ပျက်သွားမယ်လို့ ဏီ ထင်မိတယ် ...

ဒါပေမဲ့ အဲဒီကျလည်း ဏီ စိတ်ဖြေတတ်ပါတယ်။ ဏီ့အနားကို ရောက်လာကြတဲ့ သူတွေဟာ နောက်ဆုံးတော့ ဏီ့အနားက ပြန်ထွက်သွားကြလိမ့်မယ် ဆိုတာ ဏီ ကြိုသိပြီးနေလို့ပါ။

ကိုသြဇာရဲ့
နရဏီ"။

နရဏီသည် ရေးပြချင်၊ ပြောပြချင်တာတွေ တစ်ပုံကြီးဖြစ်နေသဖြင့် စာကို အရှည်ကြီးပင် တောက်လျှောက် မနားတမ်း ရေးချလိုက်မိပါသည်။ ဏီ ရေးချင် ပြောချင်တာတွေ စုံသလောက် ရှိသွားပြီဟု ထင်ကာ စာကို အကျအနခေါက်၊ စာအိတ်ကတော့ ရိုးရိုးစာအိတ်ဖြူလေးပဲ ရှိတာမို့ စာအိတ်ဖြူထဲထည့်။ ကိုသြဇာ ခေါက်သလိုပဲ လိပ်ကျစ်နေအောင် ခေါက်ချိုးပစ်ရပါသည်။ ဒါမှ မမြင်မှာမို့ စာရွက်ပြန့်ပြန့်လေးကို ခေါက်ချိုးပစ်လိုက်ရတာ နှမြောတော့ နှမြောနေပါသည်။

ဏီသည် စာခေါက်လေးကို ဏီ့ရဲ့ ကိုင်းပါသောလက်ကိုင်အိတ်လေး၏ အတွင်းဘက် ဇစ်တစ်ထပ် ဖွင့်ရသောအကန့်လေးမှာ ထည့်ထားလိုက်လေသည်။ မနက်ဖြန်မနက်ကျရင်တော့ မသူဇာ လက်ထဲ ထည့်နိုင်ဖို့ ဏီ အများကြီး ကြိုးပမ်းရဦးမည်။

## ၁၄

မသူဇာထံမှ တစ်ဆင့် စာအဆက်အသွယ်လုပ်ဖို့ကို သူတို့ သိပ်အတင့်မရဲကြဘဲ တစ်ပတ်မှ တစ်စောင်ဆိုသာ အပြန် အလှန်ပို့ဖို့ ဩဇာလည်း သဘောတူမိပါသည်။ ကိုယ့်ကြောင့် တစ်ဖက်သား ဒုက္ခမရောက်စေချင်။ ဒါကြောင့် မသူဇာကိုလည်း...

"အစ်မကို အကူအညီ တောင်းရတာ အားနာပါတယ်၊ ဒါကြောင့် ကျွန်တော် တစ်စောင်ပေးရင် သူတစ်စောင် ပြန်ပေးရုံပဲ၊ တစ်ပတ်တစ်ယောက် တစ်စောင်နှုန်းပဲ ပို့ပါ့ မယ်။ ဦးနေသူရိန်ဆီက အလုပ်ပြုတ်ခဲ့ရင် ကျွန်တော့်ဆီ အလုပ်ဝင်လို့လည်း မပြောနိုင်ဘူး ဖြစ်နေတယ် အစ်မရယ်။ ကျွန်တော့်ဆိုင်က ယောကျ်ားလေးပဲ ခန့်တာမို့ပါ။ နောက် ပြီး ကျွန်တော်တို့ကို ကူညီရလို့ ဦးနေသူရိန် သိသွားပြီး အစ်မကို အလုပ်ဖြုတ်ခဲ့မယ်ဆိုရင် သူပေးတဲ့ လစာအတိုင်း

ပေးပြီး အစ်မကို ချက်ချင်းပဲ ကျွန်တော့်ဆီမှာ အလုပ်ပေး ချင်ပါတယ်"

မသူဇာက ဩဇာ ပြောပြနေသည်ကို သဘောကျပြီး ရယ်ပါသည်။

"အမယ်လေး ... အဲဒီထိ ပူမနေပါနဲ့။ ဦးနေသူရိန် သိသွားရင်သာ နရဏီက ဒီစာတွေ ဘယ်အပေါက်က ဝင်တယ်ဆိုတာ မပြောရင် ရပါပြီ။ သူ အစ်မကို သံသယမဖြစ်ရင် ရပါပြီ။ မင်းတို့အဖြစ်ကလည်း မလွယ်ပါဘူးကွယ်။ ရည်းစားဖြစ်ပြီးမှ တွေ့လည်းမတွေ့ရ၊ ဖုန်းလည်း မပြောရနဲ့"

"သူက ဘာလို့ ညီမကို အတင်း ချုပ်ချယ်ထားရတာလဲ"

"သူတို့ မောင်နှမမှာ အမွေတွေ အများကြီး ရှိတယ်တဲ့၊ အမွေကိုမက်ပြီး သူ့ညီမကို ချဉ်းကပ်မဲ့လူနဲ့ တွေ့မှာစိုးရိမ်လို့ ချုပ်ချယ်တာလို့ သတင်းကြားတာပဲ။ ပြီးတော့ နရဏီမှာက သိပ်ဆိုးတဲ့ နလုံးရောဂါ ရှိတယ်လို့ ပြောကြတယ်။ ကောင်မလေးက ယဲ့ယဲ့လေးဆိုတော့ စိတ်ဆင်းရဲရင် အသက်ပါ ဆုံးရှုံးသွားနိုင်တော့ သူ့အစ်ကိုက သူစိတ်ဆင်းရဲရမဲ့ အဖြစ်တွေ မဖြစ်အောင် ကြိုတင်ကာကွယ်ထားတာပေါ့"

"ရည်းစားထားတာနဲ့ စိတ်ဆင်းရဲရရောလား၊ ပြီးတော့ ငွေမက်တဲ့ ယောကျ်ားလည်း ရှိသလို ငွေမမက်ဘဲ ချစ်သူကိုပဲရွေးမဲ့ ယောကျ်ားမျိုးလည်း ရှိပါတယ်။ ဒီလူ အစွန်းရောက်နေတာပါ။ ပြီးတော့လည်း ဏီမှာ ဘာရောဂါမှမရှိပါဘူး။ ဦးနေသူရိန်က အလကား လူကြားကောင်းအောင် သူ ချုပ်ချယ်ဂရုစိုက်လွန်းတာ လူသိကောင်းအောင် သတင်းလွှင့်တာပါ ။ဏီ ကျွန်တော့်ကို ပြောပြီးပါပြီ။ သူ့မှာ ဘာနလုံးရောဂါမှ မရှိဘူး၊ အဲဒါတော့ ကျွန်တော် သိတယ်"

"မရှိဘူး ဆိုရင်ပဲ ဝမ်းသာပါတယ်၊ အစ်မ,က နရဏီကို သနားနေတာလေ"

ထိုအပတ်ကတော့ နရဏီဆီမှ စာတစ်စောင်ကို ပြန်လည်လက်ခံပြီးနောက် သြဇာ ဘက်က ဘာစာမှ ပြန်မပေးခဲ့သောအခါ နရဏီက စိတ်ပူပြီး မသူဇာနဲ့ ဆုံရချိန်မှာ တိတ်တိတ်လေး မေးပါသည်။

"မသူဇာ သူ့ဆီက ဘာလို့ ပြန်စာမရတာလဲဟင်"

"သြော် ... သူက ပြောတယ်၊ တစ်ပတ်မှာ တစ်ယောက် တစ်စောင်စီပဲ အပြန်အလှန် ပေးကြမယ်တဲ့။ ခဏ ခဏ ဆို ရိပ်မိကုန်မှာ စိုးလို့တဲ့။ ဒါကြောင့် နရဏီစာပေးပြီး သူ့ဘက်က ပြန်မပေးတာပါ။ တနင်္လာနေ့ကျမှ သူ့စာကို ပြန်ပေးမယ်တဲ့"

"တနင်္လာနေ့တိုင်း သူကပေး၊ ဟုတ်ပြီ။ ဇာ်က အင်္ဂါနေ့မှာ စာပြန်တော့ သူ့ဆီ အင်္ဂါနေ့တိုင်း ဇာ်စာရောက်မယ်၊ ကောင်းသားပဲ။ ကျန်တဲ့ ရုံးတက်ရတဲ့ လေးရက်က ဘာ စာအပေးအယူမှ မလုပ်ဘဲနေတာ ကောင်းပါတယ်။ မသူဇာ လည်း စိတ်မပင်ပန်းရဘူးပေါ့"

"စိတ်ပင်ပန်းတယ်ရယ် မဟုတ်ပါဘူး ညီမရယ်၊ ဖြစ်နိုင်ရင် ခေါ်ထုတ်ပြီး ပေးတွေ့ချင်ပါတယ်၊ မလုပ်ရဲလို့ပါ။ နရဇာ်တို့ကို သိပ်ကိုယ်ချင်းစာတာပဲ၊ အစ်မသာဆိုရင် အစ်ကို့ကို ပုန်ကန်ပြီး ကိုယ်လုပ်ချင်ရာကို လုပ်သွားမိမှာပဲ"

နရဇာ်ကတော့ မချိပြုံး ပြုံးပြီး ငြိမ်နေမိသည်။ ဇာ်က နလုံးရောဂါသည် စိတ်ရောဂါသည် အစ်ကို့ကို ငဲ့ညှာပေးရတဲ့ သူပါ။ ဇာ့်ကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတဲ့ နောင်တနဲ့ တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိနေမှာ စိုးလို့ပါ။

ဒီလိုနဲ့ပဲ ရုံးပိတ်သော တနင်္ဂနွေနေ့ဆိုတာကို ရောက်လာသည်မှာ မဆန်းလှပေမဲ့ ကိုဩဇာ ကြိုတင်ပြောထားသဖြင့် ဒီအပတ်မှာ သူ့မွေးနေ့ဆိုတာကို ဇာ် သတိရနေမိသည်။ ပြီးတော့ လမ်းထိပ်မှာ လာစောင့်နေမယ် ဆိုသော သူ့စကားကိုလည်း သတိရနေမိသည်။ ဇာ် သူ့ကို ခဏလောက် သွားတွေ့ပြီး စကား ပြောချင်ပါသည်။ အဲဒီအခွင့်အရေးကို ဘယ်လိုများ လုပ်ယူပါ့မလဲ။ အန်တီအဲလစ်(စ)ကိုပဲ အကြံအဖန်လုပ်ပြီး ...

"ဏီ ဆိုင်မှာ ခေါင်းသွားလျှော်ချင်တယ်၊ ဆံပင်လည်း နည်းနည်းတိချင်တယ်"

လို့ အကြောင်းရှာပြီး အပြင်လိုက်ပို့ခိုင်းရမလား။

အဲဒီလို လိုက်ပို့ခိုင်းရင်ရော ကိုယ်က သူ့မျက်စိရှေ့ ကနေ ဘယ်လိုနည်းနဲ့ လစ်ထွက်ရမလဲ မသိပြန်။

ကိုကြီး တစ်ယောက်ကတော့ မနက်အိပ်ရာထမှာ မျက်နှာသိပ်မကြည်လှ။ သူ့ကို မြင်တွေ့နေကျပုံစံ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် မြန်မာအမျိုးသားဝတ်စုံ အသစ်ကျပ်ချွတ် ကော့တောင့်နေသော ဝတ်စုံကတော့ ဝတ်ထားပေမဲ့ (သူက အိမ် မှာနေရင်းလည်း အသစ်ဝတ်လျက် နေတတ်သည်။) ဆံပင်တွေ ကတော့ အရင်ကလို ပိပြားဆီရွဲမနေဘဲ အနည်းငယ် ပွယောင်း ယောင်းနိုင်နေသည်။ မျက်လုံးအောက်ဘက်တစ်ဝိုက်မှာ ခပ်ညိုညို ပြည့်ဖောင်းဖောင်းဖြစ်လျက် သူ့မျက်စိတွေက တစ်စုံတစ်ခုကို တွေးတောပူပန်နေသလို ဖြစ်နေပြန်သည်။

"မောင်နေ ဘာများဖြစ်လို့လဲကွယ်"

ဏီ မမေးခင်မှာ အန်တီအဲလစ်(စ)က အရင်ဆုံး မေးလေသည်။ အနေကြာလာတော့လည်း အဒေါ်သားချင်း တစ် ယောက်လို ဖြစ်နေသော အန်တီအဲလစ်(စ)မှာ သူ့ကိုပေးသော လခ၊ သူ့ကို နေခွင့်စားခွင့်ပေးသည့် အခွင့်အရေးတွေကိုမက်၍ ဒီအိမ်မှာ နေနေခြင်း မဟုတ်တော့ဘဲ ဏီတို့မောင်နှမနှင့် ဒီအိမ်၊

ဒီရာကို သံယောဇဉ်ရှိနေ၍ အိမ်သားတစ်ယောက်လို နေနေခြင်း ဖြစ်သည်။ ဒါကြောင့် ကိုကြီးဖြစ်ဖြစ်၊ ဏီဖြစ်ဖြစ် မျက်နှာနည်းနည်း ညိုးတာနဲ့ပင် သူ့မှာ စိုးရိမ်နေတတ်သည်။

"ညက ကောင်းကောင်းအိပ်မပျော်ဘူး။ အသံတွေ ဆူညံနေလို့ ထ,ထကြည့်တာလည်း မတွေ့ဘူး။ ဘယ်သူတွေ ဆူနေသလဲ မသိပါဘူး"

"အိပ်ဆေး မသောက်ဘူးလား။ ဏီ့အတွက် ညွှန်ထားတဲ့ အိပ်ဆေး ကိုကြီးလည်း ယူယူသောက်နိုင်တယ်လို့ ဒေါက်တာက ပြောထားတယ်လေ။ ဏီ depression ဝင်တုန်းက သောက်ရတဲ့ အိပ်ဆေးလေ"

ဏီရော အန်တီအဲလစ်(စ)ပါ စိတ်ပူပြီး ကိုကြီးကို အသေအချာ အကဲခတ်ကြည့်မိကြသည်။ သိပ်မှုမမှန်သော မျက်လုံးတွေကို ဏီတို့ ကြောက်သွားပါသည်။

"ဆေး ငါက ဘာလို့သောက်ရမှာလဲ၊ အရူးဆေးတွေ ငါ့ကို တိုက်နေကြတယ်၊ ငါ,မရူးဘဲ ဘာလို့တိုက်နေတာလဲ ဏီ။ နင် တမင်လုပ်တာ မဟုတ်လား၊ ငါ ရူးသွားမှ နင် သွားချင်ရာ သွားလို့ရမှာဆိုပြီး အန်တီအဲလစ်(စ)နဲ့ပေါင်းကြံပြီး တိုက်တာ မဟုတ်လား"

အန်တီအဲလစ်(စ)သည် ဏီ့ကို မျက်စပစ်ပြီး ဘာမှ ပြန်မပြောဖို့ တားလေသည်။ ဏီသည် အလိုလိုနေရင်း အခြေ

အနေ ပြန်ဆိုးလာသော အစ်ကို့ကို ဆေးခန်း ဘယ်လိုချော့မော့ ခေါ်သွားရမလဲဘဲ အကြံထုတ်နေမိသည်။

"မောင်နေ့လို အလုပ်များတဲ့လူက အိပ်ချိန်ကျ စိတ်ငြိမ် ဆေးလေးသောက်ပြီး အိပ်မှရမယ်လို့ ဒေါက်တာကိုယ်တိုင် က ညွှန်ထားတာပါကွယ်၊ မယုံရင် ဒီမှာ ဆေးစာအုပ်ကြည့် ပါ။ မောင်နေ့ နာမည်နဲ့ ရေးထားပြီး ဒီဆေး ဒီဆေးတွေ တော့ ဝယ်ရမယ်လို့ အသေအချာ ညွှန်ထားတာပါ"

"မသိဘူးဗျ၊ ဆေးလုံးတွေမြင်ရင် မုန်းမုန်းလာတာနဲ့ အန်တီ အဲလစ်(စ)ညတိုင်းလာပေးတိုင်း မသောက်ဘဲ လွှင့်ပစ်နေ တာ ကြာပြီ၊ သူ့ဘာသာ အိပ်ပျော်မလား ကြိုးစားတုန်း ဘယ်အိမ်က ဆူမှန်းမသိ ဆူနေတော့ ထ,ထကြည့်တာနဲ့ ဘယ်အိပ်ပါ့မလဲ။ ဒီ့ထက် ဆိတ်ငြိမ်တဲ့ နေရာကို ပြောင်း ရမလိုတောင် ဖြစ်နေပြီ"

အမှန်တော့ ဘယ်အိမ်ကမှလဲ မဆူ၊ ဘယ်အိမ်မှလဲ အသံမပြုပါဘဲ ကိုကြီးဘာသာ စိတ်ဖောက်ပြီး ကြားချင်ရာ ကြားတာဖြစ်ကြောင်း ဏီတို့ သိလိုက်ကြပါသည်။ ဒီရပ်ကွက်၊ ဒီတိုက်တာ ခြံဝင်းကျယ်ကြီးတွေဟာ တစ်အိမ်နဲ့ တစ်အိမ်လည်း အလှမ်းဝေးလျက် ကိုယ့်အိမ်ထဲ ခြံထဲ ပွဲလုပ်ပြီး သီချင်းသံတွေ ကြိုက်သလောက်ဖွင့်လည်း တစ်ဖက်ကို အနှောင့်အယှက် ဖြစ် လောက်အောင် အသံမရောက်နိုင်ပါ။

“ဏီ ဒေါက်တာ့ဆီ ဖုန်းဆက်ပြီး Booking လုပ်လိုက်မယ်လေ၊ ညနေကျ ဆေးခန်းသွားပြရအောင်လား၊ ဏီလည်း ခုတလော ခေါင်းတစ်ခြမ်း ကိုက်ကိုက်နေတာ မပျောက်နိုင်လို့ ပြချင်နေတာ အတော်ပဲ။ ဒေါက်တာ့ဆီ ဆေးတောင်းဖို့ ပြရမယ်၊ ကိုကြီးလည်း ည,အိပ်မပျော်ဘဲ ဆူသံတွေ ကြားနေတဲ့အကြောင်း ဒေါက်တာကို လိုက်ပြောပြပေါ့”

“ဒေါက်တာက ဘေးအိမ် ဆူတာကိုပါ လိုက်ဖြေရှင်းပေးမဲ့လူလား၊ နင်ပြောပုံကလည်း”

“ဘေးအိမ်တွေက မဆူပါဘူး၊ ကိုကြီးစိတ်ထဲ ထင်ယောင်ထင်မှားတွေ ဖြစ်နေတာပါ၊ အိပ်ရေးပျက်တဲ့ ညပေါင်းများရင် အဲဒီလိုပဲ နားတွေအူပြီး ကြားချင်ရာ ကြားတတ်တယ်”

“မသွားဘူး”

“ဟင် ... ဒါဖြင့် ဏီ ခေါင်းကိုက်တာ ကျတော့ရော”

“နင့်ဘာသာ အန်တီအဲလစ်(စ)ခေါ်ပြီး သွားပြ”

နရဏီမှာ အန်တီအဲလစ်(စ)ကို အကြံဉာဏ်တောင်းသလို ကြည့်လိုက်ရာ အန်တီအဲလစ်(စ)က တစ်နေရာမှာ တိတ်တိတ် ဆွေးနွေးကြမယ် ဆိုသော အမူအရာ ပြပါသည်။

နရဏီမှာ အစကတော့ ကိုသြဇာနဲ့တွေ့ဖို့ ဘယ်လို အကြံဉာဏ်ထုတ်ရမလဲ စဉ်းစားနေခဲ့တာပေမဲ့ အခုတော့ အစ်ကို ဖြစ်သူ၏ အရေးအခင်းကြောင့် ချစ်သူကို တွေ့ဖို့ပင် စိတ်မကူး နိုင်ရှာ။ တစ်ချက် တစ်ချက်တော့ သတိရပါသည်။ နာရီကြည့် တော့လည်း မနက်ကိုးနာရီခွဲမို့ သူ့ ခုလောက်ဆို လမ်းထိပ်ရောက် နေပြီလို့လည်း သတိရမိပါသည်။

သို့သော် တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှ စိတ်ပုံမှန် မဖြစ်နေသော အစ်ကို့ကိုပဲ ဆေးရုံဘယ်လိုစည်းရုံးပြီး ခေါ်သွား ရမလဲဘဲ ဦးစားပေးပြီး တွေးမိပါသည်။

"ဏီရေ ... ညည်းအစ်ကိုတော့ ပုံမှန်မဟုတ်ဘူး၊ ဆေးရုံ သွားပြဖို့လည်း ခေါ်လို့ရမဲ့ပုံ မပေါ်ဘူး၊ ဒီတော့ ဘယ်လို လုပ်ကြမလဲ"

"ဒေါက်တာ့ဆီ အရင်ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြရမှာပဲ"

"အေး ... ဖုန်းဆက်ရင်လည်း အခန်းထဲကနေ Cordless နဲ့ ခိုးပြီးဆက်ပေတော့။ မောင်နေက သူ့အကြောင်းပြော တယ်ဆိုပြီး သောင်းကျန်းနေမှဖြင့်"

ဒီတစ်ခါပဲ အန်တီအဲလစ်(စ) စိတ်လိုလက်ရနဲ့ ဏီ ဖုန်းခိုးဆက်ဖို့ Cordless ကို တိတ်တဆိတ် သွားယူပေးလာ သည်။ ဏီ အခန်းတံခါးကို ပိတ်ပေးခဲ့ကာ ...

"အန်တီ သူ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် စကား သွားပြောလိုက်ဦးမယ်။ ဏီ ပြောလို့ပြီးရင် အန်တီ့ကိုမသိ မသာ လာပြောနော်"

"စိတ်ချပါ၊ ကိုကြီး မသိစေရဘူး"

ဏီသည် ဆရာဝန်ဆီ ဖုန်းခေါ်နေရင်း ကိုညြဏမှာ mobile ဖုန်း မရှိတာ နာတာပဲ၊ ဒီအချိန်မှာ ဆက်လို့ရတယ်၊ သူ ကလည်း အိမ်မှာမရှိဘဲ အပြင်ရောက်နေတော့ အိမ်ဖုန်းကို ခေါ် လို့မရဘူးပေါ့လို့လည်း သတိတစ်ချက်ရပြီး တွေးတောမိသေး သည်။ ဒေါက်တာ့ဆီ အကျိုးအကြောင်းပြော ဖုန်းဆက်လိုက်လျှင် ပြနေကျ Patient လည်း ဖြစ်တာမို့ ဖုန်းထဲကပင် အကြံပေးဆွေး နွေးပြီး ဆေးကို အိမ်မှာပင် လာယူဖို့ ညွှန်ကြားပါသည်။ ဆေး ခန်းဖွင့်ချိန်ကိုပင် စောင့်စရာမလိုတော့ကြောင်း သိရသည်။

"ဆေးကိုတော့ ရအောင်တိုက်ပါ၊ ဖြစ်နိုင်ရင် သူ မသောက် ဘူးဆိုရင် သူသောက်မဲ့ နို့တို့ ကော်ဖီတို့ ဖျော်ရည်တို့ထဲ ရောထည့်ပြီး တိုက်မှဖြစ်မယ်၊ စိတ်ငြိမ်သွားမှ ဒေါက်တာ့ ဆီ ခေါ်လာပြီး စကားတွေ ပြောကြတာပေါ့"

ဏီသည် အန်တီအဲလစ်(စ)ကို အကျိုးအကြောင်း ပြောပြပြီး ကိုကြီးကို အပြင်ထွက်ခွင့် ခွင့်တောင်းနိုင်းလိုက်ပါ သည်။

"မောင်နေရေ ... ဏီ ခေါင်းသိပ်ကိုက်လာလို့တဲ့ကွယ်၊ ပြနေကျ ဒေါက်တာဆီ ခုပဲ လိုက်ပို့လိုက်မယ်၊ ပို့ရမလား"

"ပို့လိုက်ပါ၊ ဆေးလည်း သေသေချာချာ ယူခဲ့ပါ"

"မောင်နေပါ လိုက်ခဲ့ပါလား"

"မလိုက်ပါဘူး၊ ဒေါက်တာက ကျွန်တော့်ကိုပါ မှားပြီး ဆေးပေးတတ်တယ်၊ အဲဒါ ကျွန်တော် မကြိုက်ဘူး ညီမ ဖြစ်တာ အစ်ကိုပါ ဆေးပေးခံရတယ်"

ဏီနဲ့ အန်တီအဲလစ်(စ)တို့မှာ ကိုကြီးကို ဒီတိုင်းထားခဲ့ရမှာ စိတ်မချ၍ ကိုကြီးရဲ့ကားဒရိုင်ဘာကို အိမ်ထဲမှာ စောင့်ကြပ်နိုင်းထားခဲ့ရပါသည်။ တကယ့်တကယ် ပြေးကြည့်ရင် တစ်ခုခုဖြစ်တာနဲ့ ဏီတို့အိမ်မှာ ဝိုင်းကူညီညာပေးမဲ့ ဆွေမျိုးအရင်းအချာက လုံးလုံးမရှိမှန်း တွေးမိသည်။ တစ်ခုဆိုးတာက ဏီသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားခွင့်ရလျှင် ကိုကြီးကို အန်တီအဲလစ်(စ)က စောင့်ကြည့်ပေးလို့ ရသည်။ အခုကျတော့ ဏီ သွားလေရာ အန်တီအဲလစ်(စ)ကို တကောက်ကောက် လိုက်နိုင်းထားသဖြင့် ကိုကြီးရဲ့အမိန့်ကို မလွန်ဆန်နိုင်သော အန်တီအဲလစ်(စ)မှာ ကိုကြီးကို မစောင့်ပေးနိုင်ဘဲ ဏီနဲ့ ပါလာရလေသည်။

ဏီက လမ်းရောက်တော့ ...

"တကယ်ဆို ဏီသာ ကိုယ့်ဘာသာ သွားခွင့်ရရင် ကိုကြီးကို အန်တီအဲလစ်(စ)က စောင့်ကြည့်ပေးနိုင်မှာနော်"

လို့ တစ်ခွန်း ဖြောဖြစ်အောင် ပြောလိုက်ပါသေးသည်။ အန်တီအဲလစ်(စ)ကတော့ ...

"မောင်နေ မကြာခဏပေါ့၊ တစ်နှစ်မှာ နှစ်ခါလောက် ဒီလိုဖောက်နေကျပဲ၊ ဒါ မဆန်းပါဘူး။ သူ့ကိုယ်ထဲ ဆေးအချိန်မီ ဝင်သွားရင် သူ ပြန်ကောင်းလာမှာပဲ၊ ဏီသာ သူ စိတ်ချမ်းသာအောင် နေပြဖို့လိုတယ်"

"ဏီ နေနေတာပဲ"

"ဏီ ခုတလော မသူဇာနဲ့ သိပ်ရောလွန်းတယ်"

ဏီ့ရင်ထဲ ဒိန်းခနဲ အသံမြည်သွားပါသည်။ ဘုရား ဘုရား အန်တီအဲလစ်(စ) သိသွားပြီလား။ ရိပ်မိသွားပြီလား။

"ဏီ့မှာ ဘယ်တုန်းကများ မိန်းကလေးမိတ်ဆွေ ရှိဖူးလို့လဲ။ ဏီ ကိုယ်နဲ့ အရွယ်မတိမ်းမယိမ်း မိန်းကလေးတစ်ယောက်နဲ့ စကားမပြောရဘူးလား၊ မရင်းနှီးရဘူးလား။ မြချိုရီတုန်းကလည်း သူ့လာလာ‚နေတာကို မသက်သာသလို အကြည့်ခံရလွန်းတော့ သူ ခုဆို ဏီ့ဆီ လာတောင်မလာတော့ဘူး။ ဏီ့ကို ကိုယ်ချင်းမစာဘဲ တစ်ဖက်သတ် မြင်တာတော့ မကောင်းပါဘူး"

ဒေါ်အဲလစ်(စ)မှာ နေသူရိန် အတွက် စိတ်ပူနေသဖြင့် နရကျိုကို အပြစ်တင်မိပေမဲ့ တကယ့် တကယ်မှာတော့ နရကျိ ပြန်ရှင်းပြတာတွေလည်း မှန်နေသဖြင့် ပြောမိပြီမှ သနားသွားပြန်သည်။ ဒါနဲ့ပဲ လူနှစ်ယောက်ပါသော ကားဟာ အသံတိတ်ဆိတ်နေတော့သည်။ ကျိသည် လမ်းထိပ်မှာ ကိုညြဇာကားရှိမနေသဖြင့် စိတ်ထဲမှာ ဝမ်းနည်းနေရသည့်အထဲ အန်တီအဲလစ်(စ)နဲ့ပါ စကားများရသဖြင့် ကိုယ့်ဘာဝကိုယ် တော်တော်စိတ်ပျက်နေပါသည်။

ကိုညြဇာလည်း ငါ့ကို မကြာခင်မှာ စိတ်လျှော့သွားမှာပဲ ထင်တယ်။ ခုတောင် လမ်းထိပ်မှာ လာစောင့်နေလည်း ထွက်မလာဘူးဆိုတာသိလို့ လာမစောင့်တော့ဘူး။ တကယ်ဆို ကိုယ်မစောင့်နိုင်ရင်လည်း မစောင့်နိုင်ဘူးပေါ့၊ ဘာဖြစ်လဲ။ ကျိက ဘာအပြစ်တင်မှာမို့လဲ။ သူ့ဘာသာ စကားအလွန်အကျွံ အပြောလွန်ပြီး ...။ ဟင်း ...။

ကျိသည် စိတ်ထဲမှာ မှန်းဆ၍ ကိုညြဇာကို ရန်တွေ့နေစဉ် မီးပွိုင့်တစ်ခု အရောက်မှာ မီးနီသဖြင့် ကားရပ်စဉ်တွင် တစ်ဖက်မှ ဝင်ရပ်လိုက်သော အိပ်ဖောသံကျယ်ကျယ်၊ သီချင်းသံ ဆူဆူနှင့် နက်ပြောင်နေသည့် ကားတစ်စီးကြောင့် အဲဒီဘက် အာရုံတစ်ချက် ရောက်သွားခဲ့လျှင် ကျိမျက်လုံးတွေ မေ့လျော့ပြီး စိုက်ကြည့်နေမိသည်။

ကိုညြဏဟာ ဏို့ရင်ထဲမှာ အကြိမ်ကြိမ် အော်ခေါ်နေမိပေမဲ့ ဏို့ နှုတ်ဖျားကတော့ မခေါ်ရဲပါ။ ကိုညြဏ မောင်းနေကျ ကားကြီးနဲ့ မဟုတ်ဘဲ ပြိုင်ကားလိုလို ကားပြားပြား ရှည်ရှည်လေးနဲ့ကိုး။ ဒါကြောင့် ဏို့ မမြင်တာ။ ကိုညြဏ ဏို့ကို စောင့်နေခဲ့တယ်။ ဏို့ကားနောက်ကို လိုက်လာခဲ့တယ်။

နရဏီသည် ကျေနပ် ဝမ်းသာသွားပြီး အန်တီအဲလစ်(စ)ကိုပင်မေ့ကာ ညြဏကို ငေးကြည့်နေမိသည်။ ညြဏကတော့ မှင်သေသေဖြင့် ဏို့ကို တစ်ချက်မှ လှည့်မကြည့်မိဖို့ ကြိုးစားကာ ဟန်ဆောင်ထားရပါသည်။ ဒေါ်အဲလစ်(စ)က တစ်ချိန်လုံး ညြဏကို လှည့်ကြည့်ပြီး အကဲခတ်နေတာ မီးပွိုင့်မီးပြန်စိမ်းသွားတာတောင် မသိ။ ချက်ချင်း ကားမထွက်ဖြစ်ဘဲ ညြဏကား ဝူးခနဲ မောင်းထွက်သွားမှ သူမရဲ့ကားကိုမောင်းဖို့ သတိရလေသည်။

ညြဏသည် နရဏီတို့ကား ဝင်သွားသော ကွန်ဒိုဝင်းကြီးထဲကိုတော့ ဝင်လိုက်မသွားဘဲ အဝမှာသာ ပါကင်တစ်နေရာယူပြီး စောင့်နေလိုက်သည်။ ဏို ဘယ်များလာတာလဲ၊ ဒေါ်အဲလစ်(စ) မောင်းလာတဲ့ ဏို့ကားလေး ဆွက်လာတော့ ဝမ်းသာပြီး နောက်ကသာ လိုက်လာရတာ။ ဏိုနဲ့ ဘယ်လိုမှ ဆုံခွင့်မရှိဘူးဆိုတာ တွေးမိတော့ စိတ်မောရပြန်တယ် ဏိုရယ်။ ဒီအန်တီကြီး မပါဘဲ ဏို ဘယ်မှသွားခွင့် မရှိဘူး မဟုတ်လား။

နရဏီသည်လည်း အစကတော့ စိတ်မပါလှပေမဲ့ ချစ်သူကို တွေ့လိုက်ရတော့ စိတ်တစ်မျိုးပြောင်းသွားကာ ချစ်သူကို တွေ့ချင်၊ စကားပြောချင်စိတ်တွေ ဖြစ်နေပါသည်။ ဓါက်တာက ဏီ ဘယ်လိုလစ်ထွက်ရမလဲ။ အဲဒါ ခက်တယ်။ ဏီသည် ဒေါက်တာနေသော ကွန်ဒိုအခန်းကိုရောက်ပြီး အစ်ကိုဖြစ်သူကိစ္စ ဆွေးနွေးပြောပြပြီး ဒေါက်တာ အသစ်ထပ်ရေးပေးလိုက်သော ဆေးစာတွေယူပြီးသည်အထိ ဏီ့စိတ်တွေက ကိုသြဇာထံ တဝဲလည်လည် ရောက်နေပါသည်။ အပြန်မှာ ...

"ဆေးတစ်ခါတည်း ဝင်ဝယ်လိုက်ကြရအောင်နော် သမီး၊ ဒီတစ်ခါ ထပ်တိုးပေးတဲ့ဆေးကို သူ့ကို ဝင်အောင်တိုက်လိုက်ကြရအောင်။ သူ အဲဒီဆေးဝင်တာနဲ့ သတိမေ့သလို အိပ်ပျော်သွားမယ်။ အဲဒီကျမှ ဆေးရုံကိုခေါ်ပြီး လိုအပ်တဲ့ ဆေးကုမှုတွေ ဆက်လုပ်နိုင်မှာနော်"

အန်တီအဲလစ်(စ)က ပြောနေပေမဲ့ ဏီက စိတ်မဝင်စား။ နောက်က ပျပျလေးပါလာတဲ့ ကိုသြဇာကိုသာ စိတ်တထင့်ထင့် ဖြစ်နေသည်။ သူ့ကို တွေ့ချင်သည်။ အန်တီအဲလစ်(စ)က ဆေးအရောင်းဆိုင်ကြီး တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်သည်။

"ဏီပါ လိုက်ခဲ့မလား"

ဏီသည် ကိုသြဇာကို ခဏဖြစ်ဖြစ် စကားပြောပြောချင်သဖြင့် ...

"မလိုက်တော့ဘူး၊ ဏီ ကားထဲကပဲ စောင့်မယ်"

အန်တီအဲလစ်(စ) သတိတစ်ချက် လွတ်သွားပြီး ဏီကို ကားထဲမှာ တစ်ယောက်တည်း ထားခဲ့ပြီး လူစည်ကားနေသော ဆေးအရောင်းဆိုင်ကြီးထဲ ဝင်သွားတော့လေသည်။

ညြဇာရဲ့ကားလည်း မလှမ်းမကမ်းမှာ ရပ်စောင့်နေလျှင် ဏီသည် ဖျတ်ဆို ကားတံခါးကိုဖွင့်ပြီး ပြေးသွားလိုက်မိပါသည်။ အဲဒီအချိန်မှာ ဏီ ခေါင်းထဲမှာ ဘာမှမရှိတော့။ ကိုကြီး အကြောင်းလည်း မရှိ။ အန်တီအဲလစ်(စ) မြင်သွားမှာလည်း မပူတော့။ ဏီ ကိုညြဇာကို စကားပြောပြောချင်တာပဲ သိသည်။

ညြဇာလည်း ဏီ ပြေးလာတာတွေ့လျှင် သူကပါ ကားပေါ်ကဆင်းပြီး ဏီ့ဆီ ပြေးလာလိုက်မိသည်။ သူတို့မျက်နှာချင်းဆိုင် ဆုံကြသောအခါ ...

"ကိုညြဇာ"

"ဏီ"

ဟု ပြိုင်တူပင် တမ်းမက်စွာ ခေါ်ငင်လိုက်မိကြသည်။ သူတို့ လက်ချင်းကျစ်နေအောင် အသီးသီး ဆုပ်ကိုင်လိုက်မိကြသည်။

ဏီသည် တစ်သက်မှာ ဒီတစ်ခါသာ ယောကျာ်းတစ်ယောက်ရဲ့လက်ကို ဝမ်းသာအားရ၊ အားကိုးတကြီး ဆုပ်ကိုင်

လိုက်မိသည်ဖြစ်ရာ သူ့လက်ဖဝါးတွေရဲ့ နွေးထွေးနူးညံ့မှုကို ခံစားရလျှင် ကျီ့ရင်ထဲမှာ ထိုလက်တွေကို မလွှတ်တမ်း မြဲမြဲတွဲထားလိုက်ချင်သော ခံစားချက်တို့က ရုတ်ခြည်း ကြီးစိုးသွားပါသည်။

"အကယ်၍များ ကျီထွက်လာလို့ ကျီ့ကို တစ်နေရာရာခေါ်ရရင် ကိုယ့်ကားကြီးနဲ့ဆို ရှိုးပွဲမယ် ဆိုပြီးတော့ကွာ၊ သူငယ်ချင်းတစ်ယောက်ဆီက ကားကို ခဏငှားလာတာ။ ကျီ လိုက်မယ် မလိုက်မယ် မသေချာပဲနဲ့နော်"

"ဟုတ်လား ... ဒါကြောင့် ကျီ လမ်းထိပ်ရောက်တော့ ကိုဩဇာ ကားကိုလည်း မတွေ့ဘူးဆိုပြီး"

"စိတ်ကောက်ချင်သွားတယ်ပေါ့၊ ဟုတ်လား ကောင်မလေး။ ကဲ ... ကဲ ... လာ၊ ကားထဲ လာထိုင်လိုက်။ လမ်းမပေါ်မှာ လူတွေက ကိုယ်တို့ကို တိုက်သွားပြီ။ စကားကောင်းကောင်း ပြောလို့မရဘူး"

"ကျီ ခဏပဲ အချိန်ရမှာ။ အန်တီအဲလစ်((စ) ဆေးဝယ်ပြီး ပြန်ထွက်လာရင် ကျီ ကားထဲပြန်ဝင်မှ ဖြစ်မယ်"

"ကျီ တစ်ခါတလေ စွန့်စားဖို့ စိတ်ကူးမရှိဘူးလား"

နရဏီမှာ တွေဝေသွားပါသည်။

"ကျီ ကားတံခါးဖွင့်ပြီး ဆင်းလာတော့ ကိုယ့်ဆီ ခိုးထွက်လာပြီထင်တာ၊ ကြိုဝမ်းသာနေတာကွာ၊ ခုတော့ ခဏပဲ စကားလာပြောမှာတဲ့"

"ဏီ အမှန်တော့ ဒီနေ့ အဲဒီလိုပဲ ခွင့်စားပြီး ထွက်လာမလို့ပါ၊ ဒီနေ့ကျမှ ကိုကြီး နေသိပ်မကောင်းတာကြောင့် မလုပ်ရက်ဘူး။ အခုလည်း သူ့အတွက် ဆေးလာဝယ်ကြတာ"

"ကွန်ဒိုအခန်းတစ်ခန်းကိုရော ဘာလုပ်ဖို့ သွားတာလဲ ... ဆောရီး။ ကိုယ် သူများကိုယ်ရေးကိုယ်တာကို အများကြီး မေးဖို့ မကောင်းဘူးနော်"

ဩဇာသည် မေးပြီးမှ အားနာပြီး ပြန်တောင်းပန်လိုက်ပါသည်။

"ကိုကြီးရဲ့ ဒေါက်တာဆီမှာ ရောဂါအခြေအနေ သွားပြောပြပြီး ဆေးထပ်ရေးခိုင်းတာပါ"

နရဏီသည် ဩဇာကို စိုက်ကြည့်လိုက်ရင်း ...

"တကယ်တော့ ကိုကြီးမှာ မွေးရာပါ နှလုံးအားနည်းတဲ့ ရောဂါအပြင် မိဘတွေနဲ့ ကား accident ဖြစ်လိုက်လို့ စိတ်ထိခိုက်သွားရာကနေ စိတ်ကစဉ့်ကလျား ဖြစ်သွားဖူးတယ် ကိုဩဇာ။ ဘယ်သူမှ မသိကြဘူး။ ဏီ ကိုဩဇာကို ယုံကြည်လို့ ပထမဦးဆုံး အသိပေးမိတာပါ။ သူ့စိတ်ရောဂါက အဆိုးကြီး မဟုတ်သေမဲ့ ဆေးနဲ့ထိန်းထားရတယ်။ သူ့စိတ်ထဲမှာ သူ့နှလုံးရောဂါရှိတာကိုပဲ မှားပြီး ဏီ့မှာရှိ

တယ်လို့ ထင်လိုထင်၊ ဏီ့ကို ချုပ်ချယ်လို ချုပ်ချယ်၊ လုပ်သမျှ သူ စိတ်ချမ်းသာသလို လွှတ်ထားပြီး ဆေးပုံမှန် သောက်ခိုင်းထားလိုက်ရင် သိပ်မဆိုးလာတာမို့ အဲဒီလိုပဲ နေလာတာ ကြာပြီ။ တစ်ခါတလေလည်း နည်းနည်း ဖောက်လာတာမျိုး ရှိတယ်။ ဏီ့ဘက်က အများကြီးပေးဆပ်ပြီးတော့ သူစိတ်ချမ်းသာပြီး သူ့ခွဲစိတ်ထားရတဲ့ နှလုံးအခြေအနေလည်း ပြန်မဆိုးအောင် နေပေးခဲ့ရတယ်။ သူ့စိတ်အခြေအနေ ပိုမဆိုးအောင် သူ့အလိုကျ နာခံခဲ့ရတယ်"

ဩဇာသည် အဖြစ်အပျက်ကို သိလိုက်ရတော့ အံ့ဩပြီး ဏီ့ကိုလည်း ပိုပြီးသနားသွားပါသည်။ ဒီမိန်းကလေး အရွယ်နဲ့ မမျှအောင် အစ်ကိုဖြစ်သူအတွက် ပေးဆပ်ခဲ့ရတာပါလား။

"ဏီ ကိုယ်အကြံပေးမယ်၊ ကိုယ် ကိုယ်ချင်းမစာလို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ လူတစ်ယောက်အတွက်နဲ့ ကျန်တဲ့ လူတစ်ယောက်ဟာ သူရမဲ့ အခွင့်အရေးတွေ၊ တိုးတက်မှုတွေ၊ သူ့ရဲ့ မျှော်လင့်ချက်တွေ စွန့်လွှတ်ပြီး ဒီလိုပဲ တစ်သက်လုံး နေသွားတာတော့ သဘာဝမကျဘူး။ ဏီ လုပ်ပုံတွေးခေါ်ပုံ မဟုတ်သေးဘူး။ တကယ်ဆို ဆရာဝန်နဲ့ အသေအချာ ဆွေးနွေးပြီး သူ့ကို ဆေးရုံမှာ သီးသန့်ထား

ပြီး ကုရင်ကု၊ သူ နားလည်လက်ခံလာအောင် ဖြည်းဖြည်း ပြောပေါ့၊ ဒီလိုကြီး သူ့စိတ်ထဲ ထင်ယောင်ထင်မှား ဖြစ်နေတာတွေ ကိုယ်က အလိုက်သင့် လက်ခံပြီး နေပြရင် သူ့ကို အခြေအနေ ပိုဆိုးအောင် လုပ်သလို ဖြစ်မနေဘူးလား။ သူ အမှားထင်နေတာကို အမှန်လို့ မပြောပြသင့်ဘူးလား။ ဘာကြောင့် အယူအဆ တလွဲတွေနဲ့ သူ ထင်တာတွေ ထင်တဲ့အတိုင်း ကိုယ်က လိုက်နေပေးရမှာလဲ ဏီ"

နရဏီ တွေဝေသွားပါသည်။ တစ်သက်လုံး အန်တီခဲလစ်နဲ့ပဲ တိုင်ပင်ပြီး ကိုကြီး စိတ်ချမ်းသာရင်ပြီးရောဆိုပြီး နေပေးခဲ့တာကို ဘယ်သူ့မှလဲ ပြောမပြတာမို့ ဘယ်သူမှလဲ မသိ။ ဘယ်သူမှလဲ ခုလို ထောက်ပြပြီး ဆွေးနွေးတာမျိုးလည်း မရှိ။ ယှုတ်စွအဆုံး ကိုကြီးရဲ့ ဒေါက်တာကိုပင် မပြောပြပါပဲ သူ ထင်ယောင်ထင်မှား ဖြစ်တာကိုပဲ နရဏီတို့က လက်ခံပြီး အားပေးသယောင် နေပေးခဲ့မိတာ။

"ဏီ ကိုယ်ဆွေးနွေးတာကို လက်ခံလား"

"ဟုတ်တယ်၊ ဏီတို့ စကတည်းက အယူအဆ မှားသွားတယ်နော်။ တကယ်ဆို သူ ဒါထင်ရင် ဒါမဟုတ်ဘူး၊ ဒါကအမှား၊ ဒါကအမှန် ဆိုတာ ထောက်ပြခဲ့သင့်တာ၊

ခုတော့ အချိန်တွေ ကြာသွားပြီ။ ကြာပြီ သိလား။ ဏီ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်ကတည်းက"

"ဏီရယ် ... မင်းပါ ရူးမသွားတာ ကံကောင်း"

"အို ... ကိုကြီးက ရူးတာ မဟုတ်ပါဘူး။ ခေါင်းထိသွားလို့ စိတ်မှုမမှန်တာပါ။ အဲဒါကြောင့် လူတွေကို မပြောချင်တာ၊ ပြောရင် ရူးတယ်ပဲ သတ်မှတ်တာပဲ"

"မဟုတ်ပါဘူးကွာ၊ ဏီ့အတွက် အားမလို အားမရဖြစ်လို့ ပြောမိတာပါ၊ ကဲ ... အခု ဘယ်လိုလုပ်မှာလဲ"

"ဏီ ကားထဲ ပြန်ဝင်ထိုင်နေတော့မယ်"

"ဟာ"

"ဟာ ... မလုပ်နဲ့၊ ဏီ ဒီနေ့ ခိုးထွက်လို့ မဖြစ်ဘူး"

"ကိုယ် သိပါတယ်၊ ကဲ ... အန်ကီအဲလစ်(စ) ဆိုင်ထဲက ထွက်မလာခင် ပြန်ဝင်ထိုင်တော့၊ ဟူး ... တော်ပါသေးရဲ့ နည်းနည်း ကြာကြာလေးတော့ စကားပြောလိုက်ရသားနော်"

ဏီသည် ဩဇာ ပြောလိုက်သော စကားကြောင့် စိတ်မကောင်းဖြစ်ပြီး ...

"ဏီ့ကို စိတ်ပျက်သွားရင် အချိန်မရွေး ထားခဲ့နိုင်ပါတယ် ကိုဩဇာရယ်"

ဟု တီးတိုးပြောလိုက်ချိန်တွင် အန်တီအဲလစ်(စ)လည်း ဆိုင်ထဲက ပြန်ထွက်လာပြီဖြစ်သဖြင့် ဩဇာလည်း ဖျတ်ဆို တစ်ဖက်ကားလမ်းကူးပြီး ပုန်းရတော့လေသည်။

ဝဖ ဝဖ ဝဖ

# ၁၅

"ဟင် ... ဦးနေသူရိန်"

ဩဇာသည် မထင်မှတ်ဘဲနဲ့ ထီးထီးကြီး ရပ်စောင့်နေသည်ကို တွေ့လိုက်ရသဖြင့် ရုတ်တရက် တုန်လှုပ်သွားမိသည်။ ဦးနေသူရိန်ကား တစ်ဖက်ကားလမ်းမှ ဒီဘက် ပြေးလာသော ဩဇာကို ကြိုတင်ရပ်စောင့်နေခဲ့တာဖြစ်သည်။

"မင်း ကိုယ့်ကိုယ်ကိုယ် သိပ်ဟုတ်လှပြီလို့ ထင်နေတယ် ပေါ့လေ"

"ကျွန်တော်တို့ ..."

"မင်းတို့ချင်း အဆက်သွယ် ရှိတယ်ဆိုတာ ငါ သိနေတယ်"

နေသူရိန်ကို ကားလိုက်မောင်းပို့ပေးရသော ဒရိုင်ဘာကြီးသည် နေသူရိန် အတင်းအကျပ် စေခိုင်း၍သာ ကားမောင်း

ပို့ရပေမဲ့ နေသူရိန့် မျက်နှာ အမူအရာ မှုမမှန်တာကို ကြည့်ရင်း စိတ်အပူကြီး ပူနေသည်။ ဘာတွေ ဖြစ်နေသလဲ မသိပေမဲ့ ...

"ကျွန်တော် လူတစ်ယောက်နဲ့ ပြဿနာရှင်းစရာရှိတယ်"

လို့ တစ်လမ်းလုံး ပြောလာခဲ့သဖြင့် အခု တွေ့ရသော ကောင်လေးနှင့် တစ်ခုခု ဖြစ်တော့မှာပဲလို့ သိလိုက်ပြီး တစ်ဖက်ကမ်းမှာ ကားရပ်ထားဆဲဖြစ်သော ဒေါ်အဲလစ်(စ)ကို ပြေးခေါ်မိလေသည်။ ဒေါ်အဲလစ်(စ)သည်လည်း နေသူရိန်၏ ဒရိုင်ဘာ ဒီရှေ့ရောက်လာသဖြင့် တအံ့တသြဖြစ်ပြီး ကားစက်နိှုးကာ ထွက်တော့မလို့ ပြင်တာကိုပင် မထွက်သွားဖြစ်တော့ဘဲ ...

"ဘာဖြစ်လာတာလဲ ကိုလှကျော်၊ ဘာဖြစ်တာလဲ၊ မောင်နေ့ကို အိမ်စောင့်နေရမှာ၊ ရှင် ဘာလို့ လမ်းပေါ် ရောက်နေတာလဲ"

"မောင်နေပဲ ကျွန်တော့်ကို အတင်းအကျပ် အော်ဟစ်ဆူဆဲပြီး မအဲလစ်(စ)တို့ သွားရာနောက်ကို လိုက်ခိုင်းလို့ လိုက်ပေးရတာပါ၊ မအဲလစ်(စ)တို့ ထွက်သွားပြီးပြီးချင်းပဲ ကျွန်တော့်ကို လိုက်ခိုင်းတယ်၊ မပို့ရင် သူကိုယ်တိုင် မောင်းမယ်လို့လည်း ပြောတယ်"

"ရှင် ဘယ်လိုများ လိုက်လာသလဲ မြန်လိုက်တာ"

"သူ သိတယ်၊ မအဲလစ်(စ)တို့ ဆရာဝန်နေတဲ့ ကွန်ဒိုအခန်းကို သွားကြမယ်ဆိုတာ သိလို့ အဲဒီလိုက်ခိုင်းတယ်၊ ပြီး

တော့ ဒီဆေးဆိုင်မှာ ရပ်တော့ နောက်က ကောင်လေးကား
ကပါ လိုက်ရပ်တာနဲ့ သူ ဒေါသတွေကြီးပြီး ဟိုမှာ ..
ဟိုမှာ ... ဟာ ... လုပ်ပါဦး မအဲလစ်(စ) ပြဿနာဖြစ်ကုန်
ပြီ၊ ကောင်လေးကို ထိုးတော့မယ်ထင်တယ်"

နရဏီသည် မျက်လုံးတွေ ပြာကုန်ကာ ဘယ်လိုက ဘယ်လို ကားထဲကနေ ပြေးထွက်သွားမိသည်လဲ မသိပါ။ နောက်က အန်တီအဲလစ်(စ) ပြေးလိုက်လာတာကိုပင် မစောင့်နိုင်။ လှည့်မပြောနိုင်။

"နရဏီ ... ဏီ ... သမီး ... ဘာလဲ ... အဲဒါ ဘာဖြစ်
တာလဲ၊ ပြောစမ်းပါ၊ ဘာတွေ အဆက်အသွယ်ရှိလို့
ဒီကောင်လေးနဲ့ ဏီ ဆက်ဝပ်နေရတာလဲ"

နရဏီသည် မထင်မှတ်၊ မမျှော်လင့်ထားသော အခြေအနေကို ဝမ်းနည်းကြေကွဲစွာ ရင်ဆိုင်ရဖို့ပဲ ရှိတော့လေသည်။

နေသူရိန်သည် ဩဇာ၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်ပြီးဖြစ်သဖြင့် နောက်သို့ ယိုင်သွားပါသည်။ သို့သော် သူက သတိရှိစွာ ထိန်းနိုင်ခဲ့သည်။ ဘေးက လမ်းသွားလမ်းလာတွေကတော့ ရပ်ကြည့်သူ ကြည့်ကုန်ကြပြီ။ တချို့လည်း ကိုယ့်ကိစ္စကိုယ် အရေးကြီးနေသဖြင့် ခဏလှည့်ကြည့်ပြီး ကျော်ဖြတ်သူက ကျော်ဖြတ်သွားကြလေပြီ။

"ကိုကြီး"

ဏီသည် တုန်ခိုက်ချောက်ချားစွာ အစ်ကိုဖြစ်သူကို အော်ခေါ်လိုက်ပါသည်။

နေသူရိန်က နရဏီကို ခပ်စူးစူး ကြည့်ပြီး ...

"နင့်ကိုယ်နင် ဟုတ်လှပြီထင်နေတာ၊ တွေ့တယ်မဟုတ်လား။ လောကကြီးမှာ ငါ မသိတာမရှိဘူး၊ အထူးသဖြင့် နင့်အမူအရာမှန်သမျှ ငါ မဖမ်းမိတာ မရှိဘူး။ ဒီကောင် ရှုံးသွားရှုံးပြန် လာလာစောင့်ကြည့်နေတာကို မြင်ကတည်းက ငါ သတိထားကြည့်နေတာ။ စာအဆက်အသွယ်တွေ လုပ်လာပြီဆိုတော့ အခုလို လစ်ရင် ပြေးတွေ့တာမျိုး လုပ်လာပြီဆိုတော့ ဒီတိုင်း လွှတ်ပေးလို့မဖြစ်တော့ဘူးလေ၊ ငါ့ကို တုံးအကြီးထင်ပြီး လုပ်ချင်တိုင်းလုပ်နေကြတာ"

"ကိုကြီး သူနဲ့ဏီ တကယ် ချစ်ကြတာပါ၊ ဘာကြောင့် သဘောမတူစရာရှိလဲ။ ဏီ့မှာ ဘာအပြစ်ရှိလဲ၊ ဏီ လူကောင်းတစ်ယောက်ကို ရွေးတာပါ။ လူဆိုးလူတေတစ်ယောက်ကို ရွေးတာ မဟုတ်ဘူး"

"သူ လူကောင်းလို့ နင် ဘယ်လိုလုပ် သက်သေပြနိုင်လဲ"

အန်တီအဲလစ်(စ)သည် မျက်နှာတွေ သွေးရောင်မရှိတော့လောက်အောင် ဖြူဖျော့နေသည့် နေသူရိန်ကိုသာ အကြီးအကျယ် စိုးရိမ်နေပါသည်။ မောင်နှမနှစ်ယောက်ကြား ဘယ်သူ့ဘက် ဝင်ရပ်ရမလဲမသိ ဖြစ်ပြီး ...

"မောင်နေ အဲဒါ အန်တီ့အပြစ်ပါကွယ်၊ အန်တီ ပေါ့လျော့လို့ဖြစ်တာပါ"

ဟု နေသူရိန်ကို လှမ်းပြောသလို နရဏီ့ကိုလည်း...

"သမီး ... နရဏီ ... ကိုကြီး အခြေအနေ မကောင်းဘူး၊ သူ့ကို လျှော့ပေးလိုက်၊ သူ့စိတ်ကြိုက် ပြောလိုက်၊ ကောင်လေးနဲ့ အဆက်အသွယ် ဖြတ်မယ်လို့ ပြောလိုက်ပါနော်"

လို့ပဲ ဝင်ပြီး ဖျောင်းဖျနေပါသည်။

"ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ အဲဒါ ဒီကောင့်အပြစ်ပဲ၊ ငါ့ညီမကို ဘမင်ရွေးချယ်ပြီး လာဇာတ်လမ်းရှုပ်တဲ့ ဒီကောင်ပဲ အပြစ်ရှိတယ်"

နေသူရိန်က ရှေ့ကို ခြေတစ်လှမ်းတိုးပြီး ဩဇာကို ခပ်စူးစူး စိုက်ကြည့်ကာ အပြစ်တင်လိုက်သည်။ ဩဇာသည် နေသူရိန်ကို ကြောက်တော့မကြောက်ပေမဲ့ ဏီ့အစ်ကိုဆိုသော အသိ။ ဏီ ပြောပြထား၍ စိတ်ဝေဒနာရှိနေတယ်ဆိုသောအသိတွေဖြင့် အလျှော့ပေးဖို့ ဆုံးဖြတ်ထားသည်မို့ နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပါသည်။ သူ နေသူရိန်ကို ထိပ်တိုက်မတွေ့ချင်ခဲ့ပါ။

"ပြောစမ်း ... မင်း ငါ့ရှေ့မှာ ပြောစမ်း၊ နရဏီ့ကို သူရမဲ့ အမွေတွေမက်လို့ ဟန်ဆောင်ပြီး ချစ်ပြတာပါလို့ ပြောလိုက်စမ်း၊ မင်း စိတ်ထဲကို ငါ မမြင်ဘူးမထင်နဲ့။ မြင်နေရတယ်၊ မင်း စိတ်ထဲမှာ ရှိတာကို မညာဘဲ ပြောပြလိုက်စမ်းပါ ဩဇာ"

နရဏီသည် မျက်ရည်တွေ တပေါက်ပေါက်ကျရင်း ကိုကြီးကို တစ်လှည့်။ ကိုသြဇာကို တစ်လှည့် ကြည့်မိပါသည်။ ကိုကြီး ဘာတွေ စွပ်စွဲနေပါလိမ့်။ ဘာတွေ အတင်းဝန်ခံခိုင်းနေပါလိမ့်။ သူ့စိတ်ထဲမှာ ထင်ယောင်ထင်မှား ဖြစ်သမျှကို အတင်း ပြောခိုင်းနေတာလား ...။

"ဟော့ကောင် ... ပြောလိုက်၊ မင်း ပါးစပ်က ထုတ်ပြော လိုက်လို့ ငါ ပြောနေတယ်"

"မပြောဘူး၊ ပြောစရာမလိုဘူး၊ ကျွန်တော် အဲဒီလိုသဘော နဲ့ ဏီ့ကိုချစ်တာမှ မဟုတ်တာ။ ဘာလဲ သူရတဲ့ အမွေတွေ ဘယ်လောက်ရမှန်းလဲ မသိဘူး။ ဘယ်လောက် ရှိမှန်းလဲ မသိဘူး။ ကျွန်တော် နရဏီ့ကို နရဏီလို့ပဲ မြင်ပြီး ချစ်တာ ဦးနေသူရိန်။ ခင်ဗျား သူ့ကို အမွေတွေလုံးဝမပေးဘဲ အိမ် ပေါ်က နှင်ချလိုက်၊ ကျွန်တော် ခုပဲခေါ်သွားဖို့ အသင့်ပဲ။ လောကကြီးမှာ ပိုက်ဆံရှိတိုင်းလည်း စိတ်မချမ်းသာဘူး၊ ပိုက် ဆံက နေရာတကာမှာ အရေးမပါဘူးဆိုတာ နားလည်ထား"

"အောင်မာ ... မင်းကများ လူကြားကောင်းအောင် ဟစ်နေပြန်ပြီ"

"ခင်ဗျားကို ဘယ်သူက လာပြောလို့ ကျွန်တော်ဟာ နရဏီ့ကို တကယ်မချစ်ဘဲ အမွေမက်လို့ ချစ်ဟန်ဆောင် တယ်လို့ စွပ်စွဲတာလဲ၊ ပြောစမ်းပါ။ အဲဒီလို မဟုတ်မှန်း ကြံဖန်ပြောတဲ့လူကို တွေ့ပြီး ရှင်းရဲတယ်"

"မဟုတ်မမှန် ကြံဖန်ပြောတာ မဟုတ်ဘူး၊ အမှန်ကို အမှန်အတိုင်းပြောတာ ငါပဲလေ။ ငါ့စိတ်က သိနေတယ်၊ ငါ့စိတ်ရဲ့ အတွင်းတစ်နေရာမှာ အသံတစ်သံက ပြောပြော နေတယ်၊ နရဏီကို အမြွေမက်လို့ ချဉ်းကပ်တဲ့ကောင်ဟာ မင်းပဲလို့ ပြောနေတယ်"

"ခင်ဗျား ရူးနေပြီ"

ဩဇာသည် စိတ်ပေါက်ပေါက်ဖြင့် တစ်ချက်ပြော လိုက်မိသောအခါ နေသူရိန်ထံမှ ...

"ဘာပြောတယ်"

ဟူသော အသံ။ နရဏီထံမှ ...

"အို ... ကိုဩဇာ အဲဒီလို မပြောပါနဲ့"

ဆိုသော တောင်းပန်လိုက်သံ။ ဒေါ်အဲလစ်(စ)ထံမှ...

"မင်းပါးစပ် ပိတ်ထားစမ်း ဩဇာ"

ဟု ဒေါသတကြီး ပိတ်ပင်တားမြစ်လိုက်သံတွေ တစ်ပြိုင်တည်း ကြားလိုက်ရပါသည်။

ဩဇာသည် နရဏီကို တောင်းပန်သလို စိုက်ကြည့် ရင်း ...

"ကိုယ် တောင်းပန်ပါတယ် နရဏီ ... ဆောရီး။ ဒါပေမဲ့ မင်းမှာ အသိဉာဏ်ရှိပါတယ်၊ တွေးခေါ်ဉာဏ်ရှိပါတယ်၊ ဖြစ်နေတာကို ပြောပြရင်ဆိုင်ပြီး သူ့ကို ရှောင်းအောင် ကူသပေးလိုက်သင့်တယ်။ ဒီလိုကြီး ဟန်ဆောင်နေပြမြီး

သူ့အလိုကို လိုက်နေရင် မင်းတို့ သူ့အပေါ် ပိုကောင်းအောင်လုပ်တာနဲ့ မတူဘဲ ပိုပိုဆိုးလာအောင် လုပ်သလိုဖြစ်နေမယ်၊ ခုတောင် ကြည့်ပါလား။ ဘာပြောပြောလက်မခံဘဲ တစ်ယူသန်ပြီး သူပဲ မှန်တယ်ပြောနေပြီ၊ ဘယ်လို ဖြေရှင်းကြမလဲ နရဏီ"

နေသူရိန်က သြဇာ ဝေဖန်တာကိုကျ မခံ။ ဒေါသတကြီး တစ်ဟုန်ထိုး ပြေးလာကာ သြဇာ မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်တော့လေသည်။ သြဇာလည်း နရဏီ့ကို လှည့်ပြီးစကားပြောနေချိန်မို့ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသည်ကိုမရှောင်နိုင်ဘဲ အငိုက်မိသွားပါသည်။ သူ့မျက်နှာတစ်ခြမ်း ပူခနဲနာကျင်သွားလျက် သူ့မျက်နှာ လည်ထွက်သွားပါသည်။ သူ့နှုတ်ခမ်းမှာ သွေးစအချို့ ယိုစီးကျလာပြီး သူ့ပါးစပ်ထဲမှာငန်ကျိကျိ အရသာနှင့် သွေးနံ့ကို ခံစားလိုက်ရသည်။

"ကို ... ကိုကြီး ... ဘယ်လိုလုပ်လိုက်တာလဲ"

ဏီသည် သြဇာ၏ နှုတ်ခမ်းမှ ယိုစီးကျလာသောသွေးတွေကို မြင်လျှင် တုန်ယင်ကြောက်ရွံ့သွားလျက် အစ်ကိုဖြစ်သူကို တောင်းပန်သလို ခေါ်လိုက်ပါသည်။

နေသူရိန်ကတော့ သြဇာကို ရိုက်ခွင့်ရလိုက်၍ကျေနပ်ပြီး အသံကျယ်ကြီးဖြင့် တဟားဟား အော်ရယ်ပါသည်။ ဘေးမှာ ရပ်ကြည့်နေသူတွေကတော့ ဗီဒီယိုကားတစ်ကား၏ရိုက်ကွင်းလိုလို ငေးမောကုန်ကြသည်။

အန်တီအဲလစ်(စ)က စိတ်အပူကြီး ပူနေပြီး ...

"သမီး ... နရဏီ ... မဖြစ်တော့ဘူး၊ သူ့ကို ထိန်းပြီး ဆေးရုံ ရအောင်ခေါ်သွားမှ ဖြစ်တော့မယ်၊ တစ်ခါမှ မလုပ်ဖူးတာတွေ လုပ်နေတယ်၊ လူကြားထဲဆိုတဲ့ အသိ လည်း မရှိတော့ဘူး၊ အော်လိုအော်၊ ရယ်လိုရယ်နဲ့ မူမမှန် တော့ဘူး"

ဟု ဘေးကနေ တိုးတိုးလာပြောနေသည်။

"ကိုကြီး ဏီ တောင်းပန်ပါတယ်၊ အိမ်ပြန်ရအောင်နော်၊ ဏီတို့ သွားကြရအောင်နော်"

"ဘာလို့ သွားရမှာလဲ၊ ငါ ဒီကောင့်ကို သတ်ပြီးမှသွား မယ်"

"ကိုကြီး ..."

"သူ မရှိမှ ရှင်းမယ်၊ နင်လည်း သူမရှိမှ ငါ့စကား ပြန် နားထောင်မယ်၊ ဟုတ်တယ် မဟုတ်လား"

နေသူရိန်သည် ရှေ့ကို တစ်လှမ်းချင်း တစ်လှမ်းချင်း တိုးတိုးလာပြီး ဩဇာကို ထပ်မံပြီး ထိုးကြိတ်ရိုက်နှက်တော့ မလိုပုံ ပြင်ဆင်နေသည်။ ဩဇာသည် ဒေါသတော့ ထွက်နေပေမဲ့ ဦးနေသူရိန် မျက်နှာအမူအရာမှာ တစ်မျိုးကြီးဖြစ်နေရာ ပြန်ရင် မဆိုင်ဘဲ နောက်ဆုတ် နောက်ဆုတ်နှင့်သာ ရှောင်လာပါသည်။ နေသူရိန့် ပါးစပ်မှလည်း ...

"သတ်မယ်၊ သတ်မယ်၊ ဩဇာကို သတ်ပစ်မယ်"

ဟူသော တတွတ်တွတ်ရွတ်လာသံဖြင့် ဩဇာနောက်ကို ထက်ကြပ်မကွာ လိုက်လာသည်။

"ကိုကြီး ... ဏီ တောင်းပန်ပါတယ်၊ အိမ်ပြန်ရအောင်ပါ"

"နင်တို့ အရင်ပြန်နှင့်၊ ငါ ဒီကောင့်ကို သတ်ရဦးမယ်"

"ဏီ ... သူ့ကို မချစ်တော့ပါဘူး။ သူနဲ့ မဆက်သွယ်တော့ပါဘူး၊ ကတိပေးပါတယ်"

"သူ အသက်ရှင်နေသေးရင် နင်တို့ ဆက်သွယ်နေဦးမှာပဲ၊ ငါ့စိတ်က ငါ့ကို ပြောပြနေတယ်၊ ငါ သိတယ်၊ ညာလို့မရဘူး နရဏီ၊ အေး ... ဟုတ်ပြီ၊ ဩဇာကို သတ်ပြီးရင် နင့်ကိုပါ သတ်မယ်၊ နင်လည်း သေမှအေးမယ်။ ဒါမှ ငါလည်း နမတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ဒုက္ခကလွတ်မှာ"

နရဏီသည် အစ်ကိုဖြစ်သူ၏- အဖြစ်ဆိုးကို မြင်ပြီး ဝမ်းပန်းတနည်း ငိုနေစဉ် အန်တီအဲလစ်(စ)သည် စိတ်ဆုံးဖြတ်ထားသော အသံဖြင့် ဩဇာကို လှမ်းအော်ပြောလိုက်သည်။

"မောင်ဩဇာ ... သူ့ကို ဆေးရုံပို့ဖို့ လိုနေတယ်၊ ဒီတော့ မင်း တစ်ခုခုကို ဆုံးဖြတ်ပြီး ခုပဲ လုပ်လိုက်ပါ။ မင်းကို ဦးလှကျော် ကူညီလိမ့်မယ်။ သူ့ကို ဝိုင်းချုပ်ပေးဖို့ ဦးလှကျော် ကူလိမ့်မယ်"

အန်တီအဲလစ်(စ) အသံကြောင့် နေသူရိန်သည် ဖျတ်ခနဲ အန်တီအဲလစ်(စ)ဆီ အာရုံ ရောက်သွားပြီး စူးစူးစိမ်းစိမ်း

ကြီးကြည့်လိုက်စဉ်မှာ ညြဇာသည် လျှင်မြန်ဖျတ်လတ်စွာပင် နေသူရိန်ဆီ ပြေးဝင်သွားပြီး လက်သီးဖြင့် မေးဖျားကို ခပ်ပြင်းပြင်း ထိုးလိုက်ပါသည်။

နဂိုတည်းက ရောဂါသည်လည်းဖြစ်၊ အိပ်ရေးပျက်များပြီး ခပ်ယဲ့ယဲ့လည်း ဖြစ်နေသော နေသူရိန်သည် ထိုသို့ အထိုးခံလိုက်ရတာကိုပင် ရပ်နေနိုင်စွမ်း မရှိတော့ဘဲ ချက်ချင်းပဲ နေရာမှာ လဲပြိုပုံကျသွားပါသည်။ ဦးလှကျော်သည်လည်း သတိရှိစွာ ချက်ချင်းပြေးလာပြီး နေသူရိန်ကို ချုပ်နှောင်သလို ကိုင်တွယ်ထားလိုက်ပါသည်။ နေသူရိန်သည် ဒေါသဖြင့် ရုန်းကန်ရင်း ...

"ဖယ်စမ်း ... ဖယ်ကြစမ်း ... ငါ ညြဇာနဲ့ နရဏီကို သတ်မယ်၊ ဖယ်ကြစမ်း"

ဟု ဗလုံးဗထွေး အော်ဟစ်လေသည်။

ညြဇာပါ ဦးနေသူရိန်အနား ရောက်သွားပြီး ဝိုင်းချုပ်ပေးလိုက်စဉ်မှာပင် ဦးနေသူရိန်သည် သတိလစ်မေ့မြောသွားတော့လေသည်။ နရဏီသည်လည်း ယူကျုံးမရ ဖြစ်တာရော၊ ရှက်တာရော၊ ဝမ်းနည်းကြေကွဲတာရော ရောပြီး နေရာမှာတင် ဘာမှ လှုပ်ရှားလို့မရဘဲ ကျောက်ရုပ်တစ်ရုပ်လို ငေးကြောင်နေတော့သည်။

နေသူရိန့်ကို သူ့ကားပေါ် ဝိုင်းကူညီတင်ပေးပြီး ဆေးရုံကိုပါ လိုက်ခဲ့ဖို့ပြင်နေသော ညြဇာကို ဒေါ်အဲလစ်(စ)က ...

"မင်း ဒီလောက်ဝင်ပါရရင် ကျေနပ်ပါတော့ကွယ်၊ မောင်နေ သတိရလာတဲ့အခါ မတော်တဆ မင်းကိုမြင်ရင် ရောဂါ ပိုဆိုးလာမှာစိုးလို့ပါ၊ အန်တီ တောင်းပန်ပါတယ်"

ဟု ပြောလိုက်ပါသည်။

ဩဇာသည် ဝမ်းနည်းကြေကွဲပြီး ဘာစကားမှကို မပြောတော့သော နရဏီကို တစ်ချက်ကြည့်လိုက်သည်။ နရဏီက တော့ သူ့ကိုမကြည့်ဘဲ အစ်ကိုဖြစ်သူကိုသာ ငေးစိုက်ကြည့်ပြီး မျက်ရည်ကျနေဆဲ။

"ဏီ ... ကိုယ် လိုက်ခဲ့ရမလား"

နရဏီ သဘောကိုသာ အဓိကထားပြီးမေးလိုက်သော အခါ နရဏီ့နှုတ်ဖျားမှ ...

"မလိုက်ခဲ့ပါနဲ့တော့ ကိုဩဇာ၊ ဏီတို့ မောင်နှမရဲ့ ရှုပ်ထွေးတဲ့ ဘဝထဲကို ဘယ်တော့မှ လာဖို့ မကြိုးစားပါနဲ့ တော့"

ဟု ပြန်ပြောလိုက်ချိန်တွင် ကားက စက်နှိုးပြီး မောင်းထွက်ပြီးဖြစ်နေခဲ့လေသည်။

ဝဝ ဝဝ ဝဝ

## နောက်ပြောက်လခန့်ကြာသောအခါ

## ၁၆

ဩဇာသည် သူ့ဆိုင်မှ ဝင်လာသော လူတစ်ယောက်ကို မြင်လိုက်ရလျှင် ပြောလက်စ စကားပင် ရပ်တန့်သွားတော့မလိုဖြစ်လျက် ငေးကြောင်ပြီး ကြည့်နေမိသည်။ ထိုသူကား အခြားသူမဟုတ်။ သူ့ရဲ့ စိတ်အာရုံထဲမှာ ဘယ်တော့မှ မေ့ပျောက်လို့မရသည့် လူတစ်ဦးဖြစ်နေ၍ပင်။

ထိုသူက ဩဇာကို မြင်မြင်ချင်း ကြည်လင်ဖော်ရွေစွာ ပြုံးပြလိုက်ပါသည်။ ကြည်လင်သော မျက်လုံးများကို အခုမှ ဩဇာ သတိထားမိသွားတာ ဖြစ်ပါသည်။ ထိုမျက်လုံးတွေထဲမှ ရင်းနှီးစွာ နှုတ်ဆက်မှုကို သူ ဇဝေဇဝါနှင့် ပြန်နှုတ်ဆက်ဖို့ပင် မေ့နေခဲ့သည်။

"ကိုညြာ ကျွန်တော့်ကို မှတ်မိလား"

"ခင်ဗျာ ... ဟို ... ကျွန်တော် မှတ်မိပါတယ်"

"ကျွန်တော့်ကို မြင်လိုက်တော့ လန့်သွားလား"

"အယ် ..."

"စိတ်ဖောက်နေတုန်းကတော့ ခင်ဗျားကို မြင်တိုင်း သတ်မယ်ချည်း အော်နေတော့ လန့်နေပြီထင်တယ်၊ တကယ်တော့ ကျွန်တော် လူတစ်ယောက်ကို သတ်ဖို့မပြောနဲ့ ပုရွက်ဆိတ်တောင် မသတ်ရဲပါဘူးဗျာ၊ ဟဲ ဟဲ ... သဘောပြောတာနော်၊ ပုရွက်ဆိတ်တို့ ပိုးဟပ်တို့ ခြင်တို့ ယင်တို့တော့ ဆေးဖျန်းပြီး သတ်ပါတယ်၊ လူတော့ ဘယ်လို ဘယ်ပုံနဲ့ စပြီး သေအောင် သတ်ရမလဲဆိုတာ မသိပါဘူးဗျာ"

"ဦး ... အဲ ... ဦးနေသူရိန် နေကောင်းသွားပြီလား"

"ကောင်းသွားပြီပဲ ဆိုရမှာပေါ့ဗျာ၊ ဆေးရုံမှာ လေးလလောက် နေလိုက်ရတယ်၊ လောကကြီးနဲ့လည်း လုံးလုံး အဆက်အသွယ် ပြတ်သွားတယ်၊ အပြင်မှာ ဘာတွေ ဖြစ်ပျက်ပြောင်းလဲကုန်သလဲတောင် မသိတော့တဲ့ အထိပါပဲ"

"ဆေးရုံက ဆင်းပြီးတာ နှစ်လလောက် ရှိပြီပေါ့"

"ဟုတ်တယ်"

"ကျွန်တော် အဲဒီတုန်းက မကြာခဏ ရောက်ပါတယ်"

"ကျွန်တော့် မမှတ်မိဘူးဗျ၊ သူတို့ပြန်ပြောတော့ ကျွန်တော်က ခင်ဗျားကို မြင်တိုင်း သတ်မယ်လို့ ပြောပြောနေတယ်ဆို"

သြဇာ မဖြေဘဲ ရယ်ပါသည်။ ဦးနေသူရိန်လည်း ရှက်ရယ်ရယ်ပါသည်။ ဦးနေသူရိန်ကို ပြန်တွေ့လိုက်ရတော့ သြဇာသည် မျက်ရည်အမြဲတမ်း စိုနေသော မျက်ဝန်းလေးတစ်စုံကို သတိရသွားခဲ့ပါသည်။ သူနဲ့ နောက်ဆုံး ဆုံစဉ်က ...

"ဏီတို့ အခုကစပြီး တစ်ယောက်နဲ့တစ်ယောက် မေ့လိုက်ကြရင်ကောင်းမယ်ထင်တယ် ကိုသြဇာရယ်၊ ကိုကြီး မကြိုက်တာကို လုပ်မိလို့ သူ့ကို အခြေအနေဆိုးကြီးနဲ့ ဏီ အခုမြင်နေရပြီ။ ဏီ တစ်သက်လုံး မဖြစ်ချင်တဲ့ အဖြစ်ဆိုးကို ကိုကြီး ရင်ဆိုင်နေရပြီ။ သူ လူကောင်းပြန်ဖြစ်မယ်၊ မဖြစ်ဘူးဆိုတာ ဘယ်လိုမှ အာမမခံနိုင်တော့တာမို့ ဏီလည်း သူ့ကို စောင့်ရှောက်ရင်းပဲ ဒီအတိုင်းနေသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အရူးတစ်ယောက်ရဲ့ ညီမအဖြစ်နဲ့ လူတောသူတောလည်း မတိုးရဲတော့သလို ကိုသြဇာတို့ မိသားစုထဲလည်း မဝင်ချင်တော့ပါဘူး။ အစ်ကိုတစ်ယောက်ကိုစွန့်ပြီး အမြဲ ဆေးရုံနဲ့ နပန်းလုံးနေရမဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်တော့မှလဲ သူ့ချစ်သူအတွက် အဖော်ကောင်း မဖြစ်လာနိုင်ပါဘူး။ ဒါကြောင့် ဏီတို့ ခွဲကြရအောင်နော်။ ဏီ့ကို နားလည်ပါ၊ ဏီ ဘယ်တော့မှလဲ အချစ်ကို မရှာ

တော့သလို ဏီ ရှာတွေ့ထားတဲ့ အချစ်ကိုလည်း ကိုသြဇာကိုပဲ ပြန်ပေးလိုက်ပါရစေနော်"

ဏီသည် သူ့ကို မျက်ရည်စိုလက်သော မျက်လုံးလေးတွေဖြင့်ကြည့်ကာ ပြောခဲ့တာဖြစ်သည်။ သြဇာသည် အလွယ်တကူ လက်မခံနိုင်ခဲ့ပါ။

"ကိုယ် ဏီ့ကို ချစ်တယ်၊ ဏီ့အခက်အခဲတွေကို အတူတူကူပြီး ဖြေရှင်းပေးမယ်လေ၊ ဘာကြောင့် ကိုယ်တို့ ခွဲရမှာလဲ၊ ကိုယ် လက်မခံဘူး"

"ဏီက ဆုံးဖြတ်ပြီးနေပြီ။ ကိုသြဇာ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ဏီဆုံးဖြတ်ပြီးပါပြီ။ ဏီ ဘယ်တော့မှ ကိုသြဇာကို ထပ်မတွေ့တော့ပါဘူး။ ကိုကြီးဟာ ရောဂါသည် ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ ဏီ သူ့ကို ကတိပေးထားခဲ့ပြီးပြီမို့ အဲဒီကတိအတိုင်း တည်အောင်နေချင်ရတယ်၊ အဲဒါ ဏီ့စိတ်ထဲမှာ အမှန်အတိုင်း ဆုံးဖြတ်ထားပြီးတဲ့အရာပါ"

"ဏီရယ် ... မင်း ရက်စက်တယ်၊ မင်း ငါ့ကို တကယ်မချစ်ခဲ့ဘူး။ ငါ ချစ်သလောက် မချစ်ခဲ့ဘူး"

သြဇာသည် ကြေကွဲစွာ ပြန်ပြောခဲ့ပေမဲ့ နောက်ဆုံးတော့ ခေါင်းမာသော ချစ်သူကိုပဲ အရှုံးပေးလိုက်ရလေသည်။ အိမ်သွားလည်း တံခါး မဖွင့်ပေး။

"နရဏီ ... မတွေ့နိုင်ဘူး ပြောထားပြီးပြီ"

ဟု ခြံစောင့်က ထွက်ပြောတာနဲ့ ကြုံရသည်။

ဖုန်းဆက်လည်း အန်တီအဲလစ်(စ)နဲ့ပဲ တွေ့ကာ...

"မောင်နေ မရှိလို့ သူ ဖုန်းပြောချင်လည်း ပြောခွင့်ရှိပေမဲ့ အခု သူ့သဘောနဲ့သူ ဖုန်းမပြောပါဘူးတဲ့၊ ဟိုတစ်နေ့က ဆေးရုံ လာတွေ့တုန်းက မင်းကို သူ ပြောစရာရှိတာ ပြောထားပြီးပြီတဲ့"

ဆိုသော တုံ့ပြန်မှုကိုသာ ရင်ဆိုင်ရပါသည်။ အဲ့ဒီနောက်ပိုင်းမှာ ဩဇာလည်း သူ သွားစောင့်နေကျ နေသူရိန်ကို တင်ထားတဲ့ ဆေးရုံမှာ နရဏီ လာတွေ့သောရက်မှာလည်း သွားမစောင့်ခဲ့တော့။ အိမ်ကိုလည်း သုံးလေးခါမျှ သွားပြီးလျှင် လက်လျှော့ပြီး မသွားဖြစ်တော့။ ဖုန်းလည်း ဆက်တော့ဆက်ကြည့်သေးပေမဲ့ ဖုန်းလာကိုင်သူမှာ နရဏီ မဟုတ်မှန်း သိတာနဲ့ ဖုန်းမပြောဘဲ ပြန်ပြန်ချပစ်ခဲ့ပါသည်။

ဒီလိုနဲ့ပဲ သူတို့ တဖြည်းဖြည်းနဲ့ အဆက်အသွယ် ပြတ်သွားကာ ဝေးသွားခဲ့သလို ဖြစ်ခဲ့သည်။ အချိန်တိုင်း ဖျတ်ခနဲ လိုလိုတော့ သတိရပေမဲ့ သူ့အပေါ် အကြောင်းပြချက်ကောင်းကောင်းနှင့် ထားရစ်ခဲ့ချင်သော ချစ်သူကို စိတ်လည်း နာမိသည်။

တကယ်ဆို နစ်ရယောက်အတူ နားလည်မှုတွေနဲ့ ဒီပြဿနာကို ရင်ဆိုင်ဖြေရှင်းရင်လည်း ရပါရက် နရဏီက တစ်ယူသန်လွန်းသည်။ ခေါင်းမာလွန်းသည်။

အစ်ကိုက ဒါမကြိုက်ရင် ဒါမလုပ်သင့်ဘူးဟု ခေါင်းထဲမှာ စွဲနေသော အယူအဆရှိသူ ဖြစ်နေခဲ့သည်။ ထို့ကြောင့် ဩဇာသည် စိတ်ပျက်လက်ပျက်ဖြင့် လက်လျှော့ထားလိုက်မိခဲ့သည်။ ကြာလှပြီ၊ ခြောက်လလောက်ကို အဆက်အသွယ် ပြတ်သွားခဲ့တာ။

အခု ဦးနေသူရိန်ကို ပြန်တွေ့ရခြင်းဟာ သူတို့ရဲ့ ပထမဦးဆုံးသော မျက်နှာချင်းဆိုင်တွေ့ဆုံမှုလည်း ဖြစ်နေခဲ့သည်။

"ကိုဩဇာတို့ဆိုင်ကို ကျွန်တော် ခုမှ ရောက်ဖူးတော့တယ်၊ အရင်အခေါက်တွေကတော့ ဖုန်းနဲ့ပဲ မှာလိုက်ဖူးတာနော်"

"ဟုတ်တယ်၊ ဦးနေသူရိန် ရောက်မလာဖူးဘူး"

"ကျွန်တော် အခုလာတာလည်း ကော်ဖောကို ကိုယ်တိုင်ရွေးပြီး ဝယ်ချင်လို့ပါ။ ပြီးတော့ ကိုဩဇာကိုလည်း မျက်နှာချင်းဆိုင် တွေ့ချင်လို့ပါ"

ဩဇာက စူးစမ်းသလို တစ်ချက်ကြည့်လျှင် ...

"အရင်က ကျွန်တော် စိတ်အခြေအနေ ဆိုးရွားပြီး ခင်ဗျားကို စွပ်စွဲပြောဆိုခဲ့တာတွေကို တောင်းပန်ချင်လို့ပါ"

"ဩော် ... ဒါလား ... ရပါတယ်ဗျာ၊ တောင်းပန်စရာမလိုပါဘူး။ ကျွန်တော် နားလည်ပါတယ်၊ ဦးနေသူရိန် စိတ်ထဲမှာ ပုံမှန်မဖြစ်ချိန်မှာ ပြောတာပဲ၊ ကျွန်တော် ဘာလို့ စိတ်ဆိုးရမှာလဲ၊ တကူးတက လာတောင်းပန်စရာ မလိုပါဘူး"

“အဲဒီလို ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် အဲဒီ ကိစ္စ ပြန်သိရတော့ တော်တော်အားနာနေမိတာ။ ညီမလေးက မသွားပါနဲ့ တောင်းပန်မနေပါနဲ့။ ပြီးတာတွေ ပြီးတဲ့အတိုင်း ထားလိုက်ပါဆိုလို့”

ညီမလေးတဲ့။ ထိုသို့ နေသူရိန် နှုတ်ဖျားမှ ထုတ်ပြောလိုက်သောအခါ သြဇာသည် နရဏ်ကို မြင်ယောင်ပြီး ပို၍ သတိရသွားပါသည်။ ပြီးတာတွေ ပြီးတဲ့အတိုင်းပဲ ထားလိုက်ပါတဲ့လား နရဏ်ရယ်။ မဖြစ်နိုင်တာ။ ဘယ်သူက မေ့လို့ရမှာလဲ၊ ကိုယ်က နရဏ်ကို သိပ်ချစ်ခဲ့ရတဲ့သူပါ။

“ဒီကော်ဇောတွေ ဘယ်ဈေးလဲ ကိုသြဇာ၊ ကျွန်တော် အရောင်ရွေးလို့ရမလား”

“ခင်ဗျာ ... ဪ ... ရပါတယ်၊ အရောင်မျိုးစုံ ဒီဇိုင်းမျိုးစုံ လာပါတယ်၊ အမွေးကလည်း ထူတယ်၊ ခုတလောတော့ ဒီဟာ တော်တော်အရောင်းသွက်နေတယ်၊ ဈေးကြီးပေမဲ့ တချို့လည်း ကောင်းတာပဲ သုံးချင်ကြတော့ ဒီကော်ဇောကိုပဲ ရွေးချင်ကြတာများပါတယ်”

“ဈေးကရော ...”

“ဈေးက (---) သိန်းပါ၊ Free delivery လုပ်ပေးတယ် ဦးနေသူရိန်”

“သမင်မွေးရောင်ဆိုတာ ဘာကို ပြောတာလဲ”

"ဪ ... ဒီအရောင်ခင်ဗျ၊ ရွှေရောင်လိုလို အညိုရောင်လိုလို၊ ခပ်ရောရောအရောင်ပါ"

"ဟုတ်ပြီ၊ ဒါက ငွေ့ခန်းသုံးဖို့၊ (---) စတုရန်းပေအကျယ်ဆို၊ ဘယ်နကိုက်ရှိတာ ခင်းရမလဲ"

ဩဇာ တွက်ချက်လိုက်ပြီး ဘယ်နကိုက်တန် ဝယ်ပါဟု ညွှန်းသည့်အတိုင်း ဦးနေသူရိန် ဝယ်ပါသည်။

"ဘုရားခန်းမှာ အဝါရင့် ထားချင်တယ်ပြောတယ်၊ ဘုရားခန်းက (---)စတုရန်းပေပါ"

အဲဒီအတွက်လည်း ဩဇာပဲ တွက်ချက်ပေးလိုက်ပြန်သည်။

"အိပ်ခန်းထဲမှာ အစိမ်းရင့်တဲ့၊ အိပ်ခန်းက အကျယ်ကြီးဗျ၊ (---)စတုရန်းပေရှိတယ်"

ဘယ်အိမ်အတွက် ဝယ်နေတာလဲ မသိပေမဲ့ ဩဇာသည် ဝယ်သင့်သည့်ဆိုဒ်ကို အသေအချာ တွက်ချက်ပြီး ညွှန်သမျှ နေသူရိန်ကလည်း ပိုက်ဆံချမ်းသာသူပီပီ တစ်စက်မှ ဈေးမဆစ်ဘဲ ဝယ်ဖို့ သဘောတူသည်ချည်း ဖြစ်နေသည်။

"ကျန်တဲ့ အရန်အိပ်ခန်းသုံးခန်းအတွက်တော့ အနီရင့် ... အဲ ... မဟုတ်ဘူး နီညိုတဲ့၊ ဆင်တူမှာလိုက်တယ်"

ဦးနေသူရိန် ဝယ်တာ တစ်ပုံကြီး ဖြစ်နေသဖြင့် ဝန်ထမ်းတွေလည်း ဂရုတစိုက်ဖြစ်ပြီး ဝိုင်းနေတော့လေသည်။

"ဒါတွေ အကုန်လုံး ညနေမှ ပို့မယ်လား ကိုသြဇာ"

"ဟုတ်ကဲ့၊ ကျွန်တော် ဆိုင်ပိတ်မှ delivery စပါတယ်"

"ဟုတ်ပြီ … စောင့်နေမယ်၊ ဪ … လိပ်စာ ပေးခဲ့ဦးမယ်"

"ကျွန်တော် သိပါတယ်၊ အရင်တုန်းက လာပို့ဖူးတာပဲ"

"အို … မဟုတ်ဘူး၊ ကိုသြဇာ မှားနေပြီ၊ အခုဟာက ကျွန်တော့်အိမ်အတွက် မဟုတ်ဘူး၊ ညီမလေးအိမ်အတွက်ပါ၊ လမ်းကတော့ တစ်လမ်းတည်းပဲ၊ ခြံချင်း ငါးခြံလောက်ခြားတယ်"

သြဇာမှာ ဘာကြောင့် ညီမလေးအိမ်လို့ ပြောသလဲဟူ၍ တွေးနေမိသည်။ အစ်ကိုကို ဒီလောက် သံယောဇဉ်ကြီးပြီး အစ်ကိုအတွက် သူ့ကိုယ်သူ အနစ်နာခံတတ်သော နရဏီက အစ်ကိုနဲ့ အိမ်ခွဲနေပြီတဲ့။ နရဏီ တစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး။ သူ့ကို ဦးနေသူရိန်ကပဲ သူ သဘောတူတဲ့လူနဲ့ လက်ထပ်ပေးပြီး အိမ်ခွဲခိုင်းလိုက်သလား။

နေသူရိန်ကလည်း လူပါးပင်။ သြဇာ တွေးတောနေမှန်းသိသဖြင့် သူ့ဘာသာ ဆက်ပြောပါသည်။

"ညီမလေးက လက်ထပ်တော့မယ်လေ။ ဒါကြောင့် သူ့အတွက် အိမ်သီးသန့်ဝယ်ပေးပြီး အိမ်ခွဲထားလိုက်တာ။ ကျွန်တော့်လို စိတ်ပုံမှန်မဖြစ်တဲ့လူတစ်ယောက်ဟာ အခု

ပြန်ကောင်းနေပေမဲ့ ဘယ်တော့ ပြန်အခြေအနေဆိုးလာမလဲ ဆိုတာ မမှန်းနိုင်ဘူးလေ။ ဆေးရုံမှာ အသေအချာ ကုသပြီး တော့ ဒေါက်တာတွေက ပြောတယ်၊ ပျောက်ရင်လည်း တစ်သက်လုံး အကောင်းပြန်ဖြစ်သွားနိုင်တယ်တဲ့၊ တချို့ Caseတွေကတော့ ပြန်ဖြစ်လာပြီး ဆေးရုံ ရောက်လာတတ် တယ်တဲ့။ ကျွန်တော့်ကိုတော့ အကောင်းအတိုင်း ဖြစ်သွား မှာပါလို့ အားပေးပေမဲ့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဒီတစ်ခါ မယုံတော့ဘူး။ ဒါကြောင့် ညီမလေးကိုလည်း တစ်သက်လုံး ကျွန်တော့်အနားထားပြီး စိတ်ဆင်းရဲမခံစေချင် တော့ဘူးဆိုတော့ ကျွန်တော် ကိုယ်တိုင် စီစဉ်ပေးနိုင်တုန်း သူ့အတွက် လုပ်သင့်တာတွေ လုပ်ပေးထားတဲ့သဘောပါ။ သူ့ကိုယ်ပိုင် စီးပွားရေး ဘာလုပ်ချင်လဲ မေးတော့ စူပါ မားကပ်လေးတွေ လျှောက်ဖွင့်ချင်သတဲ့။ အဲဒါနဲ့ပဲ အခု တော့ တစ်ဆိုင်စလုပ်ပေးထားတယ်။ တစ်ဆိုင် အောင်မြင် ရင် နောက်နံပါတ်(၂) (၃) တွေ ဆက်ဖွင့်ပေးမယ်ပေါ့၊ အိမ်လည်း ဝယ်ပေးလိုက်တယ်။ သူတို့ဘာသာနေပစေပေါ့၊ အဲဒီလို စီစဉ်ပေးထားလိုက်တာပါ။ ကျွန်တော်ကတော့ အရင်အိမ်မှာပဲ အန်တီအဲလစ်(စ)ကိုပဲ အဖော်လုပ်ပြီး နေ ပါတယ်"

"Pine Furniture ကရော"

"ကျွန်တော် ဆက်လုပ်နေပါတယ်၊ ဒါပေမဲ့ တစ်ချိန်ကျရင် ညီမလေး လုပ်နိုင်ရင် ဆက်လုပ်ဖို့ ပေးလိုက်ချင်တယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ချရတဲ့ အချိန်ကျရင် အေးအေးဆေးဆေးပဲ တရားထိုင်ပြီး စိတ်ငြိမ်အောင် တရားမွေ့ပဲ လုပ်ချင်တော့တယ်ဗျာ"

ဩဇာသည် ကို့အတွက် ဝမ်းသာရသလို ကို လက်ထပ်တော့မယ်ဆိုတာ သိလိုက်၍လည်း ကြေကွဲရပြန်သည်။ ကို လက်ထပ်ရမည့်သူသည် ဦးနေသူရိန် စိတ်တိုင်းကျ ရွေးချယ်ပေးလိုက်သောသူသာ ဖြစ်ဖို့များသည်။ ဘယ်တော့မဆို အစ်ကို စကားကို နားထောင်ပြီး အစ်ကိုဖြစ်သူ စိတ်ချမ်းသာဖို့သာ ဦးစားပေးသော ကိုသည် ဒီတစ်ခါလည်း သူမ့ ဘဝကို အစ်ကိုဖြစ်သူ စီစဉ်ချမှတ်ပေးသည့်အတိုင်းသာ လက်ခံလိုက်ပုံရပါသည်။

ဦးနေသူရိန် ပြန်သွားသောအခါ ဩဇာသည် တစ်ခါက သိပ်ချစ်ခဲ့ရသော ချစ်သူကို တမ်းတရင်း ကျန်ခဲ့ရပါသည်။

## ၁၇

နရဏီသည် ခြံဝမှ မောင်းဝင်လာသော ကားကြီးကို မြင်လျှင် ရင်ထဲမှာ နှလုံးခုန်ရပ်တော့မလို ဖြစ်သွားပြီး အနီးမှာရှိသည့် ကိုကြီးကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်မိပါသည်။ နရဏီသည် အစ်ကိုဖြစ်သူ၏ ခပ်ပြုံးပြုံး လှမ်းကြည့်နေသော မျက်လုံးတွေ၏ ဦးတည်ရာမှာ ထိုကားကြီးဆီပဲ ဖြစ်နေသောအခါ ဇဝေဇဝါဖြစ်ပြီး စိတ်လည်းပူနေသည်။ ဒုက္ခပါပဲ ကိုကြီး သူ့ကိုမြင်ရင် ဘာတွေ ဖြစ်ဦးမလဲ မသိဘူး။ King Solomon ဆိုင်အမှတ်တံဆိပ် အကြီးကြီး ကားဘေးဘောင်မှာ ရိုက်နှိပ်ထားသော ကားကြီးကတော့ အိမ်ရှေ့မှာ ရပ်ပြီးနေပြီ။

"ကိုကြီး ကော်ဖော ဝယ်ထားတယ်၊ King Solomon ဆိုင်ကို နေ့ခင်းက ကိုယ်တိုင်ပဲ ဆိုင်မှာ သွားရွေးဝယ်လိုက်တာလေ"

"ရှင် ..."

"ကိုသြဇာနဲ့ပါ တွေ့ခဲ့တယ်"

"ကိုကြီး ... ကိုကြီး ဘာဖြစ်တာလဲ"

"ဟာ ... ဘာဖြစ်ရမှာလဲ။ ဘာလဲ နင်က ငါ့ကို ရူးနေပြန်ပြီထင်တာလား။ ငါ မရူးဘူး။ အခု တကယ် ငါ့စိတ်ရင်းအမှန်နဲ့ ပြောနေတာ။ ငါ ပုံမှန်စိတ်နဲ့ ကိုသြဇာကို သွားတွေ့ပြီး နင့်အိမ်အတွက် ကော်ဇောသွားဝယ်တာ ... ကဲ ..."

"ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဘာမှ မလုပ်ဘူး။ နင်သာ စိတ်ထဲမှာ ရှိတာကို ဖုံးကွယ်ပြီး ငါ့ရှေ့မှာ ပျော်ချင်ယောင်ဆောင်နေတာ၊ နင် သူ့ကို သတိရနေမှန်း မျှော်နေမှန်း ငါ သိလို့ လုပ်ပေးလိုက်တာ"

"ကိုကြီး ဏီတို့က ဘာမှ မဆိုင်တော့တာ ကြာပြီ။ အခုမှ ဘာလို့ သွားဆက်သွယ်ရတာလဲ၊ သူ့မှာ တခြား မိန်းကလေးတစ်ယောက်ယောက် ထပ်တွေ့ပြီးနေလောက်ပြီ"

ဏီ ထိုသို့ မျှော်လင့်ချက်မဲ့စွာ ပြောနေစဉ် ဝန်ထမ်းတွေကတော့ ကားနောက်ခန်းမှ ကော်ဇောလိပ်ကြီးတွေ တဘုန်းဘုန်း ချနေပြီဖြစ်ရာ အိမ်ဖော်ကောင်မလေးကို ကိုကြီးက တံခါးသွားဖွင့်ခိုင်းနေပြီ။

နရဏီသည် အစ်ကိုဖြစ်သူ၏ စိတ်ကို မယုံနိုင်ဘဲ တစ်ချိန်လုံး အကဲခတ်နေမိသည်။ ကားရှေ့ခန်းထဲမှ တံခါးဖွင့် ဆင်းလာသော ဩဇာကတော့ အိမ်ရှေ့ခန်းထဲမှာ ရှိနေသည့် ဦးနေသူရိန် အရင်ဆုံးကြည့်ပြီး ပြုံးပြလိုက်ပါသည်။ ပြီးတော့ ဘေးမှာရှိသည့် နရဏီကို အသာခိုးကြည့်ရင်း ပြုံးပြပေမဲ့ သူ့အပြုံးက သိပ်တော့ မပီပြင်လှပါ။

"တစ်ခါတည်း ခင်းပေးမှာဆိုတော့ မှာထားတဲ့ ကော်ဇောတွေက အများကြီးဗျာ။ ကိုဩဇာ အေးအေးဆေးဆေး ထိုင်ပါဦး"

ဩဇာသည် ဘာပစ္စည်းမှ မရှိသေးဘဲ ရှင်းလင်းနေသော အိမ်သစ်ကို ဝေ့ဝဲကြည့်မိသည်။

"ကော်ဇောတွေ ခင်းပြီးမှပဲ ပစ္စည်းတွေ ဝယ်ထည့်မှာ၊ လူပါ တစ်ခါတည်း ပြောင်းမှာမို့ ရှင်းလင်းနေတယ်လေ။ အိမ်ထောင်ပရိဘောဂတွေတော့ Pine Furniture ပဲ သုံးမလား။ ကိုယ်နှစ်သက်တဲ့ ပရိဘောဂပဲ သုံးမလားဆိုတာ တော့ အေးအေးဆေးဆေး တိုင်ပင်မှ ထင်ကယ်နော် ညီမလေး ... နရဏီ"

"ကိုကြီး"

နရဏီသည် သူမ အစ်ကို၏ စကားကို ဒီထက် ပိုမပြောစေချင်ဟန်ဖြင့် ဟန့်သလို ခေါ်လိုက်မိပြီး ဩဇာကိုလည်း

မျက်ခံနဲ့ စိုးကြည့်လိုက်လျှင် သြဇာသည် စဝေစဝါဖြင့် ဦးနေသူရိန်ကို ကြည့်လိုက်၊ နရဏီကို ပြန်ကြည့်လိုက်ဖြင့် ခေါင်းထဲမှာ ရှုပ်ထွေးသွားပါသည်။

ဦးနေသူရိန်ကပဲ ...

"ကိုသြဇာနဲ့ ညီမလေး တစ်ခုခုတော့ ပြောစရာ ရှိမှာပဲလေ။ ဒီတော့ အေးအေးဆေးဆေး ပြောကြပါ၊ ကျွန်တော် ကော်ဖောခင်းတာတွေ လိုက်ကြည့်လိုက်ဦးမယ်"

ဟု ခပ်ပြုံးပြုံး ပြောလိုက်ပြီးလျှင် အခန်းအဆောင်တွေ ဖွဲ့ထားသော အခြမ်းကို ဝင်ရောက်ပျောက်ကွယ်သွားပါသည်။

နရဏီသည် အစ်ကိုဖြစ်သူ၏ လုပ်ရပ်ကို နားမလည်နိုင်ဘဲ ကြည့်ရင်း ကျန်ခဲ့သည်။ သြဇာလည်း နေသူရိန် ဘာတွေပြောလို့ပြောမှန်းမသိ အဓိပ္ပာယ်ဖော်မရဘဲ ဖြစ်နေသည်။

သူတို့ကြားမှာ ဘာစကားမှ မပြောဖြစ်ဘဲ အကြာကြီး တိတ်ဆိတ်နေပါသည်။ နောက်ဆုံးတော့ သြဇာကပဲ စပြီးပြောလိုက်သည်။

"နရဏီ လက်ထပ်တော့မယ်ဆို"

"ရှင် ..."

"ဦးနေသူရိန် ပြောပါတယ်"

"ဘာတွေ ပြောနေတာလဲ၊ ဘယ်သူ့ကို လက်ထပ်ရမှာမို့လဲ၊ ဘယ်သူနဲ့ လက်ထပ်မှာလို့ပြောလဲ"

"မပြောဘူး၊ အဲဒါတော့ မပြောပါဘူး။ ညီမလေးကို အိမ်ခွဲပေးလိုက်ပြီ၊ သူလည်း လက်ထပ်တော့မယ်တဲ့။ အဲဒီတော့ ကိုယ်က ထင်တာပေါ့၊ သူ သဘောတူတဲ့ လူနဲ့ လက်ထပ်ပေးမယ်လို့ ထင်မိတယ်၊ အဲဒါ တကယ်မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ဏီ ဘယ်သူ့ကိုမှ လက်မထပ်ရပါဘူး။ ကိုကြီးက ဏီ့ကို လူတစ်ယောက်နဲ့ လက်ထပ်ဖို့တော့ ခဏခဏ ပြောပါတယ်၊ ဏီကတော့ အဲဒီသူဘက်က သဘောထားကို သေသေချာချာ မသိနိုင်တော့တာမို့ လက်မထပ်ချင်ပါဘူး၊ သူ ဏီ့ကို ချစ်တယ်၊ မချစ်ဘူး မသိရဘဲနဲ့ လက်မထပ်တော့ဘူးလို့ ငြင်းထားခဲ့ဖူးတယ်"

"အဲဒီလူက ဘယ်သူလဲဟင်"

နရဏီ မဖြေပါ။ ဩဇာကိုသာ မဝံ့မရဲ အကဲခတ်ရင်း ငြိမ်သွားပါသည်။ ပြီးမှ ခပ်တိုးတိုးလေးဖြင့် ...

"ကိုဩဇာ မြင်တယ် မဟုတ်လား။ ကိုကြီးစိတ်က အမျိုးစုံ ပြောင်းလဲပြီး ဖြစ်နေတယ်။ ဆေးမကုခင်က စိတ်ကတစ်မျိုးကြီး၊ အခု ဆေးကုပြီး ပြောင်းလဲသွားတဲ့စိတ်ကကျတော့ သူက အားလုံးအပေါ် အကောင်းဆုံးဖြစ်အောင် လိုက်လုပ်ပေးရင်းနဲ့ တအားစွတ်ကောင်းနေပြန်ပြီ။ သူ ကိုယ်တိုင်လည်း သူ့ကိုယ်သူ သိတယ်၊ သူ့ရောဂါဟာ

ပြန်မဖြစ်ဘူးလို့လည်း ယူဆနိုင်သလို ပြန်ဖြစ်ချင်လည်း ဖြစ်နိုင်တယ်ဆိုတာ သူ သိတယ် ...

တကယ်တော့ အခုရှိနေတဲ့စိတ်ဟာ နေသူရိန်ရဲ့ စိတ်ရင်းအမှန်ပါ။ သူက အဲဒီစိတ်ရောဂါ မဖြစ်ခင်က သိပ်အေးဆေးပြီး အားလုံးကို အလျှော့ပေးတဲ့၊ ခွင့်လွှတ်တတ်တဲ့၊ စိတ်သဘော သိပ်ကောင်းတဲ့ လူတစ်ယောက်ပါ။ စိတ်ရောဂါ ခင်သွားတုန်းက အဆိုးဆုံးတွေဖြစ်အောင် စိတ်က ပြောင်းလဲသွားတယ်၊ အခုတော့ သူ့စိတ်အမှန် ပြန်ဖြစ်သွားပေမဲ့ ဏီမှာတော့ ကိုယ့်အစ်ကိုအတွက် အမြဲ စိတ်တထင့်ထင့်နဲ့ ဖြစ်နေတုန်းပါပဲ ...

သူ ဏီကို သနားပြီး ဏီအတွက် အကုန်လိုက်လုပ်ပေးတဲ့အထဲမှာ ဏီ့ကို ကိုယ်ချစ်တဲ့သူနဲ့ ပြန်ဆုံတွေ့ဖို့ တွေလည်း ပါနေတယ်၊ ဏီ ချစ်တဲ့သူ ဘယ်သူလဲလို့ မမေးပါနဲ့ ကိုဩဇာ။ ကိုဩဇာ သိမယ် ထင်ပါတယ်"

ဩဇာသည် ရင်ထဲမှာ မတင်မကျ ဖြစ်နေတာတွေ ခုမှပဲ ရှင်းလင်းသွားသလိုဖြစ်ကာ ...

"ဏီ့ကို ဦးနေသူရိန်က လက်ထပ်ခိုင်းတဲ့ လူတစ်ယောက်ဟာ အခု ဏီ့ရှေ့မှာ ထိုင်နေတဲ့ လူဆိုရင် အဲဒီလူကလည်း ပြေစရာရှိပါတယ်။ အဲဒီလူက ဏီ့ကို ခုထိ ချစ်သေးတယ်၊ မျှော်လင့်နေသေးတယ်၊ စောင့်နေခဲ့သေးတယ် ဏီရယ်"

ဟု ကြည်နူးစွာ ပြောမိသောအခါ နရဏီသည် ...

"ကိုကို ကိုညွှဲရာ စိတ်နာသွားပြီထင်နေတာ"

ဟူ၍ စိုးရိမ်သော အသံဖြင့် တုံ့ပြန်လေသည်။

"စိတ်မနာပါဘူး ဏီရယ်။ ကိုယ်က ဏီ စိတ်ချမ်းသာမယ် ထင်လို့ အဝေးကြီးမှာ နေခဲ့တာပါ"

"ဏီတို့ အဖြစ်က သိပ်ဆန်းကြယ်တာပဲနော်၊ မယုံနိုင်စရာတွေ ဖြစ်ချင်လည်းဖြစ်လာတတ်တယ်၊ မမျှော်လင့်ခဲ့ဖူးတဲ့ အိပ်မက်တစ်ခုကိုလည်း ပိုင်ဆိုင်ရတော့မယ်၊ သိပ်အပြောင်းအလဲများတဲ့ ဏီတို့နှစ်ယောက်ရဲ့ အဖြစ်ကို ဒီလို ဇာတ်သိမ်းနဲ့ပဲ ပြီးလိုက်ချင်တယ်၊ နောက်ထပ် အပြောင်းအလဲတွေကို ဏီ ရင်မဆိုင်နိုင်ပါ့မလားလို့ စိုးရိမ်မိတယ် ကိုညွှဲရာရယ်"

နရဏီသည် စိုးရိမ်စွာ (သို့သော်) အခု လက်ရှိ ပိုင်ဆိုင်ခွင့်ရလိုက်သော အပြောင်းအလဲတစ်ခုကိုတော့လည်း တမ်းမက် လက်ခံစွာ ရေရွတ်လိုက်ပါသည်။

"ဘာတွေ ဘယ်လိုပဲ ပြောင်းလဲပါစေ ဏီရယ်၊ နှလုံးသားထဲက စစ်မှန်နက်နဲတဲ့ အချစ်ကိုတော့ မပြောင်းလဲနိုင်ပါဘူးလို့ ကိုယ် ယုံကြည်ထားတယ်။ ကိုယ်တို့ရဲ့ ရင်ခုန်သံတွေ တူညီနေဦးမယ်ဆိုရင် ကိုယ်တို့ရဲ့ အချစ်ကလည်း မပြောင်းလဲဘဲ နိုင်မြဲနေဦးမှာပါ"

ချစ်သူနှစ်ဦးရဲ့ ကမ္ဘာသည် အစုမှပဲ အရောင်အသွေး စုံလင်သော ပန်းချီကားတစ်ချပ်ပမာ ပြည့်စုံသွားသည်မှာလည်း သူတို့ရဲ့ ချစ်ခြင်းတွေကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

ဇာ၊ ဇာ ဇာ

ရင်ခုန်သံများ မပြောင်းလဲသရွေ့ ...

"အချစ်နဲ့ အရာရာတိုင်းကို

ရင်ဆိုင်နိုင်လိမ့်မယ်လို့

သူတို့ နှစ်ဦးရဲ့ ရင်ထဲမှာ

နိုင်ခြွာ ယုံကြည်ထားလိုက်ကြပါတယ်"

ရှင်း စာပေ

၁၁၂၊ ဦးဘိုးမှန်လမ်း

ရန်ကုန်-အင်းစိန်လမ်းမ၊လှိုင်

ရှင်မိုး

(ဆေးတက္ကသိုလ်)

6th April, Thursday

2006.